
www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com

၈၉၅.၈၃

ဝိဏ္ဏာ
window ကျသွားတဲ့အချစ်/ဝိဏ္ဏာ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၆။
၂၇၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

ထုတ်ဝေသူ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်။
ဖြန့်ချိရေး အောင်မြင်စာပေ၊ ပထမအကြိမ်၊
၂၀၁၆ ခုနှစ် (ဇန်နဝါရီလ)၊ အုပ်ရေ(၅၀၀)။





# Window ကျသွားတဲ့အချစ်



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)



ည သည် ဒန်အိုးဖင်တွင် မီးသွေးခဲနှင့် စာရေးထား ကဲ့သို့ ပိတ်ပိတ်ပိန်းအောင် မည်းနက်မှောင်မည်းနေသည်။ ခင်းက ရှောင်တခင် ခွင့်ယူသွားသဖြင့် ကြယ်တာရာအပေါင်း ည်း ခိုကိုးရာမဲ့နေ၏။

မြန်မာစံတော်ချိန် ညဆယ့်တစ်နာရီထိုးဖို့ လက်နှစ်သစ် အလိုတွင် မိုးမြင့်မေတို့ အိမ်ရှေ့သို့ သူတို့ရောက်လာကြ ည်။ ကားစက်သတ်ပြီး ကုန်းအဆင်းအတိုင်း ဖရီးရိုက်ပြ



www.burmeseclassic.com

www.burmeseclassic.com



သည်မို့ ဆူညံသံမကြားရ။

မေတို့ အိမ်ခြံတိုင်းတွင် နွားရိုင်းများ ချည်နှောင်မထားသလို အိမ်တိုင်တိုင်းတွင်လည်း ဘီလူးများ စောင့်မနေပါ။ အခပေး၌ားထားသည့် လက်ပတ်နီ ဝါးရင်းတုတ်အဖွဲ့လည်း ရှိမနေသည့်အတွက် တစ်ခြံလုံး တိတ်ဆိတ်ငြိမ်သက်ပြီး လူသူကင်းမဲ့လျက်ရှိသည်။

တစ်ယောက်တည်းရှိသည့် ခြံစောင့်ဒရဝမ်မှာလည်း သူနှစ်သက်သည့် မင်းသမီး တစ်ယောက်ယောက်နှင့် အိပ်မက်ထဲတွင် ချိန်းတွေ့ကာ ပျော်ရွှင်နေလောက်ပြီ။

သီလက သူ့လက်ပတ်နာရီမှ စက္ကန့်တံလေး တချပ်ချပ်ရွေ့လျားနေမှုကို စိတ်မရှည်စွာဖြင့် စောင့်ကြည့်နေသည်။

ငြိမ်သက်ခြင်းကို သည်းမခံနိုင်တော့တာန်နှင့် ဒါနက..

"သီလ မင်းတို့ချိန်းထားတယ်ဆိုတာ သေချာပါတယ်နော်"

"ဟာကွာ. . . မင်းကလည်း သေချာလို့ အိမ်ရှေ့ထိရောက်နေတာပေါ့ကွ"

"ဒီလိုကြီးနေရတာ ငါ ကြောက်တယ်ကွာ၊ မိုးမြင့်မေတလည်း မြန်မြန်ထွက်လာတာ မဟုတ်ဘူး"

"ဆယ့်နှစ်နာရီအတိမှ ဓာတ်မီးနဲ့ သူ အချက်ပြမှာ"

သီလစကားအဆုံးမှာ အားလုံး တိတ်ဆိတ်ငြိမ်သက်သွားကြပြန်သည်။ ဒီည၊ ဒီအချိန်၊ ဒီနေရာ ရောက်လာကြရခြင်းအကြောင်းက သီလ မိန်းမခိုးဖို့ကိစ္စ ဖြစ်သလို ဒါနနှင့် ကုသိုလ်



BURMESE CLASSIC .com



တို့က အဖော်လိုက်လာကြခြင်း ဖြစ်သည်။ မိန်းမခိုးခြင်းဆိုသည့်အတွေ့အကြုံကလည်း အိမ်ထောင်သည်ယောကျ်ားတိုင်း ကြုံဖူးရသည် မဟုတ်၊ ကံကောင်းသူများသာ ကြုံခွင့်ရသည့် ဖြစ်ရပ်ဟုသီလ ခံယူထားသည်။

ဒါမျိုးက ရင်ခုန်ကြည်နူးခြင်း စိုးရိမ်ပူပန်ရခြင်းများနှင့်ဆုံမွှမ်းထားသည့် သင်္ဂါရရသ စွန့်စားခန်းတစ်ခုလည်း ဖြစ်သည်။သခုလို မပူလွန်း မအိုက်လွန်းသည့် ရာသီဥတု၌ပင် သီလတစ်ယောက် ချွေးစို့အောင် စိတ်လှုပ်ရှားနေလေ၏။ ဆယ့်နှစ်ဂဏန်းတွင် နာရီလက်တံနှစ်ခု ထပ်သွားသည်နှင့် သီလ ကားပေါ်မှဆင်းလိုက်သည်။

ဘောင်းဘီအိတ်ထဲမှ လက်နှိပ်ဓာတ်မီးကို ထုတ်၍မြင့်မေရှိမည့် အခန်းဆီမှန်းဆကာ ဖွင့်ချီပိတ်ချီ သုံးကြိမ်လုပ်လိုက်၏။ ဒါနနှင့် ကုသိုလ်လည်း ကားတံခါးကို အသံမြည်အောင်ဖွင့်ကာ ချွတ်နင်း၍ ဆင်းလာကြပြီ။

အားလုံး၏အကြည့်က ခမ်းနားထည်ဝါလှသည့် မိုးမြင့်မေတို့ တိုက်ကြီးဆီသို့. . မျက်လုံးခြောက်လုံးအားနှင့် တစ်ဖက်တုန့်ပြန်လာမည့် အချက်ပြမီးအား မျှော်လင့်စောင့်စားနေကြ၏။

နှစ်မိနစ်ခန့်ကြာသည့်အထိ တုန့်ပြန်မှု တစ်စုံတစ်ရာကိုတွေ့ကြရသဖြင့် အားလုံး စိုးရိမ်ပူပန်လာကြ၏။ သီလကန်စိတ်နှင့် ထပ်မံအချက်ပြလိုက်သည်။ သုံးယောက်လုံး၏သည်ပင်းများက ကြေးကွင်းစွပ်ထားသော ပတောင်းတိုင်းရင်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့ လည်ပင်းလိုဖြစ်နေ၏။

မိုးမြင့် ထွက်မလာလျှင်ဟူသောအတွေးက သီလကို ခြောက်လှန့်စ ပြုလာသည်။ ရင်ခုန်သံ စည်းချက်မြန်မှုကြောင့် နှလုံးသားတစ်ခုလုံး ဟင်းလင်းပွင့်ထွက်လုနီးပါး ခံစားနေရ၏။ ထိုအခိုက် တိုက်ကြီးဆီမှ လင်းလက်လာသော အချက်ပြ ဓာတ်မီးရောင်ကို သုံးကြိမ်ဆက်တိုက် မြင်လိုက်ကြရ၏။

"ဟား . . ပျော့ကောင် သီလ၊ ဟို . . ဟိုမှာ မီးနဲ့ အချက်ပြနေပြီ"

"ငါမြင်ပါတယ် ချစ်တီးရ၊ တီးတိုးပြောစမ်းပါ၊ မင်းအသံပြကြီးကြောင့် တစ်ရပ်ကွက်လုံး နိုးသွားပါဦးမယ်"

မိုးမြင့်ထံမှ အချက်ပြမီးရောင်ကို တွေ့ရပြီဆိုသည်က ခိုးရာလိုက်တော့မည်ဟု စစ်ဂနယ် ရိုက်လိုက်ခြင်းသာ ဖြစ်သည်မဟုတ်လား။ ရင်ထဲ လှိုက်ခနဲဖြစ်ပြီး ကတုန်ကယင်နှင့် ခြေမခိုင်လက်မခိုင်ဖြစ်ကာ ဒူးများပါ တုန်လာ၏။ အပေါ့ သွားချင်သလိုလို ဝမ်းထဲက ရစ်ပြီး နာသလိုလိုနှင့် မအီမလည်ကြီး ဖြစ်လာသည်။

တုန်တုန်ယင်ယင်နှင့်ပင် ခြံဝသံတံခါးအနီးသို့ သီလ ရောက်သွား၏။ သံတိုင်များကိုကိုင်၍ အမှောင်ထဲသို့ လှမ်းမျှော်ကြည့်သည်။ မဆီမဆိုင် ဒါနတို့လည်း အသင့်အနေအထားနှင့် စိတ်စောနေကြ၏။

ကြယ်တွေ မစုံလင်သည့် မှောင်ရီဝိုးတဝါးညတွင် ရွှေဘို ရွှေနန်းထက်မှ ဆင်းသက်လာမည့် ချစ်သူကြောင့် အနာဂါတ်



BURMESE CLASSIC



ဘဝအား နှစ်ကိုယ်ယှဉ်တွဲ တည်ဆောက်ရန် အားမာန်များလည်း တက်ကြွလာလေ၏။

အမှောင်ထုအတွင်းမှ ချစ်သူတိုးထွက်လာတာ လှမ်းမြင်ရသည်။ စိုးရိမ်ထိတ်လန့်မှုမိတ်ကပ်ကို လိမ်းခြယ်ထားသော ချစ်သူ၏ မျက်နှာလေးသည် တိမ်းညွှတ်ဖွယ်ကောင်းသည့် ဆွဲဆောင်မှုများနှင့် လှပနေ၏။

သံတံခါးသော့ကိုဖွင့်၍ မလွယ်ပေါက်မှ တိုးထွက်လာသည့် မိုးမြင့်မေက သီလရင်ခွင်ဆီသို့ ဦးတည်ခိုဝင်လာသည်။ ရင်ချင်းအပ် မိသောအခါ မိုးမြင့်၏ ရင်ခုန်သံကို သီလရင်နှင့် ခံစားသိလိုက်သည်။ ရင်ခုန်သံချင်း ပေါင်းစည်းမိခဲ့ကြပြီပေါ့။

"ဝမ်းသာလိုက်တာ မေရယ်၊ မောင်လေ မေ ထွက်မှ ထွက်လာပါ့မလားဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ ဆောက်တည်ရာမဲ့နေတာ"

"အဲဒါ မောင့်အတွက် စွန့်စားခဲ့တာလေ၊ ကြောက်လိုက်တာမောင်ရယ်၊ မေ မတ်တပ်တောင် ရပ်မနေနိုင်တော့ဘူး"

"ဒါဆို မောင့်ကို အားပြုမှီထားလိုက်"

မိုးမြင့်မေကို ထွေးပွေ့ထားသည့် သီလ၏လက်များမှတဆင့် ချစ်သူတစ်ကိုယ်လုံး တုန်ယင်နေမှုကို ခံစားတွေ့ထိ သိနေရသည်။ သူတို့ကို စိုးရိမ်စွာစောင့်ကြည့်နေသည့် ဒါနနှင့် ကုသိုလ်တ. . .

"ကဲ . . ကားပေါ် တက်တော့ သီလ၊ ဒီအချိန်မှာ ဒီနေရာနဲ့ ဝေးလေကောင်းလေပဲ မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . သီလ၊ ဂိုး. . ဝင့်(န်). . ဂေါင်း(န်)"

သီလနှင့် မိုးမြင့်မေတို့ သတိပြန်ဝင်လာပြီး ကားပေါ်တက်ရန် လှုပ်ရှားလိုက်ကြသည့် အခိုက်အတန့်မှာပင်. . .

"သမီး. ."

အနားကပ်၍ ခေါ်လိုက်သည့်အသံကြောင့် အားလုံး ခေါင်းနားပန်းကြီးသွားကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားကြ၏။ လှည့်အကြည့်တွင် ခြံပြင်သို့ ထွက်လာကြသည့် မိုးမြင့်မေ၏ မိခင်နှင့် ခြံစောင့်ကြီးကို တွေ့လိုက်ရသည်။ ရှေ့တွင် ဆက်လက်ကြုံတွေ့ရမည့် ပြဿနာ၏ အတိမ်အနက်ကို မှန်းဆမိပြီး သီလတစ်ယောက် ခြေကုန်လက်ပမ်း ကျသွားတော့သည်။

"သမီး. . တကယ် လင်နောက်လိုက်တော့မှာလား"

သူ့မိခင်၏ အမေးကို မိုးမြင့်မေ တုန်တုန်ယင်ယင်နှင့် ဖြေသည်။

"ဟုတ်. . ဟုတ်ကဲ့၊ သမီးကို ခွင့်လွှတ်ပါ မေမေ"

"သမီးရယ်၊ ညည်းအဖေရဲ့ ဒေါသကိုလည်း သိရဲ့သားနဲ့၊ သမီးလိုက်သွားမယ်ဆိုရင် အမေ့ကို အရင်သတ်ပြီးမှသွား"

"မေမေရယ်. . သမီးကို ငရဲမပေးပါနဲ့၊ သမီးတို့ ချစ်ခြင်းကိုလည်း မခွဲပါနဲ့ တောင်းပန်ပါတယ်၊ သမီးတို့ သွားပါရစေတော့နော်"

"မသွားရဘူး၊ သမီးကို မတားနိုင်ရင် အမေ့ကို သမီးဖေဖေ သတ်လိမ့်မယ်"

သီလ၊ ဒါနနှင့် ကုသိုလ်တို့လည်း မတ်တပ်မေ့ကုန်ကြ





၏။ ပြဿနာကို ဘယ်လိုရှင်းရမှန်း မသိဘဲ ပစ္စုပ္ပန်တည့်တည့်တွင် ကျိန်စာမိသော ကျောက်ရုပ်များ ဖြစ်သွားကြသည်။ ဤဖြစ်စဉ်၏ အဓိကဇာတ်လိုက် သီလအနေနှင့် တစ်ခုခုဝင်ပြောဖို့ လိုအပ်လာပြီ ဖြစ်သော်လည်း ဘာပြောလို့ ပြောရမှန်းမသိ။

"မေမေ. . တော်ကြာ ဖေဖေနိုးလာရင် ပြဿနာ ပိုပြီးကြီးကုန်ကြလိမ့်မယ်၊ သွားပါရစေတော့ မေမေရယ်"

သီလလည်း သတ္တိကို မြန်မာ့သြဘာပက်ဖြန်းကာ အထွက်တိုးအောင် ကြိုးစားရင်း. . .

"ဟုတ်ပါတယ် အန်တီ၊ ကျွန်တော် မိုးမြင့်မေကို အဆုံးရှုံးမခံနိုင်လို့ အခုလို စီစဉ်ရတာပါ၊ ကျွန်တော်တို့ နှစ်ယောက်ကို နားလည်ပေးပါလို့ တောင်းဆိုပါရစေ၊ ဒီည မိုးမြင့်ကို မရရအောင် ကျွန်တော်ခေါ်သွားမှာပါ"

လိုအပ်ချက်များ အားလုံးပါအောင် ပြောလိုက်နိုင်သဖြင့် သီလ ကိုယ့်ကိုယ်ကို ယုံကြည်မှုများ တိုးပွားသွား၏။

"မေမေ. . သမီးတို့ သွားပါရစေတော့နော်"

"ဟုတ်ပါတယ် အန်တီ၊ ဒီကိစ္စ မရှိခဲ့ဘူးလို့ သဘောထားပြီး မသိသလိုပဲ နေလိုက်ပါဗျာ"

မိုးမြင့်မေ၏ မိခင်မှာ မျက်ရည်များ ရစ်ဝဲလာကာ ဆုံးဖြတ်ရခက်နေဟန်နှင့် တိုက်ကြီးဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်၏။ ပြီးမှ. . .

"သမီး တကယ် စိတ်ပိုင်းဖြတ်ပြီးပြီပေါ့"

"ဟုတ်ကဲ့. . မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ကားပေါ်တက်ကြလေ"

သီလနှင့် မိုးမြင့်မေ လှိုက်ခနဲနေအောင် ဝမ်းသာပျော်ရွှင်သွားကြသည်။ သို့သော် ထိုပျော်ရွှင်မှု သက်တမ်းကာလက စက္ကန့်ပိုင်းမျှသာ ကြာ၏။

"မေမေလည်း တစ်ခါတည်း လိုက်ခဲ့မယ်"

"ဗျာ. ."

"ရှင်. ."

"ဟာ. ."

"ဟင်. ."

သီလတို့ လေးယောက်လုံးထံမှ တအံ့တသြနှင့် အာမေဋိတ်သံများ ဗလုံးဗထွေး ထွက်ကျလာ၏။ တရုတ်ကားတွေထဲကလို ဒီလိုအဖြစ်မျိုး တစ်ကယ်ရှိသလားဟု မေးရမလိုပင် ဖြစ်နေ၏။ အတော်လည်း အံ့သြမိရသည်။ မိုးမြင့်မေ အမေက အပြောမဟုတ်ဘဲ သူကိုယ်တိုင် ကားပေါ်တက်ဖို့ လှုပ်ရှားလာသဖြင့် သီလ အသည်းတွေယားလာတော့၏။

ပြဿနာက အထွတ်အထိပ်ရောက်အောင် ကြီးမားကျယ်ပြန့်လာပြီမို့ အားလုံး ခေါင်းစားကုန်ကြသည်။ မိုးမြင့်မေက လေပြေထိုးကာ အသနားခံရှာသည်။

"မေမေရယ်၊ မဟုတ်တာတွေ မလုပ်ပါနဲ့၊ သမီးတို့ သွားပါရစေတော့"

"မဖြစ်ဘူးသမီး၊ သမီး လင်နောက်လိုက်သွားပြီလို့သိရင် မေမေအသတ်ခံရမှာ သမီးအဖေရဲ့ ဒေါသကို ထိန်းလို့ရမှာ





မဟုတ်ဘူး"

"ဟား. . ဒုက္ခပါပဲဗျာ"

ကွိုင်က ခြစ်ခြစ်တောက်ပူနေခဲ့ပြီ၊ သမီးသာမက အမေကိုပါ အပါခေါ်သွားသည့် မိန်းမခိုးမှုကြီးဟု အင်တာနက် စာမျက်နှာသစ်တွင် ကမ္ဘည်းအတင်ခံရတော့မည်ထင်၏။

သတင်းရှားပါးမှု ကြုံနေရသည့် လက်သွက်သွက် ဂျာနယ်လစ်နှင့်တွေ့လျှင် မှုခင်းဂျာနယ် မျက်နှာမည်းကြီးနှင့်လည်း ပါလာနိုင်သေးသည်။

ဒါနခေါ် ချစ်တီးက. . .

"ဒီလိုလုပ်ဖို့တော့ မသင့်တော်ပါဘူးဗျာ၊ အန်တီသာ လိုက်လာမယ်ဆိုရင် မိန်းမခိုးတာ မဟုတ်တော့ဘဲ ပြန်ပေးဆွဲသလိုဖြစ်ပြီး အမှုကြီးသွားမှာ စိုးလို့ပါ၊ ကျွန်တော်တို့ ဆိုမာလီ ဓားပြတွေ မဖြစ်ပါရစေနဲ့၊ ရှိကြီးခိုးပါတယ် အန်တီရယ်"

ကုသိုလ်ကလည်း. . .

"ဟုတ်ပါတယ် အန်တီရယ်၊ လူကုန်ကူး ပြန်ပေးသမားတွေအဖြစ်နဲ့ ထောင်ထဲမှာ ဘဝမဆုံးချင်လို့ပါ"

ဘယ်သူတွေ ဘယ်လိုတားတား အန်တီကြီးက နားမဝင်၊ ကားထဲသို့ အရင်ဆုံး ဝင်သွားသည်။ သီလမှာ ဘဘုန်းကြီး၏ ဘုန်းကြီးပျံတွင် ဧယဉ်ကျူးသလိုသာ ဟစ်၍ ငိုလိုက်ချင်တော့၏။

မိုးမြင့်မေက. . .

"ထုံးစံမရှိတာတွေလုပ်ပြီး သိက္ခာအကျခံတော့မှာလား



www.burmeseclassic.com

www.burmeseclassic.com



မေမေရယ်၊ ဒုက္ခပါပဲ”

“သိက္ခာကျတာက သေတာလောက်တော့ မဆိုးပါဘူး သမီးရယ်”

သီလမှာ ကွယ်လွန်သူဆရာကြီးတွေ၏ မူပိုင်စကားလုံးကို ခဏငှားပြီး ဟိုက်ရှာလပတ်ရည်ဟု အော်ရတော့မလို ဖြစ်သွားသည်။ မိုးမြင့်မေ၏မိခင် ယောကျ်ားကြောက်ပုံက စံတင်လောက်သည်။ သမီး လင်နောက်လိုက်တာကို မတားဆီးနိုင်လျှင် သူတို့လင်မယားချင်း ထိပ်တိုက်တွေ့တော့မည်။ ထိုအဖြစ်ကို ရင်မဆိုင်ရဲသည့်အတွက် သမီး လင်နောက်လိုက်မည့်ကိစ္စတွင် ကန့်လန့်ကန့်လန့်နှင့် ဝင်ရှုပ်နေခြင်း ဖြစ်၏။

သီလ အကြီးကြီး တင်းသွားသည့်အတွက်. .

“မိုးမြင့် ခိုးရာလိုက်မယ်ဆိုလို့ ကျွန်တော် လာခေါ် ရတာပါ အန်တီ၊ ကျွန်တော်ရောသူပါ အသက်ပြည့်သူတွေ ဖြစ်သလို ဘွဲ့လည်းရပြီးသားတွေပါ၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိတဲ့ အရွယ်တွေမို့ မိုးမြင့်ကို အပါခေါ် သွားရမှာဖြစ်သလို အန်တီ့ကိုတော့ မဖြစ်မနေ ထားခဲ့ရမှာပါ”

“ငါပါမလိုက်ရရင် သမီးကိုလည်း ခေါ် မသွားနဲ့”

အန်တီကြီးစကားကြောင့် အားလုံး ခေါင်းကုတ်ဖင်ကုတ် ဖြစ်ကုန်ကြ၏။ ချစ်တီးက သည်းမခံနိုင်တော့ဟန်နှင့်. .

“မဖြစ်လို့ပါအန်တီရယ်၊ အန်တီ ခရီးသိပ်သွားချင်နေတယ်ဆိုရင်လည်း ချောင်းသာပို့မယ်၊ ကိုရီးယားပို့မယ်၊ ဗုဒ္ဓဂါယာပို့မယ်ဆိုပြီး ညာရောင်းတဲ့ ကုန်ပစ္စည်းတွေ ဝယ်သုံးပြီး ကံစမ်း





မဲပေါက်အောင်သာ ဆုတောင်းပြီး နေခဲ့ပါဗျာ”

“မနေခဲ့နိုင်ပါဘူး၊ ဖြစ်တဲ့နည်းနဲ့ ငါ ရအောင်ကိုလိုက်မှာ”

“ကွိုင်ပဲဗျာ. .၊ ဒီမယ်အန်တီ သီလက ရုတ်တရက် ကောက်ခါငင်ခါဆိုသလို စီစဉ်လိုက်တော့ ပိုက်ဆံက သိပ်မပါဘူး၊ သူတို့နှစ်ယောက်စာတောင် အနိုင်နိုင်မို့ပါ။ အန်တီလိုက်လာရင်း လမ်းမှာတင် ငွေပြတ်ပြီး မင်္ဂလာဦးမှာ အကြွေးတင်သွားမှာစိုးလို့ပါ၊ နော်. . အန်တီ”

“သူတို့ ပိုက်ဆံကုန်သွားရင်လည်း အန်တီ့မှာပါတယ်လေ၊ လက်ဝတ်လက်စားတွေလည်း အပြည့်ပဲဟာ ပူစရာလိုလို့လား”

အန်တီကြီးပုံစံက ရဲခေါ်ပြီး ဆွဲထုတ်လျှင်တောင် မဆင်းဘူးဆိုသည့် ပုံစံနှင့်ဆိုတော့ သီလနှင့် မိုးမြင့်မေ ခေါင်းချင်းဆိုင်ရပြန်သည်။

“ဘယ်လိုလုပ်ကြမလဲ မေ”

“မပြောတတ်တော့ပါဘူး မောင်ရယ်၊ ဟိုလေ အမေ့ပါ ခေါ် သွားရင်ရော မဖြစ်ဘူးလား”

“ဟာ. . မေကလည်း အဓိပ္ပါယ်မရှိတာ”

“ဟုတ်ပါတယ် မိုးမြင့်ရယ်၊ ဖြစ်သင့်တာကိုပဲ စဉ်းစားရမှာပေါ့”

ဒါနက ဝင်ပြောတော့ ကုသိုလ်ကလည်း တီးတိုးအကြံပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ်သီလ အဘွားကြီး ကားပေါ်က မဆင်းဘူးဆိုရင် တို့တွေ ဒီအတိုင်းပဲ ဒိုးမယ်၊ လမ်းထပ်ရောက်မှ Taxi နဲ့ လိမ့်ကြတာပေါ့"

"အေး. . အဲဒါ ကောင်းတယ်"

ကုသိုလ်၏ အကြံကို အကောင်အထည်ဖော်ဖို့ ဆုံးဖြတ်လိုက်စဉ်မှာပင်. . .

"မင်းတို့ ကားထားပြီး ထွက်ပြေးရင်း ငါက သူခိုးလို့ အော်မှာပဲ၊ ပြေးရဲပြေးကြည့်"

သီလတို့ တီးတိုးတိုင်ပင်တာကို ကြားဖြစ်အောင် ကြားသွားသည့် အန်တီကြီးက အပြင်းထန်ဆုံး ရာဇသံကို ပေး၏။ မိုးမြင့်မေလည်း နောက်ဆုံးကောက်ရိုးမျှင်ကို လက်လွှတ်လိုက်ရသဖြင့် မျှော်လင့်ချက်မဲ့သွားပြီမို့ ချုံးပွဲချငိုကြွေးတော့သည်။

သီလလည်း အကြီးအကျယ် ပေါက်ကွဲသွားပြီး အန်တီယောက္ခမလောင်းကို ကားပေါ်မှ ဆွဲချရန် ဟန်ပြင်ခိုက်. . .

"ဟိတ် အဲဒါ ဘာလုပ်နေကြတာလဲ၊ ဘာတွေဖြစ်နေတာလဲ"

အော်ဟစ်မေးမြန်းသံနှင့်အတူ ဓာတ်မီးရောင် တဝင်းဝင်းကို မြင်လိုက်ကြရသည်။ အပါတ်မလည်ရသည့်ကြားထဲ ဆိုင်းမပါ ဗုံမဆင့် အင်ထရိုမဝင်ဘဲ ရောက်လာသည့် ပတ္တရောင်ရဲအဖွဲ့ကြောင့် တစ်ပူပေါ် နှစ်ပူဆင့် ဖြစ်လာပြန်၏။ မြန်မာဗီဒီယိုဇာတ်ကားတွေမှာတော့ ရဲတပ်ဖွဲ့ ရောက်လာပြီဆိုလျှင် ဇာတ်သိမ်းခန်းရောက်ပြီဆိုတာ အားလုံးသိကြသည်။





သီလနှင့် မိုးမြင့်မေတို့ ဇာတ်လမ်းလည်း ဇာတ်သိမ်းတော့မည်လား၊ ထိုသို့တော့ သီလ အဖြစ်မခံနိုင်ပါ။

"ဟော့. . မေးနေတယ်လေ"

"ဗျာ. . အဲ. . ဒီလိုပါခင်ဗျာ၊ ကျွန်တော်တို့ မိန်းမခိုးဖို့ လာခဲ့ကြတာပါ၊ မယုံရင် ကာယကံရှင် မိန်းကလေးကို မေးကြည့်ပါ"

"သူပြောတာ ဟုတ်သလား မိန်းကလေး"

"ဟုတ်. . . ဟုတ်ပါတယ်ရှင်၊ ကျွန်မ ချိန်းလို့ သူတို့ ရောက်လာတာပါ"

သီလ၏ ဖြေရှင်းချက် မိုးမြင့်မေက ကမန်းကတန်း ထောက်ခံလိုက်သည်။ ရဲတပ်ကြပ်ကြီးတစ်ယောက်က မသင်္ကာ ဟန်နှင့် ထပ်ဆင့်စစ်မေးသည်။

"မဖြစ်နိုင်ဘူး၊ ငါတို့ လှမ်းပြီးအကဲခတ်နေတာ ကြာလှပြီ မိန်းမလာခိုးတဲ့သူတိုင်း အိမ်ရှေ့မှာ အကြာကြီးမနေကြဘူး ကိုယ့်ပစ္စည်းကိုယ်မမြီး မာရသွန်ပြေးသလို အမြန်လစ်ကြတာ"

ထိုရဲတပ်ကြပ်ကြီး၏ အပြောကြောင့် သီလ ငိုချင်လျက် တက်တို့ ဖြစ်သွားကာ ငိုသံပါကြီးနှင့် ရှင်းပြလိုက်သည်

"လစ်ချင်တာပေါ့ဗျာ၊ တကယ်သာ အဆင်ပြေခဲ့မယ်ဆို အချိန်မှာ မင်္ဂလာဒုံ ကျော်ကျော်လောက် ရောက်နေလောက်ပြီဗျ၊ အခုတော့. . ."

"ခုတော့ ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီးက လက်နှိပ်ဓာတ်မီးနှင့် ကားထဲသို့ ထိုးပြလိုက်သည်။ ရဲများက ကားထဲမှ အန်တီကြီးကို ဝိုင်းရှိုးကြ၏။

"ဟင်. . သူကဘယ်သူလဲ"

"သူက ကျွန်တော့်ယောက္ခမလောင်းကြီးလေ. . ၊ သူ့ကြောင့် ကျွန်တော်တို့ သွားလို့မရသေးတာဗျ"

"ဟော. ."

ရဲတပ်ကြပ်ကြီး၏ အံ့သြသံအဆုံးတွင် ချစ်တီးက. . .

"ဆရာကြီးပဲ စဉ်းစားကြည့်ပေါ့ဗျာ၊ ကျွန်တော်တို့က သူ့ သမီးပဲလာခိုးတာလေ၊ သူကအမေကြီးကို ဘယ်လိုလုပ်ခေါ်သွားချင်ပါ့မလဲ၊ အဲဒါကို အတင်းလိုက်မယ်ဆိုပြီး ကားပေါ်တက်ထိုင်နေလို့ ကျွန်တော်တို့ လစ်လို့မရသေးတာပေါ့"

ရဲတွေ ခေါင်းကုတ်နေကြစဉ် သီလက တိုင်ချက်ဖွင့်သလို အကူအညီတောင်း၏။

"အဲဒါ ဆရာကြီးတို့ ဖြေရှင်းပေးကြပါဦးဗျာ"

သီလ၏ တိုင်ချက်ဖွင့်သလို လေသံကြောင့် ရဲများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ သူတို့ အမှုထမ်းသက်တစ်လျှောက်လုံး ဒီလိုအမှုမျိုး ကြုံဖူးဟန်မတူ၊ ရဲသင်တန်းတွင် သင်ကြားခဲ့ဖူးသမျှ ဥပဒေပုဒ်မနှင့် အမှုလိုက် အတွေ့အကြုံများကို ပြန်လည်စဉ်းစားနေသလို တွေတွေငေးငေး ဖြစ်သွားကြသည်။

"ခက်တယ်ကွာ ဒီကိစ္စက ရာဇဝတ်မှုလည်း မမြောက်ဘူးလေ၊ တို့မှာက မှုခင်းကြီးတင်ကာကွယ်ရေးနဲ့ ပြစ်မှုထင်ရှားရင် အရေးယူဖို့ပဲ တာဝန်ရှိတာ၊ မင်းတို့ကိစ္စက လူမှုရေးကွ"





"ပြဿနာပဲဗျာ၊ ဆရာကြီးပဲ စဉ်းစားကြည့် ဆရာကြီး[illegible]မခိုးရင်ကော ယောက္ခမလောင်းကို ခေါ်သွားမှာလား"

"ဝေးသေးကွာ၊ ဘာလို့ခေါ်ရမှာလဲ"

"အဲဒါကြောင့် ပြောတာပေါ့. . ၊ နည်းနည်းကူညီပါဦး[illegible]ရာကြီးရယ်"

သီလက ကာလဝမ်းရောဂါသည်တစ်ယောက် ဆေးရုံမ[illegible]ကျ်မီ လေသံမျိုးနှင့် ငိုပြလိုက်သည်။ ရဲတပ်ကြပ်ကြီးက [illegible]ကောင်းသူပယ် ကောင်းသူကယ်မည့် သိကြားမင်း အိုက်တင်[illegible]ဖြင့်. . .

"ကဲ. . ကားထဲက အစ်မကြီး ခဏထွက်ခဲ့ပါဦး"

အန်တီကြီးက ရထားခိုးစီးစဉ် လက်မှတ်စစ်နှင့် တန်း[illegible]သည့် လက်မှတ်မဲ့တစ်ယောက်၏ မျက်နှာပေးမျိုးဖြင့် ကား[illegible]မှ ပြန်ဆင်းလာသည်။ ထိုအခိုက် ခြံထဲမှ မီးတိုင်များ ရုတ်တ[illegible] ထွန်းလင်းလာသဖြင့် လမိုက်ညတွင် နေထွက်သကဲ့သို့[illegible]ထိန်သွားသည်။ ခြံစောင့်က. . .

"ဒုက္ခပဲ. . မမကြီး၊ အစ်ကိုကြီး နိုးလာပြီ ထင်တယ်"

"ဟင်. . ကိုကိုနိုးလာပြီ ဟုတ်လား၊ ဘုရား. . ဘုရား[illegible]ကြီးတို့ရယ်၊ ကျွန်မကို ယောကျ်ားမရိုက်အောင် ကာကွယ်[illegible]ကြပါဦးနော်"

အရေးထဲ အန်တီကြီးက အရိုက်မခံရအောင် ရဲတပ်[illegible] အကာအကွယ်ကို တောင်းဆိုနေသေးသည်။ ရဲကို သူ့[illegible]တော်စောင့်များ ထင်နေသည်လားမသိ။ သီလမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



သမီးကို လာခိုးစဉ် အမေရောအဖေပါ နိုးလာကြပြီ ဆိုမှတော့ လုပ်ငန်းစဉ်ပျက်ပြီဆိုတာ သိလိုက်ရပြီး စိတ်ဓါတ်က သုညမှတ် အောက်ထိ ကျသွားတော့၏။

“ဟော့ကောင်. . မြဒင်. . ဘာဖြစ်ကြတာလဲ”

“ခိုး. . ခိုး. . လာခိုးကြတာပါ အစ်ကိုကြီး”

“ဟေ. . သူခိုးဝင်ခိုးတာကို ဖမ်းမိတယ်ပေါ့၊ တော်လိုက်တာ မြဒင်ရာ၊ အောင်မယ် ရဲတွေတောင် ခေါ်ထားပြီးပြီကိုး. . အေး. . အေး. . မင်းကို ဘောက်ဆူးချရမယ်”

မိုးမြင့်မေ၏ဖခင် ဦးဖေသက်ခင်က ထင်ရာမြင်ရာ စွတ်ပြောရင်း ခြံပြင်သို့ ထွက်လာ၏။ ထိုအခါမှ ရဲများနောက်တွင် ပုန်းနေသည့် ဇနီးနှင့်သမီးကို တွေ့သွားပြီး. . .

“ဟင်. . မင်းတို့ ဘာထွက်လုပ်နေကြတာတုန်း၊ သူခိုး ဝိုင်းဖမ်းကြတာလား”

“မ. . မ. . ဟုတ်. . ဟုတ်. . ပါ. . ပါ”

အန်တီကြီး အကြောက်လွန်၍ တုန်ယင်ထစ်ငေါ့ကာ ဖြစ်စဉ်ကို ပြောမပြနိုင်ဖြစ်နေ၍ ရဲတစ်ယောက်က ဝင်ရှင်းပြရ၏။

“ဒီလိုပါ ခင်ဗျားသမီး လင်နောက်လိုက်ဖို့ ကြိုးစားတာ သူ့အမေသိသွားလို့ တားနေတဲ့အခိုက်မှာ ကျုပ်တို့ ရောက်လာ တာ ဆိုပါတော့”

“ဘာ. .”

ဦးဖေသက်ခင်၏ အသံနက်ကြီးက ဟိန်းထွက်လာ





သည်။ မိုးမြင့်မေတို့ သားအမိ တုန်တက်သွားကြ၏။ ဦးဖေသက်ခင်လည်း ထိုအခါမှ ခေါင်းငုံ့နေသော သီလနှင့် အဖော်များကို တွေ့သွားသည်။

“ဟင်းဟင်း. . သီလ မင်းအကြံ ဒါအကုန်ပဲလားကွ ...၊ တိုရှည်လုပ်တဲ့ ဒယ်အိုးလောက်မှ ဇောက်မနက်တဲ့ကောင်၊ ...ဘော်သေးတာပေါ့၊ ငါ့မိန်းမနဲ့ ဟောဒီက ရဲတပ်ဖွဲ့ဝင်တွေ ...ဘာဝန်ကျေလို့”

“အန်ကယ် ကျွန်တော်တို့ချစ်ခြင်းကို မခွဲပါနဲ့ဗျာ”

“ဘာကွ မင်းလို ပန်းရံဆရာယောင်ယောင် လက်သ...ဆရာယောင်ယောင်ကောင်ရဲ့လက်ထဲ ငါ့သမီးကို အပ်လိုက်...အောင် ငါဘာရိန်းမချောင်သေးဘူး၊ ဘယ့်နှယ်ကွာ ငါက အကုန် ...တျခံပြီး နတ်ပြည်နဲ့တူတဲ့ စက်ာပူကို ပို့ပေးမယ်ဆိုတာတော့ ...က်မခံပဲ ပြာပုံတိုးချင်တဲ့ ခွေးလိုကောင်၊ ငါ့မျက်စိအောက်က ...ထွက်သွား၊ မသွားရင် ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲမယ်”

“အဲဒါတော့ နည်းလမ်းမကျပါဘူး၊ အခု သူတို့က ခင် ...ခြံရဲ့အပြင် အများပိုင်လမ်းပေါ်မှာပဲ၊ သူတို့ ခြံထဲ ဝင်တောင် ...ဘူး”

“ဗျာ. .”

ဦးဖေသက်ခင်၏ ဟာကွက်ကို ရဲက ထောက်ပြလိုက်သ... အန်ကယ်ကြီး ရှက်သွားသည်။ ထိုအခါ သူ့ဒေါသက ဇနီးနှင့် ...အပေါ် စုပုံကျသွားတော့၏။

“မိမိုးနဲ့ မေရီမြင့် ခြံထဲဝင် အိမ်ပေါ်တက်ကြစမ်း”



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်. . ဟုတ်ကဲ့”

“နှစ်ယောက်လုံး သေဖို့သာပြင်”

ဦးဖေသက်ခင်၏ဒေါသကို သိကြသော မိုးမြင့်မေနှ ဒေါ် မေရီမြင့်တို့ ခြံထဲ ကုပ်ကုပ်လေး ပြန်ဝင်သွားကြ၏။ ရဲတ ကြပ်ကြီးက. .

“သမီးနဲ့ဇနီး ဖြစ်ပစေ၊ ဒဏ်ရာရအောင် ဆုံးမရင် ကျင့်စေမှု ရိုက်နှက်မှုတို့နဲ့ အရေးယူလို့ ရတယ်နော်”

“ကျုပ် သိပါတယ်ဗျ. . .”

ဦးဖေသက်ခင် ရှူးရှူးရှဲရှဲနှင့် ခြံထဲပြန်ဝင်သွား၏ သူ့ဒေါသက ခြံစောင့်မြဒင်ထံ ရောက်သွားပြန်သည်။

“ငါ့သမီး ခြံထဲက ထွက်သွားတာတောင် မသိဘူး တော့ မင်းက တာဝန်ချိန်မှာ အိပ်နေလို့ပေါ့၊ မင်းကို အလု ထုတ်မယ်၊ မနက်လင်းတာနဲ့ အလုပ်ပြုတ်ပြီသာမှတ်”

“ဗျာ. . အစ်ကိုကြီး. . ဟို. . ဟိုလေ”

“ဒီမယ် နောင်ကြီး. . အလုပ်သမားကို ဘာကြောင့် အလုပ်ထုတ်ထုတ် သုံးလစာ ကြိုပေးရမှာနော်၊ မဟုတ်ရင် အရေးယူလို့ရတယ်”

ရဲက ထပ်မံသတိပေးလိုက်ပြန်သဖြင့် ဦးဖေသက်ခင် တစ်ယောက် မျက်နှာကို ငရုံမီးနှင့် ပက်ခံရသလို ရုပ်ပျက်ဆင်း ပျက် ဖြစ်သွား၏။ ထို့အတွက် ကိုယ့်လက်ဝါးကိုသာ ကိုယ်ထု၍ ဒေါသများကို ဖောက်ထုတ်ဖြေလျှော့နေရတော့သည်။

ရဲများက. . .





“ကဲ. . ညဉ့်နက်လှပြီ၊ ငါ့ညီတို့လည်း ပြန်ကြတော့ အခု မအောင်မြင်လည်း နောက်တစ်ခါပေါ့ကွာ၊ ကောင်မလေးက မင်း ဘက်ကဆိုရင် အိုကေမှာပါ”

ရဲက သီလတို့အား နှစ်သိမ့်စကားပြောကာ ပြန်ခိုင်း နေပြီ၊ သီလဆိုသည်မှာ စင်ကြယ်ခြင်းဖြစ်သော်လည်း သီလ၏ မျက်နှာမှာ မစင်ကြယ်တော့၊ ညို့မှိုင်းအုံ့ဆိုင်းနေသည်။

ပြည်သူ့ရဲတွေ ဘယ်လိုပဲ အားပေးအားပေး သူနှင့် မိုး မြင့်မေတို့၏ဇာတ်လမ်းက ဟပ်ဖတိုင်းနှင့် ရပ်ဆိုင်းသွားပြီဖြစ် ကြောင်း သူ ကောင်းကောင်းသိနေ၏။ ခုတော့ဖြင့် သီလ၏ မိန်းမခိုးခရီးစဉ်က မအောင်မြင်၍ ဆုတ်ပြန်. . ဆန်ပြုတ်. . ဖြစ်ခဲ့ရလေပြီ။





www.burmeseclassic.com

www.burmeseclassic.com





# အတိတ်(၁)

သီလက အကျိုးဆောင်ဂျာနယ်ကို လှန်လှောရှာဖွေရင်း အလုပ်ခေါ်ကြော်ငြာများထဲမှ သင့်တော်မည့်အလုပ်များ ရှာဖွေ၍ မှင်နီနှင့်ဝိုင်းကာ မှတ်သားနေ၏။ ဒါနနှင့် ကုသိုလ်တို့လည်း ဂျာနယ်များဝိုင်းဖတ်ပြီး သီလအတွက် အလုပ်ဝိုင်းရှာပေးနေကြသည်။ ချစ်တီးက. . .

"မမိုက်ပါဘူးကွာ၊ လစာတွေက တစ်သိန်းနဲ့ တစ်သိန်းအောက်မှာတွေချည်းပဲ၊ သုံးလေးသိန်းပေးတဲ့ အလုပ်ကျတော့





လည်း လုပ်သက် အနည်းဆုံး ငါးနှစ်အပြင် အင်္ဂလိပ် အရေးအဖတ်လည်း ကျွမ်းရမယ်၊ ကွန်ပျူတာလည်း နှိပ်တတ်ရမယ် ဆိုတာမျိုးတွေပဲ၊ ခုမှ အလုပ်ရှာတဲ့လူက ဘယ်လိုလုပ် လုပ်သက် (၅)နှစ် ရှိမှာလဲ"

"အေးလေ. . အလုပ်အသွားအပြန် ကားခတင် လေးရာ၊ တစ်လဆို ကိုးထောင့်ခြောက်ရာ၊ ကားခနဲ့တင် တစ်သောင်းခြောက်နေပြီ၊ လက်ဘက်ရည်ဘိုးနဲ့ ထမင်းချိုင့်စားရိတ်ပါ ထည့်တွက်ရင် ကိုယ့်ထမင်း ကိုယ်စားပြီး အန်တီ့ကားမောင်းရသလိုပါပဲကွာ"

ကုသိုလ်၏ ညည်းညူစကားကို နားမရှင်းသည့် ဒါနခေါ် ချစ်တီးက. . .

"ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွားကျောင်းတယ်လို့ပဲ ကြားဖူးပါတယ်ကွာ"

"ဟော့ကောင် မိုက်ခရိုဆော့ဖ်တောင် ဒိတ်အောက်ပြီး တွစ်တာတို့ ဖေ့(စ်)ဘုတ်တို့ ရှာတွေဆီအထိ ခြေဆန့်နေကြပြီ၊ ချစ်တီး သိပ်မပိန်းစမ်းပါနဲ့ကွာ၊ ငါ့အန်တီမှာ နွားမရှိဘူး. . ကားပဲရှိတယ်၊ ပြီးတော့ ရန်ကုန်သူအစစ်ကွ"

"သြော်. . ဒီလို တင်စားတာလား၊ မသိပါဘူးကွာ ဆောရီး. . ဆောရီး"

ကုသိုလ်တို့ ဖွနေသည့် တော်ကီများကို သီလ စိတ်မဝင်စားအားပါ၊ ချစ်ရသူ မိုးမြင့်မေက လက်ထပ်ကြစို့ဟု ပြောလာသဖြင့် အဆောတလျင် အလုပ်ရရှိရေးက ပထမဖြစ်နေသည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ အလုပ်ကမရှိ၊ ချစ်သူကလောနှင့်ဆိုတော့ သီလ လည်ပင်းမှာ လွန်းပျံယဥ် ချိတ်ဆွဲခံထားရသလို လေးလံလျက် ရှိနေ၏။

သီလ၊ ဒါနနှင့် ကုသိုလ်တို့က ဘွဲ့ရအလုပ်လက်မဲ့များ ဖြစ်ကြသည်။ ရှစ်တန်းတက်ကတည်းက တွဲလာကြသူများမို့ ပြောမနာ ဆိုမနာ ငယ်ပေါင်းသူငယ်ချင်းများလည်း ဖြစ်၏။ ထိုစဉ် ချစ်တီးက. . .

"ဟာ. . သီလ. . ဒီမှာ ဒီကြော်ငြာထဲက အလုပ်ဆို မင်းနဲ့ ကွက်တိပဲ"

"ဘာတဲ့လဲ၊ အငြိမ်းစား သမ္မတ အလုပ်လား"

"ဟုတ်မလား. . ငါဖတ်ပြမယ် နားထောင်၊ အိမ်တွင် မွေးထားသော ဒိုဗာမင်ခွေးဆယ်ကောင်အား ပုံမှန် အစာကျွေး ရေချိုးလမ်းလျှောက်ထွက် ခွေးကျောင်းပေးမည့်ဝန်ထမ်း အလိုရှိ သည်။ နေစရာနှင့် ထမင်းကျွေးမည်၊ လစာကောင်းပေးမည်။ အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်သို့ မေးမြန်းဆက် သွယ်နိုင်ပါသည်တဲ့. . အဟဲဟဲ. . ပါသေးတယ်၊ အင်္ဂလိပ်စပီ ကင် ကျွမ်းကျင်ရန်မလို ဘွဲ့ရရန် မလိုပါတဲ့၊ ဟား. . ဟား. . ဟား"

ချစ်တီးက ဖတ်ပြရင်း တဟားဟား ရယ်နေသလောက် သီလ အတော်တင်းသွားသည်။

"မင်းကွာ. . နောက်စရာမရှိ ကြံဖန်နောက်နေတယ် ယူရေနီယံ အရောင်းအဝယ် လုပ်တဲ့နေရာမှာ ဒန်အိုးပေါက်





ကြေးအိုး ပေါက်ကုလားက ကန့်လန့်ကန့်လန့် ဆိုသလို ဖြစ်နေ ပြီ"

အလုံးကြီးနှင့် လှမ်းပစ်လိုက်သဖြင့် ချစ်တီး နည်းနည်း အပိုးကြိုးသွားသည်။ ကုသိုလ်က. . .

"နေစမ်းပါဦး သီလရာ၊ တို့တွေ ခုမှ ကျောင်းပြီးခါစဖဲရှိ သေးတာ၊ ဘာလို့ အပူတပြင်း အလုပ်ရှာနေတာလဲ"

"ဒီမယ်ချစ်တူး၊ လူဆိုတာ ပထမအရွယ်မှာ ပညာရှာရ တယ်၊ ဒုတိယအရွယ်မှာ ဥစ္စာရှာရတယ်၊ ဥစ္စာကို အလုပ်လုပ်ပြီး ရှာရမှာ ငါက ဘီ(လ်)ဂိတ်နဲ့ အမျိုးမတော်သလို ဘရူနိုင်းဘုရင်ရဲ့ ယောက်ဖလည်းမဟုတ်ဘူး၊ ပြီးတော့ သန်းကြွယ်သူဌေး မေဝယ် သာတို့ တိုက်ဂါးဝုဝ်တို့ ဒေးဗစ်ဘက်ခမ်းတို့ကလည်း ငါ့တပည့် တွေ မဟုတ်ဘူး၊ ဒီတော့ အလုပ်လုပ်ရမှာပေါ့"

ချစ်တီးက သူ့စတိုင်အတိုင်း အူကြောင်ကြောင်နှင့် ပြန် ပြော၏။

"ကုဋေရှစ်ဆယ်သူဌေးသား မဟုတ်ဘူးဆိုလည်း ပြီး တာပဲ ရှည်ကိုရှည်တယ်"

"ချစ်တီး မင်းက သမိုင်းနဲ့ ကျောင်းပြီးထားတယ်ဆိုတာ နဖူးမှာ စာစီထားသလိုပဲ၊ မင်းကို ရာဇဝင်ထဲမှာပဲ ထားခဲ့ဖို့ ကောင်းတယ်၊ ဗာရာဏသီက ကုဋေရှစ်ဆယ် သူဌေးသားက ပေစာနဲ့ပုရပိုဒ်ထဲမှာ ကျန်ခဲ့ပြီကွ၊ အသစ်တွေပဲပြော"

"ဟုတ်တယ်ချစ်တီး ရာဇဝင်ထဲက မင်းရဲ့ သူငယ်ချင်း တွေကို မေ့လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ပေါင်း ဝိုင်းဖွဲ့လိုက်သဖြင့် ချစ်တီးမျက်နှာ သုန်မှုန်သွားသည်။ သူ့မျက်နှာက သူ့ကွင်း သူ့ပရိသတ်ရှေ့တွင် လာကစားရသည့် ဧည့်သည်ဘောလုံးအသင်းမှ တိုက်စစ်မှူးကဲ့သို့ အားကိုးရာမဲ့ ဖြစ်နေသည်။

"ထားပါတော့၊ ဒါနဲ့ မင်းက ဘာလို့ အလုပ်မြန်မြန်ဝင်ချင်နေရတာလဲ၊ မိဘလုပ်ကျွေးချင်လို့လား"

"မဟုတ်ပါဘူး၊ မိုးမြင့်မေကို ရှာကျွေးချင်လို့"

"ဘာ. . ငါကတော့ မိဘကျေးဇူးဆပ်ဖို့ ကြံတယ်ထင်ပြီး အထင်ကြီးနေတာ လက်စသတ်တော့ မင်းက ဟသ်တထွန်းရင် သီချင်းထဲကလို မွေးမေပေးသော အသည်းကိုယူကာ ကလျာနွဲ့နှောင်း ဆီဆက်သဖို့ ပြင်နေတာကိုး"

ချစ်တီးဆိုတာ အဲသလို ကောင်စားမျိုး၊ ရာဇဝင်ထဲ ပြန်မသွားရရင်တောင်မှ နှစ်သုံးလေးဆယ်လောက် Back ပြန်ဆုတ်ချင်တဲ့ကောင်၊ မသကာဆို လွှမ်းပိုင်တို့ ရဲရင့်အောင်တို့ သီချင်းတွေနဲ့ ပြန်နှိုပ်ပါလား၊ ခုတော့ ဟုတ်ပေါင်. . သီလက စိတ်ပျက်လက်ပျက် အမူအရာဖြင့်. . .

"ချစ်တီး အဲမွန်ဒယာတို့ လဂွန်းအိမ်တို့ ဥပါကောင်းတို့ကိုခေါ်ပြီး ပချုပ်ဆိုင်ဖြစ်ဖြစ် သေတင်းကုတ်ဖြစ်ဖြစ် သွားထိုင်နေပါလားကွာ၊ မင်းနဲ့ တော်ကီပစ်ရတာ ဒိတ်လွန်နေတဲ့ ဆေးကို ရေဝေးရောက်မှ သောက်ခွင့်ရသလို ဖြစ်နေပြီ"

ချစ်တီး အလူးအလဲခံနေရသဖြင့် အားနည်းသူဘက်မှ ကုသိုလ်စစ်ကူဝင်လိုက်သည်။





"သီလ မင်းကောင်းစားဖို့ ငါတို့က မစားရ အညှော်ခံအဖြစ်နဲ့ ဇက်ကြောအတက်ခံပြီး အလုပ်ဝိုင်းရှာပေးနေရတာတော့ မဟုတ်သေးပါဘူး၊ တော်ပြီကွာ. . ချစ်တီးရေ နားထားလိုက်၊ ကူညီပါရစေဆိုတာ ရဲတပ်ဖွဲ့ဆောင်ပုဒ် တို့နဲ့မဆိုင်ဘူး"

"ဟုတ်တယ် သီလ မယားယူဖို့ ဆိုရင်တော့ ငါလည်း မကူညီနိုင်ဘူး၊ စောလူးမင်းကို ဧရမန်ကန်းလက်မှာ ခွေးသေဝက်သေ သေရစ်ပေတော့ဆိုပြီး ပစ်ထားခဲ့တော့မယ်"

ချစ်တီးကို ဆေးကု၍ ရမယ်မထင်တော့၊ မကူညီနိုင်တာတောင် ပုဂံခေတ်တစ်ခေါက် ပြန်သွားနေ၍ သီလ အတော်စိတ်ညစ်သွား၏။ ကုသိုလ်ကတော့ ချစ်တီး၏ အပြောကိုသဘောကျဟန်နှင့် အားပါးတရ ရယ်နေလေသည်။

ထိုအခိုက် တံခါးခေါက်သံ ကြားလိုက်ရသဖြင့် သီလ အပြေးအလွှား ဖွင့်ပေးလိုက်၏။ မေမေ ဈေးက ပြန်လာတာဖြစ်သည်။ ဆွဲခြင်းကူဆွဲပေးရင်း အမေ့အား အမောပြေ ရေတစ်ခွက်တိုက်သည်။ ရေသောက်ပြီး အမေ ခုံတစ်လုံးတွင် ဝင်ထိုင်၏။

"ဟူး. . ဈေးသွားရတာ စိတ်မောလူမော အကုန်မောတဲ့အပြင် အသက်ရှူတောင်မှားတယ်၊ တကယ်ပဲ"

"ဆိုက်ကားနဲ့ ပြန်ခဲ့ရောပေါ့ အမေရယ်၊ အသက်ရလာပြီ မဟုတ်လား၊ လမ်းလျှောက်ရတော့ မောတာပေါ့"

ဒေါ်သီတာနိုင်က သားတော်မောင်ကို နားမလည်နိုင်ကောဟူသည့် အကြည့်မျိုးနှင့် ကြည့်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"လူက မောတာမဟုတ်ဘူး စိတ်မောတာ၊ ငွေမောတာ၊ ငါးထောင်ယူသွားလည်း မလောက်၊ တသောင်းယူသွားလည်း မလောက်နဲ့ အားလုံးက တက်ဈေးချည်းပဲ"

အဝင်များသွားသဖြင့် သီလ အဝါကတ်ထိသွား၏။ ဒါကို အခွင့်ကောင်းယူပြီး ဒေဝဒတ်အား ဂိုက်အဖြစ်ဌားထားသည့် ချစ်တီးက သီလအား ချွန်စက်ထဲထည့်၍ ချွန်သည်။

"ဟင်း. . ဟင်း. . သီလက ဘယ်နားလည်မလဲ ဒေါ်လေးရဲ့၊ ကျွန်တော့်အမေလည်း ညည်းတာပဲ. . ဈေးသွားမယ့် အစား လောက်ကိုင်ဒေသက စစ်မြေပြင်သာသွားလိုက်ချင်သတဲ့၊ အင်း. . ငွေတန်ဖိုးမသိတဲ့ သူတွေကတော့ အလုပ်ရအောင်ရှာပြီး မိန်းမယူမလို့တဲ့"

"ဘယ်သူလဲ ကုသိုလ်လား"

"မဟုတ်ဘူး၊ သီလလေ ဒေါ်လေးရဲ့"

ချစ်တီး၏ ပင့်တင်ချက်က အတော်လေး ထိရောက်ပုံရ၏။ ဒေါ်သီတာနိုင်က သီလအား ဘုကြည့်ကြည့်သည်။

"ဟုတ်တယ်ဒေါ်လေး အခုပဲပြောနေတာ. . .၊ သူ့ ကောင်မလေးဘဝကို တာဝန်ယူချင်ပြီတဲ့"

ရာဇဝင်လူသားကလည်း တစ်တပ်တစ်အားဆိုသလို ဝင်ပြီး အရောက်ပို့သည်။ ဒေါ်သီတာနိုင် သောကနှင့် လောင်မီး ကျသွားပြီး. . .

"ယူကြယူကြ တရားမပြဘူး၊ နားမချဘူး၊ ရှာကျွေးနိုင်လို့ကတော့ တစ်ယောက်မကဘူး၊ ဆယ်ယောက်ပဲယူယူ ယူကြ၊





ဓမ္မတာတရားကို ဘဂဝါတားရင်တောင် ရတာမှမဟုတ်တာ၊ လေကုန်ခံပြီး မတားဘူးဟေ့"

သီလက အမေမမြင်အောင် ဟိုနှစ်ကောင်အား ဆက်လက်ချွန်တွန်းမလုပ်ကြရန် ခြေဟန်လက်ဟန်နှင့် တားဆီးသော်လည်း ချစ်တီးတို့ လုံးဝဂရုမစိုက်သဖြင့် အခက်တွေ့နေတော့၏။ မတတ်သာတော့သဖြင့်. . .

"မ. . မဟုတ်ပါဘူး မေမေရာ၊ ဒီကောင်တွေ ချွန်နေတာ"

"အေး. . ဒီလိုအချိန်မှာ ရည်းစားနဲ့ချိန်းတွေ့ပြီး. . တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရရုံနဲ့ ထမင်းဝသလို ထင်ကြမှာပေါ့၊ တကယ်တမ်း လောကဓံနဲ့ နဖူးတွေ့ဒူးတွေ့လည်းတွေ့ရော မျောက်သစ်ကိုင်း လွတ်ဖြစ်ပြီး သောက,ကကျောချမှ လောဘကြီး မတရားဘူး. . မတရားဘူးနဲ့ ထိုင်ညည်းနေမှာ. . မြင်ယောင်မိပါသေးရဲ့၊ တခြားမကြည့်နဲ့ မင်းအဖေကိုပဲကြည့်"

"သီလဖေဖေက ဘာဖြစ်လို့လဲ ဒေါ်လေး"

ဒေါ်သီတာနိုင်က ဦးဉာဏ်ဝင်းရှေ့မှာ မပြောရဲသည့် စကားများကို ချစ်တီးတို့ရှေ့မှာ သွန်ချပြတော့သည်။

"ဘာဖြစ်ရမလဲကွယ်၊ တစ်သက်လုံး ဝန်ထမ်းလုပ်လာတာလေ၊ ဘာများစုဆောင်းမိလို့လဲ၊ နေစရာအိမ်တောင် ကိုယ်ပိုင်မရှိဘူး"

"အန်ကယ်က စိုက်ပျိုးရေးဘဏ်က မန်နေဂျာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ မန်နေဂျာမို့ နေစရာတိုက်ခန်းရတယ်၊ ကားတစ်စီးရတယ် ဒါပဲ၊ စားဖို့သောက်ဖို့က တစ်လတစ်လ အလျှင်တောင် မမီချင်ဘူး၊ အလုပ်ထွက်ပြီး အပြင်စီးပွားရေး လုပ်ပါဆိုတော့လည်း အသက်သာ ငါးဆယ်ကျော်သွားတယ်၊ ဘယ်မှာလုပ်လို့လဲ"

"အဲဒီလိုတွေးတော့လည်း ဟုတ်တာပဲနော်"

"ဟုတ်ကိုဟုတ်တာပေါ့ကွယ်၊ ဒါကြောင့် သားကိုလည်း ဝန်ထမ်းမလုပ်စေချင်တာပေါ့"

ဒေါ်သီတာနိုင်၏ ပေါက်ကွဲသံစဉ်က ဟဲဗီးမယ်တယ် အဆင့်သို့ ရောက်လာပြီဖြစ်သည်။ သီလ မျက်နှာချိုသွေးကာ နှစ်သိမ့်စကား ပြောရ၏။

"ကဲပါမေမေရယ်၊ ခုတ်ပြားဟောင်းကြီးပဲ ဖွင့်မနေပါနဲ့တော့၊ ခါတ်ပြားလည်းဆွေး အပ်လည်းတုံးနေပါပြီ၊ မေမေ့အစား DVD ဖွင့်ထားလိုက်မယ်လေ"

"အမေကိုများ နောက်တီးနောက်တောက်နဲ့၊ မင်းလည်း မင်းအဖေနဲ့ တစ်ချိုးတည်းပဲ၊ ဒီလို စိတ်ခါတ်မျိုးနဲ့သာ မယားယူလို့ကတော့ စိတ်ချမ်းသာရလိမ့်မယ် မထင်နဲ့"

ရုတ်တရက် တင်းမာသွားသည့် သားအမိ ဆက်ဆံရေးကြောင့် ကုသိုလ်နှင့်ချစ်တီး အားနားသွားကြသည် ထင်၏။ သူတို့၏ ချွန်တွန်းပရောဂျက်ကို တစ်ဝက်တစ်ပျက်နှင့်ရပ်ပြီး နှုတ်ဆက်၍ ပြန်ဖို့ ပြင်ကြတော့သည်။

"ကဲ. . သီလရေ၊ ငါတို့လည်း အိမ်ပြန်ပြီး မိဘကူညီရေးမှာမို့ ပြန်မယ်၊ ရောက်နေတာလည်း ကြာပြီ၊ အန်တီ ကျွန်တော်တို့ ပြန်ပါဦး မယ်ခင်ဗျ"

"အေးကွယ်၊ အေးအေး. . မင်းတို့လည်း စီးပွားရှာနိုင်မှ အိမ်ထောင်ပြုကြနော်"

"ဟုတ်ကဲ့ပါ အန်တီ"









www.burmeseclassic.com

www.burmeseclassic.com





# အတိတ်(၁)

## အပိုင်းခွဲ(၁)

ဒါန၊ သီလနှင့် ကုသိုလ်တို့မှာ အလယ်တန်းကျောင်းသားဘဝကတည်းက တစ်ရပ်ကွက်ထဲ အတူနေလာကြသူများဖြစ်သည်။ သီလဖခင် ရာထူးတက်၍ တိုက်ခန်းရပြီး ပြောင်းခဲ့သည့်တိုင် အတွဲမပျက်ခဲ့ကြ။

သီလ၏ဖခင်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အရာရှိကြီးတစ်ယောက်ဖြစ်သည်။ ဒေါ်သီတာနိုင်ကတော့ ခင်ပွန်းနှင့်သားကို ပြုစုစောင့်ရှောက်ပေးသည်။ မှိုနိုသူ





သာဖြစ်၏။ သီလနှင့် ကုသိုလ်က Physics နှင့် ကျောင်းပြီးခဲ့ကြသော်လည်း ချစ်တီးက သိပ္ပံဘာသာရပ်ကို ဝါသနာမပါ၍ ကျောက်စာကို ကိုးကွယ်၊ ပေစာကို ပ,သ၊ ဦးကုလား၊ ဒေါက်တာသန်းထွန်းနှင့် နိုင်ပန်းလှတို့အား ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ ကိုးကွယ်ကာ သမိုင်းအဓိကဘာသာကို ဆည်းပူးတတ်မြောက်ခဲ့သူဖြစ်သည်။

ချစ်တီး၏ မှတ်ပုံတင်အမည်ပေါက်နာမည်က ဒါနဖြစ်သော်လည်း ငယ်နာမည်ချစ်တီးကိုသာ လူတွေသိပြီး ထိုနာမည်ကိုသာ အခေါ်များခဲ့၏။ မွေးကင်းစကတည်းက မည်းမည်းတူးတူးလေးမို့ မိဘများက ချစ်စနိုးနှင့် ချစ်တီးဟုခေါ်ခဲ့ရာမှ ထိုအမည်တွင်ခဲ့ခြင်း ဖြစ်သည်။ မိဘနှစ်ပါးလုံး သူ့လောက် အသားမည်းကြသည့်အတွက် လူဝင်စားဟု ပြောဆိုမှုများလည်း ရှိခဲ့သည်။ သူတို့ရပ်ကွက်ထဲ ထိုမျှလောက် အသားမည်းသည့် ယောကျ်ားတစ်ယောက်မှ မရှိ၍သာ ချစ်တီးအမေ သိက္ခာမကျခဲ့ခြင်းလည်းဖြစ်သည်။

ဒါနကိုယ်တိုင်ကလည်း သူ့ကိုယ်သူ ချစ်တီးဟုသာ ခံယူထားသည်။ နာမည်ရင်းဖြစ်သည့် ဒါနကို သူ့ဘာသာ မေ့နေသည့်အထိ ငယ်နာမည် လွှမ်းမိုးခြင်းကို ခံရသူလည်း ဖြစ်၏။ ငယ်တန်းအောင်စာရင်း ထွက်သည့်နေ့ကဆိုလျှင် အစောဆုံးကြည့်ခဲ့သလို အောင်စာရင်းတွင် သူ့နာမည် မပါဟုဆိုကာ ကြီးမည်းကြီး ငိုကြွေးနေခဲ့သည်။

သီလနှင့် ကုသိုလ်တို့ ရောက်လာမှ အောင်စာရင်းကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါထပ်ကြည့်ကြသည်။ ထိုအခါမှာလည်း သူ့နာမည်မပါဟု ဆိုကာ ထပ်ငိုနေသေး၏။ သီလနှင့် ကုသိုလ်က နားရင်းအုပ်ပြီး ဒါနဆိုတာ မင်းနာမည် မဟုတ်ဘူးလားမေးမှ ချစ်တီး အူကြောင်ကြောင်နှင့် အောင်စာရင်းကို ထပ်ကြည့်ပြန်သည်။

သီလ လက်ညှိုးနှင့်ထောက်ပြထားသည့် အောင်စာရင်းမှ ဒါနဆိုသည့် အမည်ကိုမြင်မှ ချစ်တီး ပြုံးနိုင်ရယ်နိုင်လာခဲ့၏။ ချစ်တီးပြောသည့် စကားကလည်း မှတ်သားလောက်သည်။

"ဒါနဆိုတာ ငါ့နာမည်လို့မထင်ဘူးကွ. . ငါ မေ့နေတာ ငါ့နာမည် ချစ်တီးဆိုပြီး ချစ်တီးဆိုတဲ့စာလုံးပဲ လိုက်ရှာနေတာလေ၊ မတွေ့တော့ ကျပြီဆိုပြီး ငိုမိတာ၊ ဟား. . ဟား. . ဟား. . ဟား. . တော်သေးတာပေါ့၊ ငါ့နာမည်ကို မင်းတို့သိလို့"

ပြောလည်းပြော သဘောကျလွန်း၍ တဟားဟား လည်းရယ်နှင့် ဝမ်းသာဝမ်းနည်းဖြစ်နေသည့် ချစ်တီးကိုကြည့်ရင်း သီလတို့ သနားခဲ့ရသေးသည်။ ချစ်တီးမိဘများက ရပ်ကွက်ထဲတွင် ကုန်စုံဆိုင် အကြီးစား ဖွင့်ထားသဖြင့် အခြေအနေကောင်းသည်ဟု ပြောရမည် ဖြစ်သည်။ ကုသိုလ်၏ မိဘများကလည်း မင်္ဂလာဈေးမှ အထည်ဆိုင် ပိုင်ရှင်များမို့ သုံးစွဲနိုင်သည်။ သူတို့နှစ်ယောက်က မိဘအလုပ် အမွေခံလိုက်လျှင် အိုကေနိုင်သည်မို့ အလောတကြီးအလုပ်ရှာရမည့်သူက သီလတစ်ယောက်ထဲဖြစ်နေ၏။

ထိုအထဲတွင် ဖူးစာရေးနတ်မင်း၏ P.A မြှားနတ်မောင်က သီလအား မျက်နှာလိုက်၍ အင်တာဗျူးတွင် အအောင်သေ





ခဲ့သောကြောင့် ရည်းစားလက်ရှိ ဖြစ်နေတာလည်း သီလတစ်ယောက်ထဲသာဖြစ်၏။ သီလအတွက် ဖူးစာရှင်က မိုးမြင့်မေဆိုသည့် အချောအလှလေးပင် ဖြစ်တော့သည်လေ။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



**ရုပ်**ရှင်ရုံထဲမှ သီလနှင့် မိုးမြင့်မေတို့ လက်ချင်းချိတ် ပုခုံးချင်းတိုက် တင်ပဆုံချင်း ထိကပ်ပြီး ထွက်လာခဲ့ကြတော့ ညနေစောင်းနေပြီ။ မေက ချက်ချင်းပြန်မည် လုပ်နေ၍ သီလ အတင်းတောင်းပန်ကာ အအေးဆိုင်ထဲ ဆွဲခေါ်ခဲ့ရသည်။

အအေးမှာပြီးသည်နှင့် မေက ထောက်လှမ်းရေး တိုင်လ်ဖမ်းကာ မေးမြန်းစုံစမ်း စစ်ဆေးတော့သည်။

"မောင် ရှေ့ဆက်ဘာလုပ်မယ် တွေးထားလဲ"

မိုးမြင့်မေ မျက်နှာပေါ်မှ သင်္ကေတများကို လုံး ပတ်စေ့ အဓိပ္ပါယ်ဖော်ဖို့ မကြိုးစားဘဲ သီလက ခပ်ပါးပါး ခ လောင်လောင်လေး ဖြေလိုက်သည်။

"မပြန်ချင်သေးဘူးကွာ၊ ဒီကနေ မျှော်စင်ကျွန်းကို သွာ မယ်၊ သူ့မွေးနေ့မဟုတ်လို့ စိုင်းစိုင်းနဲ့တော့ တွေ့ချင်မှတွေ့မှာ





ဒါပေမယ့် ကန်ရေပြင်ကို ငေးမယ်၊ မေ့ကို ဖက်ထားမယ်၊ ပြီး တော့ စကားတွေ တဝကြီး ပြောကြမယ်လေ"

သီလစကားကြောင့် မေ့မျက်နှာမှာ မှုန်တိုင်းရှေ့ပြေး တောင်းကင်ကဲ့သို့ ရဲရဲနီသွား၏။ အမူအရာ ဘာသာဗေဒကို ဘီးမိခေါက်မိ ရှိထားသဖြင့် သူ မှားသွားပြီဖြစ်ကြောင်း ခံစားသိ နိုင်လိုက်စဉ်မှာပင် . .

"မောင့်ကို အားမရတာ အဲဒါပဲ၊ မောင်က မေ့ကိုချိန်း တွေ့ဖို့ ရုပ်ရှင်အတူကြည့်ဖို့ ပေါက်ကရပြောဖို့လောက်ပဲ ရည်ရွယ် ပြီး ချစ်ခဲ့တာလား၊ ရှေ့ရေးကို မစဉ်းစားတော့ဘူးလား၊ လက် ထပ်ဖို့ မရည်ရွယ်တော့ဘူးလား မောင်က မေ့ကို အပျော်တွဲတဲ့ အဆင့်နဲ့ပဲ ရပ်ထားတော့မလို့လား"

အပြောင်အပျက် ပြောမိသည့် စကားအတွက် မေ့ထံမှ ဒေါသအတွက် မေ့ထံမှ ဒေါသအပြည့် သုတ်လိမ်းထားသော နှစ်စကားများ ပြန်ကြားရမည်ဟု မျှော်လင့်မထားသဖြင့် သီလ အငိုက်မိသွားသည်။ ဟုတ်ဟုတ်မဟုတ်ဟုတ် မျက်တော်ဖြေ ကော်(ပ်)သီချင်းတစ်ပုဒ်လောက် ရွေးနားဇော်သွင်းပေးဖို့ လိုနေပြီ . . .

"မောင်က နောက်တာပါ မေရာ၊ လက်ထပ်ဖို့မရည် ရွယ်ဘဲ နေပါ့မလား၊ ချစ်သူစုံတွဲတိုင်းရဲ့ အန္တိမဆန္ဒက နှစ် ယောက်အပြန်အလှန် ပိုင်ပိုင်နိုင်နိုင် ချစ်ခွင့်ရဖို့ဘဲ မဟုတ်လား၊ ထစ်နေ့ကတော့ ကုသိုလ်တို့နဲ့ တိုင်ပင်ပြီး အလုပ်ခေါ်စာတွေ လာရင်း ဘယ်အလုပ်လျှောက်ရင် ကောင်းမလဲဆိုတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးနေကြသေးတာ၊ မောင့်ရဲ့မေတ္တာကို အပျော်ကြံတယ်လို့ တံဆိပ်ကပ်ပေးတာတော့ မောင် ဝမ်းနည်းမိတယ်မေ"

ယောကျ်ားမာယာ မန်ကျည်းကိုးဖြာနှင့် အရိုးမရှိသည့်ဖျာကို ထိထိမိမိအသုံးချ ပြောဆိုခွဲပြလိုက်တော့မှ မေ့မျက်နှာပုံမှန်ဖြစ်သွားပြီး. . .

"မေက ဒီသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူးမောင်ရယ်၊ အနာဂါတ်အတွက် စိုးရိမ်လို့ စေတနာဒေါသောနဲ့ ပြောမိတာပါ"

"မောင် သဘောပေါက်ပါတယ်မေ၊ ခက်တယ်မေရယ် ခေါ်သမ္မအလုပ်တွေရဲ့ လစာကလည်း တစ်သိန်းပတ်လည်တွေပဲလေ၊ ကြီးပွားဖို့ဆိုရင် ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်မှဖြစ်မှာ မောင်တို့မှာ အတန်းပညာပဲ ရှိတာလေ၊ အတတ်ပညာတစ်ခုခု ဆည်းပူးရဦးမှာ မေရဲ့"

"ဟုတ်ပါပြီ မောင်ရယ်၊ ဘာပဲဖြစ်ဖြစ် မောင်ကြိုးစားနေတယ်ဆိုရင် ပြီးတာပဲ၊ မေတို့အိမ်က လက်ခံဖို့ဆိုရင် ဖေဖေအထင်ကြီးဖို့ လိုတာတော့ အမှန်ပဲ"

အလုပ်နှင့်ပတ်သက်၍ ထဲထဲဝင်ဝင် ဆွေးနွေးပြလိုက်တော့မှ မေ့မျက်နှာက မူလလက်ဟောင်းပုံစံအတိုင်း လှလှပပဖြစ်သွားကာ မျက်ခုံးတွန့် နဖူးကြောရှုံ့နေတာတွေ ပြေလျော့သွား၏။

ထပ်မံကြားသိရသည့် မေ့စကား မလွန်မှန်းလည်း သိသဘောပေါက်သည်။ မေ့ဖေဖေက ဘုရင့်နောင်ပွဲရုံနှင့် စော်ဘွား





ကြီးကုန်းမှာ အိမ်ဆောက်ပစ္စည်းဆိုင်ကြီးများဖွင့်ကာ အရောင်းအဝယ် ကောင်းကောင်းနှင့် စီးပွားဖြစ်နေသူဖြစ်၏။ အနည်းဆုံးသိန်းပေါင်း သောင်းဂဏန်းပမာဏငွေကြေးကို လှည့်ပတ်ရင်းနှီးထည့်ဝင်နေကြ သူများလည်း ဖြစ်သည်။

"ကောင်းပါပြီမေရယ်၊ သူ့သမီးလိုချင်ရင် သူ့အဖေကျေနပ်အောင်တော့ လုပ်ပြရမှာပေါ့၊ စိတ်ချ မောင်ကြိုးစားမှာ"

သီလစကားကြောင့် မိုးမြင့်မေ ရင်တုန်ကင်းဝေး စိမ့်သက်လေး ဖြစ်သွားသော်လည်း သီလရင်ခွင်မှာတော့ သောကနှင့် စိုးရိမ်စိတ်တို့ ပူပေါင်းစစ်ဆင်မှုကြောင့် နှလုံးသားမြို့တော်ကျဆုံးလုနီးနီးဖြစ်ကာ ဘဝင်ဆူ လှိုက်မောနေရတော့၏။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



**လက်**ဘက်ရည်ဆိုင် ရောက်နေသည်မှာ ဆယ်မိနစ်ကျော် ဆယ့်ငါးမိနစ်ခန့် ရှိနေပြီဖြစ်သည်။ ဘေးမှာ ကုသိုလ်နှင့် ဒါနတို့ ရှိနေသော်လည်း ယောင်လို့မှ စကားမပြောကြ၊ ကုသိုလ်က ဖုန်းထဲမှ ဂိမ်းတစ်ခုကို စိတ်ဝင်တစား ဆော့နေသလို ချစ်တီးကလည်း ပန်ထွာဘုရင်မအကြောင်း သမိုင်းနောက်ခံ ဝတ္ထုစာအုပ်အား သည်းကြီးမည်းကြီး ဖတ်ရှုနေလေ၏။ ကြာတော့ သီလ တင်းလာသည်။ သို့နှင့် ချစ်တီးဖတ်နေသည့် ဝတ္ထုစာအုပ်ကို ဆတ်ခနဲ ဆွဲယူကာ သူ့ခေါင်းအား ပိတ်ရိုက်လိုက်၏။

"ဖုန်း. ."

"အား. . ဟား. . ဟေ့ကောင် ဘာထဖြစ်တာလဲ၊ နားရင်းကို ထုပူသွားတာပဲ"

"ငါတို့ အခု လက်ဘက်ရည်ဆိုင် ထိုင်နေတာကွ၊ ဒီမယ်





ချစ်တီး စာဖတ်ချင်ရင် စာကြည့်တိုက်ကိုသွား၊ ဟိုကောင် ဂိမ်းပဲ ဆော့မယ်ဆိုရင်လည်း ဒီကိုလာမနေနဲ့"

ကိုယ့်စိတ်အလိုမကျတိုင်း သူငယ်ချင်းများ၏ လူ့အခွင့်အရေးကို နှောက်ယှက်သည့် လုပ်ရပ်ကြောင့် ချစ်တီးနှင့်ကုသိုလ် အတော်တင်းသွားကြသည်။

"ဟား. . ဘာလိုင်းကြီးပါလား၊ နေပါဦး မင်းက ဘာလုပ်ချင်လို့လဲ"

"စကားပြောချင်တာပေါ့"

"စကားပြောချင်ရင် အလှူခံမဏ္ဍာပ်ကိုသွား၊ မိုက်တောင် ကိုင်ခွင့်ရဦးမယ်၊ ဟလို. . တက်စတင်. . ဝမ်း. . တူး သရီး"

"တော်စမ်းပါကွာ၊ အဲဒီမဏ္ဍာပ် မင်းဘကြီးကို လွှတ်လိုက်၊ မင်းတို့ကွာ ပညာတတ်လူငယ်တွေဖြစ်ပြီး ဒီလိုနဲ့ပဲ အချိန်ဖြုန်းနေတော့မှာလား၊ သင့်တော်တဲ့အလုပ်လေး ဘာလေးလုပ်ပြီး လူကြည်ညိုအောင် နေသင့်ပြီနော်"

သီလ၏ တော်ကီအခင်းအကျင်းကြောင့် ကုသိုလ်နှင့် ချစ်တီးတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မျက်စပစ်လိုက်ကြသည်။ သီလအား ဝိုင်းဝန်းဆုံးမ ပွဲပြင်ကြတော့မည်ဆိုသည့်သဘော. . .

"ဟုတ်ပြီ. . ငါတို့အနေအထားနဲ့ အလုပ်ဝင်ဖို့ လိုအပ်နေပြီ၊ အလုပ်ရှိမှ လူအထင်မသေးမှာ ဟုတ်တယ်မို့လား"

"အေး. . ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



“ကောင်းပြီ အလုပ်လုပ်ချင်တယ်ဆိုတော့ မင်းဘွဲ့ရပြီးတော့ တခြားဘာတတ်သေးလဲ”

“ဘာတတ်ရဦးမှာလဲကွာ”

ကုသိုလ်ပစ်လိုက်သည့် မိုးကြိုးကို သီလ ထန်းလက်နှင့်ကာမိ၏။

“နိုင်ငံခြား ဘာသာစကားတစ်ခုခု တတ်သလား၊ အင်္ဂလိပ် ပြင်သစ် အီတလီ နောက်ဆုံး တရုတ်စကားကွာ၊ မင်းတတ်လား”

“ဟင့်အင်း”

သီလက ပွင့်ပွင့်လင်းလင်း ကြွားလိုက်၏။ ဒါနက မပွင့်တပွင့်လေသံနှင့် စောဒကတက်သည်။

“ငါတော့ ပျူစာနဲ့ပျူစကား နည်းနည်းပါးပါး ရပါတယ်ကွာ”

ချစ်တီး ဒါနစကားကြောင့် ကုသိုလ်နှင့် သီလတို့ တင်းချက်က ‘နိုင်း’လောက် ဖြစ်သွားသည်။ ကုသိုလ်က ညာညာတာတာပင် နှိပ်ကွပ်၏။

“ချစ်တီးရာ ဗုံမဝင် ဆုံမဝင် စကားတွေ လာပြောနေရလား၊ မင်း ပျူစကားတတ်ရင် သရေခေတ္တရာက သချိုင်းဟောင်းသွားပြီး ဝိညာဉ်တွေနဲ့ အင်တာဗျူး လုပ်နေပါလား”

ကုသိုလ် ပိတ်ဟောက်လိုက်သဖြင့် ချစ်တီးငြိမ်သွား၏။ ဒီကောင်တွေ အချင်းချင်းကိုက်နေကြသည်နှင့်ပင် စကားလမ်းကြောင်း လွဲသွားမှာစိုးသည့် သီလက. . .





“ကဲပါ ကုသိုလ်ရာ ဒီရာဇဝင်ကောင်ကို သမိုင်းလမ်းဆုံမှာ ထားခဲ့ပြီး တို့စကား တို့ဆက်ရအောင်”

“အေး. . ပြောလက်စတောင် ဘယ်ရောက်သွားပါလိမ့်”

“သမိုင်းလမ်းဆုံ ဟိုဘက်ကွာ၊ ဘာတာပေ့ ဘာတာရောက်ပြီ”

“သြော်. . အေး. . မှတ်မိပြီ၊ ဘာတာမှတ်တိုင်မှာ ချစ်တီးကို ထားခဲ့တော့၊ တို့တွေ အလုပ်အကြောင်း ပြောနေကြတာမဟုတ်လား”

“ဟုတ်တယ်. . ဟုတ်တယ်”

“အဲ. . . အဲဒီတော့ ဘာသာစကားဟုတ်တယ်၊ အဲဒီကိုရောက်နေပြီ၊ ဒီလိုကွာ ဖော်ရိန်းလမ်း(န်)ဂွေ့(စ်)ကျွမ်းတယ်၊ ကားမောင်းတတ်တယ်၊ စာရင်းအင်းလည်း ကျွမ်းမယ်ဆိုရင်တော့ လစာ တစ်သိန်းခွဲကျော်ကျော် နှစ်သိန်းပျော့ပျော့လောက်တော့ ရနိုင်တယ်ကွ”

“ဘယ်မှာလဲ”

“ကုမ္ပဏီတွေ၊ ဟိုတယ်တွေ၊ ခရီးသွားလုပ်ငန်းတွေ၊ ကုန်စည်ဖြန့်ချိတဲ့စက်ရုံတွေ”

“ကိုယ့်အရည်အချင်းနဲ့ ကိုက်မှမကိုက်တာကွာ”

ကုသိုလ်က အလုပ်သမားရေးရာဝန်ကြီးဒီဇိုင်းနှင့် ရှင်းသင်းပြောပြနေသည်။

“အဲဒါပြောတာပေါ့၊ အလုပ်အလုပ်နဲ့ စွပ်အောဲမနေနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေနဲ့ အချိန်အခါဆိုတာ ရှိသေးတယ်၊ အေး. . ငွေပုံအော အကုန်ခံနိုင်ရင်တော့ တစ်လ အနည်းဆုံး သုံးသိန်းကနေ ဆယ့်ငါးသိန်း သိန်းနှစ်ဆယ်လောက် ရနိုင်တယ်"

"ဘာလုပ်ရမှာလည်း ကုန်သည်လား"

"မဟုတ်ဘူး၊ နိုင်ငံခြားထွက် အလုပ်လုပ်ဖို့၊ ထိုင်းဆို လေးငါးခြောက်သိန်း၊ မလေးဆို ဆယ့်ငါးသိန်း၊ အေး. . လေးဆယ်၊ ငါးဆယ် အကုန်ခံနိုင်ရင် စင်္ကာပူတို့ တောင်ကိုရီးယားတို့မှာ သွားလုပ်ရမှာ"

"နောက်ဆုံးတော့ ဒီဘူတာပဲ ဆိုက်တော့တာကိုး"

ကုသိုလ် ရှင်းလင်းပြောအပြီးမှာ သီလ စိတ်ပျက်လက်ပျက် ညည်းညူလိုက်၏။

"အေး. . ဒါပဲရှိတာလေ၊ အံရင်းအနှီး အတတ်ပညာနဲ့ အတွေ့အကြုံ မရှိဘဲ ဘာလုပ်ချင်သေးလို့လဲ၊ နိုင်ငံခြားထွက်ပြီး ကျွန်ခံဖို့ပဲရှိတာ"

"မင်းကလည်းကွာ"

"အဲဒါ အမှန်ပဲလေ၊ အမှန်ကိုပြောတာ နိုင်ငံခြား သွားရမယ်ဆိုလို့ ဘဝင်လေဟပ်မနေနဲ့နော်၊ 3D အလုပ်မျိုးပဲ လုပ်ရမှာ"

"ဘာလဲကွ 3D ဆိုတာ"

"ဝေးပါ့ ချစ်တီးရာ၊ 3D ဆိုတာ (Dirty, Difficult, Dangerous) လို့ပြောတာ၊ ညစ်ပတ်မယ်၊ ခက်ခဲမယ်၊ အန္တရာယ်များမယ်၊ ဒါမျိုးပဲလုပ်ရမှာ"





"ဩော်. . သရီးဒီဆိုတာ ညစ်ပတ်ခက်ခဲ အန္တရာယ်များတဲ့ အလုပ်ကို ပြောတာကိုး"

"သိပြီလား. . ချစ်တီး"

အလုပ်ရှာဖွေ လုပ်ကိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲက တိုးလို့တန်းလန်း ဖြစ်သွား၏။ အတွေးကိုယ်စီနှင့် သုံးယောက်လုံး ငြိမ်သွားသည်။ ခဏနေမှ သက်ပြင်းချရင်း. . .

"အေးကွာ. . ပိုက်ဆံအပို သိန်းလေးငါးဆယ်ရှိမှတော့ နိုင်ငံခြားထွက်ပြီး ကျွန်ခံတော့မလားကွာ၊ အဲဒါကို ရင်းနှီးပြီး ဒီမှာပဲ တစ်ခုခုလုပ်တော့မှာပေါ့"

"မှန်တယ် ချစ်တီး၊ ဒါပေမယ့် မင်းလိုတွေးတဲ့သူ အတော်ရှားသွားပြီ၊ အားလုံးက နိုင်ငံခြားထွက် အလုပ်လုပ်ရတာကို ဂုဏ်ယူစရာလို့ ထင်နေကြတာကွ"

ဘာမှတ်ချက်မှ ဝင်မပေးဘဲ ခေါင်းငိုက်စိုက်ချနေသည့် သီလအား ကုသိုလ်က ဖြောင်းခနဲ ပိတ်ရိုက်လိုက်၏။

"ဘာထဖြစ်တာလဲကွာ၊ နာလိုက်တာ"

"အေး. . မင်းပဲ စကားပြောချင်လှချီရဲ့ဆို. . ပြောလေ၊ ခုတော့ ကြက်ဥ၄က်တုပ်ကျွေးမိနေတဲ့ လဒစတိုင်လ်နဲ့ ပါးစပ်မဟတော့ဘူးလား"

အခြေအနေမှန်ကို သုံးသပ်မိသဖြင့် အမောကြီးမောသွားသည့် သီလ ခပ်ယဲ့ယဲ့ပြုံးရင်း. . .

"ပါးစပ်မဟဆို ပြောစရာမှ မရှိတော့တာကွာ၊ ဒီမှာက ပေတဲ့လခနဲ့ မလောက်ဘူး၊ ဆိုင်ဖွင့်ရလောက်တဲ့ အရင်းအနှီး



www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိဘူးဆိုတော့ သူများတိုင်းပြည်သွားပြီး ကျွန်ခံဖို့ပဲ ရှိတော့တာလေ”

ချစ်တီးက နွမ်းဖတ်ဖတ်သီလအား နှစ်သိမ့်အားပေးရာသည်။

“မင်းဖားသားလည်း တော်တော်ပေါက်ရောက်ပါတယ်ကွာ၊ မတတ်နိုင်ဘူးဆိုရင်တောင် မလေးလောက်တော့ ပို့ပေးနိုင်မှာပါ”

“အေးကွာ၊ အဲဒီလို ဖြစ်ပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့”

“အင်း. . ပုဂံခေတ်ကစပြီး အင်္ဂလိပ်ခေတ်အထိ တို့လူမျိုးတွေ နိုင်ငံခြားထွက်ပြီး အလုပ်လုပ်ရတာမျိုး မရှိခဲ့ဘူးကွ၊ အင်္ဂလိပ် ကျွန်ချင်းအတူတူ အိန္ဒိယက လူတွေသာ ဗမာပြည်လာပြီး အောက်ခြေသိမ်းအလုပ်တွေ လုပ်သွားကြတာ”

“အဲဒါတော့ ကြားဖူးတယ်ကွ”

“အေးလေ. . တို့ခေတ်ရောက်မှ ညံ့ကြတော့မှာလားလို့”

ရာဇဝင်ကောင်၏အမေးကို ဘယ်သူမှ အဖြေမပေးနိုင်ကြ၊ လွတ်လပ်တက်ကြွ၍ ပျော်ရွှင်လန်းဆန်းနေသင့်သည့် အရွယ်များဖြစ်သော်လည်း သီလတို့အားလုံး တုံးအောက်ကဖားလို ပြားနေကြ၏။

ဆိုင်ရှေ့ဖြတ်သွားသည့် ယောက်ျားအဟာရ အလန်းဇယားလေးများကိုပင် ငမ်းနိုင်စွမ်း မရှိကြ၊ ရင်ထဲ မွန်းကျပ်လို့နေ





သည်။ စိတ်ကူးစိတ်သန်းများ ပျောက်ဆုံးနေကြ၏။

ဒီအသက်ဒီအရွယ်အထိ ပညာသင် ကျွေးမွေးစောင့်ရှောက်လာခဲ့သည့် မိဘများအပေါ် အားတုံ့အားနာ ဖြစ်ရသည်။ ပြီးတော့ မိုးမြင့်မေ၏ဘဝကို တာဝန်ယူ စောင့်ရှောက်ပေးနိုင်မလား အတွေးက ရင်ကို လေးသထက်လေးစေခဲ့ပြီ။

“ဟူး. . မောလိုက်တာဗျာ”





www.burmeseclassic.com

www.burmeseclassic.com





# အတိတ်(၁)

## အပိုင်းခွဲ(၂)

**ဖေ**ဖေနှင့်မေမေ လက်ဘက်သုပ်စားရင်း ကိုရီးယား ကား ကြည့်နေကြ၏။ သီလလည်း ကိုရီးယားမလေးများကိုငေး ရင်း အတွေးတွေ ကမ္ဘာပတ်နေမိသည်။ ကိုရီးယားလို တိုးတက် သည့် နိုင်ငံမှာလည်း အဆင်မပြေမှုတွေ အလုပ်ပြုတ်တာတွေ အကြွေးပိတာတွေ ရှိနေတာကို ဇာတ်လမ်းတွဲများမှတဆင့် သိ နေရ၏။ အင်း. . လူ့ဘဝဆိုတာ ဘယ်နိုင်ငံမှာမဆို ပုံစံတူ ဖြစ်နေသလားဟုပင် တွေးမိတော့သည်။

ဇာတ်လမ်းတွဲတစ်တွဲ၏ တစ်နေ့တာ ထုတ်လွှင့်မှု





ကြည့်ပြီး ကိုရီးယားဒုက္ခများကို မျှဝေမိသော မြန်မာတွေ မောပြီး ကျန်ရစ်၏။ ဖေဖေက ရေနွေးတစ်ခွက် မော့သောက်ရင်း သီလ အားလှမ်းကြည့်ကာ. . .

"သီလ မင်းသူငယ်ချင်းတွေ ပျောက်နေပါလား၊ ဘာ တွေလုပ်နေကြလဲ"

ပြောချင်ရက်လက်တို့ အကွက်ဆိုက်လာသဖြင့် သီလ ကားစလိုက်၏။

"ဒီကောင်တွေ အလုပ်လိုက်ရှာနေကြတယ် ဖေဖေ၊ အခါသားလည်း ကျောင်းပြီးသွားပြီဆိုတော့ အလုပ်ထွက်လုပ်ရင် ကောင်းမလားလို့"

သီလ၏ မတင်မကျစကားကို မေမေက ခွဲခြမ်းစိတ်ဖြာ သုံးသပ်သည်။

"ဘယ်ကိုထွက်မှာလဲ ဘာတွေလိုအပ်လဲ၊ ဘယ်လောက် ကုန်မလဲ၊ အဲဒါတွေ စုံစမ်းပြီးပြီလား၊ မင်းစိတ်ကူးကရော ဘာ လဲ"

"ထိုင်းနဲ့ မလေးကတော့ အသက်သာဆုံးပေါ့၊ စင်္ကာပူ၊ ကာတာ၊ ဒူဘိုင်း၊ ယူအေအီးနဲ့ တောင်ကိုရီးယားဆို သိန်းသုံး ဆယ်လောက်ကုန်မယ်၊ အထောက်အကူပြု သင်တန်းတစ် ခု အပါအဝင် တရားဝင်အလုပ်ရဖို့ ခိုင်မာတဲ့ အေဂျင်စီ တစ်ခု ဆိုတော့ 'မလေး'အရောက် ဆယ့်ငါးဆယ့်ခြောက်လောက် ကျ ပြောတယ် မေမေ"

မေမေ သက်ပြင်းရှိုက်ပြီး ဖေဖေ့ကို ကြည့်၏။ ဖေဖေက



www.burmeseclassic.com

www.burmeseclassic.com



လက်ဘက်တစ်ဇွန်း ခပ်စားလိုက်ရင်း . .

"ဖေဖေတို့ မလေးလောက်တော့ မဖြစ်မနေ ပို့ပေးလို့ရပါတယ်"

"ဒါဆိုလည်း လုပ်နေပေးလိုက်လေ . . ကိုဝင်းရဲ့"

မေမေ့တိုက်တွန်းမှုကို ဖေဖေက လက်ကာပြ ဟန့်တားလိုက်ရင်း . .

"နိုင်ငံခြားသွားမှပဲ ဖြစ်မှာလား၊ ဖေဖေတို့ဘဏ်က လက်ထောက်စာရင်းကိုင်တွေ ခေါ်ဖို့ရှိတယ်၊ သား စိတ်မဝင်စားဘူးလား"

သီလ ပြန်ဖြေဖို့ ခက်နေဆဲမှာပင် မေမေက အလောတကြီး ကန့်ကွက်ပြောဆိုတော့သည်။

"ဘာ . . ရှင် ဘာပြောလိုက်တယ်၊ သားကို ရှင်တို့ဌာနမှာ လုပ်ခိုင်းမယ် ဟုတ်လား၊ မဖြစ်စလောက် လခလေးနဲ့များ"

"လခနည်းတယ်ဆိုပေမယ့် ကျုပ်လည်း ခင်ဗျားတို့သားအမိကို ဒီအလုပ်နဲ့ပဲ ရှာကျွေးလာခဲ့တာ မဟုတ်လား"

"အို . . ဟုတ်ဟုတ် . . မဟုတ်ဟုတ် ကျွန်မသားကို လူညွန့်တုံးအောင် မလုပ်ပါနဲ့"

"မိန်းမ စကားပြောတာ ဆင်ခြင်နော်၊ မင်းပြောပုံက ကျုပ်ပါ အသုံးမကျသလို ဖြစ်နေပြီ"

"အဲဒါ အမှန်ပဲ မဟုတ်လား"

"အေး . . မင်းနဲ့ မညားခင်ကတည်းက ကျုပ် ဘဏ်မှာ စာရေးဝင်လုပ်နေတာလေ၊ ကျုပ်က ဘဏ်စာရေး . . ဘဏ်





ခွဲပြ မဟုတ်ဘူး၊ ပြီးပြည့်စုံအောင် ချမ်းသာကြွယ်ဝမှုတွေနဲ့ နေချင်ရင် အစကတည်းက သူဌေးရှာယူပါလား"

"အဲဒီလို အရှည်မတွေးဘဲ ခပ်တိမ်တိမ်အတွေးနဲ့ ရှင့်ကို ယူခဲ့မိလို့ နောင်တတွေရနေတာ"

"တော်စမ်းကွာ၊ နောင်တတွေ ရနေတယ်ဆို ဆင်းသွားပါလား"

"ဒီအရွယ်ကြီးကျမှ နောက်လင်မရနိုင်တော့လို့ပေါ့"

သားအတွက် အလုပ်ကိစ္စဆွေးနွေးရင်း အဖေနှင့်အမေ နောင်ရန်ပလေးကြတော့မလို ဖြစ်နေ၍ သီလ အကြီးကြီးညစ်သွားရ၏။

"ထားလိုက်ပါတော့ဗျာ၊ သားအလုပ်အတွက်နဲ့တော့ အဖေတို့ ရန်မဖြစ်ကြပါနဲ့"

"အဖေ့ဘဏ်မှာ ဝင်မလုပ်ချင်သလို နိုင်ငံခြားလည်း မထွက်တော့ဘူး၊ တော်ပြီ"

"အဲဒါဆို သားက ဘာလုပ်မှာလဲ"

"ပလပ်စတစ်ပဲ ကောက်တော့မယ်"

သီလ ဆန္ဒပြသလို ပြောလိုက်၍ အဖေနှင့်အမေ အပစ်အခတ်ရပ်စဲပြီး မူလခေါင်းစဉ်အောက်သို့ ပြန်ရောက်လာ၏။

"ဘာပဲဖြစ်ဖြစ် အတွေ့အကြုံရအောင် ဝင်လုပ်ကြည့်စေချင်တယ်ကွာ၊ နှစ်နှစ်လောက် လုပ်ပြီးပြီဆိုရင် ပုဂ္ဂလိကဘဏ်ကို ပြောင်းလို့ရတယ်၊ အဲဒီဘဏ်တွေက တော်ရင်တော်သလို တက်လမ်းရှိတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ရှင်ဝင်လုပ်ပါလား"

"လုပ်မှာ ပင်စင်ယူပြီး ချက်ချင်းဝင်လုပ်မှာ ခုကတည်းက ကမ်းလှမ်းထားတဲ့ဘဏ်တွေ အများကြီး"

"သား စဉ်းစားဦးမယ် ဖေဖေ"

သီလ မတင်မကျသာ အဖြေပေးလိုက်၏။ မေမေသည် သူ့အတွက် အနန္တကျေးဇူးရှင် ဖြစ်သော်လည်း ဖေဖေ့အတွက်မူ မတည့်အတူနေသော သူငယ်ချင်းတစ်ယောက်မျှသာ ဖြစ်နေသည်။ ထိုအခြေအနေကို ပြဋ္ဌာန်းပေးတာက အိမ်ထောင်ဦးစီး၏ ဝင်ငွေ ဖြစ်နေသည်။ ဘယ်မိန်းမမဆို လိုအပ်တာထက်ပိုသော ငွေကြေးပမာဏကိုသာ အလိုရှိကြ၏။ မိန်းမတို့၏လောဘက ဘယ်တော့မှ အတောမသတ်။

သူ၏ မိုးမြင့်မေသည်လည်း မိန်းမထဲက မိန်းမတစ်ယောက်မျှသာဖြစ်သည်။ လုံလောက်သည်ထက်ပိုသည့်ဝင်ငွေကိုသာ အလိုရှိမည်မှာ မလွဲ။

အိမ်ထောင်သားမွေး ပရောဂျက် အောင်မြင်ရေးအတွက် ကနဦး စစ်တမ်းကောက်ယူမှုအနေဖြင့် အလုပ်အကိုင် အခြေအနေ ဆန်းစစ်ရာတွင်ပင် ကိန်းဂဏန်း အချက်အလက်တွေ မကောင်းသည့်အတွက် သီလ၏စိတ်ဓါတ်က ငုပ်မိသဲတိုင် ဖြစ်ခဲ့ရပြီ။







**စား**ပွဲခ၊ ဝန်ဆောင်ခ၊ အခန်းငှားခ ဘာမှပေးစရာမလို ...သာ လက်ဘက်ရည်ဆိုင်တွင် သင့်တင့်လျောက်ပတ်သည့် ...လုပ်အကိုင် ရရှိရေး ဖိုရမ်တစ်ခု ထပ်မံကျင်းပနေသည်။ အ...ည်းအဝေး တက်ရောက်သူများမှာ ဒါန သီလနှင့် ကုသိုလ်တို့ ...ဖြစ်၏။

"မင်းအဖေ ဘာတွေမိန့်ခွန်းခြွေလိုက်လဲ သီလ"

"အင်း . . မဖြစ်မနေဆိုရင်တော့ မလေးရှားလောက် ...ပေးမယ်ပြောတာပဲ၊ ဒါပေမယ့် ပိုက်ဆံက ရှာရဦးမှာ၊ အတိုးနဲ့ ...ပြီး သွားရတာမျိုးတော့လည်း မလုပ်ချင်ဘူး"

"ဟုတ်တယ် မိဘကို ဒီထက်ပိုပြီးတော့လည်း ဒုက္ခမပေး ...င့်တော့ပါဘူးကွာ"

ဆွေးနွေးပွဲတွင် တင်ပြသည့် ဒေတာများက ခနော်နီ



www.burmeseclassic.com

www.burmeseclassic.com



ခနော်နဲ့သာ ဖြစ်နေသည်။

"အင်း . . ပြောရရင် ငါတို့နှစ်ယောက်လည်း မိဘလက် ငုပ် အလုပ်ကို အမွေဆက်ခံဖို့ လက်တွန့်နေကြတာ"

"ဟုတ်တယ်သီလ၊ ငါတို့ အရောင်းအဝယ်ကို ဝါသနာ ပါဘူး၊ ပြီးတော့ တို့မှာက ညီတွေ ညီမတွေ ရှိသေးတယ်၊ သူ အတွက် အခွင့်အရေးလည်း ချန်ပေးထားဦးမှ ဖြစ်မှာ"

"အဲဒီတော့ . ."

"ဒီလိုကွာ ငါ့အစ်မ ရေလျှံနေတယ်"

"အဲဒါ အဆန်းလားကွာ၊ တစ်တိုင်းတစ်ပြည်လုံး ရေမြ နေတဲ့ဟာ"

"ဟာ . . အဲဒါကို ပြောတာမဟုတ်ဘူး၊ သူဌေးဖြစ်နေ တယ်၊ ရေလျှံငွေလျှံနေတယ်လို့ ပြောတာ"

"ဟုတ်လား၊ အဲဒါ တီဗွီမှာကြေငြာတဲ့ ရွှေပြည့်ငွေ အမွေးတိုင်ထွန်းလို့ ဖြစ်မယ်"

ကုသိုလ်ပြောသမျှကို သီလနှင့် ဒါနက ဝိုင်းလောင်ခ ကြ၏။ ထို့အတွက် ကုသိုလ် နည်းနည်းတင်းသွားသည်။

"ဒီမယ် မင်းတို့ကို အလုပ်လက်မဲ့ဘဝကနေ လွ မြောက်အောင် ဆွဲတင်ပေးမလို့ နည်းလမ်းကောင်းကို sha လုပ်ပေးမလို့ စိတ်မဝင်စားရင်နေ၊ ငါတော့ မကြာခင် အသ ဝင်တော့မှာ"

အလုပ်နှင့်မျှားတော့ သီလနှင့် ချစ်တီးဒါန သွား တမျှားမျှားဖြစ်သွားသည်။





"နောက်တာပါ အကုသိုလ်ကြီးရာ၊ ကဲ . . ပြော မင်း အစ်မ ရေလျှံနေတာ ဘာကြောင့်၊ နှစ်လုံးသုံးလုံး ပေါက်လို့လား၊ ဘောလုံးပွဲ မောင်းအော်လို့လား"

"ဟုတ်မလားကွ၊ ငါ့ယောက်ဖက ကံထရိုက်၊ ကွန်စရပ် ရှင်တွေ အများကြီးကိုင်ထားတာ ဝင်ငွေက ကြောက်ခမန်းပဲ"

"ဟင် . . ဟုတ်လား၊ ဒါမျိုး စောစောက ပြောရောပေါ့ ကွာ၊ ဘာလဲ နိုင်ဂရုလား၊ ဂန္ဓမာကံမြင့်လား"

"အဲလိုမျိုး မဟုတ်ဘူး၊ အခုလောလောဆယ် ဆီဒိုးနားနဲ့ ကပ်ရက် ဗီယက်နမ်လုပ်ငန်းခွင်မှာ"

"ဟာ . . ဒါဆိုပန်းရုံပေါ့၊ အဲဒါမျိုးတော့ မလုပ်ချင်ပါဘူး"

"အဲဒါတွေခက်တာပေါ့၊ ဆောက်လုပ်ရေး ဆိုတာနဲ့ မင်း တို့က ပန်းရံတစ်ခုပဲ မြေးမြင်ကြတာကိုး၊ လုပ်ငန်းတွေက အများ ကြီး၊ အခင်းကြွေပြားကပ်မလား၊ ပါကေးခင်းမလား၊ အခန်းနံရံဖွဲ့ အလှဆင်မလား၊ မျက်နှာကြက် အုတ်ပြားတွေ ကနုတ်ဖောင်းကြွ အလှဆင်တာတွေ မီးသွယ်တာ၊ ရေသွယ်တာ၊ မိလ္လာစနစ် စတာ တွေအားလုံး အကျုံးဝင်တယ်ကွ၊ ခုနက ငါပြောတဲ့ကြွေပြား၊ ပါကေး၊ အလူမီနီယံ စထရပ်ချာ၊ တစ်ခုခု ကျွမ်းကျင်တာနဲ့ တစ် ရက်လုပ်ခ အောက်ထစ် ခုနစ်ထောင်နဲ့ တစ်သောင်းခွဲကြားမှာရှိ တယ်၊ ပေါက်လား"

"ဟေ . . တကယ်လား"

ကုသိုလ်ချပြသည့် လမ်းပြမြေပုံက စိတ်ဝင်စားစရာ ကောင်းနေ၍ သီလနှင့် ဒါနတို့ မျက်ဝန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အရောင်လက်သွား၏။

"ဖြစ်နိုင်တယ်၊ ဒီနေ့ခေတ်က ကွန်စရပ်ရှင်ခေတ်၊ ဒါပေမယ့် အဲဒီတော့ခုမှာ ... 

"ဖြစ်နိုင်တယ်၊ ဒီနေ့ခေတ်က ကွန်စရပ်ရှင်ခေတ်၊ ဒါပေမယ့် အဝေးကပဲ လှမ်းမြင်ဖူးတာလေ၊ ထဲထဲဝင်ဝင် မလေ့လာဖူးဘူး၊ နည်းနည်းတော့ စိတ်ဝင်စားသွားပြီ"

"အေး. . မင်းတို့ ခုမှစိတ်ဝင်စားနေ၊ ယောက်ဖက စင်ပေါ်မှာ"

ကုသိုလ် အဆွယ်ကောင်း စည်းရုံးရေးကောင်းသဖြင့် သီလနှင့်ဒါန လုပ်ငန်းခွင်ဝင်ဖို့ စိတ်အားထက်သန်သွားကြသည်။

"ဒါဆို ငါနဲ့လိုက်ပြီး လေ့လာကြည့်၊ စိတ်ဝင်စားတဲ့ အပိုင်းမှာ ပညာသင်အနေနဲ့ဝင်လုပ်၊ ကိုယ့်ထမင်းကိုယ်စားပြီး လေးငါးထောင်တော့ ရမှာပဲ၊ ဒါ အစပဲရှိသေးတာနော်"

"အိုကေကွာ. . လုပ်မယ်"

"ဟိုမှာက နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်တွေ၊ ဦးစီးတာဆိုတော့ ရက်တိုတိုနဲ့ နောက်ဆုံးပေါ် နည်းစံနစ်တွေရမှာ"

"အင်း. . ခုမှ နိုင်ငံခြားကို အထင်ကြီးနေကြတာပါကွာ၊ တို့ ဗမာတွေလည်း ခေသူတွေမှမဟုတ်တာ၊ ယောအတွင်းဝန် ဦးဘိုးလှိုင်ဆို မန္တလေး ရတနာပုံရွှေမြို့တော်ကြီးကို ဦးစီးပြီး ဆောက်ခဲ့တာ၊ ဘာကရိန်း ဘာဘီလပ်မြေမှ မပါသလို ဘာအင်ဂျင်နီယာလည်း မဟုတ်ဘူး၊ မျက်စိတတ်တာ တစ်ခုတည်းနဲ့ မန္တလေးနန်းတော် ကြီးကို ဆောက်ခဲ့တာ"

ရာဇဝင်ကောင်က ထုံးစံအတိုင်း သမိုင်းကြောင်းလှန်ကာ စကားကြီး စကားကျယ်တွေ ပြောတော့၏။





"ဘာလဲကွ မျက်စိတတ်တယ်ဆိုတာ၊ သူက ဟောက်တောက်ကန်းမို့လို့ မျက်စိအတု တပ်ရတာလား"

"ဟုတ်တယ်. . ဟုတ်တယ် ရှင်အဇ္ဇဂေါဏလိုလေ၊ ဆိတ်မျက်လုံးတစ်ဖက် နွားမျက်လုံးတစ်ဖက် ဟုတ်တယ်မို့လား"

"ထပ်သရီး ဘယ်ကလာဟုတ်ရမှာလဲကွ၊ မျက်စိတတ်တယ်ဆိုတာ မျက်မှန်းနဲ့ကြည့်ရုံနဲ့တင် အကွာအဝေး အပိုင်းအခြားနဲ့ ကိုး ဆယ်ဒီဂရီ မတ်မမတ်ဆိုတာတွေကို တခြားကိရိယာတန်ဆာပလာတွေ မပါပဲနဲ့ ဆောင်ရွက်နိုင်တယ်လို့ ပြောတာ"

"ဩော်. . ဂလိုလား"

"အေး. . ဂလိုပဲ၊ ဂလောက်တင်ကမလား၊ မြို့ဝန်ဦးပိန်ဆိုလည်း ကမ္ဘာကျော် ဦးပိန်တံတားကို ဆောက်ခဲ့တာလေ"

"အေး. . ဟုတ်တယ် ရှေးမြန်မာတွေ မညံ့ခဲ့ဘူးကွ"

"အဲဒါပြောတာပေါ့ကွ၊ ကုန်းဘောင်ခေတ် အသာထား၊ ပုဂံခေတ်ရာဇဝင်မှာလည်း ပန်းဘဲမောင်တင့်တယ်ဆို သံရည်ကျိုအတတ်၊ လက်နက်ထုတ်လုပ်မှုအတတ်မှာ တစ်ဖက်ကမ်းခတ်ကျွမ်းကျင်လို့ ဘုရင်က နန်းလုမှာစိုးပြီး ဥပါယ်တံမျဉ်နဲ့ သတ်ပစ်ခဲ့ရတာလေ"

"အေး. . ဟုတ်တယ်. . ဟုတ်တယ်၊ ဒါကြောင့် နတ်ဖြစ်သွားတာ"

"အမှန်က မူလီဖြစ်ရမှာကွ"

"ဟော့ကောင်တွေ မနောက်နဲ့၊ သူ့အဆင့်က နည်းတာမဟုတ်ဘူး၊ ခေတ်စကားနဲ့ ပြောရရင် စက်မှု(၁)ဝန်ကြီးအဆင့်



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိတယ်”

ရာဇဝင်ကောင်က သူ စိတ်ဝင်စားသည့် သမိုင်းကဏ္ဍကို ပြောဆိုနေရသဖြင့် အားတက်သရော ဖြစ်နေလေ၏။ သီလနှင့် ကုသိုလ်တို့ကတော့ နောက်ပြောင်ဖို့လောက်သာ စိတ်အားထက်သန်နေကြသည်။

“ဒါဆို ရွှေဖျင်းညီနောင်က ဘာဝန်ကြီးတွေ ဖြစ်မယ်ထင်လဲ”

“စားဖော်ပေါ့၊ အဖျော်ယမကာ ကုန်သွယ်ရေးဝန်ကြီးလေ၊ သူတို့နဲ့ ယမကာက ခွဲထားလို့မှ မရတာ”

အလုပ်အကိုင်အတွက် လမ်းစရှာတွေ့သွားသည့် သီလတို့ အုပ်စုထံမှ ရယ်သံတွေ အဆက်မပြတ် ပေါ်ထွက်နေသည်။ အားလုံး၏မျက်နှာတွေကလည်း ရွှင်ပျနေကြ၏။

ဘဝဆိုသည်မှာ ပူဆွေး သောက ဗျာပါဒများနှင့်သာ တည်ဆောက်ထားခြင်း မဟုတ်ဆိုတာ သူတို့အုပ်စု လက်ခံသွားကြပြီထင်၏။

✠ ✠ ✠





**ကွမ်း**ယာဝယ်ရင်း စောင့်ရသည်ဖြစ်စေ၊ ဘတ်စ်ကားမျှော်ရသည်ဖြစ်စေ၊ စောင့်ဆိုင်းရသည့် အလုပ်မှန်သမျှ မည်သည့်အလုပ်မှ စိတ်ဝင်စားစရာမရှိ၊ သည်းခံနိုင်စွမ်း ကုန်သည်အထိ ခြေကုန်လက် ပန်းကျ၍ စိတ်နွမ်းရသည်သာ ဖြစ်သည်။

သို့သော် ချိန်းဆိုထားသည့် ရည်းစားအား စောင့်ရသည့်အခါမျိုးတွင်တော့ မျှော်လင့်ချက်လေးများနှင့် အနည်းငယ် ချိုမြိန်နေ၍ တော်သေးသည်ဟု ပြောရမည်။ နှစ်ယောက်သားဆုံကြလျှင် ဘယ်သွားမယ်၊ ဘယ်စားမယ် စသည်ဖြင့် စိတ်ကူးဒရိုက်ရင်း လေထဲ၌ တိုက်အိမ်ဆောက်၍ ရသေးသည်။

သီလလည်း မေးလာလျှင် ခါးလေးကို သိုင်းဖက်၍ ဘန်စပ်မှာထိုင်ရင်း စကားတွေ တစ်ဝကြီး ပြောလိုက်မည်ဟု တွေးကာ အတွေးထဲမှာ တစ်ချပ်မှောက်ကစားနေမိ၏။ ထိုအခိုက်



www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ကြီးထဲမှ မိနီဇူးရှေ့တွင် Taxi တစ်စီး ရပ်လာသည်။ ကားထဲမှထွက်လာသော မေ့ကိုတွေ့လိုက်ရသဖြင့် ပြေးကြိုလိုက်၏။ မေတို့တွင် အိမ်စီးကားနှစ်စီး ရှိသော်လည်း မေက ကားမမောင်းတတ်၊ သီလကလည်း အဖေ့ရုံးကားကို သုံးလေ့မရှိ၍ ကြုံသလိုပဲ စခန်းသွားကြသည်။

"ရောက်နေတာ ကြာပြီလားမောင်"

"အင်း. . နာရီဝက်လောက်ရှိပြီ"

"ကဲ. . ပြောစရာရှိတယ်ဆို ဘာများလဲ"

သီလက မေ့ခါးကျိုးကျဉ်းကျဉ်းလေးကို ဖက်ကာ ကန်စပ်မှ ခုံတန်းစီ လျှောက်လာခဲ့၏။ နေသားတကျ ထိုင်ပြီးမှ. . .

"မောင် အလုပ်လုပ်နေပြီ၊ အဲဒါ မေ့ကို ပြောပြချင်လို့"

"ဟယ်. . . တကယ်. . ဝမ်းသာလိုက်တာ ပြောပါဦး၊ ဘယ်ကုမ္ပဏီမှာလဲ"

"ကုမ္ပဏီမှာ မဟုတ်ဘူး၊ ကွန်စထရပ်ရှင်မှာ"

"ဟင်. . မောင်ကလဲ"

"စိတ်ပျက်မသွားပါနဲ့ မေရယ်၊ အခု အစမ်းခန့် အလုပ်သင် တစ်လပဲလေ၊ ကျွမ်းကျင်သွားတာနဲ့ တစ်ရက်တစ်သောင်း၊ တစ်လ သုံးသိန်းရမှာ ဗီယက်နမ်တွေ ဦးစီးတဲ့ ဟိုတယ်လုပ်ငန်းခွင်မှာလေ"

"ဩော်. ."

"အဲဒီက ထွက်လာတဲ့ လူမှုနှုန်းသမျှ ပြည်တွင်းဆောက်လုပ်ရေး ဘယ်ကုမ္ပဏီကဖြစ်ဖြစ် welcome ပဲ"





"ဟုတ်လား မောင်က ဘာလုပ်တတ်လို့လဲ"

"လောလောဆယ် ကြွေပြားကပ်တာလေ၊ ကြမ်းခင်းတွေ နံရံတွေပေါ့"

"ပြုတ်ပျက်ကျမှဖြင့် မောင်ရယ်"

"အပြင်ပိုင်းက ပြီးသွားပြီလေ၊ အခု အတွင်းပိုင်းပဲ လုပ်ရတာ၊ ဒက်ဂရေးရှင်းပါပါတော့ အချိန်တိုအတွင်းမှာ အားလုံးလေ့လာ ခွင့်ရသွားတာပေါ့"

"မောင် စိတ်ဝင်စားရဲ့လား"

"အဆင်မပြေလို့ G.T.C မရခဲ့ပေမယ့် မောင် ဒီအလုပ်ကို အရမ်းစိတ်ဝင်စားနေတာ၊ အိမ်အလှဆင်ရတဲ့ သဘောပဲလေ၊ ကိုယ်မနေရပေမယ့် ကိုယ့်အခန်းအပြင်အဆင်လေး လှပလေလေ စိတ်ထဲမှာ ကြည်နူးလေလေပဲ"

"အလုပ်ဆိုတာကလည်း ဝါသနာပါမှ အောင်မြင်မှာမောင်"

"ဒါပေါ့၊ ဒါကြောင့် မောင် အားတက်နေတာ၊ စောင့်ကြည့်လိုက် တစ်နှစ်အတွင်း မောင် အောင်မြင်စေရမယ်၊ အဲဒါ မေ့အတွက် မောင်ကြိုးစားနေတာပဲ"

"မေ့အတွက် မောင်ကြိုးစားနေတာ သိရလို့ ဝမ်းသာကြည်နူးမိပါတယ်မောင်"

သီလက လုပ်ငန်းခွင်အတွေ့အကြုံများ ကုသိုလ်၏ ဆောက်ဖကန်ထရိုက် ဝင်ငွေကောင်းပုံများ မြန်မာပြည်မှာ တန်ဖိုးနိမ့်အဆောက်အဦးဈေးကွက် ပိုမိုအားကောင်းလာမှာမို့ အနာ



www.burmeseclassic.com

www.burmeseclassic.com



ဂါတ်ဘဝအတွက် အလားအလာ ကောင်းပုံများကို မစားရဝခမန်း ပြောပြသည်။ မေက ခေါင်းတညိတ်ညိတ်နှင့် အားပေး၏။

“နေမျိုးဆေးတို့ ဂျူးတို့ ချစ်သုခံဝတို့ပဲကြည့် ဆရာဝန်အနေနဲ့ မအောင်မြင်ဘဲ အနုပညာရှင်အနေနဲ့ ကျော်ကြားနေတာကိုပဲကြည့် ဝါသနာအရင်းခံမှ အောင်မြင်တာလေ”

“ဟုတ်ပါပြီ မောင်ရယ်၊ မောင် အခုအလုပ်ကို ဝါသနာပါတယ် မဟုတ်လား”

“အင်း. .”

“အဲဒါဆို အောင်မြင်ထွန်းပေါက်အောင်လုပ်”

“စိတ်ချ”

ထို့နောက်မှာတော့ ကန်တော်ကြီး ရေစပ်ခုံတန်းကို ဗဟိုပြု၍ အင်အားကောင်းသော အချစ်မုန်တိုင်းတစ်ခု ဖြစ်ပေါ်လာတော့သည်။ သင်္ဂါရ လူသားနှစ်ဦးလည်း မတောက်တခေါက်ပညာစွမ်းနှင့် ချစ်ချင်းဖွဲ့ကဗျာများကို ကြိုးစားပန်းစား ရေးဖွဲ့ကြ၏။ သမီးရည်းစား အဟာရဖြစ်သည့် အပရိက အထိအတွေ့အနမ်းအရှိုက်များကြားမှာ သီလနှင့် မိုးမြင့်မေတို့ အဟုတ်မနားပဲအလုပ်များနေတော့သည်။

✠ ✠ ✠





**မ**ပွင့်မလင်း ရာသီဉတုကြောင့် ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်ပြီးနေရထိုင်ရတာ ပျင်းရိငြီးငွေ့ဖွယ် ကောင်းနေသည်။ ကျောင်းပြီးက တည်းက လုပ်စရာမရှိ၊ အပြင်ထွက်ခွင့်မရနှင့် မိုးမြင့်မေအတော်စိတ်ပျက်နေခဲ့ပြီ၊ မောင် ချိန်းဆိုသည့် အခါများမှာတော့မေမေ့ကို အကြောင်းအမျိုးမျိုးပြ၍ အပြင်ထွက်ရသည်မှလွဲ၍အိမ်ထဲမှာ တကုပ်ကုပ်နှင့် စိတ်ရှုပ်နေခဲ့သည်။

ထိုအခိုက် အိမ်ဖော်မလေး၏ ခေါ်သံနှင့်အတူ တံခါးခေါက်သံ တဝုန်းဝုန်းထွက်ပေါ်လာသည်။ မေ စိတ်တိုတိုနှင့်အသံမပေးတော့ဘဲ တံခါးကို ဆွဲဖွင့်လိုက်၏။ ထိုအခါမှ ကောင်မလေး၏ တံခါးခေါက်လက်က မိုးမြင့်မေ နဖူးဆီ တန်းတန်းမတ်မတ် ကျလာတော့သည်။

“ခွပ်. .”



www.burmeseclassic.com

www.burmeseclassic.com



"အား . ."

"ဟင် . . မမလေး ကန်တော့ ကန်တော့နော်၊ အပြင်ကို ‌ေးပြီး တံခါးခေါက်လိုက်လို့ပါ၊ ကန်တော့ . . ကန်တော့"

စိတ်မကြည်ရသည့်အထဲ နဖူးပါ အခေါက်ခံလိုက်ရသဖြင့် တင်းသွားသော်လည်း ဘာမှမတတ်နိုင်တော့၍ နဖူးကို ပွတ်ရင်း . .

"ဘာလဲ မိဖြိုး"

"ဟို . . ဟို . . ဖေဖေကြီးက တွေ့ချင်လို့တဲ့၊ ဧည့်ခန်းမှာ စောင့်နေတယ် မမလေး"

မိဖြိုး ပြောပြီးသည်နှင့် ဆင်းပြေးသွား၏။ မိုးမြင့်မေ အခန်းတံခါးပိတ်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဖေဖေနှင့်မေမေ ဧည့်ခန်းတွင် အဆင်သင့်ရှိနေကြ၏။ ဖေဖေက ဘုရင့်နောင်ပွဲရုံသို့ သွားတော့မည်မို့ အဆင်သင့် ဝတ်စားပြင်ဆင်ထားသည်။

"ဖေဖေခေါ်တယ်ဆို"

"အေး . . ကဲ . . သမီး အခု ဘာလုပ်ဖို့ စဉ်းစားထားလဲ"

"ရှင် . . အဲ . . ခဏနေရင် ခေါင်းလျှော်မယ်၊ နေ့ခင်းဘက် ပလာဇာ ခဏသွားမယ်လေ၊ ဖေဖေ ဘာမှာစရာရှိလို့လဲ"

"ဪ . . အင်း . . ဒါဆို . . အကြိမ်(၈၀၀) ဖြန်းလို့ရတဲ့ FOGG ရေမွှေးတစ်ပုလင်းလောက် ဝယ်ခဲ့"

"ဟုတ်ကဲ့ . ."

"ကိုဖေ ဘာတွေပြောနေတာလဲ၊ သမီးကို မေးစရာရှိလို့





. ."

"ဟင် . . ဟုတ်သားပဲ၊ သမီးကလည်း ဘာတွေပြောမှန်း မသိဘူး၊ ဖေဖေလည်း ယောင်ပြီး ရေမွှေးတွေဘာတွေ မှာမိ အဟမ်း . . ဟမ်း . . ဒီလို သမီးရဲ့၊ ခုနက ဖေဖေပြောခဲ့သလို အခု ဘာလုပ်မှာလဲဆိုတာ ဒီနေ့ကိစ္စကိုမေးတာမဟုတ်ဘူး၊ အနေနဲ့ ကျောင်းပြီးသွားပြီဆိုတော့ ဘဝအတွက် ဘာလုပ် လဲလို့ မေးတာ"

"ဪ . . ဒါလား၊ အင်း မပြောတတ်ပါဘူး ဖေဖေရယ်၊ ကြည့်တော့လည်း ခေါင်းကိုက်တာပဲ အဖတ်တင်တယ်"

"ဒါဆို ဒီကိုလ်ဂျင် သောက်လိုက်"

"ရှင် . . ဟုတ်ကဲ့"

အခြေအနေကိုကြည့်၍ ဒေါ်မေရီမြင့်မှာ သူဝင်မှ ဖြစ် မည်ဆိုတာ သဘောပေါက်သွား၏။

"ရှင်တို့သားအဖ ပြောနေပုံနဲ့ လိုရင်းရောက်တော့မှာ ဘူး၊ ဒီလိုသမီးရေ သမီးအလုပ်လုပ်မလား၊ အိမ်ထောင် လား၊ အဲဒါကိုမေးတာ"

"ရှင် . . အဲဒါဆို အလုပ်ပဲလုပ်မယ် မေမေ"

"သေချာစဉ်းစားနော်၊ ပိုက်ဆံရှာဖို့ အတွက်တော့ သမီး လုပ်နေစရာ မလိုပါဘူး"

"ဖေဖေတို့ဆန္ဒက သမီးနောင်ရေး စိတ်အေးချင်တာ၊ ပဲပြောမယ် သမီးရယ်၊ သမီးမှာ ချစ်သူရှိသလား၊ ဖေဖေ သင့်တော်သူနဲ့ စီစဉ်ပေးရမလား၊ အဲဒါ သိချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေမေမေတို့ စကားတွေက မိုးမြင့်မေ မျှော်လ
မထားသည့် အကြောင်းအရာများ ဖြစ်နေ၍ ရုတ်တရ
ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်နေ၏။ လျှပ်စီးလက်ခြ
မိုးအုံ့မိုးခြိမ်းခြင်း စသည့် ရှေ့ပြေးနိမိတ်များမပြပဲ ရုတ်တရ
မိုးရွာချလိုက်သလိုမျိုးမို့ အံ့ဩမှင်သက်မိနေ၏။

ထို့အတွက် မိုးမြင့်မေ တစ်ခုခုပြန်ပြောဖို့ စဉ်းစာ
တာပင် ခေါင်းမီးတောက်မတတ် ဖြစ်နေ၏။ ဒီအခြေအနေ
စကားပြောမှားသွားလျှင် မောင်နှင့် ထာဝရဝေးရမည့်သဘေ
ရှိနေသည်။ သူ့ စကားတစ်ခွန်းက အနာဂါတ်ကို စီရင်ချက်
သလို ဖြစ်သွားနိုင်သည်။ ဘာပြန်ပြောရမလဲ စဉ်းစားတာ အ
တော်တော်ကြာသွား၏။ ဖေဖေက စိတ်မရှည်ဟန်နှင့်. . .

"ကဲ. . . သမီး ဖေဖေ အချိန်သိပ်မရဘူး၊ သမီးဆန္
ပွင့်ပွင့်လင်းလင်းဖြေ၊ ဘာမှ ရှက်စရာမလိုဘူး"

"ရှင်. . ဟုတ်. . ဟုတ်ကဲ့ဖေဖေ. . ဟို. . ဟိုလေ"

ပြောရမည့် စကားတွေက လည်ချောင်းထဲမှာပင်
ဆို့နေခဲ့၏။ မေမေ့ကို အကူအညီတောင်းသလိုမျိုး မိုးမြင့်ကြ
သည်။ မေမေက မိုးမြင့်စိတ်ကို ထိုးထွင်းသိမြင်နေဟန်နှင့်. . .

"အင်း. . ကြည့်ရတာ သမီးမှာ ရည်ရွယ်ထားသူ ရှိ
ထင်တယ်၊ ဟုတ်သလား မှန်မှန်ပြောစမ်း"

ကျေးဇူးရှင် မေမေခင်းပေးသည့် လမ်းအတိုင်း မို
လျှောက်လှမ်းလိုက်၏။

"ဟုတ်ပါတယ် မေမေ"





"ဘယ်သူလဲ ဘယ်ကလဲ ဘယ်သူ့သားလဲ"

အလောတကြီး မေးလာသည့် ဖေဖေ့မေးခွန်းကို မိုးမြင့်
င်းငုံ့၍ အဖြေပေးသည်။

"သမီးနဲ့အတူတူ ကျောင်းပြီးထားတဲ့သူပါ ဖေဖေ၊
မည်က ကိုသီလပါ၊ သူ့အဖေက ဘဏ်မန်နေဂျာတစ်
ာက်ပါ ဖေဖေ"

မိုးမြင့် စကားအဆုံးမှာ အဖေနှင့်အမေ တစ်ယောက်
တစ်ယောက် စိုက်ကြည့်လိုက်ကြ၏။ ခင်ပွန်းသည်၏ ထို
ကြည့်ကို ဒေါ်မေရီမြင့် အကြောက်ဆုံးဖြစ်သည်။ ထို့ကြောင့်
က်လွှာချထားလိုက်ရသည်။

ဦးဖေသက်ခင်ထံမှ စကားကို သားအမိနှစ်ယောက်လုံး
း ခွင်ရောက် တရားခံများကဲ့သို့ ရင်တထိတ်ထိတ်နှင့် စောင့်
်နေကြ၏။

"ကောင်းပြီလေ၊ သမီးတို့ချင်း အဆက်အသွယ်တော့
မှာပေါ့၊ အိမ်ကိုလာဖို့ ဖိတ်လိုက်လေ၊ ဖေဖေတို့ အကဲခတ်
မယ်၊ သဘောတွေ့ရင် သမီးတို့ စိတ်ချမ်းသာစေရမယ်
ပြီလား"

ဖခင်ထံမှ မမျှော်လင့်သော စကားကို ကြားလိုက်ရ၍
မေရီမြင့်နှင့် မိုးမြင့်မေတို့ ပူပင်စိတ်လျှော့ပါးကာ ရင်ခုန်သံ
မှန်ပြန်ဖြစ်သွားကြ၏။ ဦးဖေသက်ခင် အလုပ်သို့ ထွက်
သည်နှင့် မိုးမြင့်မှာ အနှောင်အဖွဲ့မှလွတ်သည့် ငှက်ငယ်
ကောင်လို လွတ်လပ်ပေါ့ပါးသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“မေမေ့ . သမီး သူ့ဆီ ဖုန်းဆက်လိုက်ဦးမယ်နော်”

အမေ့ထံမှ အဖြေကို မစောင့်ဘဲ မိုးမြင့် အိမ်ပေါ်ထပ် ဝုန်းဒိုင်းကြဲ ပြေးတက်ခဲ့သည်။ အခန်းတံခါးကို lock ချပြီး ပြတင်းပေါက်နားသွား၍ မောင့်ထံ ဖုန်းဆက်သည်။

“ဟလို့ . မောင်လား”

“ဟေး . မောင်မဟုတ်ဘူး၊ ဒေါ်သီတာနိုင်ပါ ဖုန်းပြော နေပြီ”

“ရှင့် . အဲ . ဟို . ဖုန်း . ဖုန်းမမှားပါဘူး၊ ကျွန်မ သီလနဲ့ ပြောချင်လို့ပါ”

“ဪ . သားနဲ့ ပြောချင်တာလား၊ ခဏကိုင်ထား ကွယ်”

“ဟုတ်ကဲ့ရှင့်”

ဒီတစ်ခါ ရင်တုန်ရတာက ဖေဖေနှင့် စကားပြောရတာ ထက် ပိုဆိုးသည်။ သူ့အမေ ကိုယ့်ယောက္ခမလောင်းကိုမှ ဒေါ် လို့ ခေါ်မိသည်ကိုး။ ဧကန္တ မောင့်ဖုန်းနားမှာ ယောက္ခမ ရှိနေတာပဲ ဖြစ်လိမ့်မည်။ သုံးမိနစ်စောင့်ပြီးမှ မောင့်အသံ ကြားရ၏။ မိုးမြင့်တစ်ယောက် ရှက်ခြင်းအားနာခြင်းများ ရင်ဘတ်တစ်ခုလုံး ဖရိုဖရဲ ဖြစ်နေသည်။ ချက်ချင်း စကားမပြော ဖြစ် . ။

“ဟလို အမိန့်ရှိပါ”

မောင်က ဘာသံမှမကြားရ၍ ထပ်ပြီး ဟလို လုပ်နေသည်။





“ဟလို့ . ဟလို့ . သီလ ပြောနေပါတယ်”

“မောင်လား၊ မောင်အစစ်ပါနော်၊ အနားမှာ မောင့် အမေရော ရှိသေးလား”

“မရှိတော့ပါဘူး မေ၊ မီးဖိုထဲက ဟင်းအိုးကို ကျေးဇူးတင် လိုက်တော့”

“တော်ပါသေးရဲ့ အဟင်း . ဟင်း”

“ကိစ္စအရေးကြီးလို့လား မေ”

“အင်း . မောင်နဲ့ မေတို့ကိစ္စ ဖေဖေ့ကို ဖွင့်ပြောလိုက် ပြီ”

“ဟာ . တစ်ကယ်လား၊ မေ့ဖေဖေက ဘာ . ဘာပြော သလဲဟင်”

“အိမ်ကို လာခဲ့တဲ့၊ ဖေဖေတို့နဲ့ တွေ့ရအောင်လို့လေ”

“ဘယ်နေ့လဲ မေ”

“လာမယ့် တနင်္ဂနွေနေ့”

“တော်သေးတာပေါ့၊ ဆန်းဒေးဆို မောင်အားတယ်”

“ဟုတ်လား၊ ဗီယက်နမ်ဟိုတယ်ကြီး မောင့်ကြောင့် ပြီး တော့မယ်ပေါ့”

“ဟုတ်တယ် မေရေ၊ အလုပ်လုပ်ရတာလည်း အဆင် ပြေတယ်၊ လုပ်ရင်းလုပ်ရင်းနဲ့ ပိုပြီးစိတ်ဝင်စားသွားပြီ၊ မောင့် ဝါသနာနဲ့ ကွက်တိပဲ၊ ဒါကလည်း ကုသိုလ်ရဲ့ ယောက်ဖက အာမ ခံပြီး ခေါ်ထားလို့”

“သူ မျက်နှာမပျက်ရအောင် ကြိုးစားပေါ့ မောင်ရယ်”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ စိတ်ချ၊ မောင်လည်း အနိမ့်ဆုံး သူ့လိုလေ
ဘာကန်ထရိုက်ဖြစ်အောင် လုပ်မှာ"

"ဟုတ်ပါပြီ၊ ဖေဖေ သဘောကျပါစေပဲ ဆုတောင်းနော်"

"မလိုပါဘူး၊ မောင့်ကို မြင်တာနဲ့ အရမ်းချစ်သွားမှာပါ
ဒါနဲ့ ဘယ်အချိန် လာခဲ့ရမှာလဲ"

"မနက် ကိုးနာရီ အရောက်"

"OK မေ"

"ဒါဆို ဒါပဲနော်"

"ကောင်းပါပြီ ချစ်ဇနီးလေးရယ်"

"သွား. . ဟုတ်လဲ ဟုတ်သေးဘဲနဲ့"

ဖုန်းအဆက်အသွယ် ပြတ်သွားတော့ မိုးမြင့် ကုတင်
ပေါ် ဝုန်းခနဲ ပစ်လှဲလိုက်သည်။ သူ့တစ်ကိုယ်လုံး ပီတိတွေထဲ
နစ်မြုပ်သွားသလို ခံစားနေရ၏။





# အတိတ်(၁)

## အပိုင်းခွဲ(၃)



မှသီဥတုက မိုးလေကင်းစင်ပြီး သာတောင့်သာယာ
ရှိလှသည်။ ကြည်လင်ပြာလဲ့နေသည့် ကောင်းကင်တွင် ပျံသန်း
နေသည့် ငှက်ကလေးများက သီလအား ဝိရိယပိုလှချည်လားဟု
နောက်ပြောင်ကျီစယ်နေကြ၏။ သီလ ခေါင်းမော့ရင်ကော့ကာ
မြောက်ကြွမြောက်ကြွနှင့် လျှောက်လာခဲ့သည်။ ဒီနေ့ ယောက္ခမ
နှင့် အင်တာဗျူး ဝင်ရမည်။

မိုးမြင့်တို့ ခြံဝသို့ရောက်တော့ ရှစ်နာရီ ငါးဆယ်သာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေး၏။ ခြံထဲလှမ်းမျှော်ကြည့်တော့လည်း လူရိပ်လူယောင်တောင် မတွေ့ရသဖြင့် ခြံတံခါးအုတ်တိုင်တွင် မြှုပ်ပြီး တပ်ဆင်ထားသည့် လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။ စက္ကန့်နှစ်ဆယ်လောက်ကြာသည်အထိ တုန့်ပြန်မှု တစ်စုံတစ်ရာကိုမှ မတွေ့ရ မကြားရ၊ အနည်းငယ် ထပ်စောင့်ပြီး ဘဲ(လ်)ကို ဒုတိယအကြိမ် ထပ်နှိပ်လိုက်၏။

ဒီတစ်ကြိမ်မှာလည်း ထူးမခြားနား၊ သီလ အားငယ်လာသည်။ ချိန်းထားတဲ့ရက်ကော ဟုတ်ရဲ့လား၊ လွဲများနေသလားတွေးရင်း နာရီမှ Day နှင့် Date ကို စစ်ဆေးကြည့်လိုက်၏။ လွဲချော်ခြင်းတော့မဟုတ်၊ ဒီနေ့သည် ချိန်းဆိုထားသော တနင်္ဂနွေနေ့ အစစ်သာ ဖြစ်သည်။

သီလ အားမလို အားမရ ဖြစ်လာ၏။ ခြံဝသံတခါးက အလယ်မှာ သံပြားကြီး ပိတ်ကာထားသည်မို့ အထဲကို လှမ်းမမြင်ရ။ သို့နှင့် သံပြားလွတ်နေသည့် တံခါးအောက်ခြေ သံတိုင်များကြားမှ အတွင်းသို့ ငုံ့ကြည့်ရသည်။ ထိုသို့ကုန်းကုန်းကွကွ ဖြစ်နေခိုက်. .

"ပွမ်. . ပွမ်"

ရုတ်တရက် ကြားလိုက်ရသည့် ကားဟွန်းသံကြောင့် သီလ လန့်သွားပြီး လေးဖက်ထောက်လျက် အနေအထားနှင့် လှမ်းကြည့်မိသည်။ ပရာဒိုကားပေါ်မှ လူကြီးတစ်ယောက် ခေါင်းပြူထွက်လာပြီး. . .

"ဟေ့ကောင် ကုန်းကုန်းကွကွနဲ့ ဘာလုပ်နေတာလဲ





စောစောစီးစီး အတင့်ရဲလိုက်တာ၊ ဘာခိုးမလို့ ချောင်းနေတာလဲ"

"ဗျာ. . အဲ. . ဟိုဒင်း. . မခိုး. . ခိုး"

"ဟေ့ကောင် အူကြောင်ကြောင် လုပ်မနေနဲ့၊ ခုထွက်သွားစမ်း၊ မသွားရင် ရဲကို ဖုန်းဆက်လိုက်မှာနော်"

ဒါ. . မေ့အဖေပဲဟု တွက်ဆမိပြီး ရှင်းပြဖို့ ကြိုးစားတာကို ဘိုးတော်က နန်းစတော့ပ် လိုမ့်ကောနေ၏။ ထိုအခိုက် တံခါးဖွင့်သံ ကြားရပြီး မေထွက်လာတာ တွေ့ရမှပဲ သီလရင်ထဲက အလုံးကြီးကျသွားသည်။

"ဟေ့ကောင် မသွားသေးဘူးလား"

"ဖေဖေ သူက ကိုသီလပါ၊ သမီး ဖိတ်ထားလို့ လာတဲ့သူပါ"

"ဟေ သမီးညှေ့သည်ဟုတ်လား၊ သိပါဘူးကွယ်၊ ခြံရှေ့မှာ ဟိုချောင်းဒီချောင်းနဲ့ဆိုတော့ ဖေဖေလည်း အထင်မှားသွားတာပေါ့၊ ဆောရီးပဲ. . သမီး သူ့ကိုခေါ်လာခဲ့လေ၊ ဖေဖေ စောင့်နေမယ်"

ပရာဒိုကား အိမ်ထဲဝင်သွားမှ သက်ပြင်းချမိ၏။

"မောင် ရောက်နေတာ ကြာပြီလား"

"ကြာပြီမေ ဘဲလ်တီးတာ ထွက်မလာလို့ ချောင်းကြည့်နေတုန်း မေ့ဖားသား ရောက်လာပြီး လိမ့်ကောတော့တာပဲ"

"တောင်းပန်ပါတယ် မောင်ရယ်. . မေ ရေချိုးနေလို့ပါ ပြီးတော့လည်း ခုမှ ကိုးနာရီအတိလေ မောင်ရဲ့"

"ဟူး. . အစမကောင်းတော့ အဆင်ပြေပါ့မလား



www.burmeseclassic.com

www.burmeseclassic.com



တောင် မသိဘူး၊ အချက်မသိတော့ သမက်သူခိုးထင်ဆိုတာ ဒါမျိုးထင်ပါရဲ့"

"ကဲပါမောင်ရယ်၊ စိတ်ထဲမထားပါနဲ့. . လာ အိမ်ထဲ ဝင်ရ အောင်"

မေဆွဲခေါ်၍ သီလ အိမ်ထဲသို့ လိုက်သွားသည်။

ရင်အစုံက တဒိုင်းဒိုင်းခုန်လျက်. . .

"တွေ့ရင် ဘာတွေမေးမှာလဲဟင်"

"မိတ်ဆက်တဲ့ သဘောပါမောင်ရယ်၊ သိပ်စိတ်ပူမနေ ပါနဲ့"

မေ့အားကိုးနှင့် မေတို့ တိုက်ကြီးထဲ ဝင်လာခဲ့သည်။ ဧည့်ခန်း အရောက်တွင် မေ့မိဘများ အသင့်စောင့်နေကြတာ တွေ့ရ၏။

"ထိုင် မောင်ရင်"

"ဟုတ်ကဲ့. ."

"ဖေဖေ သူက သမီးဘဝအတွက် လက်တွဲဖော် ကိုသီလ ပါ"

"ဟုတ်ကဲ့ ကျွန်တော်က သီလပါ၊ အခု ကွန်စရပ်ရှင်မှာ ဒက်ကရေးရှင်း ဒီဇိုင်နာ လုပ်နေပါတယ် ခင်ဗျာ"

"အင်း. . အင်း"

"သမီး မောင်သီလကို ဧည့်ခံဖို့ လုပ်ဦးလေ"

"ဟုတ်ကဲ့ မေမေ"

မိုးမြင့် သုတ်ခနဲထသွားခိုက်မှာ သီလ အသည်းတအေး





အေးဖြင့် ကျန်ခဲ့၏။ ရန်သူ့နယ်မြေတွင် တစ်ယောက်တည်း ကျန်ခဲ့သည့် ရဲဘော်တစ်ယောက်လို စိတ်အားငယ်သွားသည်။ မေးမြန်းစူးစမ်း စပ်စုသည့် အစီအစဉ်အတွက် ပရင်(န်)စင်တာ အဖြစ် မေ့မိခင်က တာဝန်ယူသည်။

"လူလေး မိဘတွေကရော ဘာလုပ်ကြသလဲ၊ ဘယ် မှာနေကြလဲ"

"ဖေဖေက စိုက်ပျိုးရေးဘဏ်က မန်နေဂျာပါ၊ ဖေဖေ့အ တွက်ရတဲ့ အရာရှိလိုင်းခန်းမှာ နေပါတယ်၊ မေမေကတော့ မှီခို ပါပဲ"

"ဩော်. . မောင်နှမ သားချင်းရောကွယ်"

"တစ်ဦးတည်းသောသားပါ ခင်ဗျာ"

"သမီးနဲ့ အတူတူပဲပေါ့၊ ကောင်းတယ်ကွယ့်"

မေနှင့် အိမ်ဖော်တစ်ယောက် စားသောက်ဖွယ်ရာများ လာ ချပေး၏။ မေပါ ဝင်ထိုင်လိုက်သဖြင့် သီလ အားတက်သွား သည်။

"လူလေး အားမနာနဲ့ စားလိုက်သောက်လိုက်ဦး၊ နောက်ကိုလည်း ကိုယ့်အိမ်လိုသဘောထားပြီး ဝင်ထွက်. . ဟုတ် ပြီလား"

"ဟုတ်ကဲ့ ခင်ဗျ. ."

မေ့မိခင် ဒေါ်မေရီမြင့် ပြောပုံဆိုပုံအရ ဆိုလျှင်တော့ ရှေ့ပြေးအင်တာဗျူး အောင်ပြီဟု ယူဆရသည်။ သီဟ အနည်း ငယ်စိတ်အေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့တူ ရှေ့ကို ဘာဆက်လုပ်ဖို့ ရည်ရွယ်ထားသေးလဲ"

"လေဘာကန်ထရိုက်အဖြစ် လုပ်ကိုင်ဖို့ ရည်ရွယ်ထားပါတယ်၊ အဆင်ပြေရင် ဆောက်လုပ်ရေးကုမ္ပဏီ ထူထောင်ချင်ပါတယ် အန်ကယ်လ်"

ဦးဖေသက်ခင်က ခေါင်းတညိတ်ညိတ်လုပ်ရင်း . .

"မပင်ပန်းဘူးလားကွာ၊ အန်ကယ့်အလုပ်ကလည်း ကွန်စရပ်ရှင်နဲ့ ဆက်နွယ်နေတာပဲလေ၊ သံချောင်း သံပြား ဘိလပ်မြေကအစ ကြွေပြားနဲ့ အိမ်အလှဆင် ပစ္စည်းမျိုးစုံ ဖြန့်တာပေါ့၊ ငါ့တူအလုပ်က ပညာပါပေမယ့် ပင်ပန်းတယ်၊ အန္တရာယ်များတယ်"

"ကျွန်တော်ကတော့ ကိုယ့်စိတ်ကူးစိတ်သန်းနဲ့ အလှဆင်ပေးလိုက်တဲ့ အခန်းတစ်ခန်းရဲ့ အဆင့်အတန်းကိုကြည့်ပြီး ရင်ခုန်ရတာကိုပဲ သဘောကျလို့ပါ"

"အေးလေ ကိုယ့်ဝါသနာနဲ့ ကိုယ်ပေါ့၊ လောလောဆယ် ဝင်ငွေဘယ်လောက်ရလဲ"

"ခုတော့ တစ်လသုံးသိန်းပဲ ရပါသေးတယ်ခင်ဗျ"

"အင်း . . ယောက်ျားဆိုတာ အိမ်ထောင်သည်ဘဝမှာ မိသားစုအရေးကို ဦးမဆောင်နိုင်ရင် ကဏ္ဍစုံမှာ မျက်နှာငယ်ရတယ်ကွ"

"ဟုတ်ကဲ့ပါ အန်ကယ်လ်"

"အေးလေ သမီးကိုယ်တိုင် ရွေးချယ်ထားတာဆိုတော့ အန်ကယ်တို့လည်း မကန့်ကွက်ချင်ပါဘူး၊ ဒါပေမယ့် အလုပ်





အကိုင် အာမခံချက်ရှိဖို့နဲ့ အနာဂါတ်လှပအောင် တည်ဆောက်နိုင်မယ် ဆိုရင်တော့ အကောင်းဆုံးပေါ့၊ ကဲ . . ကဲ . . စားရင်းသောက်ရင်း စကားပြောကြဦး . . အန်ကယ် ရေချိုးဦးမယ်"

"ဟုတ်ကဲ့ . ."

ဦးဖေသက်ခင် ထထွက်သွား၍ ဒေါ်မေရီမြင့်လည်း လိုက်သွားဖို့ ဟန်ပြင်ရင်း . .

"လူလေး စားနော်၊ အားမနာနဲ့"

"ဟုတ် . ."

လူကြီးနှစ်ယောက် မြင်ကွင်းမှ ကွယ်ပျောက်သွားမှ သီလ သက်ပြင်းတွေ သွန်ချမိ၏။

"ဟူး . ."

"သက်ပြင်းချပုံကလည်း ကြောက်စရာကြီးပါလား မောင်"

"အခုမှ အသက်ရှဲရှဲ ရှူရဲတော့တာလေ၊ တော်သေးတာပေါ့၊ အစမ်းခန့် သမက်ရာထူးနဲ့ အလုပ်ရပြီ ထင်ပါရဲ့"

"ဒီလောက်နဲ့ ကျေနပ်မနေနဲ့လေ၊ ပါမင်နင့် သမက်ဖြစ်ဖို့ မောင်ကြိုးစားရဦးမှာ၊ ဖေဖေပြောသွားတယ်နော်၊ သမီးဆန္ဒကို မကန့်ကွက်ချင်ပေမယ့် ဦးဆောင်ဦးရွက်ပြုနိုင်ဖို့ လိုတယ်ဆိုတာလေ"

"ဟုတ်ပါပြီမေရယ်၊ မောင်လည်း သူဌေးသားမက်လုပ်ပြီး ဒိမ်နဲ့ထိုင်စားဖို့ စိတ်ကူးမရှိပါဘူး"

"အဟင်း စောစောကတော့ သမက်ကို သူခိုးထင်လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွဲမြီးတိုနေတာ မဟုတ်လား"

"ဟဲဟဲ. . အခု ပေါ်လစီပြောင်းသွားပြီ၊ သမက်လို့သတ်မှတ်ကြတဲ့အတွက် ယောက္ခမနှစ်ပါးကို အာဘွားတောင် ပေးချင်နေပြီ. . မေ"

နှစ်ယောက်သား ကြည်သာရွှင်ပြ ရယ်လိုက်ကြ၏။ အိမ်ထောင်ရေး မျှော်စင့်သို့ တက်လှမ်းဖို့ ပထမဆုံး လှေခါးထစ်တွင် ခြေစုံရပ်မိခဲ့ကြပြီ မဟုတ်လား။

✠ ✠ ✠





**ဟို**တယ်လုပ်ငန်းခွင်၏ ကျယ်ပြန့်သည့် အခန်းတစ်ခုအတွင်း သီလတို့တစ်သိုက် စုဖွဲ့ထိုင်ကာ ထမင်းဝိုင်းဖွဲ့နေကြ၏။ သူတို့ အလုပ်ဝင်တာ တစ်လပြည့်ပြီ၊ လုပ်ခကို နေ့ရှင်း၊ အပါတ်ရှင်း၊ လရှင်းဟု ခွဲထားရာ သီလတို့က လရှင်းကို ရွေးချယ်ခဲ့ကြရာ ယနေ့ လစာထုတ်ရမည့်ရက်ဖြစ်၏။ ကိုယ့်လုပ်အားနှင့် ပထမဆုံးရမည့်ငွေဖြစ်၍ ဘယ်ရွှေ့ဘယ်မျှ ရသည်ဖြစ်စေ တန်ဖိုးထားမျှော်လင့်နေမိသည်။

သီလက ချိုင့်များကို ပြန်ဆင့်လိုက်ရင်း

"မနက်ဖြန် မေတို့အိမ်ကို သွားရဦးမယ်ကွာ"

"အသွားအလာတွေ သိပ်စိပ်နေပါလား သီဟ"

"ဟဲ. . ဟဲ ဒီတစ်ခါ မင်္ဂလာကိစ္စ တိုင်ပင်နေလို့ပဲ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . မင်းရဲ့ ဆင့်ကဲဖြစ်စဉ်တွေ ပုံမှန်ဖြစ်မေါ် တိုး တက်နေပါလား သီလ၊ သမက်လောင်း အင်တာဗျူး အောင်သွား တော့ ထမ်းပိုးကျင့်ဖို့ စခန်းသွင်းခံရပြီပေါ့ ဟုတ်လား"

"ကုသိုလ် မနာလိုဖြစ်ပြီး စွတ်ဖွဲ့မနေနဲ့၊ မင်းကိုယ်တိုင် ဆုံလည်နွား ဖြစ်ခွင့်မရလို့ ကိုယ့်ဘာသာ သတ်သေချင်နေတာ မဟုတ်လား"

"ဝေးသေးကွာ"

"ကဲ. . တော်. . တော်. . တော်ကြတော့၊ အောင်နက် လည်းတော်၊ ဂုတ်ကျားလည်း တော်တော့"

အပြိုင်ကိုက်မိကြသဖြင့် ချစ်တီး၏ နှိပ်ကွပ်မှုကို အိစိမ့် နေအောင် ခံစားလိုက်ကြရသည်။ စကားနည်း ရန်စဲဖြစ်အောင် ကုသိုလ်က စကားလမ်းကြောင်း ပြောင်းပေး၏။

"မိုးမြင့်မေတို့ဘက်က ဘာတွေတောင်းဆိုမယ် ထင် လဲ"

"အင်း. . ဒီတစ်ခါက နှစ်ယောက်ထဲကိစ္စ မဟုတ်တော့ ဘူး၊ နှစ်ဖက်အသိုင်းအဝိုင်း ပါလာပြီကွ၊ ငါ့ကြောင့် ငါ့မိဘတွေ မျက်နှာငယ်ရမယ့် အဖြစ်မျိုးတော့ မကြုံချင်ဘူးကွာ"

ရာဇဝင်လူသား ချစ်တီးက. . .

"နှစ်ပြည်ထောင် ရွှေလမ်းငွေလမ်း ဖောက်တဲ့နေရာ သဲဖြူခင်း ရာဇမတ်ကာပြီး ဆင်ခင်းမြင်းခင်းနဲ့ သံတမန်စကား

ချစ်တီး၏ သမိုင်းချီ အခင်းအကျင်းများကို မခံစားနိုင် တော့၍ သီလ စကားဖြတ်ပြောလိုက်၏။





"ချစ်တီး ဒီအချိန်မှာ လူလိုပြောပါကွာ၊ သမိုင်းသင်ခန်း စာ ပို့ချတဲ့ လေသံမျိုး မလုပ်ပါနဲ့၊ တောင်းပန်ပါတယ်"

"ဩော်. . အေး. . ဆောရီးကွာ၊ ငါပြောချင်တာက ဒီလိုပါ၊ မနက်ဖြန်မှာ မင်းပြောမယ့် စကားတွေက စာချုပ်စာ တမ်းတစ်စောင်လို အရေးပါသွားမှာ၊ ဒီတော့ မနိုင်ဝန်မထမ်းမိ အောင် မဖြစ်နိုင်တဲ့ ကတိတွေ ပေးမိတာမျိုး မဖြစ်ဖို့တော့လို တယ်"

"မင်း ဘာကိုဆိုလိုတာလဲ ချစ်တီး"

"မင်း မိဘအနေအထား မင်းအသိဆုံးပဲ မဟုတ်လား၊ ဒီ အချိန်မှာ မင်းက ဘာတွေတင်တောင်းမယ်၊ ဘယ်ဟိုတယ်မှာ မင်္ဂလာဆောင်ပေးမယ်၊ စေ့စပ်ပွဲသပ်သပ်၊ မင်္ဂလာပွဲသပ်သပ်၊ ဘာညာ စသည်ဖြင့်ပေါ့ကွာ၊ အာမခံချောင်မိဖို့လိုတယ်"

ချစ်တီး၏စကားကို ကုသိုလ်က အပြေးအလွှားထောက် ခံ၏။

"အဲဒါတော့ ဟုတ်တယ်၊ မိုးမြင့်မေနဲ့ ကြိုညှိထားဦး"

"အေးပါကွာ၊ နှစ်ဖက် ဝန်မပိစေတဲ့ စကားမျိုးပဲ ပြော ပါ စိတ်ချ"

"အဲဒါကောင်းတယ်၊ အင်း. . ငါ မိန်းမယူရင်တော့ ကိုရီးယားမပဲ ရှာယူမယ်ကွာ"

ကုသိုလ်၏ တော်ကီကြောင့် သီလနှင့်ချစ်တီး မျက်ခုံး များ မြင့်တက်သွားကြ၏။

"မင်းရူးနေလား ကုသိုလ်၊ ဒီမှာ ကိုရီးယားဘယ်နှ



www.burmeseclassic.com

www.burmeseclassic.com



ယောက် ရှိလို့လဲ"

"ရှိပါတယ်ကွာ၊ မြန်မာဘာသာစကား လာသင်တဲ့ ကိုရီးယားမ ရှိတယ်ကွာ၊ နိုင်ငံခြားဘာသာတက္ကသိုလ်က ကိုရီးယားဆရာမရှိတယ်ကွာ၊ နောက်ပြီး တီဗွီစတော်ရှင်တွေမှာ ဇာတ်လမ်းတွဲ ဘာသာပြန်ချုပ်၊ ကိုရီးယားမတွေ ရှိတယ်ကွာ၊ အဲဒါတွေနဲ့ မငြိငြိအောင် လုပ်ရမှာပေါ့"

"ရည်ရွယ်ချက်က"

ကိုရီးယားမ လိုချင်သည့် ကုသိုလ်၏ အတွင်းစိတ်ကို နှိုက်ထုတ်သလို သီလက မေး၏။

"သူတို့လေးအရဆိုရင် မင်္ဂလာဆောင်ကိစ္စကို မိန်းကလေးဘက်က တာဝန်ယူရမှာလေ၊ ဟဲ . . ဟဲ . . မင်္ဂလာစားရိတ် အကုန်မခံနိုင်လို့"

"ဟား . . ဟား . . ဟား အကြံကောင်းတော့ တစ်ချက်ပေါ့၊ ဟုတ်လား"

ကုသိုလ်၏ အကောင်းစား အဆင့်မြင့် အိုင်ဒီယာကြောင့် သီလတို့ အားပါးတရ ရယ်လိုက်ကြသည်။

ချစ်တီးက . . .

"ဒါဆို အကောင်းဆုံး အကြံပေးမယ် ကုသိုလ်၊ မြန်မာပြည်မှာ ကုလားတွေ အများကြီးရယ်၊ အဲဒီထဲက ဟိန္ဒူကုလားရအောင်ရှာယူ သူတို့လည်း မင်္ဂလာဆောင်ရင် မိန်းကလေးဘက်က လက်ထပ်ကြေး တင်ကြရတာ"

"ဟော့ကောင် ချစ်တီး မင်းအသားမည်းတိုင်း ငါ့





သဖော် လာညှိနေတာလား၊ အသားမည်းသလောက် စိတ်ဓါတ်ပါ မဖြူတဲ့ကောင်"

ရဲသုံးဘော်တို့ ရယ်သံက ဘဝင်ညံ့မျှ ဟိန်းထွက်သွား၏။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားသည့်အချိန်အတိုင်း အတိအကျ ရောက်လာသည့် သီလအား ဒေါ်မေရီမြင့်နှင့် မိုးမြင့်မေက ပြုံးရွှင်ဖော်ရွေစွာဖြင့် ဆီးကြိုကြသော်လည်း ဦးဖေသက်ခင်ကတော့ ခပ်တည်တည်နှင့် အေးတိအေးစက်ကြီး ဖြစ်နေသည်။

"လူလေး မိဘတွေ နေထိုင်ကောင်းကြရဲ့လား"

"ဟုတ်ကဲ့. . ကောင်းပါတယ် အန်တီ"

"အင်း. . . တစ်ရက်လောက်တော့ လူလေးအမေနဲ့ အေးအေးဆေးဆေး စကားပြောချင်သေးတယ်ကွယ့်"

"အန်တီ အားတဲ့ရက်သာပြောပါ။ ကျွန်တော် စီစဉ်လိုက်ပါ့မယ်"

ဘာမှမပြောပဲ အကဲခတ်နေသည့် ဦးဖေသက်ခင်ကြောင့် သီလ အနေခက်လာသည်။ ဒါကို ရိပ်မိသည့် ဒေါ်မေရီ





မြင့်က. . .

"ကိုဖေ ကလေးတွေကို ပြောစရာရှိတယ်ဆို"

ထိုအခါမှ ဦးဖေသက်ခင် ရုတ်တရက် အသက်ဝင်လာသလို ပါးစပ်လှုပ်လာ၏။

"အဟမ်း. . မင်းက သမီးနဲ့ ပတ်သက်ပြီး အနာဂါတ်ကာလမှာ သားဖြစ်မယ့်သူဆိုတော့ အားလုံးအဆင်ပြေအောင် အန်ကယ် အစီအစဉ်တစ်ခု ဆွဲထားတယ်"

"ဟုတ်ကဲ့ အမိန့်ရှိပါ အန်ကယ်"

"မင်းကို အန်ကယ် အကုန်အကျခံပြီး စင်္ကာပူ ပို့ပေးမှာ၊ ဟိုမှာ ပိုလီတက္ကနစ် ဒီပလိုမာရအောင် ယူလိုက်၊ (၂)နှစ်ပဲကြာမှာ၊ ပြန်လာရင် မင်းဝါသနာပါတဲ့၊ ကွန်စထရပ်ရှင် လုပ်ငန်းကို ထက်သိက္ခာရှိရှိ ထူထောင်နိုင်လိမ့်မယ်"

အတောမပါ အင်ထရိုမဝင်ဘဲ ရုတ်တရက် ပြောလိုက်သည့် စကားကြောင့် သီလ အံ့အားသင့်သွား၏။ ဒါကို ကြိုမသိခဲ့သဖြင့် မိုးမြင့်အား လှည့်ကြည့်မိသည်။ အားပေးသလို အပြုံးနှင့် မေက မသိမသာ ခေါင်းညိတ်ပြ၏။ လက်ခံလိုက်ပါ ဆိုသည့်သဘော. . .

"ဟိုမှာ လူခံတွေ အများကြီးရှိတယ်၊ မင်း ဘာမှပူစရာမလိုဘူး၊ (၂)နှစ်ပဲ အပင်ပန်းခံလိုက် အနာဂါတ် အရမ်းလှသွားမယ်ကွာ၊ အဲဒါ ဘယ်လိုသဘောရလဲ မောင်သီလ"

ယောက္ခမလောင်း ဦးဖေသက်ခင်က တစ်ယောက်တည်း သုံးကိုယ်ခွဲပြီး အမှုစစ်၊ ရှေ့ဖတ်စာရေး၊ တရားသူကြီး



www.burmeseclassic.com

www.burmeseclassic.com



တို့အဖြစ် တာဝန်ယူကာ အမှုတည်ဆောက် တရားခွင်ပို့၍ ကိုယ်တိုင်စီရင် ချက်ချမည့် ပုံစံမျိုးနှင့် မေးလိုက်ခြင်းလည်း ဖြစ်သည်။

ထိုမေးခွန်းကို အဖြေပေးဖို့အတွက် သီလ ဘက်ပေါင်းစုံမှ အသည်းအသန် စဉ်းစားရ၏။ သို့သော် သီလ၏ ခံယူချက်က သူများနှာခေါင်းပေါက်နှင့် အသက်မရှူလိုခြင်းပင် ဖြစ်သည်။ အထူးသဖြင့် ဇနီးလောင်း အသိုင်းအဝိုင်းမှ အကူအညီမျိုးကို ဆိုလိုသည်။

ထိုအကူအညီကို လက်ခံလိုက်လျှင် သီလမိဘများ သိက္ခာပွန်းကာ အရှက်ရစေမည်မှာ သေချာသည်။ သူကိုယ်တိုင်လည်း ငွေဝယ်ကျွန်နှင့် ခပ်ဆင်ဆင် ငွေပေးဝယ်ခံရသည့် ယောက်ျားတစ်ယောက် ဖြစ်သွားမည်ဖြစ်သည်။ လှေကြီးစီးလိုသူဆိုလျှင်တော့ ဒီကိစ္စက မုတ်ဆိတ်ပျားစွဲသည့်ကိန်းသာ ဖြစ်လိမ့်မည်။ သီလက တော့ လှေကြုံလိုက်တတ်သူမဟုတ်. . .

"အန်ကယ့်စေတနာကိုသိရလို့ ကျေးဇူးတင် ဝမ်းသာမိပါတယ်ခင်ဗျာ၊ ဒါပေမယ့် ကျွန်တော် လက်မခံနိုင်ပါဘူး၊ ဒီလိုပြောရတာလည်း အရမ်းအားနာပါတယ်"

သီလစကားကြောင့် ဒေါ်မေရီမြင့် အံ့သြသွားကာ မိုးမြင့်လည်း မျက်နှာပျက်သွားသလို ဦးဖေသက်ခင် ဒေါ်ပွသွားသည်။

"ဘာဖြစ်လို့လဲကွ"

"ကျွန်တော်က ယောက်ျားတစ်ယောက် ဖြစ်နေလို့ပါ





အန်ကယ်လ်"

ဦးဖေသက်ခင်၏ မျက်ခုံးနှစ်ဖက်က နဖူးကို ကျော်လု မတတ် မြင့်တက်သွား၏။

"ငါ နားမလည်ဘူး"

"ကျွန်တော် အန်ကယ့်သမီးကို မြတ်နိုးမိတာက ရိုးရိုးလေးပါ၊ သူ့နောက်က ခနအင်အားနဲ့ အသိုင်းအဝိုင်းကို သိလည်းမသိခဲ့သလို ထည့်လည်းမတွက်ခဲ့ပါဘူး၊ ခုကိစ္စက သျှောင်နောက်ဆံထုံးပါ ဆိုသလို ကျွန်တော်က တာဝန်ယူဦးဆောင်ရမှာပါ၊ အဲဒီလို ဦးဆောင်ရာမှာလည်း စင်ခံပေးမှ အညွန့်တက်နိုင်မယ့် ဘူးပင်လို မနွယ်ချင်ပါဘူး၊ ကိုယ့်ခွန်အားနဲ့ ကန္တာရဆူးပင်လို ရှင်သန်ချင်တာပါ၊ မာနနဲ့ သိက္ခာကို အထိပါး မခံနိုင်လို့ပါ အန်ကယ်"

မိုးမြင့်မေ မျက်စိမျက်နှာ ပျက်သွားသလို ဒေါ်မေရီမြင့်လည်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ဦးဖေသက်ခင်က မဲ့ပြုံးပြုံးရင်း. . .

"မင်းရဲ့စိတ်ဓါတ်ကို လေးစားပါတယ်၊ ဒါပေမယ့်. . . အကြောင်းပြချက်က ဝတ္ထုဆန်လွန်းတယ်ကွာ၊ နားထောင်လို့ကောင်းပေမယ့် တကယ့်ဘဝက အဲလိုမဟုတ်ဘူးလေ၊ ဒီမယ် မောင်သီလ ဘုရားတောင် အမှီရှိမှ ပွင့်သတဲ့. . ကြားဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့ ကျွန်တော့်မိဘတွေလည်း အမှီကောင်းတွေပါ ပဲ အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖေသက်ခင်မျက်နှာက မှုန်မှိုင်းပြီး တင်းမာခက်ထန်သွား၏။ သီလ မိုးမြင့်မေကို လှည့်ကြည့်အကဲခတ်စဉ်. . .

"မိုးမြင့်မေ သမီးတော့ တလွဲဆံပင်ကောင်းနေတဲ့ စိတ်ကူးယဉ်သမားတစ်ယောက်ကို လက်တွဲဖော်အဖြစ် ရွေးမိသွားပြီ"

အခြေအနေက အဆိုးဘက်သို့ ဦးတည်နေပြီမို့ ဒေါ်မေရီမြင့် ကြားဝင်ကာ စေ့စပ်ဆွေးနွေးဖို့ ကြိုးစားရှာသည်။

"ကဲ. . လူလေးနဲ့သမီး ခေါင်းပူပြီး သွေးဆူနေတဲ့အချိန်မှာ ဆုံးဖြတ်ရင် အမှားပါတတ်တယ်၊ သမီးတို့ ခြံထဲဆင်းပြီး အေးအေးဆေးဆေး တိုင်ပင်ကြည့်ကြပါဦးကွယ်"

ဒေါ်မေရီမြင့် စကားကြောင့် မိုးမြင့် အားတက်သရောဖြစ်သွားသော်လည်း ဦးဖေသက်ခင်၏ အပိတ်မိန့်ခွန်းကြောင့် အားပြတ်သလို ဖြစ်သွား၏။

"ဘဝတိုက်ပွဲမှာ အောင်မြင်မှု ရခဲ့တဲ့လူတိုင်း အခွင့်အရေးကို မိမိရရ ဆုပ်ကိုင်တတ်လို့ပဲ ဆိုတာတောင် မသိတဲ့ မင်းလက်ထဲ ငါ့သမီးကို ဘယ်လိုယုံကြည်ပြီး အပ်ရမလဲ၊ ဒါတွေ ပြန်စဉ်းစားဖို့ လိုနေပြီ"

"ကဲပါ. . ကိုဖေရယ်၊ ကလေးတွေ ညှိနှိုင်းကြပါစေဦး၊ သမီး မောင်သီလကို ခြံထဲခေါ်သွားလိုက်ကွယ်"

မိုးမြင့်မေ ဆွဲခေါ်ရာနောက်သို့ သီလ ခေါင်းငိုက်စိုက်ချပြီး လိုက်လာခဲ့သည်။ ခြံထဲက ဒန်းခုံပေါ် ထိုင်မိသည်အထိ ဘယ်သူမှ စကားမပြောဖြစ်ကြ၊ မေ့ကို သီလ ဘယ်လိုနှစ်သိမ့်ရမှန်းမသိ၊ မေ့ကြောင့် သူ့ဆုံးဖြတ်ချက်ကို မပြင်နိုင်တာကတော့





အသေအချာပင် ဖြစ်၏။

သီလ မိဘများက အတိုးနှင့် ဆွဲတန်ဆွဲ ရှိစုမဲ့စုရွှေတွေ ရောင်းတန်ရောင်းနှင့် သားကို နိုင်ငံခြားပို့ဖို့ စီစဉ်တာတောင် သူ လက်မခံခဲ့။ ခုလို ယောက္ခမလောင်းက သိန်းတစ်ရာလောက် အကုန်ခံပြီး ပညာသင်လွှတ်သည့် ကိစ္စကို လက်ခံခေါင်းညိတ်ဖို့ အစီအစဉ်မရှိတာ သူ့အတွေးပင်ဖြစ်၏။ ထိုမျှပမာဏရှိသော ငွေကို အလွယ်တကူထုတ်၍ ချည်နှောင်ဖို့ ခြေလှမ်းလိုက်ခြင်းဟု မတွေးဖြစ်အောင် သူ ကြိုးစားနေရသည်။

"ဖေဖေ့အစီအစဉ်ကို မောင်တကယ် လက်မခံနိုင်ဘူးလား မောင်"

"ဟုတ်တယ်မေ၊ မေ့ကို မောင်ချစ်ခဲ့တာ မေ့နောက်က ဓနအင်အားနဲ့ အဲဒီလို ပံ့ပိုးမှုတွေကို မျှော်ကိုးလို့မှ မဟုတ်ဘဲ"

"မောင့်မေတ္တာကို ယုံကြည်ပြီးသားပါ၊ ဒါပေမယ့် ဖေဖေ့ ကမ်းလှမ်းချက်ကို ရိုးရိုးလေးပဲတွေးပြီး လက်ခံပေးပါလားဟင်"

"မောင့်မိဘတွေရဲ့ သိက္ခာတရား ဘယ်သွားထားမလဲ၊ နွမ်းပါးတဲ့ ဆေးကျောင်းသားကို ဆရာဝန်ဖြစ်တဲ့အထိ ကျောင်းထားပေးပြီး သမီးနဲ့ ပေးစားလိုက်တယ်ဆိုတဲ့ ဇာတ်လမ်းမျိုး အဖြစ်မခံနိုင်ဘူးမေ"

"မောင် အတွေးခေါင်နေပြီ"

"အတွေးခေါင်တာ မဟုတ်ဘူး၊ မောင့်ဖေဖေနဲ့မေမေဟာ သားကိုရောင်းစားတဲ့ မိဘတွေလို့ အပြောခံရမှာလေ၊ မေပဲ စဉ်းစားကြည့်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်လိုလုပ်မှာလဲ၊ မောင်က မေ့ကို စွန့်လွှတ်တော့မလို့လား"

"အဲဒီအတွေးတော့ နည်းနည်းလေးမှ မရှိဘူး၊ မောင် မချမ်းသာပေမယ့် မေ့ဘဝကို ကောင်းကောင်းတာဝန်ယူနိုင်ပါတယ်. . ၊ မောင့် အလုပ်မှာလည်း ကြီးပွားနိုင်တဲ့ အခွင့်အလမ်းတွေ ရှိနေပါတယ် မေရယ်"

"ဒါဆို မေက ဘာလုပ်ရမှာလဲ"

"မောင့်နောက်ကို လိုက်ခဲ့တော့"

"ဟင်. ."

"ဟုတ်တယ်. . မေ အချိန်ယူပြီး စဉ်းစားရင် သွေးအေးပြီး ဝေးကြဖို့ပဲ ရှိတော့တာလေ"

"ဖြစ်ပါ့မလားမောင်ရယ်"

"သိပ်ဖြစ်တာပေါ့၊ မောင်က မေ့ကိုချစ်တယ်၊ မေက မောင့် ကိုချစ်တယ်၊ ဒါဆို ပြည့်စုံပြီလေ၊ တစ်ခုပဲ မောင့်ကို ပြင်ဆင်ဖို့ တစ်ပါတ်တော့ အချိန်ပေး၊ နောက်တစ်ပါတ် တနင်္ဂနွေနေ့ည ဆယ့်နှစ်နာရီမှာ မောင်လာခေါ်မယ်"

ဝမ်းသာရင်ခုန် တုန်လှုပ်အံ့သြ ထိတ်လန့်ကြည်နူးကာ ကြောက်ရွံ့နေရှာသည့် မေ့မျက်နှာလေးတွင် ချွေးသီးတို့ စို့ထွက်လာတာ မြင်တွေ့ရတော့၏။









# အတိတ်(၁)

## အပိုင်းခွဲ(၄)

သီလ မိန်းမခိုးမည့် အစီအစဉ်ကို သူငယ်ချင်းများနှင့် တိုင်ပင် ညှိနှိုင်းကြသည်။ အားလုံးစီစဉ်ပြီးမှ မိဘများကို ဖွင့်ဟ အသိပေးရ၏။ ဦးဖေသက်ခင်၏ ပညာသင် အစီအစဉ်နှင့် သားကိုရောင်းစားသည့် မိဘများမဖြစ်အောင် ငြင်းခဲ့ကြောင်းကိုပါ ပြောပြလိုက်သည်။ မိဘနှစ်ပါးလုံး စိတ်နှလုံး မသာမယာ ဖြစ်သွားကြ၏။ ဦးဉာဏ်ဝင်းက သီလကို အားပေးသလို ပြုံးပြ ခုင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေတို့ သိက္ခာအတွက် ထည့်စဉ်းစားပေးတဲ့သားကို ကျေးဇူးတင်ပါတယ်ကွာ၊ ဒီလိုအခြေအနေရောက်မှတော့ နိုးသာခိုးကွာ၊ နောက်ပိုင်းကိစ္စ ဖေဖေ့တာဝန်ထား"

"ဟုတ်ကဲ့. ."

မေမေကတော့ မိန်းမသားပီသစွာ မခံချင်စိတ်နှင့် မချိတင်ကဲ ပြောရှာသည်။

"မေမေလည်း မတားချင်တော့ပါဘူး၊ ခံပြင်းမိတာတော့ သေချာတယ်၊ သားရဲ့ အနေအထားက မိန်းကလေးရှင် မျက်စိကျလောက်တဲ့ အဆင့်မဟုတ်တော့ ပြောအားလည်း မရှိတော့ပါဘူးကွယ်"

ဒေါ်သီတာနိုင့်စကားက အနှောင့်အသွားမလွတ်၊ သို့သော် ဦးဉာဏ်ဝင်း မျက်နှာပျက်မသွားပါ၊ အသင့်ဆောင်ထားသော တစ်သိန်းထုပ်ငါးထုပ်ကို ထုတ်ပေးရင်း. . .

"ဒါနဲ့ဆို မိန်းမခိုးပြီး ပျားရည်ဆမ်းထွက်ဖို့တော့ လောက်မှာပါ၊ သားရဲ့ အိမ်ထောင်ရေး အဆင်ပြေ ခိုင်မြဲပါစေလို့ အဖေ ဆုတောင်းပါတယ်ကွာ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်. . ဖေဖေ"

"အေးအေး. . သေသေချာချာတော့ ချိန်းကြနော်၊ လွဲချော်တာတွေ မှားတာတွေ မဖြစ်အောင် ဂရုစိုက်"

"ဟုတ်ကဲ့. ."

✠ ✠ ✠





'ရ'ရက် 'န'နာရီတွင် 'ခ'ခိုးပြေးကြဖို့ အစီအစဉ်တွေ ခိုင်မာသွားသည့် တနင်္ဂနွေနေ့ည (၁၀)နာရီတွင် သီလတို့သုံးယောက် အဆင်သင့် ဖြစ်နေကြပြီ။ မအိပ်ချင်အောင် လက်ဘက်ရည်ကျကျ သောက်ရင်း စကားပြောနေကြ၏။

"အင်း. . ဘာလိုလိုနဲ့ သီလတောင် လူအိုရုံ ရောက်တော့မှာပါလား"

ချစ်တီး မထိတထိ ကလိတာကို ကုသိုလ်က ပြန်ဖွဲ့၏။

"ချစ်တီး မင်းလေသံကလည်း မနာလိုတဲ့ လေသံမျိုးပါလား"

"ဟား. . ဟား. . . ဟား. . ဟုတ်ပါ့ကွာ၊ အားကျတာနဲ့ မနာလို ဖြစ်နေတာက ဖုံးမရဖိမရ ပေါ်နေပြီးတော့များ"



www.burmeseclassic.com

www.burmeseclassic.com



သီလ ကစ်ချက်က ရင်ဝသို့ ဒါရိုက်ထိမှန်သွားပုံရ၏။ ချစ်တီး စစ်ကူခေါ်ကာ ကုသိုလ်နှင့် မဟာမိတ်ဖွဲ့သည်။

"ကုသိုလ် ဒီအချိန်မှာ မင်းနဲ့ငါက တစ်ပါတီထဲက မဟာမိတ်တွေလေ၊ ဘုံရန်သူကို ညီညီညွတ်ညွတ် တိုက်ခိုက်ရမှာ မဟုတ်လား"

"ဟာ. . ဟုတ်သားပဲ ဆောရီးကွာ၊ ဘေးပြောတာယုံပြီး ရန်သူပူးသတ်တာ ခံရတော့မလို့၊ တို့လူပျိုချင်းပဲ ရိုင်းပင်းရမှာပေါ့"

ချစ်တီးနှင့်ကုသိုလ် စည်းဝါးကိုက်သွား၍ သီလ အားငယ်သွားရ၏။

"ဒီမယ် သီလ၊ အိမ်ထောင်သည်ဘဝကို တက်လှမ်းဖို့ အ တွေ့အကြုံတွေ မင်းမှာ လုံလုံလောက်လောက် ရှိရဲ့လား"

"မလိုပါဘူး ချစ်တီးရာ ဒီကိစ္စမှာ ဘယ်သူမှ ဆရာမလိုဘူး၊ သူ့ဟာနဲ့သူ အိုကေသွားကြတာပဲ ပူမနေနဲ့"

"ဘယ်ဟုတ်မလဲကွဲ့၊ ဆရာမပြရင် ငပိဖုတ်တောင် မကျက်တကျက် ဖြစ်တတ်တယ်လေ၊ မိန်းကလေးနဲ့ ယောကျ်ားလေး လင်ခန်းမယားခန်း မြောက်ဖို့ဆိုတာ ငပိဖုတ်သလို လွယ်တာမှ မဟုတ်တာ"

"မလိုဘူးချစ်တီး အဲသလောက်တော့ ငါလည်းတတ်တယ်"

"ဟ. . ဘယ်လိုဖြစ်တာလဲ၊ ငါတို့က သဘောရိုးနဲ့ ဝေမျှ မလို့ဟာကို မင်းဟာမင်း မာန်တက် မုန်ယို ဗူးကျ နှာထပြီး





သူငယ်ချင်းတွေကို အပြစ်မြင်နေပြီလားကွာ"

ချစ်တီးက သေသွားလောက်သည့် အိုက်တင်မျိုးနှင့် သရုပ်ဆောင်ပြ၏။ ကုသိုလ်ကလည်း အတွဲညီညီ ပံ့ပိုးသည်။

"မင်းတို့ ခိုးပြေးပြီး မင်္ဂလာဦးမှာတင် မတော်တဆက လေးရသွားမှာစိုးလို့ ဆောင်ရန်ရှောင်ရန်လေးတွေ ပြောပြမလို့ပါကွာ"

"မလိုဘူး ငါ့အဖေ အကုန်သင်ပေးလိုက်ပြီးသား"

သီလက စကားနိုင်လုပြောရင်း နာရီကြည့်လိုက်မိသည်။

"ဟာ. . ဆယ့်တစ်နာရီ ခွဲတော့မယ် လစ်ကြစို့၊ ဟိုကို ရောက်အောင် မိနစ်နှစ်ဆယ်လောက် မောင်းရဦးမှာ"

အချိန်မရတော့၍ စကားစစ်ပွဲကို ရပ်ဆိုင်းကာ ပိုက်ဆံ ရှင်း၍ ကားနှင့် ထွက်လာခဲ့ကြ၏။ မိန်းမခိုး ခရီးစဉ်ကတော့ အမှန်တကယ် စတင်ခဲ့ပြီ ဖြစ်သည်။

"ဟား. . မကြာခင်မှာ သိပ်ကိုရင်ခုန်စရာကောင်းတဲ့ အ တွေ့အကြုံသစ်တစ်ခုကို ပိုင်ဆိုင်ရတော့မယ်၊ သီလ မင်းက မြင့်မေရဲ့ တစ်ကိုယ်လုံး သိမ်းကြုံးပြီး ပိုင်ဆိုင်ခွင့်ရတော့မယ်၊ အဲဒါ အိပ်မက်များလားကွာ"

ကုသိုလ်လေသံက မချင့်မရဲ Tone အပြည့်နှင့် ဖြစ်သည်။

"ဟဲ. . ဟဲ. . အိပ်မက်မဟုတ်သလို သမိုင်းတင်ဖို့လည်း သိပ်စောနေသေးတဲ့ တကယ့်အဖြစ်အပျက် တစ်ခုပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



သီလ၏ ဝံ့ကြွားမှုကို မခံစားနိုင်သည့် ချစ်တီးက ပွဲသိမ်း ဂိုးသွင်းရန် ထောင့်ဖြတ်ကန်တင်ပေးလိုက်သည်။

"အင်း. . အိုနာ့်သေဆိုတဲ့ ဆင့်ကဲဖြစ်စဉ် သုံးရပ်ထဲက အိုခြင်းတရားကို မင်းရင်ဆိုင်ရတော့မှာပါလား၊ ဘုရားဘုရား. ."

"မဦးမချွတ်ကွာ၊ ငါက ဘာကိစ္စ အိုနာသေနဲ့ ကြုံရမှာလဲ လိုတာတွေ အကုန်ရအောင် အခုမှ မိန်းမခိုးပြီး ဘဝစဖို့ ကြံတုန်း ရှိသေးတဲ့ဟာ၊ မင်းတို့လို နောက်ဆံတင်းစရာမရှိတဲ့ ကောင် တွေသာ ရိပ်သာသွားပြီး အိုနာသေကို ရှုကြ၊ သူများကောင်း စားမှာကို တော်တော်မနာလိုတဲ့ကောင်တွေ"

သီလ၏ ပျစ်ပျစ်နှစ်နှစ်အပြောကြောင့် ချစ်တီးနှင့် ကုသိုလ် ဟက်ဟက်ပက်ပက် ရယ်ကြ၏။ ချစ်တီးက အားရသေး ဟန်မတူဘဲ ဖရီးကစ် ထပ်ကစ်သည်။

"အိမ်း. . ရခဲလှတဲ့ လူ့ဘဝကြီး ရောက်လာတာတောင် မှ တရားမသိ မယားငြိပြီး အမှားထိတော့မယ့် ငမိုက်သား၊ အို တဏှာယောက်ျား လက်သမားတို့ ခန္ဓာအိမ်ကို ကြိမ်ကြိမ်ပြန် ဆောက်. ."

ချစ်တီး၏ မချိမဆန့်အလုံးတွေကို မခံစားနိုင်တော့သ ဖြင့် ကားကို ဘရိတ်မှေးကာ သီလနှင့် ကုသိုလ်နှစ်ယောက်ပေါင်း ပြီး ချစ်တီးအား နရင်းအုပ်လိုက်ကြတော့၏။ ကားပေါ်မှာ ရယ် သံတွေ မစဲတော့၊ တဖြည်းဖြည်း ဆယ့်နှစ်နာရီထိုးဖို့ နီးကပ် လာ၏။

မိုးမြင့်မေတို့ အိမ်နားသို့လည်း ရောက်လာခဲ့ပြီ။ မိုးမြင့်





ခိုးရာလိုက်ဖို့ ကံပါမပါ သို့မဟုတ် သီလမိန်းမခိုးမည့်ကိစ္စ အောင်မြင်မှု ရှိမရှိဆိုတာ မိနစ်ပိုင်းအတွင်းမှာပင် အဖြေပေါ် တော့မည်ဖြစ်သည်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com





# မစ္စပြန်(၁)

အချစ်စစ်မြေပြင်တွင် နလန်မထူနိုင်လောက်အော
အထိနာခဲ့ပြီးနောက် သီလ ဝိညာဉ်နှုတ် ခံထားရသူတစ်ယော
လို ဖြစ်သွားခဲ့သည်။ မိန်းမခိုး ထွက်သွားပြီးနောက် လက်ဗ
နှင့် ပြန်လာသည့် သီလအား မိဘများ ဘာမှမမေးဘဲ လွှ
ပေးထားခဲ့သည်။ သို့သော် ချစ်တီးနှင့် ကုသိုလ်ထံမှတ
အကျိုးအကြောင်းကိုတော့ သိထားကြမှာ သေချာသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး ဘယ်သူမှ စကားဦး မသ





ကားအစ မဖော်ခြင်းကပင် တမင်ရှောင်ပြီး သတိနှင့် ဆက်ဆံနေမှန်း သိသာနေစေ၏။ သားဖြစ်သူ ဘယ်လောက် ခံစားနေမလဲဆိုတာ စာနာနားလည်စွာနှင့် နှုတ်ဆိတ်နေကြသည့် မိဘများကို သီလ အထူးပင် ကျေးဇူးတင်နေမိသည်။

နှလုံးသား အတွင်းဒဏ် အနာဖေးတက်လာဖို့ အချိန်တော်တော်များများ လိုအပ်ပုံကိုလည်း လက်ခံထားကြပုံရသည်။ သို့ဖြစ်၍ သီလအား ဘာဖိအားမှမပေးဘဲ လွှတ်ထားကြခြင်း ဖြစ်မည်။

ချစ်တီးနှင့် ကုသိုလ်လည်း အတတ်နိုင်ဆုံး ပါးစပ်ပိတ်ထားကြရသည်။ သို့သော် သီလအဖြစ်က တစ်သောင်းတွင်တစ်ယောက် တစ်သိန်းတွင် တစ်ယောက်တောင်မှ ကြုံနိုင်ဖွယ်မရှိသည့်အဖြစ်မို့ ဖွချင်နေကြမှာလည်း အသေအချာပင်ဖြစ်သည်။ ယောက္ခမက အတင်းလိုက်မည်ဟု အကျပ်ကိုင်သည့်အတွက် မိန်းမခိုးသည့်ကိစ္စ အထမမြောက်ခဲ့ပါဟုဆိုလျှင် ဘယ်သူကမှ ယုံမည်မဟုတ်၊ ဖြစ်နိုင်ချေမရှိသည့် တကယ့်အဖြစ်အပျက်ကြီး ဖြစ်နေသည်မဟုတ်လား။

ပြောပြလျှင် ဩချကာ ရယ်မောကြမည့် ကိစ္စကြီးမို့ ချစ်တီးတို့ မနေနိုင်မထိုင်နိုင် အရပ်ထဲမှာ ဖွချင်ဖွကြမည် ဖြစ်သော်လည်း လုပ်ငန်းခွင်မှာတော့ လုံးဝမဟကြ၊ ထို့အတွက် ကုသိုလ်နှင့် ချစ်တီးအား သီလကျေးဇူးတင်မိသည်။

လောကစံကို ခံနိုင်ဖို့ သီလကြိုးစားသည်။ ပုံမှန် မနက်နစ်နာရီ အိပ်ယာမှထသည်။ ရှစ်နာရီတွင် အလုပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တခါတရံ ဘီယာဆိုင်ထိုင်ကာ မေ့ကွက်ရှာသည်။ အလုပ်နား ရက်မှာတော့ ဂိမ်းဆော့ပြီး အိမ်တွင်းအောင်းသည်။ ထိုပုံစံအ တိုင်း မပျက်မကွက် လှုပ်ရှားရင်း အသည်းဒဏ်ရာကျက်အောင် ဆေးသောက်ဆေးလူးနေခဲ့၏။ လုပ်ငန်းခွင်တွင် လက်ရာသေ သပ်အောင် ကြိုးစားသည်။

သူတို့လုပ်ငန်းခွင်မှာ ယောကျ်ားသားက အများစုဆို သော်လည်း မိန်းကလေး အယောက်နှစ်ဆယ်လောက်လည်း ရှိနေသည်။ ဆယ့်ငါးယောက်လောက်က G.T.C ဆင်း အင်ဂျင် ယာပေါက်စမလေးများ ဖြစ်ကြသည်။ ချစ်တီးတို့ပင် ထိုအထဲ သုံးယောက်လောက်နှင့် ပုလဲနံပ သင့်နေပြီဖြစ်၏။ သီလက သ အရာမဝင်၊ သူ့နှလုံးသား ကို အစားထိုးလဲလှယ်ဖို့ အစီအစဉ် မရှိသေး။

သို့သော်လည်း အမြင်ကတ်အောင်တော့မနေ၊ ထို့အ တွက် သူတို့ဆိုဒ်မှ အင်ဂျင်နီယာမများဖြစ်သည့် ဂျူဂျူ၊ ခင်ရ နာ၊ စုလဲ့တို့နှင့် ခင်မင်သော ဆက်ဆံရေးတော့ရှိ၏။ သူတို့အဖွဲ့ နေ့စဉ်ထမင်း ဝိုင်းဖွဲ့စားလေ့ရှိသည်။

ကုသိုလ်နှင့် စုလဲ့တို့ပင် ဘာလိုလို ဖြစ်နေသည်ဟု သ တင်းအနံ့ရ၏။ ဒီနေ့လည်း သူတို့ခြောက်ယောက် ထမင်းဝိုင်း စားဖြစ်ကြသည်။ အတူယှဉ်တွဲ လျှောက်လာကြသည့် ကုသိုလ် နှင့် စုလဲ့အား မျက်ခြည်မပြတ် စောင့်ကြည့်ကာ ဖွဲ့ဖို့ ပြင်ဆင် ကြ၏။ ထမင်းချိုင့်များဆုံ၍ ဖွင့်လိုက်သောအခါ ပုဇွန်ချဉ်သုပ် ပဲဟင်းချိုက နှစ်ချိုင့်ပုံစံ မျိုးနှင့် ဘဲဥက သုံးချိုင့် ငါးကြော်





ဘစ်ချိုင့် ဖြစ်နေသည်။

“ဟား . . ဟိုနှစ်ယောက်က ဟင်းထည့်တာတောင် ဖုန်း ဘွန်တက်လုပ်ပြီးမှ ထည့်လာသလား မှတ်ရတယ်၊ ပုဇွန်ချဉ်နဲ့ ပဲဟင်း၊ အင်း . . အကြိုက်ချင်းကတော့ တူနေကြပြီ”

ချစ်တီးက ကုသိုလ်နှင့်စုလဲ့ ဟင်းတူနေတာကို အ ကြောင်းပြု၍ ပွဲဦးထွက် လှမ်းကစ်လိုက်သည်။ စုလဲ့က ပါးနပ် စွာပင် သူတို့ကို ရည်ရွယ်မှန်းသိ၍ ချက်ချင်းတုန့်ပြန်သည်။

“အောင်မယ်၊ ဘာကိစ္စ အကြိုက်ချင်း တူရမှာလဲ၊ အချိန်မရလို့ ချက်စရာမလိုတဲ့ ပုဇွန်ချဉ်သုပ် ထည့်လာတာ၊ အချိန်ကုန်ငွေကုန် သက်သာတဲ့ဟင်း၊ နားလည်လား”

စုလဲ့အပြောကို ကုသိုလ်က ထောက်ခံသည်။

“ဟုတ်တယ် ငါ့အမေလည်း တုပ်ကွေးမိနေလို့ လွယ်တဲ့ ဟာ လုပ်ပေးလိုက်တာ၊ ငါတောင် ကြက်သွန်နီနဲ့ ငရုတ်သီးစိမ်း ဝိုင်းလှီး ပေးခဲ့ရသေးတယ်”

ဒါကိုပင် ဂျူဂျူးက အတို့အထောင် ထပ်လုပ်၏။

“ကိုကုသိုလ် ဒါကဘာသဘောလဲ၊ အိမ်မှုကိစ္စတွေလည်း ကျွမ်းပါတယ်လို့ ကြော်ငြာဝင်နေတာလား”

ချက်ဆို နားရွက်ပါ မီးလောင်မတတ် ပါးနပ်သော စုလဲ့ တ. . .

“ဘယ်လိုပဲကျွမ်းပါစေ၊ ဒို့ကစိတ်မကူးဘူးနော်၊ ကား မပါရင် သနားစရာရှင်လို့ပြောပြီး ဆောရီးပဲ ငြင်းလိုက်မှာ”

စုလဲ့၏အပြောနှင့် ဟန်ပန်ကြောင့် သီလတို့အုပ်စု တ



www.burmeseclassic.com

www.burmeseclassic.com



သိမ့်သိမ့်ရယ်ကြရ၏။ ဒါကို ချစ်တီးက မှတ်ချက်ဝင်ပေးသည်။

"အင်း. . မိန်းကလေးရှင်ရဲ့ ဆန္ဒ"

"ဘာလဲ ခေတ်ဟောင်း ရုပ်ရှင်ကားရဲ့ နာမည်လား"

"မဟုတ်ပါဘူး စုလဲ့ရာ၊ ငါ စကားအကောင်းပြောမလို့ ခု ခေတ်ပေါ် မိန်းကလေးတွေရဲ့ ဆန္ဒနဲ့ မိန်းကလေးရှင်ရဲ့ ဆန္ဒက တစ်ထပ်တည်းပဲနော်၊ အားလုံးက လုပ်ငန်းရှင်နဲ့ဆုံဖို့ ကုမ္ပဏီ ပိုင်ရှင်နဲ့တွေ့ဖို့ ဘဝအာမခံချက် ရှိဖို့ဆိုတာတွေပဲ ရှေ့တန်းတင် နေကြတော့ ချစ်ခြင်းမေတ္တာက စပယ်ယာပတ်စ(စ်)များ ဖြစ်နေ ပြီလားလို့"

ချစ်တီး၏ ရင်တွင်းစကားကို ဂျူဂျူက ပေါ့ပေါ့ပါးပါး ဝင်ဖြေ၏။

"ကျွန်မအမေက အဖေ့ကိုပြောတယ်၊ သားသမီးတွေ ပွားစီးလာပြီး ရှင်ရှာတဲ့ငွေနဲ့ မလောက်မငဖြစ်လာတော့ ရှင့်ကို ချစ်မိအပြစ် ရှိသလို ခံစားရတယ်တဲ့လေ၊ အဲဒီတော့ အချစ်ဆို တာ အပိုပစ္စည်း သက်သက်ပေါ့"

"ဟား. . ဟား. . ဟား. . မဂျူးရယ်၊ မဂျူးစကားက ရယ်စရာကောင်းပေမယ့် အဓိပ္ပါယ်က ကြောက်စရာကြီးပါလား"

ဤတွင် ခင်ရတနာပါ စကားဝိုင်းထဲ ဝင်လာ၏။

"ဒါတော့မတတ်နိုင်ဘူး ကိုဒါန ကျွန်မတို့ ဆက်ရှင်က အင်ဂျင်နီယာမကြီးတွေက ပြောတယ်၊ ညီမလေးတို့ အိမ် ထောင်ဘက်ရှာရင် ဝန်ထမ်း၊ ကုမ္ပဏီ၊ အလုပ်သမားနဲ့ လခ လုပ်လက်စားတော့ ယောင်လို့မှ စိတ်ကူးမကြည့်ကြနဲ့တဲ့၊ ယူကြ





စား၊ အိုင်ကြီးစား ဘယ်လိုပဲ ကြိုးစားကြိုးစား နိုးစီးပွားပဲတဲ့၊ ကဲ. . ရှင်းပြီလား"

ချစ်တီးက ငိုချင်းချသလို ညည်းလိုက်ရှာသည်။

"ဟာ. . သွားပါပြီကွာ၊ တို့တွေအားလုံး ဒီတစ်သက် မိန်းမရဖို့ မလွယ်တော့ဘူးပေါ့။ အင်း. . ဒုက္ခ. . ဒုက္ခ၊ ခေတ်ကာ လ မိန်းကလေးတွေနဲ့ ရာဇဝင်ထဲက မိန်းမသားတွေများ ကွာ လိုက်တာ"

ရာဇဝင်ကောင်ရဲ့ အခင်းအကျင်းကို မရိပ်မိရှာတဲ့ ခင်ရ တနာက. . .

"အောင်မယ် ရာဇဝင်ထဲက မိန်းကလေးတွေကရော အချစ်ကို ကိုးကွယ်ခဲ့လို့လား"

"ဟား. . သိပ်ကိုကိုးကွယ်ခဲ့တာပေါ့၊ တခြားမကြည့်နဲ့၊ လှိုင်ထိပ်ခေါင်တင်ရဲ့ ကနောင်မင်းအပေါ် ထားတဲ့ အချစ်ဘုရင့် သမီးတော်လေးရဲ့ စောင့်အိုလုလင်အပေါ် ထားတဲ့မေတ္တာ၊ ရှင်မွေးလွန်းနဲ့ မင်းနန္ဒာအပေါ် သစ္စာအပ်နှံမှုတွေ အထင်အရှား ရှိခဲ့တာပဲလေ"

"သက်သေပြပါဦး ကိုဒါန"

"အဟမ်း ရာဇဝင်အထောက်အထား၊ အတိအကျ မရှိပေမယ့် ကျွန်တော် တွေးမိတာတစ်ခု ပြောပြမယ်၊ မင်းနန္ဒာ က သူ့ချစ်သူ မွေ့လွန်းဆီ ငမိုးရိပ်မိကျောင်း စီးပြီးသွားတာ လူတိုင်းသိတယ်၊ သူတို့သာ ပေါင်းဖက်ခွင့်ရခဲ့ရင် ဘုရားသွား ကျောင်းတက် ကိစ္စတွေမှာလည်း ဒါကြီးပဲ စီးသွားကြမှာလေ၊



www.burmeseclassic.com

www.burmeseclassic.com



ငမိုးရိပ်ကြီး မစီးရဲဘူး ကြောက်တယ်၊ နှမတော်အတွက် စပိဘုတ်တစ်စီး ဝယ်ပေးပါလို့ မင်းနန္ဒာကို တောင်းဆိုခဲ့မှာ မဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ မွေ့လွန်းက မင်းနန္ဒာကို သိပ်ချစ်တာကိုး၊ ဟုတ်ဖူးလား"

အားလုံး သဘောကျစွာ ရယ်မောကြသည်။ စကားဝိုင်းက အမျိုးသားနှင့် အမျိုးသမီး စကားရည်လုပွဲကဲ့သို့ ဖြစ်လာသည်။ ဂျူဂျူကလည်း အားကျမခံ ရာဇဝင်ကွက်နှင့် ပြန်နှက်၏။

"ဒီမယ် ကိုဒါန ရှင်စံပြုတင်ပြသွားတဲ့ မိန်းမသားတွေ အကုန်လုံးက မင်းဆွေမင်းမျိုးတွေချည်းပဲလေ၊ သူတို့မှာ စားဝတ်နေရေး ငွေရေးကြေးရေး ဘာမှပူစရာ မရှိသလို အိမ်မှုကိစ္စလည်း ဘာမှလုပ်စရာမလိုဘူး၊ အဲဒါကြောင့် ချစ်နိုင်ခဲ့၊ ချစ်တတ်ခဲ့ကြတာပါ။ မြန်မာစာပေလောကမှာ အစောဆုံး ဘဝသရုပ်ဖော်နဲ့ သရော်စာတွေ ပီပီပြင်ပြင်ရေးခဲ့တဲ့ ဆရာကြီးစလေဦးပုညရဲ့ ရေသည်ပြဇာတ်ထဲက ဆံထုံးတော်ကြီးတမာသီးနဲ့ အမျိုးသမီးကတော့ သူ့ယောက်ျား ရေသည်ကို ချစ်ကြောင်းကြိုက်ကြောင်းတွေ ပြောဖို့ ဘောလယ်တွေ ပတ်ပျိုးတွေ စပ်ဆိုဖို့ မအားရှာဘူးလေ ပဲဝက်မျှသောအသပြာအတွက် သူတို့ လင်မယား အပင်ပန်းခံပြီး ရေထမ်းရောင်းဖို့ပဲ အတွေးထဲမှာရှိတာ၊ ကဲ. . မဟုတ်ဘူးလား"

"အဲ. . အဲဒါတော့ ဟုတ်ပါတယ်"

"ဒါကြောင့် ပြောတာပေါ့ ရာဇဝင်ဆရာကြီးရဲ့၊ အချစ်က သာမည. . ဘဝက အဓိကပါလို့ အဲဒီဘဝလှဖို့ စေစားတဲ့သူက ငွေလေ Money made everything ပဲ"





ဒါနခေါ် ရာဇဝင်ချစ်တီး ဘာမှပြန်ပြီး မချေပနိုင်တော့ ထိုအခါမှ ကုသိုလ်က ထမင်းကို လက်စသတ် စားသောက်ရင်း စကားဝိုင်း အပိတ်နိဂုံးချုပ် အမှာစကားကို ဝင်ရောက်ချီးမြှင့်လိုက်သည်။

"အဟမ်း. . ဒီကနေ့ ကျင်းပတဲ့ ချစ်တတ်သူများရဲ့ ရာဇဝင် ခေါင်းစဉ်အောက်က စကားရည်လုပွဲမှာ အမျိုးသမီးအဖွဲ့ ကိုယ်စားပြု ပြိုင်ပွဲဝင်ခဲ့တဲ့ ကိုဒါနက ရမှတ်(၁၁၃)ပဲ ရခဲ့တာမို့ အမျိုးသမီးအဖွဲ့က အပြတ်အသတ် အနိုင်ရရှိခဲ့ကြောင်း ဂုဏ်ပြုမှတ်တမ်းတင်ရင်း အစီအစဉ်ကို ရပ်နားလိုက်ပါတယ်ခင်ဗျာ"

သီလတို့အုပ်စု လက်ခုပ်လက်ဝါးတီးကာ ရယ်မောရင်း ချိုင့် ဆေးတဲ့လူကဆေး၊ ထမင်းဝိုင်းသိမ်းတဲ့လူသိမ်းနှင့် ထမင်းစားနားချိန်အား အဆုံးသတ်လိုက်ကြတော့သည်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



**ထို**သို့ သီလ အတွင်းဒဏ်ကို ကုသနေချိန်တွင် မိုးမြင့်မေလည်း နှလုံးသားကြေကွဲမှုကို သူ့နည်းသူ့ဟန်နှင့် ကုစားပြီးမိဘများအပေါ် မကျေနပ်မှုအား တိုက်ပွဲဝင် ဆန္ဒပြနေသည်။ လင်နောက်လိုက်ဖို့ကိစ္စ ပျက်သွားပြီးနောက် အိမ်ထဲမှအိမ်ပြင်မထွက်ရတော့သလို ဖုန်းသုံးခွင့်လည်း ပိတ်ပင်ခံခဲ့ရ၏။ ထိုပုံစံနှင့်တစ်လကိုးသီတင်းကြာသောအခါ မိုးမြင့် မခံစားနိုင်တော့၊ အဖေ့အမိန့်အာဏာကို တန်ပြန်ရန် စီစဉ်ခဲ့သည်။

ဒီနေ့ဆိုလျှင် အစာမစားဘဲ ဆန္ဒပြခဲ့တာ တစ်ပါတ်ပြည့်တော့မည်ဖြစ်သည်။ ထို့အတွက် သူ့အဖေနှင့်အမေ မျက်ဖြူဆန်ပြာ ဖြစ်နေကြပြီ။ အဆိုးဆုံးကတော့ ဒေါ်မေရီမြင့်ပင်ဖြစ်၏၊ သမီး အာဟာရပြတ်ပြီး အိပ်ယာထဲမလဲခင် သူလဲတော့မလိုဖြစ်နေသည်။ ဦးဖေသက်ခင်ကတော့ တင်းနိုင်သလောက် တင်း





ထားနေချင်သေး၏။

တကယ်တော့ အမှန်တကယ် အစာမစားဘဲ နေနေတာတော့ မဟုတ်၊ မိုးမြင့်က သူတို့တိုက်ကြီးထဲမှာ သီးသန့်အခန်းနှင့် နေသူဖြစ်သည်။ သူ့အခန်းထဲ ခုတင်၊ စာကြည့်စားပွဲ၊ ရေချိုးခန်း အိမ်သာက အပြည့်အစုံရှိသည်။ တီဗီအောက်စက် ကွန်ပျူတာကလည်းအသင့် laptop ကိုတော့ အဖေက သိမ်းသွား၏။

မောင်လာခိုးစဉ် လိုက်သွားခွင့် မရသည့်အတွက် မိုးမြင့်စိတ်အဆိုးဆုံးကတော့ မေမေ့ကိုသာ ဖြစ်သည်။ တန်ပြန်တိုက်စစ် ဆင်နွှဲဖို့ ဆုံးဖြတ်ပြီးကတည်းက ရယ်ဒီမိတ် စားစရာတွေကို ကြိုတင်စုဆောင်း သိုမှီးထားခဲ့၏။

ခေါက်ဆွဲခြောက်၊ ကိတ်ခြောက်၊ ကော်ဖီမစ်၊ အအေးကအစ အသင့်စား မြေအိုးမြီးရှည်ထုပ်များအထိ အလုံအလောက် စုဆောင်းပြီးမှ အစာငတ်ခံ ဆန္ဒဖော်ထုတ်ပွဲကို အကောင်အထည် ဖော်ခဲ့ခြင်းဖြစ်၏။

မိုးမြင့်၏ နွဲ့ဆိုးဆိုးကာ ကျင်းပသည့် စိတ်ကောက်မှုဝေဒနာပြပွဲတွင် အထိခိုက်ဆုံးသူကလည်း ဒေါ်မေရီမြင့်သာဖြစ်သည်။ အရသာမရှိသည့် အသင့်စား အဟာရများကြောင့် အာသာမပြေ ဖြစ်ခဲ့ရသဖြင့် မိုးမြင့် အမှန်တကယ် ပိန်သွားခဲ့သည်။ ထမင်းမစားဖြစ်သော တစ်ပါတ်အတွင်း မိုးမြင့် ဝိတ်အတော်ကျသွား၏။ ထို့အတွက် မေမေ့ပူပန်မှုက ထင်သာမြင်သာ ရှိလွှန်းနေသည်။

အခုလည်း မေမေ ရောက်လာပြန်ပြီ၊ မေမေ့ပူလာ



www.burmeseclassic.com

www.burmeseclassic.com



သည့် လင်ဗန်းပေါ်တွင် မုန့်ဟင်းခါးနှင့် နန်းကြီးသုပ် တစ်ပွဲစီ ပါလာ၏။ မိုးမြင့် သိပ်ကြိုက်သည့် အစားအစာတွေက အငွေ့တထောင်းထောင်းထကာ စားချင်စိတ်ကို မြူဆွယ်နေသည်။ ဒါတွေကို မေမေ တမင်ပြင်ဆင်လာတာပဲ ဖြစ်ရမည်။ သူ့အကြောင်း မေမေ အသိဆုံးကိုး. . .

"သမီး ဒါ သမီးသိပ်ကြိုက်တဲ့ ဈေးထဲက ဒေါ်နီ မုန့်ဟင်းခါးနဲ့ အသုပ်လေ၊ ထမင်းမစားရင်လည်း ဒါလေးတော့ စားလိုက်ပါကွယ်. . နော်"

ထိုသို့ပြောမှ မိုးမြင့်က နှုတ်ခမ်းစူကာ တစ်ဖက်သို့ လှည့်နေလိုက်သည်။ တကယ်တော့ မြင်နေရလျှင် အငမ်းမရစားမိမှာစိုး၍ဖြစ်၏။ အမုန်းဆွဲ ပစ်ချင်စိတ်နှင့် သွားရည်တွေ ပြုတ်ကျမလာအောင် မနည်းထိန်းနေရသည်။

"စားလိုက်ပါ သမီးရယ်၊ ကြာရင် ဒုက္ခတွေ ရောက်ကုန်လိမ့်မယ်"

"ဟင့်အင်း မစားသေးဘူး၊ သေပစေ"

"အဲသလိုမလုပ်ပါနဲ့ သမီးရယ်၊ မေမေ့ကို မသနားတော့ဘူးလား၊ အမေ့မှာ ဒီသမီး တစ်ယောက်ပဲရှိတာလေ၊ ခုတောင် ငါ့သမီးလေး အတော်ပိန်သွားပြီ"

"ပိန်ပိန် ဘာဖြစ်လဲ မစားဘူးဆို လုံးဝပဲ"

ဇွတ်ငြင်းနေရသော်လည်း စိတ်ထဲမှာတော့ စားပစ်ချင်လှပြီ၊ တကယ်သာ စားလိုက်ရလျှင် လိုက်ပွဲပါ ထပ်မှာရနိုင်၏။

"ဒီလိုမလုပ်ပါနဲ့ သမီးရယ်၊ ခုဆို သမီးဖေဖေလည်း





အတော် စိတ်ထိခိုက်နေတာပါ၊ သမီးဆန္ဒကိုသာပြော သူ့ကို မေမေရအောင် ပြောပေးမယ်"

"တကယ်လား"

"တကယ်ပေါ့၊ ဒါပေမယ့် အရင်စားလိုက်ဦးနော်"

"ဟင့်အင်း မစားသေးဘူး၊ သမီးဖြစ်ချင်တာတွေ ပြောမယ်၊ အဲဒါ ဖေဖေ့ကို သွားပြော"

"အင်းပါ. . ကဲပြော ဘာဖြစ်ချင်တာလဲ"

"သမီး မျက်နှာမများချင်ဘူး မေမေ၊ ပြီးတော့. . သမီးချစ်သူက ကလေကချေလည်း မဟုတ်ဘူး၊ မိန်းကလေး အသိုင်းအဝိုင်းရဲ့ အကူအညီကို မညားခင်မှာ မယူချင်တာ အပြစ်လား၊ ဖေဖေ့ဆန္ဒအတိုင်း မဖြစ်တာနဲ့တော့ သမီးတို့ မဝေးပါရစေနဲ့"

"အေးပါသမီးရယ် စားလိုက်တော့"

"ဟင့်အင်း မပြီးသေးဘူး၊ ကိုသီလ လက်ခံနိုင်တဲ့ အခြေအနေတစ်ခု ဖန်တီးပေးပြီး လက်ထပ်ဖို့ သဘောတူရမယ်"

"ပြောပေးမယ် စားလိုက်ဦး"

"နေပါဦး မေမေရယ်၊ မေမေပြန်လာရင် သမီးဖုန်းပါ ပြန်ယူလာခဲ့"

"ကောင်းပြီ. . ဒါလေးတော့ စားလိုက်ဦး"

"မေမေစိတ်ချမ်းသာအောင် သမီး စားလိုက်ပါ့မယ်၊ ဒါပေမယ့် ကတိမတည်ရင်တော့ လက်ညှိုးထိုး အန်ထုတ်ပစ်မှာ နော်"

"အမလေးလေး အဲလိုမလုပ်ပါနဲ့၊ အားလုံး အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



စေရမယ်၊ မေမေတာဝန်ယူတယ် စိတ်ချသမီး”

အပေးအယူ တည့်သွားသည့်နောက် မိုးမြင့် မုန့်ဟင်းခါး ပန်းကန်ကို ကောက်ကိုင်လိုက်သည်။ ဘူးသီးကြော်နှင့် မုန့်ဟင်းခါး ပူပူလေးက တကယ့်ကို စားချင့်စဖွယ် ဖြစ်နေ၏။ မိုးမြင့်က စိတ်မပါသလို မွှေလိုက်ခပ်လိုက် ပြန်ထည့်လိုက် လုပ်နေသည်။ မစားချင်သလို စားချင်သလို အိုက်တင်မျိုး. . .

“ကဲ. . သမီး ကုန်အောင်စားထားလိုက်နော်၊ မေမေ သွားပြောလိုက်ဦးမယ်၊ ဖြည်းဖြည်းလည်းစား”

“ဟုတ်. .”

မေမေ အခန်းထဲက ထွက်သွားတော့ မိုးမြင့်မေ မုန့်ဟင်းခါးနံ့ကို အားရပါးရ အနံ့ခံလိုက်သေးသည်။ ပြီးမှ အငမ်းမရ ဆွဲပစ်လိုက်၏။ စိတ်အထင် နှစ်မိနစ်တောင် မကြာလိုက်၊ မုန့်ဟင်းခါး ပြောင်တလင်း ခါသွားသည်။ ပြီးတော့ အသုပ်ပန်းကန်ဆီ လက်လှမ်းပြန်သည်။ အမြန်စား ပြိုင်ပွဲတွင် မြန်မာပြည် စံချိန်သစ် တင်နိုင်လောက်သည့် အချိန်ပိုင်းမျှနှင့် နန်းကြီးသုပ်လည်း ကိစ္စချောသွား၏။

“အေ့. . ဂေ့”

ဗိုက်ပြည့်ပြီး လေတက်သွားမှပဲ နေသာထိုင်သာ ရှိသွားသည်။ သွားကြားညပ်နေသည့် အကြွင်းအကျန် နံနံပင်ဖတ်ကိုပင် လျှာနှင့်ထိုးပြီး အာခေါင်ထဲ သွင်းလိုက်မိသေးသည်။ စားသောက်နေတုန်း ဘာကိုမှ မတွေးမိသလို ဘယ်သူ့ကိုမှလည်း သတိမရခဲ့၊ ယုတ်စွအဆုံး မောင့်ကိုပင် မလွမ်းမိ၊ အချစ်နှင့်





အစာအိမ်က တခြားစီဆိုတာ ဟုတ်နေပြီ ထင်ပါရဲ့။

ထိုစဉ်မှာပင် တံခါးဖွင့်သံနှင့်အတူ မေမေ ပြန်ဝင်လာသည်။ မျက်နှာက ကြည်လင်ဝင်းပနေသဖြင့် အောင်မြင်မှုရလာပြီဆိုတာ အတတ်သိလိုက်၏။

“ရော့. . သမီးရဲ့ဖုန်း၊ မေမေ တာဝန်ကျေတယ်နော်”

ဖုန်းကို မိုးမြင့် အလောသုံးဆယ် လှမ်းယူလိုက်ချိန်မှာ ပန်းကန်လွတ်များကို မေမေတွေ့သွား၏။

“ဟယ်. . သမီးလေး၊ အစားပြန်စားပြီ ဟုတ်လား၊ ဝမ်းသာလိုက်တာကွယ်”

“ဟွန်း. . မေမေ့ကိုသနားလို့ပါနော်၊ ဒါနဲ့ ဖေဖေဘာပြောလဲ”

“သမီးနိုင်သွားပါပြီကွယ်၊ မောင်သီလ လက်ခံနိုင်မယ့် အနေအထားမျိုး သူ စဉ်းစားမယ်တဲ့၊ သမီးလည်း သူ့ဆီ ဖုန်းဆက်တီးခေါက်ကြည့်ဦးပေါ့”

“တကယ်. . တကယ်လား မေမေ”

“တကယ်ပေါ့”

“ဒါဆို ကိုသီလဆီ ဖုန်းဆက်ရမယ်”

“ဆက်ပေါ့၊ ဒီနေ့ကစပြီး သမီး စိတ်မကောက်ရတော့ဘူးနော်”

“ဟုတ်ကဲ့ပါ”

ဒေါ်မေရီမြင့် စိတ်သက်သာရာရသွားဟန်နှင့် ပန်းကန်တွေသိမ်းကာ အခန်းထဲမှ ထွက်သွား၏။ မိုးမြင့် ဖုန်းဖွင့်ပြီး မောင့်



www.burmeseclassic.com

www.burmeseclassic.com



ထံ ဆက်သွယ်လိုက်သည်။

"ဟလို မောင်လား"

"ဟင်. . မေ. . မေ၊ မေ မောင့်ဆီ ဖုန်းဆက်တယ်ဒါ. . တကယ်လားဟင်"

"တကယ်ပေါ့ မောင်ရဲ့"

"ဒါဆို အကြောင်းထူးရှိလို့ပေါ့ ဟုတ်လား"

"အင်း. . မေလေ အစာငတ်ခံ တိုက်ပွဲဝင်လိုက်တာ မေတို့ကိစ္စ အောင်မြင်သွားပြီ သိလား"

"ဟင်. . အစာငတ်ခံတယ်၊ မေရယ် ဘာလို့ အဲလိုလုပ်ရ တာလဲ"

"မောင့်ကိုချစ်လို့"

"ကြားရတာ ကြည်နူးမိပေမယ့် မေ့ကို သနားလိုက်တာ ကွာ၊ အခု ကျန်းမာရေးကော ကောင်းရဲ့လား. . ဟင်"

"ကောင်းပါတယ်မောင်ရဲ့၊ အစာငတ်ခံတယ်ဆိုတာ လည်း မေမေတို့ကို အင်ထုလိုက်တာပါ။ အခန်းထဲမှာ ရယ်ဒီမိတ် စားစရာတွေ တပုံကြီးပဲ. . ခိုးစားနေတာ. . အဟိ"

"အိုး. . ဟိုး. . ဒီလိုလား မောင်ဖြင့် အဟုတ်မှတ်လို့ စိုးရိမ်လိုက်ရတာ တော်တော်ဉာဏ်များတဲ့ မေပဲ"

"ဘာပဲဖြစ်ဖြစ် ခု အဆင်ပြေသွားပြီလေ"

"ဟုတ်ပါပြီ ဉာဏ်ကြီးရှင် ဇနီးလောင်းလေးရယ်၊ ယော က္ခမကြီးတွေက ဘာပြောလဲ"

"မောင်လက်ခံနိုင်တဲ့ အစီအစဉ်တစ်ခုလုပ်ပြီး မေ့





ကိစ္စ သဘောတူပေးမယ်တဲ့"

"မင်္ဂလာရှိလိုက်တာ မေရယ်၊ မောင် တအားဝမ်းသာ သွားပြီ"

"မေလည်း ဝမ်းသာတာပါပဲ၊ အစီအစဉ်သိရရင် ဖုန်း ဆက်မယ်လေ"

"အိုကေ သိပ်တော်တဲ့မေ့ကို အနမ်းနဲ့ ဂုဏ်ပြုပေးမယ် သိလား"

"သိဘူး"

ကံကြမ္မာ အလှည့်အပြောင်းကထင်မှတ်မထားတာတွေ ဆက်တိုက်ဖြစ်ပေါ်နေသည်။ သီလနှင့် မိုးမြင့်မေ၏ အချစ်ဇာတ် လမ်းကို အကယ်ဒမီရ ဇာတ်ညွှန်းဆရာနှင့် ဒါရိုက်တာတွေ ပေါင်းကာ စီစဉ်ညွှန်ကြားနေသည်လားမသိ ဇာတ်ရှိန်အတက် အကျက စိတ်လှုပ်ရှားစရာ ကောင်းလွန်းနေ၏။

စိတ်ဓါတ်ချွတ်ခြုံကျနေသည့် သီလအတွက်လည်း မိုရိ သမင်း ထိုးခွင့်ရခဲ့သည့် သေခါနီးလူနာလို နာလန်ထလာခဲ့ သည်။ ဝိညာဉ်နှုတ်ခံထားရသည့် ဖုတ်ကောင်တစ်ကောင်ဘဝမှ အသက်ဝိညာဉ်နှင့်ခန္ဓာ ပြန်လည်ပေါင်းစည်းခွင့်ရသွားပြီ ဖြစ် သည်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



**မ**နေ့ညက မေ ဖုန်းဆက်ချိန်းဆိုထားခဲ့ကြသည့်အတိုင်း ကန်ပေါင်ပေါ်တွင် မနက်ကိုးနာရီအတိ ဆုံတွေ့ခဲ့ကြသည်။ ထို သို့ဆုံကြပြီးသည့်နောက် စကားပြောခြင်း အတတ်ပညာတွင် မိန်းကလေးများ ကျွမ်းကျင်ပိုင်နိုင်လှတာကို သီလ လက်တွေ့သိ ခွင့်ရလိုက်၏။

မေ ဒီလောက်စကားပြောနိုင်တာကို သမီးရည်းစား သက်တမ်းသုံးနှစ်အတွင်း သီလ ပထမဆုံး ကြုံခွင့်ရလိုက်ခြင်း လည်း ဖြစ်သည်။ စတွေ့ကတည်းက မေပဲ ဦးဆောင်ပြောလိုက် သည်မှာ အကြောင်းအရာပင် မထပ်သေး၊ အစာအငတ်ခံခဲ့ ယောင်ဆောင်ပြီး စွမ်းစွမ်းတမံ တောင်းဆိုရယူလာခဲ့သည့် အောင်မြင်မှုများကို အားပါးတရ ပြောပြသည်။

သီလမှာ . . အင်း . . ဟုတ်လား၊ တကယ် . . စသည့်





စကားလုံးလေးများသာ ဝင်ပြောခွင့်ရ၏။ ဇာတ်လမ်းတွဲမှာ ကြော်ငြာထိုးသလောက်သာ ပြောခွင့်ရရှာသည်။ မေက နောက် ဆုံးပိတ်အနေနှင့် သူတို့မိသားစု တံခါးပိတ်အစည်းအဝေး ကျင်းပပုံနှင့် ဆုံးဖြတ်ချက်များအား အလေးအနက် အသိပေး သည်။

"မောင်နဲ့မေ လက်ထပ်ဖို့ကိစ္စ ဖေဖေရော မေမေပါ သဘောတူလိုက်ကြပြီလေ"

"သိပ်ကောင်းတာပေါ့။ မေ့ရဲ့ ကံဇာတာကိုက မောင့် မယားဖြစ်ဖို့ ပါလာပြီးသား"

"ဟွန်း . . အဲလိုအပြောတွေကြောင့် မောင့်ကို အားမရ တာ၊ ဘာကိစ္စဖြစ်ဖြစ် အလေးအနက်မရှိဘူး၊ ပြောင်ချော်ချော်နဲ့"

မေက စိတ်ကောက်သလို နှုတ်ခမ်းကိုထော်၍ တစ်ဖက် သို့ လှည့်သွားသဖြင့် သီလ ကမန်းကတန်း ပြန်ချော့ရ၏။

"အခုမှ ချစ်သူဘဝ ပြန်ရကြတာပါ မေရယ်၊ စိတ် ကောက်တော်မမူပါနဲ့၊ ကဲ . . ပြောပါဦး၊ ယောက္ခမကြီးရဲ့ အစီ အစဉ်တွေ"

"အင်း . . ဖေဖေက စက်ာပူမှာပညာသင်လို့ ကုန်ကျ မယ့်ငွေကို မင်္ဂလာလက်ဖွဲ့အဖြစ် ပေးမယ်တဲ့"

"အဲဒါကို မေသဘောကျလား"

"အင်း . ."

"ဒါဆို မောင်လက်ခံတယ်"

"အမိကကတော့ တိုးတက်ကြီးပွားမယ့် အာမခံချက်



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ လုပ်ငန်းတစ်ခုကို ဦးစီးစေချင်တာပဲ"

"ဟုတ်ပြီလေ အဲဒါကို မောင်လည်း လက်ခံပါတယ် ပြီးတော့ရော"

"အခု မောင်နဲ့ အကြို ညှိနိုင်းတာလေ၊ မောင်လက်ခံရင် မောင့်မိဘတွေနဲ့ညှိ၊ သဘောတူရင် မောင်နဲ့မေ မိသားစုဆုံပြီး အကြိုညှိမယ်၊ နောက်ဆုံးမှာ နှစ်ဖက်မိဘတွေ့ပြီး အတည်ပြုမယ်"

"အိုကေ မောင်တို့ ယောက်ျားလေးဘက်က လုပ်ပေးနိုင်တာ တာဝန်ယူနိုင်တာတွေပါ ညှိကြတာပေါ့"

"အဟင်း ဒီတစ်ခါတော့ လွဲစရာ မရှိတော့ပါဘူးနော်"

"ဟုတ်တယ်မေ၊ ဒါပေမယ့် မောင် အရမ်းနှမြောနေခဲ့တာ"

"ဘာကိုလဲမောင်"

"ဒီအတိုင်းဆို မောင်တို့ ခိုးပြေးလို့ မရတော့ဘူးပေါ့၊ ခိုးပြေးရတဲ့ အတွေ့အကြုံ ဆုံးရှုံးသွားတာ ဘယ်လောက်နှမြောဖို့ကောင်းလဲ"

"အမယ်. . အမယ်၊ ခိုးရာလိုက်ရတဲ့ မိန်းကလေးအတွက် သိက္ခာကျရတာကို ထည့်မတွက်တော့ဘူးလား"

"ဒါတော့. . ဒါပေါ့၊ ဒါပေမယ့် ဟိုတစ်ခါကသာ မေ့အမေ ဝင်မရှုပ်ခဲ့ရင် ခုလောက်ဆို. . ဟင်း. . ဟင်း"

မေ့မျက်နှာ နီစွေးစွေးဖြစ်သွားကာ အရှက်ပြေ တိုက်ကွက်အဖြစ် သီလခါးကို လိမ်ဆွဲ၏။ သီလလည်း စချင်နောက်ချင်





စိတ်က အကင်းမသေသေးသဖြင့်. . .

"အင်း. . ခုလောက်ဆို မောင့်မယား ဖြစ်နေပြီ၊ ပြီးတော့ ညဘက်ကျရင်လဲ"

"ဟင်. . ပြောလေကဲလေပါလား၊ ဘာ. . ညဘက်လဲ ကဲ. . ကဲ"

မေက ရှက်စိတ်ကို သူ့လက်သီးဆုပ်ထည့်ကာ ဆုပ်ကိုင်နိုင်း သီလ ကျောပြင်ကို ဗျောတင်တော့သည်။

"အာ. . မေကလည်း မောင့်စကားတော့ ဆုံးအောင်နားမထောင်ဘူး၊ ညဘက်ကျရင် သရဲကား အတူကြည့်မယ်လို့ပြောတာ"

"ဟွန်း. . မောင်ပြောချင်တာ ဒီလိုမဟုတ်ပါဘူး"

"ဟာ. . . ဒါဆို ဆိုလိုရင်းကို သိနေတယ်ပေါ့၊ ဒါဆိုလည်းပြီးတာပဲ၊ မောင်ပြောချင်တာက ခုလောက်ဆို ကိုယ်ဝန်တွေဘာတွေ ရှိနေလောက်ပြီလို့. . ဟဲဟဲ"

"ဟယ်. . ကြည့်စမ်း၊ ညစ်ပတ်ကြီး၊ ကဲ. . ကဲ. . ပြောဦး. . ပြောဦး"

လက်ရှိကြုံတွေ့နေရမှုများအရ ချစ်သူမေသည် ကြက်သူငယ်တစ်ကောင်ဖြစ်လိုက် လက်ဝှေ့မယ်တစ်ယောက် ဖြစ်လိုက်နှင့် ပုံစံအမျိုးမျိုး ပြောင်းလျက် ရှိသည်ဟုသာ ပြောရတော့မည်ဖြစ်သည်။ အရှက်ပြေ ထုနှက်ပြီးနောက် မေက. . .

"ကဲပါ ဗလွတ်ရွတ်တွေ မပြောနဲ့တော့ မောင့်အလုပ်အကြောင်း ပြောဦး"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်အလုပ်ကတော့ အဆင်ပြေတယ်မေ၊ ခုဆို daily ကြေးက တစ်သောင်းခွဲ ရနေပြီ၊ အတွင်းပိုင်း ဒဂရေးရှင်း အလှ ဆင်တဲ့ဘက်ကို ရွေးလိုက်တာ မှန်သွားတယ်မေ"

"ဟုတ်လား ပညာသင်စ တစ်ရက်(၅၀၀၀)ကနေ တစ် သောင်းခွဲ ရလာပြီဆိုတော့ မဆိုးပါဘူး၊ ဒါပေမယ့် အနာဂါတ် ပလန် ချပြဖို့လည်း စဉ်းစားထားဦးနော်"

"စိတ်ချပါ မေရယ်၊ ဒီတစ်ကြိမ် အခွင့်အရေးကို မောင် ဘယ်လိုမှ လက်လွှတ်ခံမှာ မဟုတ်ဘူး"

မေ့မျက်နှာမှာ ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာလာ၏။ ကြည် နူးတက်ကြွပျော်ရွှင်နေသည့် ချစ်သူ့မျက်နှာကို အမြဲမြင်တွေ့ခွင့် ရပါစေဟု သီလ ဆုတောင်းနေမိသည်။ တစ်ကျော့ပြန်အချစ်ဇာ ဆန်းသစ်နုရွှစွာ သက်ဝင်လာပြန်ချေပြီလေ။

✠ ✠ ✠





**လွှတ်**မြောက်နယ်မြေ လက်ဘက်ရည်ဆိုင် ရပ်ဝန်းတွင် ထိုသတင်းကို ဖောက်သည်ချပြီးနောက် ချစ်တီးက တအံ့တဩ လေသံနှင့်. . .

"ဒါဆို မင်းတို့ ပြန်အိုကေသွားကြပြီပေါ့၊ ဟုတ်လား"

"ဒါပေါ့ကွ၊ မေက ငါ့ကို မခွဲနိုင်သလို ယောက္ခမကြီး တွေကလည်း ငါ့လိုသမက်ကို လက်မလွှတ်နိုင်တဲ့ သဘောပေါ့"

သီလ၏ ကြွားလုံးကို ကုသိုလ် မြင်ပြင်းကပ်သွားပုံရ သည်။

"တက်မထောင်နဲ့ သီလ၊ ပန်းတိုင် မရောက်သေးဘူး၊ မင်းယောက္ခမ ဘာတွေရစ်ဦးမလဲဆိုတာ ကြိုစဉ်းစားထား"

"ဟုတ်တယ် အဲဒီဘိုးတော်က လွယ်တာမဟုတ်ဘူး"

"အေးပါ. . ဖွဲ့စည်းပုံနဲ့လည်း ညီရမယ်၊ မူဘောင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဝင်ရမယ်၊ နှစ်ဖက်အကျိုးစီးပွားလည်း မထိခိုက်စေရဘူး၊ အဲဒီမြေပုံအတိုင်း ရအောင်ညှိသွားမှာပါ"

"ဩော်. . စကားပြောတာ လူလိုမပြောဘူး၊ ကြေးမုံသတင်းစာ ခေါင်းကြီးပိုင်း ဖတ်နေရသလိုပဲ"

အပျော်လုံးဆို့နေသည့် သီလအပြောကို ဝင်ပိတ်လိုက်သည့် ချစ်တီး၏မှတ်ချက်ကြောင့် အားလုံး အငြိမ့်ခွေကြည့်ရသလို ရယ်မိကြ၏။ ဖလန်းဖလန်းထနေသည့် သီလကို စူးစိုက်ကြည့်ရင်း ကုသိုလ်က တရားရဟန်နှင့်. . .

"ဩော်. . သီလတို့များ မနေ့တနေ့ကအထိ ခွေးနာလောက်ကိုက် ကြက်နာဂွမှန်၊ လဒတုတ်ကွေးမိတဲ့ရုပ်နဲ့ ခုတော့လည်း ရလာတဲ့ ထမင်းထုပ်ထဲက ကံစမ်းမဲ ငွေဆယ်သိန်းပေါက်တဲ့ ရေဘေးဒုက္ခသည်ရုပ်နဲ့"

"အဟဲ. . မင်းဘာပြောပြော မနာဘူးကွာ၊ ကြိုက်သလိုပြော"

သီလက ထိမထင်ဟန်နှင့် စိန်ခေါ်လိုက်၍ ကုသိုလ်တိုက်စစ်အရှိန်ကို မြှင့်တင်လိုက်သည်။

"တို့နာမည်တွေကိုက တစ်ဖအေစီမွေးပြီး အထွေးလိုက်ဖြစ်နေတာလေ"

"တိုင်မပတ်နဲ့ကုသိုလ် ဒဲ့ပြောလိုက်"

"ဒီလိုလေ တို့သုံးယောက်က ညီအစ်ကိုတွေ မဟုတ်ဘူး၊ ဒါပေမယ့် နာမည်တွေက ဒါန သီလနဲ့ ကုသိုလ်ဖြစ်နေကြတာ မဟုတ်လား"





ကုသိုလ်က သူ့စကား လေးနက်မှုရှိအောင် ရှည်ရှည်ဝေးဝေး နိဒါန်းပျိုးနေ၏။ ဒါနက စိတ်မရှည်တော့ဟန်နှင့် ဘုတောသည်။

"အဲဒီတော့ဘာဖြစ်လဲ လိုရင်းကို မရောက်တော့ဘူး"

"ဒါန သီလနဲ့ ကုသိုလ်ဆိုတာ အမြဲတွဲနေတာ မဟုတ်လား၊ ပေးကမ်းစွန့်ကြဲမယ်၊ သူတော်ကောင်းတရားကို အမြဲဆောက်တည်မယ်ဆိုရင် အလိုလို ကုသိုလ်ဖြစ်တာပဲလေ"

"အမလေးဟဲ့ ဓမ္မကထိကရယ်၊ မတန်မရာတွေ ပြောနေလိုက်တာ ပါးစပ်တစ်ခုထဲကွက်ပြီး ခရုသင်းစွဲနေပါဦးမယ်၊ လိုရင်းသာ တိုတိုရှင်းရှင်း ပြောပါတော့"

"တိုတိုပြောရရင် ဒီလိုကွာ သီလ၊ လက်တွေ့ဘဝမှာရော နာမည်အရပါ အမြဲတွဲနေတဲ့ တို့သုံးယောက်မှာ မင်းကချွန်ပြီး မိန်းမယူတာ မတရားဘူး"

"အဲဒီတော့. ."

"အဲဒီတော့ မင်းရဲ့ တိုက်ရာပါပစ္စည်းကို ဝေစုခွဲပေးပေါ့၊ အဲဒါပြောမလို့"

ကုသိုလ်၏ အပြောင်အပျက် တောင်းဆိုမှုကြောင့် သီလ တင်းချက်က နိုင်း(၉)လောက် ဖြစ်သွားသည်။ ဘာမပြောညာမပြောနှင့် အိကြာကွေးတစ်ချောင်း ဆွဲယူကာ နှစ်ခြမ်းဖြဲပြီး လက်နက်အဲဖြစ် အသုံးပြု၍ ကုသိုလ်၏ခေါင်းအား တဖြန်းဖြန်း ရိုက်နှက်လိုက်တော့၏။

"ရော့. . ဝေစု. . အဲဒါ မင်းအတွက် ဝေစု. . ရော့. .



www.burmeseclassic.com

www.burmeseclassic.com



ဝေစုႉ ႉ ရော့ႉ ႉ ရော့"

ကုသိုလ် တဟားဟားရယ်ရင်း ရိုက်ချက်များကို ရှောင်တိမ်းသည်။

"ဟော့ကောင်ႉ ႉ ဆံပင်တွေ ကြွက်ကိုက်ကုန်မယ်၊ မလုပ်နဲ့တော်တော့"

"ကြွက်ကိုက် မခံချင်ရင် ခေါင်းလျှော်လိုက် ယူဦးမလား ဝေစု"

"တော်ပြီႉ ႉ တော်ပြီ မယူတော့ဘူး၊ ဟားႉ ႉ ဟားႉ ႉ ဟား"







# မစွံမြှန်(၂)



အလုပ်နားရက်မို့ သီလ နေမြင့်အောင် အိပ်နေမိ၏။ ရှားရှားပါးပါး အစည်းအဝေးမရှိ ဂျူတီမရှိသည့်နေ့ဖြစ်၍ အဖေလည်း အိမ်မှာရှိနေသည်။ အိပ်ခန်းထဲ သီလ အပျင်းတစ်ပြီး နှပ်နေစဉ် ဝရန်တာဆီမှ ရှူးရှူးရှားရှားနှင့် ဟောဟဲဟောဟဲ အသံများကို ကြားလိုက်ရသည်။ ဘာလဲဟာဟုတွေးရင်း မသက်မသာ စိတ်နှင့် အခန်းပြင်ထွက်ရင်း စပ်စုကြည့်လိုက်သည်။

မာတာနှင့် ပီတုတို့က အားကစား ဝတ်စုံကိုယ်စီနှင့် လမ်းလျှောက် အပြေးကျင့်စက်ကိုသုံး၍ လေ့ကျင့်ခန်းလုပ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



တာကို တွေ့လိုက်ရသည်။ နှစ်ယောက်သား ပြုံးပြုံးရွှင်ရွှင်နှင့် နောက်ပြောင် ကျီစယ်နေကြသဖြင့် အသာလွှတ်ပေးထားပြီး မျက်နှာသစ် ရေချိုးဖို့ ထွက်လာခဲ့၏။

နံနက်ချိန်ခါ ပြုဖွယ်ရာများကို တက်သုတ်ရိုက် ဆောင်ရွက်ရင်း မိုးမြင့်အကြောင်းတွေးမိ၍ သွေးတွေနွေးပြီး ချစ်စိတ်တွေ နိုးကြွလာ၏။ သိပ်မကြာခင်ကာလမှာ အိမ်ထောင်သည် ဘဝဆီ တက်လှမ်းနိုင်တော့မည်မို့ အတွေ့အကြုံသစ်အတွက် ကြိုတင်ရင်ခုန် နေမိ၏။ မေမေက သတိတရနှင့် စကားစ၏။

"သား. . မိုးမြင့်မေတို့ မိဘတွေနဲ့ ဘယ်တော့တွေ့ရမှာလဲ"

"လာမယ့် တနင်္ဂနွေပါ မေမေ"

"မေမေတို့ဘက်က မင်္ဂလာဝတ်စုံ အိပ်ယာခမ်းနားနဲ့. . ဟိုတယ်တစ်ခုခုမှာ ညစ်ခံပွဲလုပ်ပေးမယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့. . အဲလောက်ဆို မျက်နှာမငယ်တော့ပါဘူး"

"အင်း. . သိပ်ပြီး ဇာမချဲ့မိစေနဲ့၊ ဒါမျိုးက ချဲ့မိရင် မဆုံးတော့ဘူး"

"ဟုတ်ကဲ့ပါ ဖေဖေ"

"သားသမီးချင်း မစာနာလို့ ပြောတာမဟုတ်ဘူး၊ မင်္ဂလာဆောင်ဆိုတာ တစ်ရက်နဲ့ ပြီးသွားတာ ဘဝကို ရင်ဆိုင်ရမှာက တစ်ရက်ထဲမဟုတ်ဘူး"

"သား သဘောပေါက်ပါတယ် ဖေဖေ"

နှစ်ဖက်မိဘ အခြေအနေက အဆင်ပြေနေသဖြင့်





သီလ စိတ်ရောကိုယ်ပါ ချမ်းသာနေသည်။ နှစ်ဖက်စလုံးတွင်လည်း တစ်ဦးတည်းသော သားသမီးများ ဖြစ်နေကြသဖြင့် မိဘအမွေအနှစ် အားလုံးကလည်း သူတို့အတွက်ပဲ ဖြစ်နေသည်။ တွေးကြည့်မိသည့် အနာဂါတ်က အတော်ပင် လှပနေ၏။

"မင်း ယောက္ခမတွေက သူဌေးတွေဆိုတော့ သူ့သမီးကို ထည့်လိုက်မှာ မဟုတ်ဘူး၊ မင်းကိုပဲ ခေါ်ထားကြမှာ"

"ယောက္ခမအိမ်တက် မျက်နှာငယ်ရတဲ့ သားမက်တော့ မဖြစ်စေချင်ဘူး သားရယ်၊ ကိုယ့်အိုးကိုယ့်အိမ်နဲ့ နေနိုင်အောင် ကြိုးစား"

"ဟုတ်ကဲ့ပါ မေမေရယ်"

"သား ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစားမှာပါ"

"အေး. . အဲဒါ အကောင်းဆုံးပဲ"

"သား လက်ဘက်ရည်ဆိုင် သွားလိုက်ဦးမယ်နော်၊ ချစ်တီးတို့နဲ့ ချိန်းထားလို့"

"အေး. . အေး"

တကယ်တော့ သီလက မေမေ့ကို ဖေဖေချော့မော့ပြီး ပြုစုခွင့်ရအောင် ရှောင်ထွက်လာခြင်းသာ ဖြစ်သည်။ အချစ်ဆိုသည်မှာ အရွယ်မရွေး ခံစားခွင့်ရှိသည့် အများပိုင် ရသတစ်မျိုးသာ ဖြစ်သည်မဟုတ်လား။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

**ဒီ**တစ်ကြိမ်မှာတော့ ကြိုတင်ဖုံးထောက်ထားသဖြင့် မိုးမြင့်ကိုယ်တိုင် ခြံဝမှာလာစောင့်နေ၍ အဆင်ပြေစွာ ခြံထဲ ရောက်လာခဲ့သည်။

"ဖေဖေ ရေချိုးနေတယ်မောင် ခြံထဲမှာ ခဏထိုင်ကြမယ်"

"ကောင်းတာပေ့ါ"

သီလနှင့်မိုးမြင့် ခြံထောင့်မှ ဒန်းစင်သို့ လျှောက်လာပြီး ဝင်ထိုင်လိုက်ကြသည်။ ထိုနေရာမှ မိုးမြင့်မေတို့ တိုက်ကြီးကို ကောင်းစွာမြင်နေရသည်။ သီလလည်း ခုမှပဲ ထိုတိုက်ကြီးကို သေချာကြည့်မိ၏။ ဆင်ဝင်တိုင်ကြီးနှစ်လုံးကပင် အတော်ခန့်ညားနေသည်။

အပြင်ကကြည့်တော့ နှစ်ထပ်သာ မြင်ရသော်လည်း အိမ်ထဲမှာ သုံးထပ်ဖြစ်သည်။ တိုက်၏ ဗိသုကာဒီဇိုင်းကလည်း





ဆတ်မီဆန်းပြားသည်။ မြေမပါ တိုက်တန်ဖိုးပင် သိန်းသုံးလေး ဆောင်လောက် ရှိနိုင်သည်။ သုံးလေးခါ ရောက်ဖူးထား၍ အတွင်းပိုင်း အပြင်အဆင်ကိုလည်း မှတ်မိနေသည်။ ကိုယ်တိုင်က အခန်းဖွဲ့ အလှဆင်ခြင်းအလုပ်ကို လုပ်နေသည်မို့ အတွင်းပိုင်း ခြယ်သ အလှဆင်ထားသည့် တန်ဘိုးဘယ်လောက်ရှိလဲဆိုတာ သီလ ခန့်မှန်းမိနေသည်။

သူနေသည့် အစိုးရအရာရှိ လိုင်းခန်းနှင့် ယှဉ်မိပြီး သီလ သိမ်ငယ်သွားသလို ခံစားရသည်။ ခြံဝမှ ဆင်ဝင်အထိ လမ်းကိုလည်း အီတာလျံကျောက်ပြားများ အကွက်စိကာ လှလှ ပုံဖော်ထားသည်။ အဖိုးတန် ပန်းပေါင်းစုံကိုလည်း အမြင် သာဒဖြစ်အောင် စိုက်ပျိုးထားသေးသည်။

မြေကြီးကို မြင်ချင်၍ပင် မြင်ခွင့်မရ၊ ကျောက်ပြား ဧရိယာ ကုန်သွားသည်နှင့် ဂျပန်မြက်ခင်းက မြေလွတ်မှန်သမျှကို လွှမ်းထား၏။ အလှဆင် ပန်းအိုးကြီးများမှာလည်း တိရိစ္ဆာန် ချပ်ပေါင်း စုံပါသော စဉ့်ရည်သုပ် သိန်းကျော်တန် အိုးကြီးများ ဖြစ်သည်။ မေ့ဖခင် ဦးဖေသက်ခင်၏ နေအင်အားက အိမ် ပြင်အဆင်နှင့်ပင် ကြောက်ခမန်းလိလိ ဖြစ်လို့နေသည်။ သီလ က်ပြင်းငွေ့ငွေ့ကို မသိမသာ ချလိုက်၏။

"မောင် ဘာတွေတွေးနေတာလဲ"

"ဩော် ဘာရယ်မဟုတ်ပါဘူးမေ၊ မောင်နဲ့မေက ဘဝ တွေနော်၊ မွေးချင်းမရှိဘဲ တစ်ယောက်ထဲ နေခဲ့ရတာ သိပ် းစရာ ကောင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်နော် မမေတို့လည်း အဲဒါပဲ ပြောနေကြ တာ ပျင်းနေလို့တဲ့"

"စိတ်ချထားလိုက်မေ၊ မောင်တို့သွားရင် ယောက္ခမတွေ ညည်းသွားအောင် ကလေးတစ်ယောက်နှစ်ယောက် တန်းစီပြီး မွေးပေးလိုက်မယ်"

"ဟွန်း. . ဒါပဲ"

"ဟဲ. . ဟဲ. . ဒါ သဘာဝလေ မေရဲ့၊ ပြီးတော့ သား အချစ် မြေးအနှစ်တဲ့၊ မေ့မိဘတွေ မြေးမျှော်ပြီး သမီးကို အိမ် ထောင်ချပေးတဲ့ကိစ္စကို မောင်က မသိချင်ယောင်ဆောင်နေလို့ ကောင်းပါ့မလား"

"ဟယ်. . မောင်. . မောင်နော်၊ သွား. . သွားတော့ ပြန်တော့"

သီလ သဘောကျစွာ ရယ်နေခိုက် အိမ်ဖော်မလေးတစ် ယောက် ပြေးလာတာ မြင်ရသည်။

"မမေကြီးတို့ ဧည့်ခန်းမှာ ရောက်နေကြပြီ မမလေး ဧည့်သည်ကို ခေါ်ခဲ့ပါတဲ့"

"အေး. . အခု လာခဲ့မယ်"

"ကဲ. . သမီးက နှင်ထုတ်ပေမယ့် ယောက္ခမက လှမ်း ခေါ်နေပြီ၊ ဘယ်လိုလုပ်မလဲ ပြန်ရမှာလား"

"မသိဘူး. . သွား"

"သွားမယ် အိမ်ထဲကို"

သီလက မိုးမြင့်လက်ကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်၍





ဆွဲခေါ်ထွက်လာတော့ မိုးမြင့် မသိမသာ ရှုန်းထွက်သည်။

"မောင်နော် ဣန္ဒြေရရနေ"

လျှောက်လာတာ ဆင်ဝင်အောက် ရောက်လာပြီမို့ သီလလည်း မျက်နှာအပိုးသတ်ခါ လူရိုးလေး ဟန်ဆောင်လိုက် ၏။ ဧည့်ခန်းတွင် ယောက္ခမမောင်နှံ ရောက်နေပြီ ဖြစ်သလို စားသောက်ဖွယ်ရာများလည်း ပြင်ဆင်ထားပြီး ဖြစ်နေပြီ။

"လာ. . သားတို့ သမီးတို့ ထိုင်ကြ"

"ဟုတ်ကဲ့. ."

ဒေါ်မေရီမြင့်က ဖိတ်ခေါ်သလို ဦးဖေသက်ခင်ကလည်း ပြုံးပြသဖြင့် သီလ ရင်ချောင်ကာ စိတ်အေးသွား၏။ ရောက်မ ဆိုက် ဆိုသလိုပင်. . .

"အဟမ်း. . သမီးစိတ်ချမ်းသာရေးကို ဦးစားပေးပြီး သမီး ဆန္ဒအတိုင်း ခွင့်ပြုပေးဖို့ ဆုံးဖြတ်ထားတာ မောင်သီလ သိပြီးရောပေါ့"

"ဟုတ်ကဲ့. ."

"ဒီတော့ မင်္ဂလာကိစ္စ စကားပြောရအောင် နှစ်ဖက် မိဘဆုံဖို့ နေ့သတ်မှတ်ရအောင်ကွာ မကောင်းဘူးလား"

"ဟုတ်ကဲ့ ကောင်းပါတယ် အန်ကယ်၊ အန်ကယ်တို့ အဆင်ပြေတဲ့နေ့သာ ရွေးပါခင်ဗျာ"

"ဒါနဲ့ စကားမစပ် မောင်သီလ နိုင်ငံခြားသွားပြီး အလုပ် လုပ်ဖို့ကော စိတ်မပါဘူးလား"

စကားလမ်းကြောင်း ရုတ်တရက် ပြောင်းသွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သီလ စိုးရိမ်စိတ်တွေ ခေါင်းပြူလာပြန်သည်။ သေချာရှင်းပြမှ ဖြစ်တော့မည်မို့. . .

"ကျွန်တော် ကျောင်းပြီးခါစက အဲဒီလိုပဲ တွေးဖူးပါတယ်အန်ကယ်၊ မိဘတွေကလည်း ဖြစ်အောင်ပို့ပေးဖို့ စီစဉ်ခဲ့ပါသေးတယ်ခင်ဗျ၊ ဒါပေမယ့် အခု အလုပ်ကို ဝင်လုပ်ကြည့်လိုက်တော့ အခွင့်အလမ်းတွေကို မြင်လာပါတယ် အန်ကယ်"

"ဪ. . အင်း"

"ခေတ်ကလည်း ပြောင်းသွားပြီ၊ ဒီမှာ-ကွန်ပျူတာ ကဏ္ဍက တအားဖွံ့ဖြိုးလာနေတာလေ၊ ကျွန်တော်တောင် အခွင့်အလမ်းတချို့ ဆုပ်ကိုင်မိနေပြီ၊ ဘာပဲလုပ်လုပ် သေးသေးလေးကစ ဆိုသလိုပဲ အခု ကျွန်တော် ကော်ပတ်တိုက်စက်၊ ကြွေပြားဖြတ်စက်၊ သံရိုက်တဲ့ gun၊ ရွှေပေါ်ထိုးစက်ကအစ ဝယ်စုထားပြီးပါပြီ၊ ရပ်ကွက်ထဲက ကန်ထရိုက်တိုက်လောက်တော့ ဦးစီးနိုင်ပါပြီ၊ အတွင်းပိုင်း အလှဆင်ကဏ္ဍပေါ့ ခင်ဗျာ"

"အင်း. . အန်ကယ်လည်း အိမ်ဆောက်ပစ္စည်း ရောင်းဝယ်နေတာပါ၊ မောင်သီလပြောတာ လက်ခံပါတယ်"

"ဟုတ်ကဲ့. . ပြီးတော့လည်း နိုင်ငံခြားမှာ မြန်မာတွေ အနှိမ်ခံရတာ၊ လူကုန်ကူးခံရတာ၊ လုပ်အားခ ခေါင်းပုံဖြတ်ခံရတာတွေ များလွန်းတော့ ဟိုမှာကျွန်ခံရတာကို စိတ်မပါတော့ဘူး အန်ကယ်"

"ဟုတ်တာပေါ့"

"ဒီမှာလည်း အခွင့်အလမ်းတွေ ပေါ်နေပြီဆိုတော့ ကြိုး





စားတဲ့လူအတွက် အောင်မြင်မှုက လက်တကမ်းမှာပါ အန်ကယ်"

ယောက္ခထီးနှင့် သားမက်လောင်း လေပေးဖြောင့်နေသဖြင့် မိုးမြင့်နှင့် ဒေါ်မေရီမြင့်တို့ မျက်နှာတွေလည်း ကြည်သာရွှင်ပျ ဝင်းပနေကြ၏။ ဒေါ်မေရီမြင့်က. . .

"မောင်သီလ အအေးသောက် မုန့်စားဦး"

သီလ အအေးတစ်ငုံ သောက်အပြီးတွင်. . .

"သားမိဘတွေ ဘာမှာလိုက်သေးလဲ"

BURMESE CLASSIC

"ဪ. . ဟုတ်ကဲ့ မိန်းကလေးရှင်ဘက်က တောင်းဆိုတဲ့ ဟိုတယ်မှာ ညည့်ခံပွဲကျင်းပပေးပါ့မယ်တဲ့၊ အိပ်ယာခမ်းနားနဲ့ မင်္ဂလာဝတ်စုံအတွက်လည်း တာဝန်ယူပါ့မယ်လို့ မှာလိုက်ပါတယ် အန်တီ"

"အင်း. . အင်း. . ကောင်းပါတယ်ကွယ်"

အားလုံး အဆင်ပြေနေသဖြင့် မိုးမြင့်မေတစ်ယောက် နှုတ်ပြုံးများနှင့် ပီတိဖြစ်နေလေ၏။ အန်တီ့စကားအဆုံးမှာ အန်ကယ်က စကားဆက်သည်။

"အန်ကယ်တို့က သမီးရှင်ပါ၊ နှစ်ဖက်မိဘ အသိုင်းအဝိုင်းနဲ့ ဂုဏ်သိက္ခာကို ငဲ့ပြီးတော့သာ ဟိုတယ်မှာလုပ်ရမှာ ဒါတွေကအပိုတွေ"

"အဲလိုတော့လည်း မဟုတ်သေးပါဘူး ခင်ဗျာ၊ မိုးမြင့်အတွက် အမှတ်တရဖြစ်အောင်တော့ လုပ်ပေးရမှာပေါ့ အန်ကယ်လ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ကိုဖေရယ်၊ သားပြောတဲ့ အစီအစဉ်ကို လက် ခံပေးလိုက်ပါ၊ သမီးမိန်းကလေးအတွက်က တမင်္ဂလာပဲ ရှိတာလေ"

"အေးပါ လက်ခံပါတယ် ကျုပ်က သဘောပြောတာပါ"

"စိတ်ချပါ ခင်ဗျာ၊ မိုးမြင့်မှာလည်း အပေါင်းအသင်းဆို တာ ရှိသေးတော့ သူ မျက်နှာမငယ်အောင် စီစဉ်ပေးမှာပါ"

"ကိုင်း. . ဒါဆို"

ဦးဖေသက်ခင်က သူ့တက်ဘလက်ကိုဖွင့်ပြီး ပြက္ခဒိန် တွင် ရက်ရွေးနေ၏။

"အင်း. . လာမယ့်တနင်္ဂနွေပဲ ကောင်းပါတယ်ကွာ တနင်္ဂနွေဆိုတော့ အများစု အားကြတယ်လေ၊ အချိန်ကတော့ ဆယ်နာရီပေါ့၊ အန်ကယ့် အရင်းနှီးဆုံးမိတ်ဆွေ လေးငါး ယောက်တော့ ဖိတ်ထားမှာ ဟိုတယ်က မနက်စာမှာထားမယ် ကွာ"

"ဟုတ်ကဲ့. . စိတ်ချပါ ခင်ဗျ"

"ကိုင်း. . ဒါဆို ပြောစရာကုန်ပြီဆိုတော့ အန်ကယ်သွား မယ်၊ အလုပ်က ရှိသေးတယ်"

"ဟုတ်ကဲ့ပါ. . အန်ကယ်"

ဦးဖေသက်ခင် ပြောဆိုပြီးသည်နှင့် ထွက်သွားတော့၏။ ဒေါ်မေရီမြင့် ကားနားရောက်သည်အထိ လိုက်ပို့သည်။ ပြန်ဝင် လာတော့. . .

"ကဲ. . သမီးတို့ အေးအေးဆေးဆေး စကားပြောကြဦး





မေမေ မီးဖိုချောင် ဝင်လိုက်ဦးမယ်"

"ဟုတ်. . မေမေ"

အန်တီကြီး ပျောက်ကွယ်သွားသည်အထိ လိုက်ကြည့် ပြီး စိတ်ချရသည်ဆိုသည်နှင့် သီလ ဖြတ်ခနဲဆိုသလို မိုးမြင့်မေ ား နားရောက်သွား၏။

"မောင်နော်. . သွား. . ကိုယ့်နေရာကိုယ် ပြန်ထိုင်"

"ဟ. . ဖြစ်မလား၊ ဒယ်ဒီ ပါပါးနဲ့ မာမား မေမေတို့က ာင့်လက်ထဲ သူတို့သမီးကို ကျိုးထိုးထိုး ခွေးစားစားဆိုပြီး ်ထားခဲ့တာလေ၊ မောင့်သဘောပေါ့"

သီလက အပြောမဟုတ်၊ မိုးမြင့်လက်ကိုပါ လှမ်းယူဆုပ် င်လိုက်သေး၏။ ရှက်သွေးဖြန်းနေသော မိုးမြင့်က ဆောင့် ပြီး တစ်ခုံကျော်သို့ ပြောင်းထိုင်လိုက်သည်။ သီလက အတင်း က်၍ ကပ်ထိုင်၏။ မိုးမြင့် နောက်တစ်ခုံ ထပ်ပြောင်းပြန်သည်။ လ လိုက်ပြောင်းဖို့ ဟန်ပြင်စဉ် အိမ်ဖော်မလေး ထွက်လာတာ ့၍ ကိုယ်ရှိန်သတ်လိုက်ရ၏။

သီလ ဖြစ်သွားတာကိုကြည့်ရင်း မိုးမြင့် တသိမ့်သိမ့်ရယ် ည်။

"အေးပါ. . အေးပါ. .၊ လွန်ရောကျွံရော နောက်လ ်လောက်ဆို မေက မောင့်ရဲ့ တရားဝင်ဇနီး ဖြစ်လာမှာ၊ ်တော့မှ ရှောင်နိုင်ဦးမလားဆိုတာ ကြည့်ကြသေးတာပေါ့. . င်း. . ဟင်း"

"အဲဒါကနောက်ကိုစ္စ၊ အခု ငြိမ်ငြိမ်လေး ထိုင်နေရင်



www.burmeseclassic.com

www.burmeseclassic.com



ရပြီ"

ထိုနေ့က ဒေါ်မေရီမြင့် မိုးမြင့်မေတို့နှင့်အတူ ထမင်း လက်ဆုံစားဖြစ်၏။ ပြောရင်းဆိုရင်း စားရင်းသောက်ရင်းနှ ဒေါ်မေရီမြင့်၏ ခင်မင်မှုကိုပါ အရယူနိုင်ခဲ့၍ သီလ ဝမ်းမြော ဝမ်းသာ ဖြစ်နေသည်။

စားသောက်ပြီး ပန်းခြံထဲမှာ ပြန်ထိုင်ဖြစ်သည်။ ဒီမှာတော့ မိုးမြင့် ရှောင်လို့မရပဲ ချောင်ပိတ်မိသွား၏။ သီလက တမင်ပင် နောက်သလို ပြောင်သလိုနှင့် အတင်းပူးကပ်ထိုင် သည်။ မိုးမြင့်လည်း ရုန်းမနေတော့။

"မောင် သိပ်ပျော်နေလားဟင်"

"ဘယ်လိုမေးလိုက်တာလဲ မေရယ်၊ ဒါ ပျော်စရာမဟုတ် လို့ ဘာလဲ၊ ဒီလိုနေ့ကို မောင်တို့မျှော်ခဲ့ကြတာ မဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲမေ မပျော်လို့လား"

"ပျော်တာထက် မောင့်ကိုကြောက်တာ ပိုနေလို့"

"ဟာ. . ဒီကောင်မလေးတော့လား၊ ကဲ. . ကြောက် ကြောက်ဦး"

သီလက မေ့အား ရင်ခွင်ထဲ ဆွဲသွင်းကာ အကြင်နာ သည့် အနမ်းမိုးတွေ ရွာပစ်လိုက်တော့၏။ ဒါ တူနှစ်ကိုယ် ဘ သစ်ခရီးအတွက် စရန်သတ်လိုက်တာပဲ ဖြစ်တော့သည်လေ

✠ ✠ ✠





BURMESE CLASSIC

**ချစ်**တီးနှင့် ကုသိုလ်တို့ အတင်းအကျပ် တောင်းဆိုသည့်အတွက် လူရင်းသုံးယောက်သာပါသည့် ဘာလချောင်ကြော် နှိုက်စားသည့်ည. . အဲလေ. . ဘချလာနိုက်ကို ကြိုတင်ကျင်းပ ဖြစ်ခဲ့သည်။

ခေတ်ပေါ် သေတင်းကုတ် ဘီယာစတေးရှင်တွင် သုံးယောက်သား အားတက်သရော ရောက်ရှိနေကြသည်။ စည်ဘီယာ၊ ဝက်နံရိုးကြော်၊ ကန်စွန်းပလိန်း ငါးခေါင်းချဥ်စပ်ဟင်းချိုတို့နှင့် သောက်ပွဲကြီး ကျင်းပနေကြသည်။ လက်အသွက်ဆုံးက သမိုင်းကောင် ရာဇဝင်အူပေါက် ချစ်တီးဖြစ်၏။

သူများတွေ တဝက်ကျိုးချိန်မှာ သူက တစ်ခွက်ကုန်နေပြီ၊ ကြာရန်ကောဟူသော အကြည့်မျိုးနှင့် သီလတို့အား လှမ်းရှိုးပြီး နံရိုးကြော်တစ်ဖတ် ကောက်ဝါးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တီး မင်းလို ရာဇဝင် မြတ်နိုးတဲ့ကောင်က ခေတ်ပေါ်ဘီယာကို မသောက်သင့်ဘူး၊ မင်း ဖက်တွယ်ထားရမှာက ထန်းရည်ပဲ၊ ထန်းတောသွားပြီး ပင်ကျရည်သာ သောက်နေစမ်းပါကွာ"

"ကုသိုလ် ဘီယာကို ခေတ်ပေါ်သေရည်လို့ ဘယ်သူက ပြောလဲ၊ ဒီမယ် ရောင်းရင်း သူငယ်ချင်းတို့ မြန်မာတစ်ပြည်လုံး သူ့ကျွန်ဘဝ ရောက်ပြီးတဲ့နောက် အင်္ဂလိပ်တွေသောက်တဲ့ ပထမ ဆုံးစက်ရုံက ဘာစက်ရုံလဲ သိလား"

"သိပ်သိ. . သေနတ်စက်ရုံ၊ လက်နက်စက်ရုံ"

"ဟား. . ဟား. . ဟား. . ဟုတ်မလားကွာ၊ ကဲ. . သိလ မင်းမှန်းကြည့်စမ်း"

"ဖန်ချက်စက်ရုံကွာ"

"နိုး. . နိုး. . ဇန်နဝါရီနေ့လိပ်ချ်၊ ဖေဖော်ဝါရီနေ့လိပ်ချ် ဘာဆိုဘာမှမရှိ သနားစရာ ချွတ်ကရားလေးတွေပါလား၊ ဆင်းရဲသားလေးတွေမို့ သနားတောင် သနားမိတယ်ကွာ၊ တကယ်ပဲ"

"ဘာကို ဆင်းရဲရမှာလဲ၊ မင်းတို့ တစ်မျိုးလုံးပေါင်းတာထက်တောင် ချမ်းသာသေးတယ် သိလား"

"ဆင်းရဲသားလို့ ပြောတာက အတွေးအခေါ် ဗဟုသုတ ဆင်ခြင်တုံတရား ခေါင်းပါးတယ်လို့ပြောတာ၊ ပိုက်ဆံအကြောင်း မပါဘူး"

"ဟော့ကောင်. . မင်း တစ်ခွက်ကုန်ရုံပဲရှိသေးတယ်





ရစ်ချင် နေပြီလား၊ အားလုံး ပျော်ရအောင် ဒီပွဲကျင်းပပေးတာနော်"

"တစ်ခွက်နဲ့ မူးစရာလားကွ၊ ခဏပဲ သည်းခံနားထောင် ဂျင်နရယ်နေ့လိပ်ချ် ချို့တဲ့ရှာတဲ့ ဆင်းရဲသားလေးတွေကို ဗဟုသုတ မျှဝေပေးရသေးတာပေါ့၊ မှတ်ထားလိုက်ကြ၊ အင်္ဂလိပ်တွေ ပထမဆုံး ဆောက်သွားတာ မန္တလေးဘီယာလို့ အမည်တွင်မယ့် ဘီယာချက်စက်ရုံကွ၊ (၁၈၈၆)မှာစခဲ့တာ၊ သက်တမ်းနှစ်တစ်ရာ ကျော်သွားပြီ၊ ဒါကြောင့် ဘီယာက ခေတ်ပေါ် မဟုတ်ဘူး၊ ရှေးဟောင်းပစ္စည်းအစစ်ပဲ နားလည်လား၊ အဲဒီတော့ ရာဇဝင်လူသားနဲ့ ဘီယာက သိပ်လိုက်ဖက်နေတာပေါ့ကွာ"

သမိုင်းသင်ခန်းစာ ပို့ချသလို ပြောဆိုမှုအဆုံးမှာ ချစ်တီးဘာ ဘီယာတစ်ခွက် ထပ်ငှဲ့ကာ ကစ်နေပြန်၏။ ကုသိုလ်တို့ ဘာမှမတုန့် ပြန်နိုင်ကြ။ ဘီယာသောက် အမြည်းစားရင်း နှုတ်ဆိတ်နေကြသည်။

"ဟား. . ဟား. . ဟား. . ကဲ ရာဇဝင်ကောင် မင်း ဘာငင်ဟောင်ဦးမလဲ"

သမိုင်းကောင် ငြိမ်သွားတော့ အကုသိုလ်အမူ ကျူးလွန်နေသည့် ကုသိုလ် တစ်စခန်း ထလာပြန်သည်။

"ဒါနဲ့ မင်းတို့လက်ထပ်ပြီးရင် ဘယ်မှာနေကြမှာလဲ"

"အင်း. . အမေက အတူနေချင်တာပေါ့၊ ဒါပေမယ့် ခမ့ကို အားနာလို့"

"ဒါတော့ ဟုတ်တယ်၊ မိုးမြင့်က ကိုယ်ပိုင်အခန်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



နေလာတဲ့သူ သူ့အခန်းကတင် မင်းတို့တိုက်လောက်ရှိတာ၊ မင်းပဲ မိုးမြင့်တို့ဆီ လိုက်နေတာ ကောင်းပါတယ်ကွာ၊ ဒါမှ လွတ်လွတ်လပ်လပ် လုပ်လို့ကိုင်လို့ရမှာ"

"ဘာ. . ဘာလဲကွ၊ လုပ်လို့ကိုင်လို့ဆိုတာ"

"ဟေ. . ဟာ. . ဆောရီး၊ နေလို့ထိုင်လို့ ကောင်းမှာလို့ ပြောတာ၊ စကားမှားသွားလို့. . ဆောရီး. . ဆောရီး၊ ဟဲဟဲဟဲ"

"ကုသိုလ် မင်းက တကယ့်ငါးမြွေထိုးပဲ၊ အားလုံးကို ပတ်မွှေနေတဲ့ကောင်"

သီလ၏ ဘလချာနိုက်က စကားပြောလို့လည်းကောင်း သောက်လို့လည်းကောင်းကြသဖြင့် နောက်ထပ် ဘီယာသုံးဂျားထပ်မှာပြီးမှ ဝိုင်းသိမ်းဖြစ်ကြသည်။ အားလုံးအတွက်တော့ ချစ်တီးပြော ခဲ့သလိုပင် အတော်ဆီးရွှင်သော နေ့တစ်နေ့ ဖြစ်ခဲ့လေ၏။

✠ ✠ ✠





**ထို**နေ့က သီလ ကျိုးမနိုးခင်ပင် နိုးနေခဲ့သည်။ မေတို့အိမ်မှာ နှစ်ဖက်မိဘ ဆုံတွေ့ကာ သမီးတောင်းဖို့ လုပ်ငန်းစဉ်ကြီး ရှိနေသည့်နေ့မို့ ဝိရိယကောင်းနေတာ ဖြစ်နိုင်သည်။ ဘယ်လိုမှ ဆက်အိပ်လို့ မရတော့သည့်အတွက် မျက်နှာသစ်ပြီး လက်ဘက်ရည်ဆိုင် ထွက်လာခဲ့သည်။

ဆိုင်မှာ အကြော်ဆရာက အီကြာကွေး ကြော်ခါစပင် ရှိသေး၏။ လက်ဘက်ရည် ပေါ့ဆိမ့်မှာပြီး အီကြာကွေး တစ်ပွဲမှာထားလိုက်သည်။ လက်ဘက်ရည်ကို မှုတ်၍မော့ရင်း ဒီနေ့ခရီးစဉ်မှာ ဘာတွေဘယ်လိုပြောကြမလဲ. . ဆိုတာ တွေးပူမိ၏။ အဖေကတော့ လုံးဝအာမခံသည်။

"ပူမနေပါနဲ့ငါ့သားရာ အဖေက ညွှန်မှူးတွေ ဝန်ကြီးတွေကို အမြဲတမ်း အစီရင်ခံနေကျပါ၊ ဘယ်သူ့ကို ဘယ်လို ဆက်



www.burmeseclassic.com

www.burmeseclassic.com



ဆံရမလဲ၊ ဘယ်အချိန် ဘာစကားပြောရမလဲဆိုတာ လွှတ်သိတဲ့ မင်းအဖေပါကွ” ဟုပြောသည်။

အဖေဘယ်လိုပဲ အာမခံခံ. . စိတ်ပူတာတော့ အမှန်ပဲဖြစ်သည်။ ဦးဖေသက်ခင်က သူပိုင် မနေအရှိန်အဝါနှင့် ထိုက်သင့်သလောက် မာရည်ကြောရည်နိုင်ပြီး ပေါင်းသင်းဆက်ဆံရခက်သူဖြစ်သည်။ ထို့ပြင် ဒေါ်သကလည်း ကြီးသေး၏။

အဖေက ဆက်ဆံရေးကောင်းသလို ပညာရှိဆန်သည်။ ရေလိုက်ငါးလိုက် လိုတိုးပိုလျှော့ ပြောဆိုရာတွင် လိမ္မာ၏။ ဒီပွဲက အဖေ့အပြောအဆိုပေါ်မှာ မူတည်နေသည်။ ခုမှတော့ ဩဘာတဖတ်ပြီး အပြောအဆို ကောင်းလှသည့် ဦးရန်ပိုင်စိုးတို့ ဦးသိန်းလှမော်တို့ ဒေါ်တင်မိုးလွင်တို့ကို သွားငှားဖို့လည်း မဖြစ်တော့သည်မို့ အဖေ့ကို ယုံမှတ်ပြီး ပုံအပ်ထားလိုက်တာပဲ ကောင်းလိမ့်မည်ထင်၏။

စိတ်စော စိတ်မောမှုများနှင့် နံနက်ခင်း အာဟာရကို တွဲဖက်စားသုံးပြီး သီလ လက်ဘက်ရည်ဆိုင်မှ ပြန်လာတော့ ခုနစ်နာရီမ ထိုးတတ်သေး၊ အမေတို့အတွက် မုန့်ဟင်းခါးပါဆွဲပြီး တိုက်ပေါ်တက်လာခဲ့သည်။ အခန်းတံခါးကို လျှို့ဝှက်နည်းနှင့် နှိုက်ဖွင့်ပြီး အထဲသို့ဝင်ခဲ့သည်။

“မေမေ. . မေမေတို့ နိုးနေပြီလား”

“ဟင်. . သားလား၊ မြန်မြန်လာစမ်းပါ သားရယ်၊ မင်းလည်း မနက်မလင်းသေးဘူး၊ ဘယ်လျှောက်သွားနေတာလဲ”

အရေးတကြီးလေသံနှင့် မေမေလှမ်းခေါ်တာကြား၍





နောက်ဖေးသို့ ခပ်သုတ်သုတ်ဝင်လာခဲ့၏။ အိမ်သာရှေ့မှာအမေ့ကို အားပြုပြီး ရပ်ဖို့ကြိုးစားနေသည့် ဖေဖေ့အား တွေ့လိုက်ရသဖြင့် သီလ စိုးရိမ်သွားသည်။

“ဟင်. . ဖေဖေ. . ဖေဖေ ဘာဖြစ်လို့လဲ”

“သွေးဝမ်းတွေသွားတာ ခုဆို သုံးခါရှိပြီ ဒလဟောပဲ”

“ဟင်. . ဒါဆို ဘယ်လိုလုပ်ကြမလဲ”

“ဆေးရုံပို့ရမှာပေါ့၊ မြန်မြန်လုပ်”

“ဟုတ်ကဲ့”

ထူပူပြီး အစိုးရိမ်လွန်သွားသည့် သီလ ရုံးကားကို သွားထုတ်ပြီး တိုက်လှေကားဝတွင် ရပ်ထားလိုက်သည်။ အပေါ်ပြန်တက်ပြီး လိုအပ်တာတွေ ပြင်ဆင်ရသည်။ ထိုပစ္စည်းခြင်းကို အမေ့လက်အပ်ပြီး အဖေ့အားကုန်းပိုးကာ အောက်သို့သယ်လာခဲ့၏။ အဖေက စကားမေးပင် မရတော့။

ဆေးရုံကြီး အရေးပေါ် လူနာကုသဆောင် အရောက်တွင် လိုအပ်တာတွေ စစ်ဆေးပြီး သွေးထိန်းဆေး ထိုးပေးကာ ဆေးရုံတင်ဖို့ ညွှန်ကြားချက်ရ၏။ သို့နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းမှ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ အဆောင်သို့ ပြောင်းရွှေ့ခဲ့ရ ပြန်သည်။

ထိုအဆောင်ကို ဟာဂျီဒေါ်ပုခေါ် သူဌေးမကြီးက ဆောက်လုပ်လှူဒါန်းခဲ့သဖြင့် ဒေါ်ပုအဆောင်ဟု လူသိများ၏။ ဆေးရုံမှာ ကုတင်ရပြီးနောက် သွေးဆုံးရှုံးမှု လွန်နေပြီဖြစ်သည့် အဖေ့အတွက် သွေးသွင်းဖို့ ဆက်လက်လုပ်ဆောင်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ABသွေး သုံးပုလင်း သွင်းရန် ပြင်ဆင်ကြသည်။ သွေးလှူဘဏ်မှ လိုအပ်သောသွေးကို အဆင်ပြေပြေရသော်လည်း အစားပြန်ပေးရမည်ဟုဆို၏။

အဖေနှင့်သွေးအမျိုးအစားတူသဖြင့် သီလ သွေးဖေါက်စစ်ဆေးပြီး သွေးလှူရပြန်သည်။ အဖေ့ အခြေအနေက စိုးရိမ်ရသည်မို့ သားအမိနှစ်ယောက် ဘာကိုမှ မစဉ်းစားနိုင်ဘဲ မျောက်မီးခဲကိုင်မိသလို စိတ်စောပျာယာခတ်နေကြ၏။ မနက်ဆယ်နာရီထိုးလုလုတွင် သွေးပုလင်းဝက်ခန့်ဝင်သွား၍ အဖေ သတိပြန်ရလာသည်။ သူ့အခြေအနေ အဖြစ်အပျက်ကို သူသိပြီးနောက် အဖေပြောသည့် စကားတစ်ခွန်းကြောင့် သီလ ရှူးချင်သလို ဖြစ်သွား၏။

"သား. . မင်း မိုးမြင့်မေဆီ သွားရမယ်လေ"

"ဗျာ"

ခေါင်းကို မိုးကြိုးပစ်ခံရသလိုဖြစ်ပြီး သီလ ဖုန်းဆက်ဖို့ ဖုန်းရှာသည်။ သို့သော် ဖုန်းတစ်လုံးမှ ပါမလာခဲ့၊ အလောတကြီး ထွက်လာကြ၍ ဖုန်းတွေကျန်ရစ်ခဲ့ပြီ။ သီလ မိုးကြိုးပစ်ခံရပြီးမှ မြွေထပ်ပေါက်သလိုအဖြစ်မျိုး ကြုံလိုက်ရ၏။

ထိုအချိန်တွင် မိုးမြင့်မေတို့တိုက်တွင်လည်း အိုဇုန်းလွှာ မီးလောင်ကာ ကောင်းကင်ထိ မီးစွဲနေပြီဖြစ်သည်။ အကြောက်လွန်ကာ တုန်ရီနေရှာသည့် မိုးမြင့်လည်း သီလထံ ငါးမိနစ်တစ်ခါလောက် ဖုန်းဆက်၏။ ဖုန်းကကိုင်မည့်သူမရှိ၊ ဘာအကျိုးအကြောင်းမှ မသိရ၍ စိတ်ပူခြင်းနှင့်အတူ ဒေါသလည်းထွက်နေပြီ





ဦးဖေသက်ခင်မှာ အရင်းနှီးဆုံး မိတ်ဆွေများနှင့် အိမ်နီးချင်းများရှေ့တွင် ဒေါသကို မျိုသိပ်ထားသော်လည်း မူပျက်နေပြီဖြစ်သည်။

နောက်ဆုံးမှာ ဧည့်သည်များကိုတောင်းပန်ပြီး မိသားစုအရေးပေါ် ဆွေးနွေးကြရတော့၏။ ဦးဖေသက်ခင်၏ ဒေါသအစအဆုံးက မိုးမြင့်ပေါ် ပုံကျလာသည်။

"နင့်အကောင် ဘာစောက်ချိုး ချိုးတာလဲ အခု ဆယ်နာရီထိုးနေပြီ ဧည့်သည်တွေလည်း အကုန်ရောက်နေပြီ"

"သ. . သမီးလည်း ဖုန်းဆက်နေတာပဲ ကိုင်ကိုမကိုင်ဘာ"

"ဘာ. . ဖုန်းတောင် မကိုင်ဘူး ဟုတ်လား၊ ဒီကောင်ဘမင်သက်သက် ငါ့ကို အရှက်ခွဲတာပေါ့ ဟုတ်လား"

"သူတို့မှာ အရေးတကြီးကိစ္စပေါ်လာလို့များလား ကိုဖေရယ်"

"ဘာကွ ဒီမင်္ဂလာကိစ္စထက် အရေးကြီးတာ ဘာရှိသေးသို့လဲ"

"မဟုတ်ဘူးလေ ကိုဖေရဲ့၊ ဒီကိုလာရင်း မတော်တဆ"

"တော်တိတ်. . ဆယ်နာရီခွဲလို့မှ ရောက်မလာရင် ပွဲဖျက်မယ်. . ဒါပဲ"

ဒေါသတကြီး အော်ဟစ်ပြောဆိုပြီး ဧည့်ခန်းသို့ ပြန်ထွက်သွားသည့်ဖခင်ကို လှမ်းကြည့်ပြီး မိုးမြင့်တသိမ့်သိမ့် ရှိုက်ငိုလိုက်သည်။ ဒေါ်မေရီမြင့်က သမီးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။

"ဘာပဲဖြစ်ဖြစ် အကျိုးအကြောင်းတော့ လှမ်းပြောဖို့ ကောင်းတာအမှန်ပဲ သမီး"

"အဟင့်ဟင့် ဘယ်လိုလုပ်ကြမလဲ မေမေ"

"အမေလည်း မပြောတတ်တော့ဘူး သမီးရယ် စိတ်ညစ်တာ ပဲသိတယ်၊ ညည်းအဖေ ဘော်ဒါတွေက ဟိုက်ဘော့(စ်)ရွေ တမင်အချိန်ပေးပြီး ရောက်အောင်လာခဲ့ကြတာ"

အမေပြောတာ အမှန်တွေပဲမို့ မိုးမြင့် သတ်သေချင်စိတ် ပင် ပေါက်သွား၏။ ဘယ်လိုဖြေရှင်းရမှန်း မသိသည့်အဆုံး မိုးမြင့် ရှိုက်ငိုခြင်းကိုသာ အဖော်လုပ်နေတော့၏။ မိုးမြင့်တို့ အိမ်တွင်း ရေး စိုးရိမ်ရေမှတ်ကျော်နေချိန်တွင် သီလ ဆေးရုံထဲမှထွက်၍ အများသုံးဖုန်းကို ရှာပုံတော်ဖွင့်နေ၏။ ဆိုက်ကားဆရာနှင့် စည်ပင်ဝန်ထမ်းတွေပါ ဖုန်းကိုယ်စီကိုင်နေချိန်တွင် အများသုံး ဖုန်းက မရှိသလောက်ဖြစ်နေသည်။ ဖုန်းရုံရှိသော်လည်း ဝန်ထမ်း မရှိ ဖုန်းမရှိတာနှင့်သာကြုံရ၏။

သီလ ဟိုမေးဒီမေးနှင့် အမောတကော ရှာဖွေမှ နှင်း အထူးကုဆောင်နားမှ အများသုံး ဖုန်းကိုတွေ့ရသည်။ ရင်ခုန်သံ တဒိုင်းဒိုင်းနှင့်ပင် မေ့ထံ ဆက်သွယ်ရသည်။

"ဟလို မေ. . မေလား မောင်ပါ"

"ဪ. . ရှင်က ဖုန်းဆက်ဖို့ သတိရသေးတယ်ပေါ့ ဟုတ် လား"

"မောင် တောင်းပန်ပါတယ် မေ"





"ဒါ တောင်းပန်လို့ရတဲ့ ကိစ္စမှမဟုတ်တာ ဒီမှာဧည့် သည်တွေ စုံနေပြီ၊ အဖေလည်း ဒေါသူပုန်ထနေပြီ"

"မောင် သဘောပေါက်ပါတယ် မေ၊ မောင်လည်း အ ခက်ကြုံနေလို့ပါ မောင့်ဖေဖေ ဆေးရုံတင်ထားရတယ် မေ၊ သွေး မေ့သွားလို့ သွေးပုလင်း သွင်းရမှာ"

"ဟင်"

"မနက် အစောကြီးထဲက ဆေးရုံရောက်နေတာ အ လာတကြီး ထွက်လာကြလို့ ဖုန်းတွေလည်း ကျန်ခဲ့တယ်မေ အဲဒါကြောင့်ပါ. . ၊ အခု ရန်ကုန်ဆေးရုံကြီးက ဒေါ်ပုအဆောင် မှာ မောင်လည်း အဖေ့အတွက် သွေးလှူထားရတယ်"

"ဒုက္ခပါပဲ ဒီနေ့ကျမှ ဖြစ်ရတယ်လို့"

"အဲဒါ အန်ကယ့်ကို ရှင်းပြတောင်းပန်ပေးပါဦး မေ"

"လွယ်မယ်မထင်ဘူး၊ အင်းလေ ကြိုးစားကြည့်ပါ့မယ်"

"ကျေးဇူးပဲ မေ. . နောက်မှ ထပ်ဆက်မယ်နော်"

မေ့ထံမှ တုန့်ပြန်သံမကြားရ၊ စိတ်တထင့်ထင့်နှင့် ဖုန်း ချပြီး ချစ်တီးတို့ထံ လှမ်းဆက်ရပြန်သည်။ ချစ်တီးတို့ကလည်း ဖုန်းမကိုင်၍ အပြစ်တင်ကြ၏။ အခြေအနေမှန်ကိုသိမှ အံ့သြ သင့်မောသွားကြသည်။ ချစ်တီးနှင့်ကုသိုလ်အား ဆေးရုံသို့လာခဲ့ ရန် အကူအညီတောင်းရ၏။

ထိုအချိန်တွင်. . . သီလထံမှ ဖုန်းအဆက်အသွယ်ရ ကြောင်း အပြေးလာပြောရှာသည့် မိုးမြင့်မေမှာ ဦးနှောက်သွေး ကြော ပြတ်မတတ်အဖြစ်ကို ကြုံလိုက်ရ၏။ လှလှပပ ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ထားသော ဧည့်ခန်းကျယ်ကြီးအတွင်း ဧည့်သည်တစ်ဦးတ
ယောက်မှ ရှိမနေတော့၊ ဒေါသအခိုးအလျှံများအား မျက်
ကျက်ဆီ ပို့လွှတ်နေသည့် ဦးဖေသက်ခင်ကိုသာ တွေ့ရ
သည်။

"ဖေ. . ဖေဖေ"

မဝံ့မရဲခေါ်လိုက်သည့် မိုးမြင့်မေအသံကြောင့် ဦး
သက်ခင် နဂါးမျက်စောင်းနှင့်အတူ လှည့်ကြည့်သည်။

"ဆယ်နာရီခွဲသွားပြီ ဘာအကြောင်းပြချက်ကိုမှ လ
မခံနိုင်ဘူး၊ ဘယ်လိုနားလည်မှုကိုမှ မပေးနိုင်ဘူး နင်နဲ့ဟို
ကောင်ရဲ့ မင်္ဂလာကိစ္စ ပျက်သွားပြီ၊ စေ့စပ်ညှိနှိုင်းဆွေးနွေး
ဘာတစ်ခုမှ ခွင့်မပြုဘူး၊ ညည်းကို ငါ့မိတ်ဆွေရဲ့သားနဲ့ ပေး
မယ်. . ဒါပဲ"

အပြန်အလှန်ပြောဆိုခွင့် အယူခံဝင်ခွင့် ဘာဆိုဘာ
မပေးဘဲ တစ်ချက်လွှတ်အမိန့်ထုတ်ပြီး အိမ်ပေါ်တက်သွားသ
ဖခင်ကိုကြည့်ကာ မိုးမြင့်မေမှာ မျက်ရည်သာ စိမ့်ထွက်သ
ကျောက်ရုပ်တစ်ရုပ် ဖြစ်သွားလေတော့၏။

✠ ✠ ✠





ပလပ်စတစ်အကြည်အိတ်ထဲမှ နီစွေးစွေးသွေးတွေ
စက်ကိုပြီးတစ်စက် ပြုတ်ကျကာ ပိုက်မှတစ်ဆင့် အဖေ့ကိုယ်ထဲ
ဝင်သွားသည်။ အဖေ သတိမလွတ်ဘဲ စကားစမြည်ပြောနိုင်
သော်လည်း အားမပြည့်သေး။ ကိုယ်ထဲမှ သွေးသုံးပုလင်း
လောက် ဆုံးရှုံးခဲ့ရသည့်အတွက် ဖြူဖတ်ဖြူလျော် ဖြစ်နေသည်။

"သား. . သမီးလေးနဲ့ အဆက်အသွယ်ရလား"

"ဟုတ်ကဲ့ သူ့အဖေ ဒေါ်ပွနေတယ်လို့တော့ ပြောတာပဲ"

"အေးလေ. . စောစောစီးစီး အကြောင်းကြားသင့်တာ"

"အို. . ရှင်ကလည်း ဒီမှာ သေကောင်ပေါင်းလဲ ဖြစ်နေ
တာကို"

"သားသမီးချင်း ကိုယ်ချင်းစာစမ်းပါကွာ သူတို့လည်း
ဧည့်သည်တွေ ဖိတ်ထားမှာလေ၊ ဒီက အကြောင်းမကြားတော့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပျက်စရာတွေ ဖြစ်ကုန်တာပေါ့"

"သားလည်း ထူပူပြီး မေ့သွားတာ ဖုန်းတွေကလည်း ကျန်ခဲ့တော့"

"အင်း . . ကြံဖန်ပြီးတော့ကို လွဲနေတော့တာပဲ တောင်းပန်ပါတယ် သားရယ်"

"ဟာ . . အဖေကလည်း တောင်းပန်စရာမလိုပါဘူး ဖြစ်သမျှအကြောင်းပေါ့"

တစ်နာရီလောက်အကြာမှာ ချစ်တီးနှင့်ကုသိုလ် ရောက်လာ၏။ အဖေက မိုးမြင့်မေတို့ဆီသွားပြီး ပြေရာပြေကြောင်း တောင်းပန်ရန်တိုက်တွန်းသည်။ သီလလည်း ချစ်တီးထံမှ ဖုန်းကို ယူကာ မေတို့အိမ်သို့ ထွက်လာခဲ့၏။

သူ့နှလုံးသား ရေကာတာတွင် စိုးရိမ်ရေမှတ်မြင့်တက်လာသဖြင့် တာပေါင်ရိုးကျိုးတော့မလိုပင် ဖြစ်နေသည်။ သူ့အနေနှင့် ဦးဖေသက်ခင်၏ သဘောထားကို အလွန်သိချင်နေ၏။ သူလာနေပြီဖြစ်ကြောင်း မေ့ထံ ဖုန်းဆက်သွယ် ပြောကြားသည်။ မေက မလာနဲ့တော့ အဖေက သူတို့နှစ်ယောက်ကိစ္စကို ဖျက်သိမ်းလိုက်ပြီ၊ ဘယ်လို ညှိနှိုင်းမှုကိုမှ လက်မခံဘူးဟုလည်းဆို၏။

သီလက အန်ကယ့်အား လူကိုယ်တိုင်တွေ့ပြီး ရှင်းပြတောင်းပန်ချင်ကြောင်းပြောတော့၊ ဖေဖေက ရှင့်ကို သတ်ပစ်ချင်နေတာဟုပြောပြီး ဖုန်းချသွားသည်။ ထပ်မံဆက်သွယ်သော်လည်း ဖုန်းမကိုင်တော့။

သီလ ဖွဲ့မလျှော့ဘဲ အိမ်ထိအရောက်သွားကာ ခြံတံခါး





အုတ်တိုင်မှ လူခေါ်ဘဲ(လ်)ကို အကြိမ်ကြိမ်နှိပ်သည်။ သို့သော် ဘယ်သူမှထွက်မလာခဲ့။ ဘာသတင်းမှ ထပ်မကြားရသလို တောင်းပန်ခွင့်လည်းမရခဲ့။

ခြံဝမှာ တစ်နာရီလောက် ဇွဲကောင်းကောင်းနှင့်စောင့်သော်လည်း အခြေအနေက ထူးခြားမလာ။ ထိုအချိန်မှာ အမေက လှမ်းပြီးဖုန်းဆက်ခဲ့သည်။ နောက်ထပ် သွေးလိုဦးမည်ဖြစ်ပြီး အုလမ်းကြောင်းကိုလည်း မှန်ပြောင်းသွင်းပြီး စစ်ဆေးကြည့်ရမည်ဟု သတင်းပေးသည် ။

အချစ်ရေးနှင့် အဖေ့ကျန်းမာရေးကြားမှာ သီလ ဗျာများခဲ့ပြီ၊ လတ်တလော အရေးတကြီးဖြစ်နေသည့် အဖေ့ အသက်ဘေး တင်နိုင်ရေးအတွက် ဦးစားပေးပြီး ဆေးရုံသို့ ပြန်လာခဲ့ရသည်။

သူ့နှလုံးသားမှာတော့ တမန်းညက်သည့် လယ်မြေကွဲသို့ ညက်ညက်ကျေကာ မွစာကျဲနေခဲ့ပြီ ။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



**တစ်**ပါတ်ခန့်အကြာမှာ အဖေ နာလန်ပြန်ထူလာ၏။ သွေးဝမ်းလည်း မသွားတော့၊ စုစုပေါင်း သွေးခြောက်ပုလင်း သွင်းခဲ့ရသည်။ ထိုအတောအတွင်း သူ့ဖုန်းအပါအဝင် ဖုန်းပေါင်း စုံနှင့် မေ့အားဆက်သွယ်ခဲ့၏။ သူ့အသံမှန်းသိသည်နှင့် ဖုန်းချ သွားသည်။

အဖေသက်သာလာတော့ သီလ အလုပ်ပြန်ဆင်းရ သည်။ အလုပ်ထဲမှာလည်း သီလစက်ရုပ်တစ်ရုပ်လို ဖြစ်နေ၏။ ဘချာလာနိုက်ကို ကြိုတင်ပြုလုပ်ခဲ့၍ ကျိန်းကျေသွားပြီလား မသိဟု ချစ်တီးက ပြောလာတော့ သီလ ပြုံးမိသေးသည်။ ဒီကိစ္စ မှာ အဓိက ဆုံးဖြတ်ချက်ချနိုင်သူက ဦးဖေသက်ခင်သာဖြစ်ပြီး သူ့ကိုတိုက်ရိုက်တွေ့ကာ ဆွေးနွေးသင့်သည်ဟု ကုသိုလ်ကအကြံ ပေးသည်။





ထိုသုံးသပ်ချက်မှန်၍ အလုပ်အားရက် တစ်ရက်တွင် စော်ဘွားကြီးကုန်းမှ ဦးဖေသက်ခင်၏ အရောင်းပြခန်းသို့ သီလ ရောက်သွားသည်။ ဆိုင်အခင်းအကျင်းက သားနားထည်ဝါလွန်း နေ၏။ သူတို့ လုပ်ငန်းခွင်သုံး အိမ်အလှဆင်ပစ္စည်းတွေ အစုံ အလင် တွေ့ရသလို မမြင်ဘူးသေးသည့် ပစ္စည်းများပါရှိနေတာ တအံ့တဩ တွေ့ရသည်။

ဦးဖေသက်ခင်က အကြီးစားဖောက်သည်များကို ကိုယ် တိုင် ထွက်တွေ့စကားပြောသည်။ အရောင်းစာရေးမလေးများကို ရှောင်ကွင်းပြီး သီလ ကုန်ပစ္စည်းများ လေ့လာသလို ဟန်ဆောင် နေ၏။ ခေတ္တခဏ လူရှင်းသွားခိုက်မှာ ဦးဖေသက်ခင် မြင် အောင် လူလုံးပြလိုက်သည်။ သူ အတော် အံ့ဩသွားပုံရ၏။ သီလ သူ့နားအရောက်သွားပြီး နှစ်ကိုယ်ကြား ပြောလိုက်၏။

"အန်ကယ်နဲ့ စကားပြောချင်လို့ လာခဲ့တာပါ ခင်ဗျာ"

ဦးဖေသက်ခင်က လိုက်ခဲ့ဟု တိုတိုပြတ်ပြတ်ပြောကာ လှည့်ထွက်သွား၏။ သီလ သူ့ရုံးခန်းထိ လိုက်သွားသည်။ မှန်လုံ ကာထားသော ရုံးခန်းအတွင်းမှ အပြင်ဘက်အခြေအနေကို အကုန်လှမ်းမြင် နေရအောင် စီမံထား၏။ ဒီလူကြီးနှင့် အပို စကားတွေပြောလို့ မဖြစ်နိုင်မှန်းသိ၍ လိုရင်းကိုပဲပြောသည်။

"အဲဒီနေ့ မနက်က သွေးဝမ်းသွားနေတဲ့ အဖေ့ကို ဆေး ရုံတင်လိုက်ရလို့ပါ"

"ငါ လူရိုင်းတစ်ယောက် မဟုတ်ဘူး သီလ၊ အဓိက ပြဿနာက မနက်ဆယ်နာရီခွဲအထိ လူလည်းရောက်မလာ



www.burmeseclassic.com

www.burmeseclassic.com



သလို ဖုန်းလည်း မဆက်တဲ့ အဖြစ်ပဲ”

“အဖေက သတိလည်း လစ်နေတယ်၊ အဲဒီနေ့မှာပဲ သွေးသုံးပုလင်းသွင်းရတယ်၊ အဲ့ဒါအပြင် အလောသုံးဆယ်ထွက်လာကြလို့ ဖုန်းလည်းမေ့ကျန်ခဲ့တယ် အန်ကယ်၊ ထူပူပြီး ဖုန်းဆက်ဖို့ သတိမရခဲ့တာပါ”

“ဒါက ဆင်ခြေတွေပါ ဒီခေတ်ထဲ ဘယ်သူ့ဖုန်းငှားဆက်ဆက် ဒီလောက်ခက်တဲ့ ကိစ္စမှမဟုတ်တာ၊ မင်းပြောသလို သတိမရခဲ့ဘူးဆိုတာ ငါ့သမီးအပေါ် အလေးအနက်မထားဘူးဆိုတဲ့ အဓိပ္ပာယ် ပဲ”

“အဲလို မဟုတ်ပါဘူး အန်ကယ်၊ ပထမဆုံး ဆေးရုံအတွေ့အကြုံမို့ ထူပူပြီး စိုးရိမ်စိတ်လွန်ကဲသွားလို့ပါ၊ ကျွန်တော် ဆယ့်တစ်နာရီက တစ်နာရီထိ အန်ကယ့်ခြံဝမှာ ရှိနေခဲ့တာပါ၊ ဒါပေမဲ့ ဘယ်သူမှ ထွက်မတွေ့ပါဘူး”

“ဆယ်နာရီ မထိုးခင် ရောက်လာရင်တော့ အားလုံး ထွက်ကြိုကြမှာပေါ့၊ အဲဒီနေ့က မိတ်ဆွေတွေရှေ့မှာ ငါဘယ်လောက် အရှက်ကွဲခဲ့ရသလဲ”

“အဲဒီအတွက် အနူးအညွတ် တောင်းပန်ပါတယ် အန်ကယ်၊ ဖေဖေဆေးရုံက ဆင်းလာတာနဲ့ ကျွန်တော်တို့ မိသားစု တစ်ခေါက်လာခဲ့ပါ့မယ်”

“မလိုတော့ဘူး သီလ၊ ငါ အစကတည်းက မင်းကိုသဘောမကျခဲ့တာ၊ သမီးစိတ်ဆင်းရဲတာ မကြည့်ရက်လို့ မျက်စိမှိတ်ပြီး အခွင့်အရေးပေးခဲ့တာ၊ မင်းဘဝအတွက် အိုင်ယာလန်





ထိပေါက်သလို အခွင့်အရေးကို မင်းမှ မဆုပ်ကိုင်နိုင်ခဲ့ပဲ”

“အိုင်ယာလန် ထိမပေါက်လည်း အန်ကယ့်သမီးကို တင့်တောင့်တင့်တယ် ထားနိုင်ပါတယ် အန်ကယ်၊ တစ်ခါလောက်ပဲ အခွင့်အရေး ထပ်ပေးပါ”

“လွန်ကုန်ပြီ သီလ ငါသဘောကျတဲ့သူနဲ့ပဲ သမီးကိုပေးစားဖို့ စီစဉ်နေပြီ”

“ဗျာ”

“ပြောစရာကုန်ပြီကွာ”

ဦးဖေသက်ခင် ဒါပဲပြောပြီး ဖုန်းဆက်သည်။ ဟန်းဖုန်းနှင့် အရောင်းအဝယ်ကိစ္စ ပြောနေတုန်း အထိုင်ဖုန်းကမြည်သည်။ ဖုန်းနှစ်လုံးနှင့် အလုပ်ရှုပ်နေစဉ် မန်နေဂျာဖြစ်ဟန်တူသူ ရုံးခန်းထဲဝင်လာ၏။ သီလ နှုတ်ဆက်တာတောင် မော့မကြည့်သဖြင့် စိတ်ဓာတ်ကျစွာ ခေါင်းငိုက်စိုက်ချ ပြန်လာရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# မစ္စပြုန်(၃)

အချိန်သည် အကောင်းဆုံး သမားတော်ဟု လူတွေ ပြောလေ့ရှိကြသည်။ ထိုသမားတော်ထံ သူ့ကိုယ်သူ အပ်ထားလိုက်၏။ ချစ်ရသူ တစ်ယောက်နှင့်လွဲရ၍ အသည်းကွဲပြီး ဘဝပျက်ခံမည့်လူစာရင်းထဲတွင် သီလမပါ။ ရောဂါကင်းရှင်း၍ဖေဖေ ဆေးရုံက ဆင်းလာသည်နှင့် အသည်းဒဏ်ရာကို အလုပ်နှင့်ကုစားသည်။

အမြင်ကျယ်ကျယ်နှင့်ကြည့်ပြီး လုပ်ကွက်ကို လေ့လာ





သည်။ အခန်းတစ်ခန်း အိမ်တစ်လုံးအကြမ်းထည်ဆောက်တာ ဘာမှမကုန်၊ ထိုအိမ်အတွင်းအပြင်ကို အလှဆင်ရာမှာတော့ ပိုက်ဆံရှိရင်ရှိသလို ချဲ့ရင်ချဲ့သလို မခန့်မှန်းနိုင်သည့် ငွေပမာဏအထိ ကုန်ကျနိုင်သည်။ ဦးဖေသက်ခင်က သူ့သမက်ဖြစ်ဖို့ဆိုတာ အိုင်ယာလန်ထီပေါက်သလို အခွင့်အရေးဟု ဆိုခဲ့၏။

ထိုစကားကို အသည်းဆတ်ဆတ်ခါ နာကျင်သည်အထိ ခံစားခဲ့ရသည်။ ထိုနာကျင်မှုကို တွန်းအားအဖြစ်သုံးကာ သီလ ကြိုးစားသည်။ သူ့တို့တည်ဆောက်ခဲ့ အလှဆင်ခဲ့သည့် တိုက်တိုင်း အခန်းတိုင်း၏ ပုံများကို ဓာတ်ပုံရိုက် မှတ်တမ်းတင်သည်။ ကွန်ပျူတာ အကူအညီနှင့် ဒီဇိုင်းဆင်ပြီး ကတ်တလောက်ထုတ်သည်။ လက်ခစားမလုပ်တော့ဘဲ ကိုယ်ပိုင်အဖွဲ့တစ်ခု တည်ထောင်သည်။ လုပ်ငန်းအတွက် လိုအပ်ပစ္စည်းများကို ထပ်မံဝယ်ယူ စုဆောင်းသည်။

သူ့အဖွဲ့တွင် ချစ်တီးနှင့်ကုသိုလ်က အမာခံလူများအဖြစ် ပါလာသည်။ သူ့အဖွဲ့ ပန်းရံလက်သမား ကြွေပြားပါကေး စတီးအပြင် မီးသမား ရေသမားက အစုံအလင်ပါသည်။ သီလက အလုပ်လိုက်စပ် လိုက်ရှာသည်။ ဟိုတယ်ကွန်ဒို ကန်ထရိုက်မကျန် မြေကျင်းတူးတာမြင်သည်နှင့် ဝင်လေ့လာ မိတ်ဆက်ကာ လုပ်ထားပြီးသည့် အပြင်အဆင်ဓာတ်ပုံများပြကာ အလုပ်စကားပြောသည်။ မြန်ဆန် သွက်လက်ပြီး ရက်ချိန်းမှန်သဖြင့် အလုပ်တွေ မပြတ်ရလာသည်။

ခုနေမှာ လေဘာကန်ထရိုက် အဆင့်သာရှိသေးသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း နောင်တစ်ချိန်မှာ လုပ်ငန်းအစအဆုံး တာဝန်ယူလုပ်ကိုင်နိုင်သည့် ကန်ထရိုက်တာအဆင့်ထိ မျှော်မှန်းထား၏။ လောလောဆယ်တော့ ရုံးခန်းမဖွင့်နိုင်သေး၊ Facebook တွင် ပုံများတင်ကာ သူ့အလုပ်ကို ကြော်ငြာသည်။

ဒီတော့ အလုပ်ကြီးကြီး ခွင်ကြီးကြီးတွေ ရလာသည်။ အဖေကလည်း ဘဏ်မှာချေးငွေတင်ပြီး အရင်းအနှီးထုတ်ပေး၏။ ထို့အတွက်လည်း မြန်မြန်ဆန်ဆန် တိုးတက်အောင်မြင်လာခြင်း ဖြစ်သည်။

သူတို့အဖွဲ့ လက်ရှိအလုပ်လုပ်နေတာ မြောက်ဒဂုံမှာ ဖြစ်သည် ။ ဧကတစ်မတ်လောက်ကျယ်သည့် ခြံထဲမှ ဆောက်ပြီးစ သုံးထပ်တိုက်အကြမ်းထည်ကို အတွင်းအပြင် အလှဆင်ရန် ကန်ထရိုက်ရထားခြင်း ဖြစ်သည်။ နှစ်လအပြတ်သာ ရက်ပေးထားသောကြောင့် သီလတို့ လူအယောက်နှစ်ဆယ် အင်အားနှင့် နေ့ရောညပါ အလုပ်လုပ်နေကြ၏။ အခြားလေဘာများ မနက်လာ ညပြန်ကြသော်လည်း သူတို့သုံးယောက်မပြန်၊ ဝယ်ခြမ်းထားသည့် ဆောက်လုပ်ရေးပစ္စည်းများ ကင်းစောင့်ရင်း ထိုအိမ်မှာပဲ ညအိပ်ကြသည်။

ခုဆိုလျှင် တော်ရုံတန်ရုံမိန်းမလောက် ခေါင်းခေါက်ရွှေ့ချယ်နိုင်သည့်အဆင့် ရောက်နေပြီဖြစ်သည်။ သူက အုပ်စုခေါင်းဆောင် လေဘာကန်ထရိုက်ဖြစ်သလို ကိုယ်တိုင်လည်း ဝင်လုပ်သဖြင့် နှစ်သီးစား ရနေသူဖြစ်သည်။

တစ်လ ဆယ်သိန်းလား သိန်းနှစ်ဆယ်လား အလုပ်





တစ်ခု မြန်မြန်ပြတ်လျှင် ကိုယ့်အတွက် ပိုကျန်သည့်အဆင့် ရောက်နေပြီ ဖြစ်သည်။ ဘာပဲပြောပြော မိန်းမတစ်ယောက်ကို လိုလေသေးမရှိ ထားနိုင်ခဲ့ပြီ။ သို့သော် ထိုအဆင့်ကို ကျေနပ်နေသည်တော့ မဟုတ်၊ ကြီးပွားရာကြီးပွားကြောင်းကို မျက်စိဖွင့်နားစွင့်လျှက်ပင် ရှိသည်။

သူ့မသိစိတ်ထဲက ဦးဖေသက်ခင်ကို ပြိုင်ချင်နေတာလားဆိုတာတော့ မသေချာ။ မရှိစကား မကြားရသည့်ကိုယ်ဖြစ်အောင် ကြိုးစားဖို့ ပိုင်းဖြတ်ထား၏။

စိတ်ကြိုက်ရေချိုးပြီးနောက် လွတ်လပ်ပေါ့ပါးသည့် အဝတ်အစားများ လဲလှယ်ဝတ်ဆင်နေခိုက် ချစ်တီးတို့ ပြန်ရောက်လာသည်။ ခပ်သွက်သွက်ပင် သူတို့ဝိုင်းဖွဲ့လိုက်ကြ၏။ ဂရင်းရှိုင်ရယ် ဝီစကီတစ်လုံးနှင့် တစ်ပြားက သူတို့အား မျက်စပစ်နေပြီ။

"အခေါက်ကင် အစိမ်းကြော် ပြည်ကြီးငါးသုပ် လက်ဘက်သုပ်ကွာ. . ဖြစ်တယ်မို့လား"

ပြောပြောဆိုဆိုနှင့် ထောင့်ပုလင်းကို စဖွင့်လိုက်ကြ၏။ ပယင်းရောင်လဲ့လဲ့ အရည်တွေပြိုင်တူပင် သောက်မျိုကြသည်။ အာပူသွားတော့ ရှာမဆူအောင် အမြည်းစားကြ၏။ မကောင်းမှုဆိုတာ အလွန်အရသာရှိပြီး စွဲမက်စေတတ်ပါလားဟုပင် မှတ်ချက်ချမိသည်။

"အား. . ကောင်းမှကောင်း. ."

မည်းမည်းတူးတူး ချစ်တီးက အခေါက်ကင်ကို တဂျွမ်း



www.burmeseclassic.com

ဂျွမ်း မြည်အောင် ဝါးစားရင်း ဟစ်ကျွေးလိုက်သည်။

"ဒီလိုစားနိုင်သောက်နိုင်တာ ငါယောက်ဖ အကူအညီနဲ့ လမ်းကြောင်းမှန်ကို ရွေးချယ်နိုင်ခဲ့လို့"

"အဲဒါအမှန်ပဲ၊ မင်းယောက်ဖကို ဘဝရဲ့ဆရာအဖြစ် ငါ အမြဲသတ်မှတ်ထားတာပါ"

"အင်း. . ခင်ပွန်းကြီးဆယ်ပါးရဲ့ ကျေးဇူးတရားကို မမေ့တဲ့ မောင်သီလ ရှေ့လျောက်ကြီးပွားဦးတော့မှာပေါ့ကွာ"

"မင်းတို့သာ အလုပ်ကြိုးစား (၃)နှစ်အတွင်း လူ့ဂုဏ်သိက္ခာနဲ့ လျော်ညီတဲ့ အိမ်တစ်လုံးစီ ပိုင်ဆိုင်စေရမယ်ကွာ"

"ဟော့ကောင်. . တကယ်နော်"

"တကယ်ပေါ့. . ဒါပေမဲ့ ကြိုးစားတဲ့သူပဲရမှာနော်"

"အိုကေ အဲဒီအတွက်တော့ မပူနဲ့"

ပါးစပ်၏ လုပ်ငန်းဆောင်တာများအနက် စကားပြောတာကိုရပ်ပြီး အသောက်အစားဘက် လှည့်ကြပြန်၏။

"ဒါနဲ့စကားမစပ် မင်း မိုးမြင့်မေအကြောင်း ဘာကြားသေးလဲ"

"ဟင်း. . သူ့အဖေက သူငယ်ချင်းတွေရဲ့သားတွေနဲ့ တစ်ယောက်ပြီးတစ်ယောက် တွေ့ပေးနေတယ် ပြောတာပဲ၊ ဒါ့ အပြင် တခြားဘာမှမကြားမိပါဘူး"

"အိမ်ထောင်တော့ မပြုသေးဘူး ဆိုပါတော့"

"အင်း"

"မင်းကို စောင့်နေတာများလား"





"မင်းတို့အဖြစ်ကလည်း တကယ် စိတ်လှုပ်စရာကောင်းဘယ်နော်၊ ကိုရီးယားကားကျနေတာပဲ တမ်ပိုက ခဏခဏချိန်းတယ်"

"ခုနေပြန်ဆုံရင် မင်း သဘောထား ဘယ်လိုလဲ"

"တော်ပါပြီကွာ သူ့ကိုချစ်ပေမယ့် သူ့အဖေကြီးနဲ့က ဖြစ်ပါဘူး"

"ဒါဆိုလည်း အသစ်ရှာလေကွာ မင်းကို ဖေဗာပေးနေတဲ့ ဟာလေးတွေ အများကြီး"

"အဲဒီလိုကျတော့လည်း အဆင်သင့်မဖြစ်သေးဘူးကွကုသိုလ်ရ"

"အေးလေ မင်းတို့တွဲလာတဲ့ သက်တမ်းက နဲမှမနဲတဲ့တာ ဒီလောက်တော့ ရှိမှာပေါ့၊ မှန်မှန်ပြောစမ်း မင်း နှိုက်မြည်းခဲ့သို့များ ဒီလောက်စွဲနေတာလား"

"မင်းကွာ တစ်ဖက်သားသိက္ခာကို ထိပါးတဲ့ စကားတွေ မပြောပါနဲ့ ငါတို့က သန့်သန့်လေး"

"ရှားတယ် မင်းလိုကောင်မျိုး ရှားတယ် ဒီခေတ်ထဲမှာ ဘယ်ယောကျာ်းမှ ဒီလောက်စည်းမစောင့်ဘူး"

"ကဲပါကွာ နှလုံးသားမြို့ဟောင်းကို ပြန်တူးမနေကြပါနဲ့၊ ဒီတိုက်ပြင်ဆင်တာ ဒီလကုန် နောက်ဆုံးပဲနော်၊ အဲဒါဆို ငါ့အတွက် တစ်ရာလောက်ကျန်မှာ ငါရုံးခန်းဖွင့်ချင်တယ်၊ ရှယ်ယာပါချင်ရင် ခု ကတည်းက မင်းတို့အိမ်နဲ့ တိုင်ပင်ထားကြ"

"ခုလည်း အဆင်ပြေနေတာပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လုပ်ငန်းမဆို အထင်ကြီးစရာ အခြေအနေရှိမှ အောင်မြင်ကြီးပွားတာ၊ ပြယုဂ်ကောင်းကောင်း လိုတယ်ကွ"

"For show ပေါ့"

"အေး . . အဲဒီလိုရုံးခန်းနဲ့ဘာနဲ့ဖြစ်ပြီး သားနားသွားရင် ခုထက် လုပ်ငန်းနှစ်ဆ ပိုရစေရမယ်ကွာ အာမခံတယ်"

"ဒါဆို စိန်လိုက်"

သူငယ်ချင်းသုံးယောက် လက်တွေအချင်းချင်း ဆုပ်ကိုင်ထားလိုက်ကြသည်။

တစ်ယောက်ဆီမှအားမာန်တွေ တစ်ယောက်ဆီ ကူးစက်ဝင်ရောက်လာသလို ခံစားလိုက်ကြရ၏။ ကွန်စထရပ်ရှင်လောကသို့ နဂါးတစ်ကောင် တိုးဝှေ့နေရာယူလာတော့မည်ဖြစ်သည်။

✠ ✠ ✠





**မြန်**မာ့နဂါး အိမ်အလှဆင်လုပ်ငန်း ရုံးခန်းကို ထည်ဝါခမ်းနားစွာ ဖွင့်လှစ်နိုင်ခဲ့ကြပြီ ဖြစ်သည်။ ထိုလုပ်ငန်းအတွက် လက ရှယ်ယာထည့်ဝင်ငွေ အများဆုံးနှင့် ဦးဆောင်ခဲ့သည်။ လဖခင် ဦးဉာဏ်ဝင်းလည်း ဆေးပင်စင်ယူကာ ရုံးခန်းထိုင်ဖို့ အလုပ်ကို တာဝန်ယူခဲ့၏။ သူ့လုပ်ငန်းအတွက် ကြော်ငြာကို လည်း ဂျာနယ်နှင့် သတင်းစာများတွင် မပြတ်ထည့်ပေးခဲ့သည်။

လောလောဆယ်တော့ ရုံးဝန်ထမ်းကျားတစ်၊ မတစ်နှင့် သန့်ရှင်းရေး ဝန်ထမ်းတစ်ယောက်သာ ခန့်နိုင်သေးသည်။ မေလည်း သားအဖနှစ်ယောက်အတွက် ထမင်းချိုင့်လာပို့ရင်း မြို့ထဲထွက်ခွင့်ရသဖြင့် ပျော်ရွှင်တက်ကြွနေသည်။

လိုင်းခန်းပြန်အပ်လိုက်ရသဖြင့် လောလောဆယ် နေ အတွက် တိုက်ခန်းတစ်ခန်းငှားကာ ဖြေရှင်းထားလိုက်သည်။ သားစုဝင်တွေနှင့် သူငယ်ချင်းများပါ ကောင်းမွန်သော အနာ



www.burmeseclassic.com

www.burmeseclassic.com



ဂတ်သစ်အတွက် အားကျိုးမာန်တက် ဖြစ်နေကြသည်။

တစ်ရက်တွင် ကျောင်းနေဖက် သူငယ်ချင်းမတင် ယောက် မြန်မာ့နဂါးရုံးခန်းသို့ ရောက်လာသည်။ ကိုယ့်အလုပ်နှင့်ကိုယ်မို့ ချက်ချင်းသတိမပြုမိကြ၊ သူက စာရေးမလေးထံမှာ အရင်စုံစမ်းသည်။

"ကျွန်မအိမ်ကို သံဖရိန်နဲ့ အဖီထုတ်ချင်လို့၊ ပြီးတော့ တစ်တိုက်လုံး ဆေးပြန်သုတ်ချင်တယ်"

ဒီအသံကြားဖူးပါတယ်ဟု သတိပြုမိပြီး လှည့်ကြည့်မိသည့် သီလ အံ့ဩဝမ်းသာသွားသည်။

"ဟာ. . ဝက်ကလေး"

"ဟယ်. . သီလ၊ အောင်မယ် ချစ်တီးတို့ ကုသိုလ်တို့ပါ ရှိနေတာကိုး၊ နင်တို့ ဘာလုပ်နေကြတာလဲ"

"ဒါ ငါတို့ရဲ့ရုံးခန်းလေ ပိုင်ရှင်က ငါတို့သုံးယောက်လုံး"

"တကယ်လား သီလ"

"တကယ်ပေါ့ဟ ဝက်ကလေးရ"

"ဘာဝက်ကလေးလဲ၊ နင်တို့နော် ခုထိ နောက်တာ ပြောင်တာတွေ မစွန့်နိုင်ကြသေးဘူးလား"

"မွေးသန္ဓေ သေမှပျောက်မှာပေါ့ဟ၊ ဒါနဲ့ နင် ဘာလာ လုပ် တာလဲ"

"အိမ်ချဲ့ချင်တယ် တိုက်ဆေးသုတ်ချင်တယ်"

"ဒါလေးများ အီးဇီးဂိုးရင်းပဲ၊ ကဲပါ. . တို့တွေဆုံခဲ့တာပဲ ဟ၊ လာ. . တစ်ခုခုစားရင်း စကားပြောကြမယ် အလုပ်ကိစ္စ





သည်း ဟိုကျမှပြောတော့"

ရုံးခန်းအနီးမှ စားသောက်ဆိုင်သို့ သူတို့အုပ်စုချီတက်ခဲ့ကြ၏။ ဒါနက ဝက်ကလေး ဝက်ကလေးနှင့် နာမည်ကို နှုတ်ဖျားကမချဘဲ တတွတ်တွတ် ခေါ်နေသည်။ တင်တင်မြင့်ခေါ် ဝက်ကလေးကလည်း ကျောင်းတုန်းကအတိုင်း ဘာမှမပြောင်းလဲ၊ ခပ်ဖိုင့်ဖိုင့် ကိုယ်လုံးနှင့်မို့ ဝက်ကလေးဟု နာမည်ပြောင်းပေးရင်း ထိုနာမည်ကို စွဲနေကြခြင်းဖြစ်သည်။

"ချစ်တီး ကောင်စုတ် ဒီလောက်လိုးရှင်းတွေ ပေါ်တဲ့ ခေတ်မှာ နင်အသားဖြူအောင် မလုပ်တော့ဘူးလား"

"လိုးရှင်းပေါင်းစုံ ဆလံသရတဲ့ ချစ်တီးလေ၊ ကျီးကန်းသာ ဖြူရင်ဖြူသွားမယ် ဒီကောင်က ကျိန်စာသင့်နေတာ "ယာယာတိုရေး" ကို အော်ဆဲမိလို့"

ငယ်သူငယ်ချင်းတွေဆုံတော့ တစ်ယောက်ကိုတစ်ယောက် မှိုခိုးမှုစ်ချိုး လယ်ပဒ္ဒချိုးပြောကာ အချင်းချင်းနှိပ်ကွပ်ကြ၏။ တက္ကသိုလ် ကျောင်းသားဘဝကို ပြန်ရောက်သွားသလို လတ်ဆတ်နုပျိုသွားကြသည်။

"နင်တို့တွေ အိမ်ထောင်ကျနေကြပြီလား"

ဝက်ကလေးအမေးကို အားလုံးခေါင်းခါပြီး အဖြေပေးလိုက်ကြ၏။ ဝက်ကလေးက အံ့ဩဟန်နှင့်. . .

"ဟယ်တော် တကယ်ကြီးလား နင်တို့ကတော့ ထားပါတော့ ချစ်တီးက ရသင့်ပါတယ်ဟာ"

"အံမယ် နင်က ငါ့ကို အသားမည်းလို့ မိန်းမ မရနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး လျှောင်တာပေါ့လေ၊ ဒီမယ် ငါနာမည် ချစ်တီး၊ အင်္ဂလိ
ခေတ်က ချစ်တီးကုလားတွေတောင် ဗမာမ ချောချောလေးရှေ
ရသေးတာပဲဟာ၊ ငါက မယူချင်သေးလို့. . ပေါက်လား"

"ဟုတ်တယ် ချစ်တီးက ခါချနေရတာ"

"ဟယ် အရမ်းစွံနေတယ်ပေါ့"

"မဟုတ်ဘူး သူခါချရတာက ပုရွတ်ဆိတ်တွေ"

စားသောက်ဆိုင်ထဲမှ သူတို့ဝိုင်းက အဆူညံဆုံးဖြစ်နေ
၏။

"သူများကို မမေးပါနဲ့ နင်ကော ယောကျ်ားရနေပြီလား
ဝက်ကလေး"

"သေနာနော် ငါက ဘာကိစ္စ အိမ်ထောင်ကျရမှာလဲ
ဒါနဲ့ နင်ဒီလို အောင်မြင်နေတာ မိုးမြင့်မေ သိရဲ့လား သီလ"

ဝက်ကလေး၏ သတိတရအမေးစကားကြောင့် သူငယ်
ချင်းများ အကြည့်က သီလထံမှာ စုသွား၏။

"ဘာလုပ်မှာလဲဟာ ငါတို့ ဇာတ်လမ်းက ပြီးသွားပြီ ခ
ဆို သူလည်း လင်ရနေရောပေါ့"

"ဟယ် နင်ကလည်း သူတို့ မယူရသေးပါဘူး၊ စေ့စပ်ပြီ
တောင် နောက်လကုန်လောက်မှတဲ့"

"ဟင်. . ဟုတ်လား"

သီလ ဆွေးဆွေးမြေ့မြေ့ ဖြစ်သွားပုံက သိသိသာသာ
ဖြစ်နေ၏။ သူတို့၏ ပျော်ပျော်ပါးပါး ပုံစံတွေ ပျောက်ဆုံးပြီး
လေးလေးနက်နက် ဖြစ်သွားကြသည်။





"ဒီကောင့် လန်းချင်ယောင်ဆောင်နေတာ ခုထိ ဟတ်
သိနေတုန်း ဝက်ကလေးရ"

ကုသိုလ်၏ မှတ်ချက်ကို သီလ ဘာမှမတုန့်ပြန်ဘဲ ငြိမ်
နေလိုက်၏။

"အေးလေ အဲဒီလို စိတ်ရှုပ်စရာကောင်းလို့ ငါ အပျိုကြီး
လုပ်နေတာ၊ နင် အလုပ်ပဲ ကြိုးစားနေတော့မှာလား၊ အသစ်
လေးဘာလေးရှာပေါ့"

"မရှာချင်ပါဘူးဟာ စိတ်ကုန်လို့ ဒီအလုပ်တွေက မိဘ
ကျေးဇူးဆပ်ဖို့ လုပ်နေတာဟ၊ သားလိမ္မာ နေကျောက်ခဲလေ"

"သူ့ကို ယူမယ့်သူမရှိလို့ မိဘအတွက်လို့ ပြောတာတော့
အကောင်းမမှတ်နဲ့"

ချစ်တီးက ကြုံတုန်းလေး ဘာသာနှင့်နာနာနှက်၏။
ဝက်ကလေးကတော့ မိုးမြင့်ကိုသာ သတိရနေဟန် တူသည်။
သူမှာထားသည့် ကြေးအိုးကိုဆွဲလိုက် စကားပြောလိုက်လုပ်နေ
၏။ ပြောသမျှ စကားထဲမှာ မိုးမြင့်မေ ပါနေသည်။

"အင်း. . နင်တို့အဖြစ်ကလည်း ဆန်းသား၊ ခိုးပြေးဖို့
လည်း ကြိုးစားခဲ့တယ်၊ လက်ထပ်ဖို့လည်း ပြင်ဆင်ခဲ့တယ်၊ ဒါနဲ့
တောင် ဝေးရသေးတယ်နော်"

"ဝေးတယ်ဆိုမှတော့ နဖူးစာ မင်ရည်ကျဲလို့ပေါ့၊ ကဲပါ
ဒါတွေ ပြန်ပြောမနေပါနဲ့တော့၊ တစ်ခါတစ်လေ သတိရတာက
လွဲပြီး ငါ့မှာသူနဲ့ပတ်သက်လို့ ဘာအကန့်မှ မရှိတော့ဘူး"

"အေးပါဟာ. . ငါ့ကိစ္စပဲ မေးတော့မယ်၊ ဒီလိုဟာ. .


www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးမှာ ဆယ့်ငါးပေပတ်လည် သံဖရိန်နဲ့အဖီဆွဲမယ် ပြီးရင် တစ်တိုက်လုံး ဆေးပြန်သုတ်ချင်တယ်”

“ရတယ်လေ နောက်ဖေးမှာ အိမ်သာရေချိုးခန်း ထည့်မှာလား မီးဖိုဆောင်ပဲလား ရေတိုင်ကီရော တင်မှာလား”

“အေး. . အားလုံးပါချင်တာ. . ရရဲ့လား”

“ရပါတယ်ဆိုနေ”

“ဘယ်လောက်ကျမှာလဲ အဲဒါ အရင်ပြော”

“ကဲ. . ချစ်တီး ဝက်ကလေးကို ဈေးပြောလိုက်”

ချစ်တီးက တကယ့်ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင် စတိုင်နှင့် ဝက်ကလေးကိုကြည့်ပြီး. . .

“ဘာပစ္စည်းတွေ သုံးမှာလဲဆိုတာ ရှိသေးတယ်၊ ဘိလပ်မြေနဲ့ အုတ်ကာစပြီး ဈေးအမျိုးမျိုး ရှိတယ်၊ ဆင်လား ကြံ့နစ်ကောင်လား၊ ကြံခင်းလား၊ ရေအုတ်လား ကုန်းအုတ်လား၊ ကြွေပြား အီတာလျံသုံး မှာလား ချိုင်းနားလား၊ သုတ်ဆေးက UPG လားနိုင်ငံခြားလား ”

“ချစ်တီး မရစ်နဲ့နော်၊ ငါ့တိုက် နင့်လို မည်းမနေရင်ပြီးရော”

ချစ်တီး ရစ်တာကို ဝက်ကလေး ပြန်ခွပ်လိုက်သဖြင့် အားလုံးပွဲကျသွား၏။

“နင်အကုန်ခံနိုင်တာထက် ငါးသိန်းလောက် ပိုကုန်မှာဟ”

“ဘာလဲ ငါးသိန်းက နင့်မသာကို အာဖရိက ပြန်ပို့ဖို့





လမ်းစရိတ်လား”

“အဟားဟားဟား. . . အကောင်းပြောတာ ဝက်ကလေး”

“ဒီမယ် ချစ်တီး. . ငါ့ကိုအချဉ်မှတ်နေလား၊ အရပ်ထဲက ကန်ထရိုက်နဲ့ရော ဒိုပြင်ရုံးခန်းဖွင့်ထားတဲ့ ကွန်စထရပ်ရှင်တွေကိုပါ လိုက်မေးပြီးပြီ. . ပေါက်လား”

ချစ်တီး ရစ်ပုံနှင့် ပွဲကရှည်နေတော့မည်မို့ သီလ ဝင်ပြောမည် ဟန်ပြင်စဉ် ကုသိုလ်က ဦးသွားပြန်သည်။

“မျက်နှာသိပေပိ မဝယ်နဲ့တဲ့၊ ဝက်ကလေး နင်ငါတို့ကိုယုံလား”

“အေး. . ငါ့အဘွားငယ်ငယ်က ဘတ်(စ)ကားကြီးတွေ ထောင်တာ. . အဲဒီတုန်းထဲက အဘွားပြောပြောနေတဲ့ စကားရှိတယ်၊ စပယ်ယာရိုး သုံးကျပ်ခိုးတဲ့၊ ကန်ထရိုက်ရိုးရင် တစ်ဆယ်လောက်တော့ ခိုးမှာပါဟယ် သိပြီးသား”

“ဟား. . တကယ်မလွယ်တဲ့ ဝက်ကလေးပါလားဟ”

“ကဲပါကွာ နောက်မနေနဲ့တော့၊ ပြော. . ဝက်ကလေး နင်စုံစမ်းခဲ့သမျှထဲက အသက်သာဆုံး ဈေးပြော”

“ရှိုင်းကွန်စထရပ်ရှင်က သိန်းလေးဆယ်တဲ့၊ အဲဒါ အဖီဆွဲတာ အပြီးအစီး၊ သံဖရိန် ထိုင်းဘိလပ်မြေနဲ့ ကြွေပြားအမိုးက လိုင်းစင်းရောင်စုံသွပ်၊ ဆေးသုတ်တာ မပါဘူး”

“အိုကေ ငါတို့ရှေ့နောက် တိုက်အသစ်ရော အဟောင်းပါ ဆေးသုတ်ပေးမယ် လေးဆယ်ပဲပေး”



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော် သီလ"

"ဟေ့ကောင်. . စွတ်သဘောကောင်းမနေနဲ့ တိုက်ဟောင်းက သုံးထပ်ဆို အိတ်စိုက်နေရမယ်နော်"

"အမလေးဟဲ့ ချစ်တီးရယ် တို့ရေရှားရေနိုင်လိုက်တာ မိန်းမကြီးကျနေတာပဲ၊ ငါ့တိုက်ဟောင်းက နှစ်ထပ်ပဲ အဆစ်သုတ်ပေးချင်ရင် စာကလေးအိမ် သုံးလုံးရှိတယ်. . ဒါပဲ"

ဝက်ကလေးအပြောကြောင့် မပြုံးဘဲ ဝါးလုံးကွဲရယ်လိုက်ကြသည်။

"နင့်အိမ် ငါတို့မရောက်ဖူးဘူး လိပ်စာပေးထားခဲ့၊ ဗစ်ဖင်းတင်းကတ်ယူသွား ဘယ်နေ့စဆောက်ချင်တာလဲ လှမ်းဖုန်းဆက်"

"ok စရံ ဘယ်လောက်ပေးရမလဲ"

"တဝက်ပေါ့ အလုပ်စတဲ့နေ့ကျမှပေး"

"ဘယ်လောက်ကြာမလဲ"

"ရက် (၂၀)ပဲ"

ထိုနေ့က ဝက်ကလေးကြောင့် အားရပါးရ မရယ်ဖြစ်တာ ကြာပြီဖြစ်သည့် သီလတစ်ယောက် မျက်ရည်ထွက်အောင်ရယ် ခွင့်ရခဲ့သည်။ ခေတ္တခဏပဲဖြစ်ဖြစ် ကျော်ကွဲမွှန်းကျပ်မှုတွေကြားမှ ပြေးထွက်ခွင့်ရခဲ့သည့်အတွက် ဝက်ကလေးကို ကျေးဇူးတွေ တင်နေမိတော့၏။

ခုတော့လည်း သူနှင့်မိုးမြင့်တို့ ဆုံမှတ်က ရေမျောကမ်းတင် ဖြစ်ခဲ့ရပြီ။ ဝက်ကလေး ပြန်သွားတော့ အလုပ်ခန်းဆီ ပြန်





ဝင်လာခဲ့ကြ၏။

"ဟေ့ကောင် ဘာပဲပြောပြော မင်းရဲ့သတင်း မိုးမြင့်မေဆီ ရောက်မှာတော့ သေချာတယ်"

သီလလည်း အလံဖြူထောင် လက်နက်ချပြီး ဖုန်းအကြိမ်ကြိမ်ဆက်တာတောင် တုန့်ပြန်ဖော်မရသည့် မိုးမြင့်အားရင်ထဲမှာ မျက်ချင်ချင် ဖြစ်နေသည်မို့. .

"သတင်းရောက်တော့ရော ဘာဖြစ်လဲ၊ ရင်မခုန်ပါဘူးကွာ၊ Expire ဖြစ်သွားတဲ့ အစားအသောက်လို၊ ကြည့်ပြီးသားရုပ်ရှင်လက်မှတ်လိုပါပဲကွာ ဘာမှအသုံးမဝင်တော့ပါဘူး"

သီလအပြောကြောင့် ချစ်တီးနှင့်ကုသိုလ်တို့ အားတုံ့အားနာ ဖြစ်သွားကြ၏။ ဘယ်သူမှ စကားဆက်မပြောဖြစ်ဘဲ ကိုယ့်စားပွဲကိုယ် ဝင်ထိုင်လိုက်ကြသည်။

တကယ်တော့ သီလတစ်ယောက် မိုးမြင့်မေကို မေ့မရသေးတာကတော့ အသေအချာပင် ဖြစ်သည်။ ယခုကဲ့သို့ ကိုယ်ပိုင်လုပ်ငန်းနှင့် အောင်မြင်နေတာကလည်း မိုးမြင့်တို့သားအဖအပေါ် မခံချင်စိတ်နှင့် ကြိုးစားခဲ့သဖြင့် ရရှိလာသည့် အသီးအပွင့်များသာ ဖြစ်သည်မဟုတ်လား။

လုပ်ငန်းအောင်မြင်လေ မိုးမြင့်ကို သတိရလေ ဖြစ်နေ၏။ သို့သော် ပြန်လည်ဆက်သွယ်ဖို့ စိတ်ကူးတော့ လုံးဝမရှိ၊ ဒါကလည်း ယောကျာ်းတစ်ယောက်၏ အစွမ်းအစကို မျက်စေ့တဆုံး မကြည့်ဘဲ မျက်မွေးတစ်ဆုံး အမြင်နှင့်ပြောခဲ့သည့် စကားများအား နာနာကျင်ကျင် မှတ်မှတ်ရရ သိမ်းထားမိသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပင် ဖြစ်၏။

ထားလိုက်ပါတော့ မိုးမြင့်လည်း အခြားတစ်ယောက်နှင့် စေ့စပ်တော့မည်ဖြစ်သည်။ စေ့စပ်သည်ဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး သစ္စာထားဖို့ ကတိကဝတ်ပြုကြသည့် ကနဦး စာချုပ်တစ်ခုပဲ ဖြစ်သည်။ အချိန်နှောင်းသွားပြီဖြစ်၍ လမင်းသာချိန်ရောက်မှ နေ၏ အလင်းရောင်ကို တမ်းတမနေချင်တော့။ ထိုနေ့က ကန်ထရိုက်ခွင်တစ်ခု ရဖို့လိုက်ရင်း အပြန်မိုးချုပ်သွားသည်။

အိမ်ပြန်ရောက်တော့ ဖေဖေက ဂျာနယ်ဖတ်နေပြီး မေမေက စာအုပ်တစ်အုပ်. . အဲ. . စာအုပ်မဟုတ်ဘူး ဓာတ်ပုံအယ်(လ်)ဘန်တစ်အုပ် ကြည့်နေခြင်း ဖြစ်သည်။

"သား နောက်ကျလိုက်တာကွယ် ထမင်းရောစားပြီးပြီလား"

"ပြီးပြီမေမေ ဟိုတယ်ဆောက်မယ့် ကုမ္ပဏီပိုင်ရှင်နဲ့ စကားပြောရင်း အတူတူစားခဲ့တာ၊ ဒီမှာ မေမေတို့အတွက် ဘဲကင်တောင် ဝယ်လာသေးတယ် "

သီလက ဝယ်လာသည့် ဘဲကင်ဖော့ဘူးကို စားပွဲပေါ်တင်ပေးလိုက်သည်။ ဖေဖေက ဂျာနယ်ကိုချပြီး ဘူးကိုဖွင့်ကာ တူနှင့်ညှပ်ပြီး အားရပါးရ စားနေလေ၏။ မေမေက ဘဲကင်ကို မကြည့်ဘဲ သားနှင့် အယ်(လ်)ဘန်ကိုသာ တစ်လှည့်စီကြည့်နေလေ၏။ တစ်ခုခုပြောချင်ပုံရသည်ဟု သိလိုက်၍. . .

"မေမေ ဘာပြောစရာရှိလို့လဲ အိမ်စရိတ်ကော ရှိသေးရဲ့လား"





"ရှိပါတယ် သားရယ်၊ သားကို မေမေ ပြစရာရှိလို့"

"ဘာများလဲ မေမေရဲ့"

ပြဆိုတော့လည်း မပြသေးဘဲ ရယ်ကျဲကျဲလုပ်နေသည့် မေမေ့ကြောင့် သိချင်စိတ်နှင့် သီလ မရိုးမရွဖြစ်လာ၏။ ဖေဖေက အရိုးတစ်ချောင်း ထွေးထုတ်လိုက်ရင်း. . .

"အဟီး. . ဒီလိုကွ ငါ့သားရ၊ မင်း အမေ ကိုရီးယားကားတွေ အကြည့်များသွားပြီး သူတို့တွေလုပ်သလိုမျိုး သားအတွက် ကြင်ဖက်ရှာပေးချင်တဲ့ ရောဂါထနေတာလေ၊ ဟောဟိုက အယ်(လ်)ဘန်ထဲ မှာ ကောင်မလေးသုံးယောက်ရဲ့အလှပုံတွေ အများကြီးပဲ မင်းအတွက် ချွေးမလောင်းတွေ ဆိုပါတော့"

ဖေဖေ့စကားကြောင့် မေမေ့ကို သနားသွားသလို ရယ်လည်းရယ်ချင်သွား၏။

"ဟဲဟဲဟဲ. . . ကဲပါမေမေရယ် မေမေကြည့်ချင်ရင် ကြည့်ပါမယ်၊ ဒါပေမဲ့ သားမှာ မိန်းမယူဖို့အစီအစဉ် မရှိသေးဘူး နော် ခုထိုင်းလေးနေရတာ စိတ်ချမ်းသာလို့"

သီလကပြောပြောဆိုဆို အယ်(လ်)ဘန်ကိုယူကာ လှန်လှောလှေ့လာလိုက်သည်။ လန်ထွက်. . . အဲ. . . အတော်ချောသည့် ကောင်မလေးသုံးယောက်ကို စတိုင်အမျိုးမျိုးနှင့် တွေ့လိုက်ရ၏။ မေမေက သား၏ မျက်နှာရိပ်မျက်နှာကဲကို မပြတ်အကဲခတ်ရင်း. . .

"ဘယ်လိုသဘောရလဲ သား"

"တော်တော်လှကြပါတယ် မေမေ၊ ဒါပေမဲ့ ဒီထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ချွေးမတော့ မပါဘူး”

မေမေစိတ်ပျက်သွားသလောက် ဖေဖေက အားရပါးရ ထရယ်တော့သည်။

“ကဲ . . ငါမပြောဘူးလား အပိုတွေ မလုပ်ပါနဲ့လို့၊ အခု တော့ ဘယ့်နှယ်ရှိစ”

မေမေက ဖေဖေ့ကို မျက်စောင်းထိုးရင်း . . .

“ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲကွယ်၊ သားက တစ်ဦးတည်း သောသားလေ၊ မေမေ စိတ်မချဘူး ဒါကြောင့် မျိုးကောင်းရိုး ကောင်းလေးတွေ သေချာရွေးထားတာ၊ ရှေ့ရေးစိတ်အေးရ အောင် တစ်ယောက်ယောက်ကို ရွေးပြီး တွေ့ကြည့်ပါလား သား ရယ်”

“မဖြစ်ပါဘူးမေမေရာ. . သား စိတ်မပါဘူး၊ ပြီးတော့ သား မိန်းမတွေကို ကြောက်တယ်၊ မိန်းမဆိုတာ အမေအနေနဲ့ပဲ ကောင်းတာ၊ မယားအနေနဲ့ မကောင်းဘူး. . . ”

မေမေ့ မျက်နှာအိုစာသွားသော်လည်း ဖေဖေက စား လက်စ ဘဲကင်ပါးစပ်ထဲမှ ပြန်ထွက်ကျအောင် အော်ဟစ်ရယ် မောတော့သည်။

“သားရယ် လိမ္မာလှချည်လား တော်လှချည်လား. .၊ အဖေတောင် ငါ့သားလောက် မလိမ္မာခဲ့တာ အမှန်ပါ၊ မင်းအ ရွယ်တုန်းက မင်းလိုအတွေးမျိုး အဖေ မတွေးမိခဲ့ဘူးလေ၊ ဒါကြောင့်လည်း ခုထိ မျက်စောင်းထိုးခံနေရတာပေါ့ကွ”

“ရှင်ကြီးနော်. . ရှင်ကြီး၊ ဒါက ဘာစကားလဲ”





မေမေ ရှက်ရမ်းရမ်းပြီး နဂါးမျက်စောင်းသာမက စွန် သိုင်း လင်းယုန်သိုင်းများကိုပါ ထုတ်သုံးပြီး အဖေ့ကို ကုတ်ဆွဲထိုး ဆိတ်နေတော့၏။ အဖေလည်း တတ်သည့်ပညာ မနေသာဆိုသ လို ဟူစိန်ဘော့(တာတိုအပြေးဘုရင်)၏ ပညာကိုသုံး၍ ထွက် ပြေးလေတော့ ၏။ ခပ်လှမ်းလှမ်းရောက်မှ. . .

“မင်းအမေကို ငါပြောပါတယ်ကွာ အေးအေးဆေးဆေး တရားရှုပြီး ပုတီးစိပ်နေပါဆိုတာ ပြောလို့ကိုမရဘူး၊ ကလေး ဆိန်းချင်တယ် မြေးချီချင်တယ်နဲ့ ပူဆာနေတာကွ၊ ငါတတ်နိုင်တဲ့ ဘိစ္စဆိုလည်း ချက်ချင်းထလုပ် ပေးလိုက်တယ်ကွာ တကယ်ပါ”

ဖေဖေကလည်း မခံချင်အောင်စသည်၊ မေမေကလည်း ဒေါသအိုးဆိုတော့ တွေရာနှင့် ကောက်ပေါက်တော့သည်။ ဒီတစ် ခါတော့ တူသိုင်းနှင့်လှမ်းပစ်ခြင်း ဖြစ်၏။ ဘဲကင်စားသည့် တူနှစ် ချောင်းနှင့် လှမ်းပစ်လိုက်သည့်အတွက် အရက်မူးသိုင်း မတတ် သည့်အဖေ ကိုရိုကားယား ရှောင်တိမ်းရင်း တဟားဟားအော် ရယ်နေလေတော့၏ ။

သီလလည်း အမောတွေ အနွမ်းတွေကို စမ်းရေနှင့် ေက်ဖြန်းလိုက်သလို ကြည်လန်းသွားခဲ့ရသည်။ မေမေ့၏ ချွေးမ ှာ ပရောဂျက်က ထိုမျှနှင့် ရပ်တန့်သွားလိမ့်မည်ဟု သီလ ထင် မှတ်ထားခဲ့၏။ မေ့မေ့ပျောက်ပျောက်နှင့် အလုပ်ခွင်မပျက် ခရီး ဆက်ခဲ့သည်။

တစ်နေ့မှာ ဆိုဒ်ထဲသို့ သီလ ရောက်နေစဉ် ထူးထူးဆန်း ဆန်း မေမေ့ထံမှ ဖုန်းဝင်လာသည်။ မဆက်စဖူးဆက်လာသည်မို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုဖြစ်သလား အတွေးနှင့် စိတ်ပူသွား၏။

"ဟလို့ . . မေမေပြော အရေးတကြီးကိစ္စ ရှိလို့လား"

"အခု အမေ ရန်ကင်းက YKKO ကြေးအိုးဆိုင်ရောက်နေတယ်၊ သားတို့ဆိုက်နဲ့ နီးနီးလေးမို့လား လာခဲ့ပါလား အတူတူစားရအောင်လို့"

"သြော် . . ကောင်းသားပဲ သားလာခဲ့မယ် ခဏပဲစောင့်"

ကြေးအိုးအတူတူစားရအောင် လှမ်းခေါ်တာပဲ ဟု သီလ ပေါ့ပေါ့ပါးပါးသာတွေးပြီး ကြေးအိုးဆိုင်သို့ ထွက်လာခဲ့၏။ ဆိုင်ထဲဝင်လိုက်တော့မှပဲ မေမေ့အကြံအစည်ကို ရိပ်မိတော့သည်။ မေမေ့ကို တော်တော်ချောသည့် ကောင်မလေးတစ်ယောက် နှင့်အတူ ကြေးအိုးစားနေတာ တွေ့ရသည်။

"သားဘာစားမလဲ"

"ဆီချက်လောက်ပဲ ကောင်းပါတယ်"

ဆီချက်လှမ်းမှာ အပြီးတွင် မေမေက အင်ထရိုလုပ်ဖို့ အစပျိုးလာ၏။

"သား သူလေးက မေမေ့မိတ်ဆွေ ဒေါ်ကြည်ကြည်မာရဲ့ သမီး သီရိမေတဲ့ သူအဖေကလည်း KBZ ဘဏ်ကပဲ၊ M.B.A ဘွဲ့ရထားတာ"

"သြော် . . ဟုတ်ကဲ့ ကျွန်တော်က သီလပါ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ဟုတ်ကဲ့ရှင့် အလုပ်များတဲ့ကြားက ရောက်အောင်လာခဲ့လို့ ကျေးဇူးတင်ပါတယ်၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင့်"





သီလ ထိုမျှသာပြောပြီး လာချပေးသည့် ဆီချက်ကိုသာ သွက်သွက်စားနေလိုက်၏။ ထိုအတောအတွင်း သီလထံ ဖုန်းကသည်း ခဏခဏ ဝင်လာသေးသည်။ ဘယ်နေရာ ဘာလုပ်ရမလဲဆိုတာ ဘယ်ပစ္စည်းသုံးရမလဲ ဆိုတာတွေ ဖုန်းဖြင့်လှမ်းပြီး ညွှန်ကြားချက်ပေးနေရသည်။ သားဖြစ်သူ အလုပ်စကားပဲ ပြောနေတာကို အားမလိုအားမရ ဖြစ်လာဟန်နှင့် မေမေက. . .

"သား သီရိက ဘွဲ့ရဆိုပေမယ့် အလုပ်မရသေးဘူးကွဲ့"

"ဟာ . . မေမေကလည်း MBA ဘွဲ့ရတစ်ယောက်နဲ့ သားရဲ့ ကွန်စထရပ်ရှင်က ဘာမှမဆိုင်ဘူးလေ လုပ်ငန်းက သေးတော့ စီမံခန့်ခွဲမှုတွေ ငွေရေးကြေးရေးတွေ ကျွမ်းကျင်တဲ့သူကို ဘယ်လိုလုပ် အလုပ်ပေးနိုင်မှာလဲ"

"ရှင်"

"အို . . သားကလည်း သားဆီမှာ အလုပ်တောင်းတာ ဟုတ်ပါဘူး၊ ကုမ္ပဏီကြီးတွေနဲ့သားက အဆက်အသွယ်ရှိတော့ စုံစမ်းပေးဖို့ ပြောတာပါ"

"သြော် . . ဒါလောက်ကတော့ ကူညီပေးနိုင်ပါတယ် သီရိမေ၊ အဲဒီကိစ္စ ကျွန်တော်ခေါင်းထဲ ထည့်ထားလိုက်ပါ့မယ်"

"ဟုတ်ကဲ့ရှင်"

ထိုစဉ် သီလထံ ဖုန်းဝင်လာပြန်သည်။ ဝယ်ယူထားသည့် ပြတင်းပေါက်ဘောင်များနှင့် ချန်ထားသည့်အပေါက် အရွယ်မကိုက်ကြောင်း လှမ်းအသိပေးခြင်း ဖြစ်သည်။ အခွင့်ကောင်းရပြီမို့ သီလ နှုတ်ဆက်ပြီး ပြန်ဖို့ဟန်ပြင်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အားနာလိုက်တာဗျာ ဆိုက်ထဲမှာ ကျွန်တော်မရှိလို့ မဖြစ်ဘူးဗျ. . အလုပ်က တအားများတာ အခုလည်း အလုပ်သမားတွေ လှမ်းခေါ်နေပြန်ပြီ ခွင့်ပြုပါဦးနော်၊ နောက်မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့။ မေမေ. . သား သွားတော့မယ်"

"အေး. . အေး. . မင်းမလဲ ဖုတ်ပူမီးတိုက်ကွယ်"

မေမေ မကျေမနပ် ပြောနေသော်လည်း သီလ အားနာမနေတော့ ချက်ချင်းပင် ဆိုင်ထဲမှ ထွက်လာခဲ့သည်။

"ဟူး. . မေမေနဲ့တော့ မလွယ်ပါလား"

ဆိုက်ထဲပြန်လာရင်း သီလတစ်ယောက်ထဲ ပြုံးစိစိဖြစ်နေ၏။ မေမေခေါ်လာသည့် MBA ဘွဲ့ရ သီရိမေက အလှမယ်ဘွဲ့ရလောက်အောင်ပင် ချောမောလှပတာတော့ သေချာသည်။ သို့သော် လှတိုင်း ချစ်လို့ရသည်မဟုတ်၊ ပြီးတော့ သီလစိတ်ထဲမှာ သူ့လုပ်ငန်းကို ဒီ့ထက်အောင်မြင်အောင် ကြိုးစားချင်သေးသည်။

ထို့ကြောင့်သာ နှလုံးသားအနာဖေးတက်အောင် ထိန်းသိမ်းရင်း ကြံ့ကြံ့ခံ ရပ်တည်နေခြင်း ဖြစ်သည်။ ဦးဖေသက်ခင်၏ ကြွယ်ဝမှုကို မကျော်လွှန်နိုင်တောင် တန်းတူဖြစ်ဖို့ ဆန္ဒရှိနေသည်။ သူ့ဘာကြောင့် ထိုရည်မှန်းချက် ထားနေမိသလဲဆိုတာ သူ့ဘာသာလည်း မဝေခွဲနိုင် ဖြစ်နေလေတော့၏။





# မစ္စမြန်(၄)



ပါရမီက ခိုင်ခိုင်ကျော်မှာ နေ့လည်စာ စားရင်း သီလ ထိုအကြောင်းများကို ဖေါက်သည်ချ၏။ နှစ်ကောင်လုံး အံ့သြကြသည်။

"မင်းအမေ ဟိုတုန်းက ပြောခဲ့တဲ့စကား ငါ ခုထိ အမှတ်ရတုန်းပဲ"

"ဘာအကြောင်းလဲကွ"

"မင်း မိုးမြင့်ကိုယူဖို့ အလုပ်ရှာခါစကလေ၊ မေမေ့တာ



www.burmeseclassic.com

www.burmeseclassic.com



တရားမို့ ဘဂဝါတားလည်း မရဘူး ရှာကျွေးနိုင်ရင် တစ်ယောက် မဟုတ်ဘူး ကြိုက်သလောက်ယူဆိုတဲ့ စကားလေ”

“အဟားဟားဟား အဲဒီကိစ္စ ငါတောင် သတိမရတော့ဘူး မင်းမို့မှတ်မိနေသေးတယ်”

“အဲဒါပဲသီလ လောကကြီးက အချိန်အခါနဲ့အခြေအနေကို လိုက်ပြီးပြောင်းလဲနေတယ်ဆိုတာ”

“အပေါ်ယံ ရုပ်မပြောနဲ့ ဒက်ဖနေးရှင်းကိုလင်းဦး”

ကုသိုလ်၏မှတ်ချက်ကို အမိပ္ပာယ်ဖွင့်ဖို့ ချစ်တီးက တောင်းဆိုသည်။

“ဒီလိုလေကွာ တစ်ချိန်က သား မိန်းမယူမှာကို သေလောက်ကြောက်တဲ့အမေတစ်ယောက်က ပေါ်လစီပြောင်းပြီး ကိုယ်တိုင်မိန်းမစပ်ပေးနေပြီလေ၊ အဲဒါ အခြေအနေနဲ့ အချိန်အခါကိုလိုက်ပြီး သီလတို့ မိသားစုအတွင်းက ပြောင်းလဲမှုမဟုတ်လား”

ထမင်းစားပြီး အချိုတည်းရင်း သူတို့စကားကောင်းနေကြသည်။ သီလထပ်ပြောလိုက်သည့် စကားကြောင့် ဘော်ဒါတွေ မျက်လုံးပြူးသွားပြန်၏။

“ငါ့အမေ လက်မလျှော့သေးဘူးကွ၊ လာမယ့်ဆန်းအေးမှာ ရွှေတောင်ကြားထဲက တစ်ယောက်ကို သွားတွေ့ရဦးမှာ”

“ဟေ”

“ဒါဆိုလည်း အဆင်ပြေတဲ့ တစ်ယောက်ကို ဆွဲစိလိုက်ပေါ့ကွာ”





“လောလောဆယ် ငါ့ခေါင်းထဲမှာ အောင်မြင်ဖို့ တစ်ခုရှိတယ်၊ လာဘ်ဝင်တာကို တားဆီးတတ်တာစုတ်ပဲ စုတ်ရောသာဘ်ရော ဝင်တယ်ဆိုတာ ဗေဒင်ဆရာတွေပဲ ပြောတတ်ကြတာ၊ အပြင်လောကမှာ တကယ်မရှိဘူး”

“ဒါတော့ ငါလက်ခံတယ်၊ ဒါကြောင့်သာ ခရိုနီတွေဆီမှာ အငယ်အနှောင်းတွေ တောင်လိုပုံနေတာပေါ့၊ အဲဒါ သာဘ်ကြောင့် စုတ်ဝင်တာလေ”

စကားတွေ အပြန်အလှန်ပြောရင်း အချိန်ဖြုန်းနေလို့ဖြစ်သည့်အတွက် အရေးကြီးစကားကို သီလ ပြောလိုက်သည်။

“အဲဒီကောင်မလေးကို သွားတွေ့တဲ့အခါ ငါ့ကို ခါထွက်သွားအောင် ဘယ်လိုလုပ်ရရင် ကောင်းမလဲဆိုတာ အကြံဉာဏ်ပေးကြဦး”

“ဟေ”

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

**တ**နင်္ဂနွေနေ့မနက်တွင် မေမေ့ဆန္ဒကို လိုက်လျော
သည့်အနေနှင့် ရွှေတောင်ကြားမှ ဘေဘီမိုးထံ သီလရောက်
လာခဲ့သည်။ ကြိုတင်ဖုန်းဆက်ထားသဖြင့် ဘေဘီမိုးနှ
သူ့မိခင်ဘေဘီနွဲ့တို့ စောင့်ကြိုနေကြ၏။ အရစ်ကျစနစ်နှင့် ဝယ
ထားသော မကြာသေးသည့် တိုယိုတာခရောင်း ကားပေါ်မှဆင်း
သည်နှင့် အန်တီကြီးက နှုတ်ဆက်သည်။

"မောင်သီလ မဟုတ်လား၊ ငါ့တူက ဓာတ်ပုံထဲမှာထ
အပြင်မှာ ပိုကြည့်ကောင်းသား . ၊ လာ . . လာ . . အိမ်ထဲဝင်
ကွယ်"

"ဟ . . ဟု . . ဟု . . ဟုတ် . . ဟုတ်ကဲ့"

မေတို့ အိမ်ကြီးနီးပါးကောင်းမွန်သည့် တိုက်ကြီး
ဝင်လာခဲ့သည်။ ဒါ မေမေ့အစီအစဉ်နှင့် ဒုတိယမြောက် ဆုံရ
ရသည့် မိန်းကလေးပင်ဖြစ်သည်။ လျှပ်တစ်ပြက် အမြင်





ဘေဘီမိုးမှာ အလန်းလွန် အလွန်လန်းပြီး ရင်ညွန့်ဗိုက်သားနှင့် ချက်အပြင် ပေါင်တံများကိုပါ အလှပြသည့် အဝတ်အစားကို ဆင်ယင်ထား၏။ သီလမှာ မြင်တာကို မြင်တယ်လို့ မမှတ်နိုင်ဘဲ ယောကျ်ားပီသစွာ အရသာခံကြည့်ရင်း တံတွေးမျိုချလိုက်ရသည်။

"သူက အန်တီသမီးလေ ဘေဘီမိုးတဲ့ အီးမေဂျာနဲ့ ကျောင်းပြီးထားတာကွဲ့"

"ဟုတ် . . ဟုတ်ကဲ့ . . ကဲ့ . . တ . . တ . . တွေ့ . . တွေ့ရတာ . . ဝ . . ဝ . . ဝ . . ဝမ်းသာ . . သာ . . ဝမ်းသာလိုက် . . လိုက် . . လိုက်တာဗျာ"

"ဟင် . ."

"မောင်သီလ . . မင်း . . မင်း . ."

"ကိုသီလက စကားထစ်နေတာလား"

"ဟ . . ဟ . . ဟု . . ဟုတ် . . ဟုတ်ပါ . . ပါတယ် . . ယ် . . ငယ် . . ငယ်ငယ်လေးထဲထဲက . . က . . ပါဗျာ"

"ဟယ် . . မသီတာနိုင်ကတော့ လုပ်ချလိုက်ပြန်ပြီ အဲဒါကို ဘာလို့ မပြောခဲ့ရတာလဲ"

"ဟုတ်ပါရဲ့ မာမီရယ် စိတ်ညစ်လိုက်တာ"

ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသလို ချစ်တီးပေးသည့် အကြံ အတိုင်း စကားထစ်သူတစ်ယောက်လို ပြောတတ်အောင် သုံးရက်နှင့် အပြတ်လေ့ကျင့်ခဲ့သည့် အကျိုးကျေးဇူးက လက်ငင်း အကျိုးဖြစ်ထွန်းလာနေပြီ ဖြစ်သည်။ သူ ရည်မှန်းချက်ကိုက


www.burmeseclassic.com

www.burmeseclassic.com

ဘောဘီမိုးတို့ သူ့ကို လက်လန်သွားစေချင်တာပဲ ဖြစ်သည်။ အခုပဲ ဒေါ်ဘောဘီနွဲ့နှင့် ဘောဘီမိုးတို့ သူ့ကိုကြည့်ပြီး မဲ့ရွဲ့နေကြပြီဖြစ် သည်။

"ကျ. . ကျ. . ကျ. . ကျွန်. . တော်တော်နဲ့ ဘောဘော ဘော ဘီဘီမိုး. . ကိတ်ကိတ်ကိတ်စ. . ကျ. . ကျ. . ကျွန်တော် လက် လက်ခံပါပါတယ်. . ကြ. . ကြကြ. . ကြိုက်တယ် အဟဲ ဟဲဟဲ"

"မာမီ လုပ်ဦး"

"ဟို. . ဟိုလေ အဲဒီကိစ္စ ငါ့တူရဲ့အမေနဲ့ပဲ အပြီးအပြတ် ပြောလို့ရမှာ အန်တီ ဖုန်းဆက်ချိန်းလိုက်ပါ့မယ်"

"ဘောဘောဘောဘီ. . မိုး. . မိုး. . အ. . အ. . အရမ်း လှ လှတယ်. . ယူယူ. . ယူမယ်လေ"

"ယူစရာလား. . ယူစရာလား. . ရာရာစစ၊ ရုပ်ချော ချောဆိုလို့ တွေ့ကြည့်ပါတယ်၊ အထစ်အထစ်နဲ့ ရည်းစားစကား ပြောရင်တောင် တစ်လုံးနဲ့တစ်လုံး သံကြိုးရိုက်ရမယ့်လူကို ယူ စရာလား"

ဘောဘီမိုးက ဒေါ်နှင့်မောနှင့် ပလစ်ပလစ်နေအောင် ပြောရင်း ခြေဆောင့်ကာ အခန်းထဲမှ ထွက်သွားတော့၏။ သီလ က တမင် မျက်နှာပြောင်ကာ အကယ်ဒမီ ခန့်စည်သူ့အိုက်တင် နှင့် ဒေါ်ဘောဘီ နွဲ့အား ခွဲသည်။

"အ. . အ. . အန်အန်အန်တီ လလလလုပ်. . လုပ်ပါ ဦး၊ ခခခ. . ခေါ်. . ခေါ်ပေးပေး ခေါ်ပေးပါ"





"အေး. . အေး. . အေးပါ. . ပါ. . အေးပါကွယ်၊ သြော် မင်းလုပ်တာနဲ့ ငါတောင် ထစ်ထစ်ကုန်ပြီ၊ ဒီမယ်မောင်ရင် အခုတော့ ပြန်လိုက်ပါ၊ မင်းအမေနဲ့ ထပ်ညှိလိုက်ပါ့မယ်၊ ဟုတ် . . ဟုတ်. . ဟုတ်ပြီလား၊ အမလေး. . မော. . မောလိုက်တာ ဟယ်၊ မင်းနဲ့ စကားပြောရတာ မောလိုက်တာ. . ပြန်တော့"

"ဟုတ်ဟုတ်. . ဟုတ်ကဲ့၊ ယူ. . ယူမှာနော်. . ဘောဘော ဘောဘီကို. . ယူ. . ယူမှာ"

"အေးပါ. . သွားပါတော့. . ဟူး"

သီလလှည့်ထွက်လာတော့ သူ့မျက်နှာကြီး ပြုံးဖြီးဖြီး စပ်ဖြဲဖြဲဖြစ်နေမှာကို သူကိုယ်တိုင်သိနေ၏။ ချစ်တီးတို့ အိုင်ဒီ ယာနှင့် အောင်မြင်မှု ရခဲ့ပြီဖြစ်သည်။ မျက်နှာပိုးသတ်၍ ကား ပေါ်တက်ပြီး တံခါးပိတ်ရန် ထွက်လိုက်လာသည့် အန်တီကြီးအား ထပ်မံနှုတ်ဆက်လိုက်၏။

"သ. . သ. . သွ. . သွား. . သွားမယ်. . မယ်နော် အန်အန်အန်. . အန်တီ "

အန်တီကြီး စကားတောင်ပြန်မပြော၊ မချိပြုံးနှင့် ခေါင်း ညိတ်ပြရုံသာ ပြတော့၏။ သီလ ကားမောင်းထွက်လာခဲ့ပြီး ခြံပြင် ရောက်သည်နှင့် တစ်ယောက်ထဲ အားပါးတရ ရယ်လိုက်တော့ သည်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ အိမ်ပြန်ဖို့ သီလ အတော်စဉ်းစားနေရ၏။ အိမ်ရောက်လျှင် မေမေနှင့်ရင်ဆိုင်ရမှာ အသေအချာပင် ဖြစ်သည်။ အလုပ်သိမ်းတာတောင် မပြန်သေးဘဲ ချစ်တီးနှင့် ကုသိုလ်ကို အပါခေါ်ကာ ထမင်းစားပြီး လက်ဘက်ရည်ဆိုင်ထိုင်ကာ အချိန်ဖြုန်းနေခဲ့၏။

"ပီပြင်ခဲ့ရဲ့လား သီလ"

"ပ. . ပ. . ပ. . ပီပီ. . ပီ. ပီပြင်. . သ. . သလား မ မ. . မမေးနဲ့နဲ့"

ချစ်တီး၏အမေးကို သီလက အထစ်အထစ်ပုံစံနှင့် ဖြေလိုက်ရာ သဘောကျပြီး အထစ်အသံနှင့် ရယ်လိုက်ကြသဖြင့် သီလပါ မအောင့်နိုင်ဘဲ ရယ်မိတော့သည်။

"ပစ်ပစ်ပစ်. . ပစ္စည်းက. . လတ်လတ်လတ်ရဲ့လား"

"လတ်သလားလည်း မမေးနဲ့ ပဟာက်ကိုရဲနေတာပဲ





အိမ်နေရင်း ဒီဗိုင်းလားတော့ မသိဘူး မမြင်ရတဲ့ အသားစိုင်ဆိုလို့ အနည်းအကျဉ်းပဲ ရှိတော့တာ. . ၊ အဟီး. . ရှလွတ်"

"ဒါနဲ့များကွာ တမင် စကားထစ်ဟန်ဆောင်ပြီး လွဲအောင်လုပ်ရတယ်လို့၊ ဆွဲစိပြီး ဝင်အောင်းလိုက်တော့ ဘာဖြစ်မှာမို့လို့လဲ"

"ဒါ မလာဘူးလေကွာ"

သီလက ရင်ဘတ် ဘယ်ဘက်အခြမ်းကို ပုတ်ပြကာ အဖြေပေးလိုက်၏။ ကုသိုလ်က ခေါင်းကို လေ့ကျင့်ခန်းလုပ်သလို ခါရမ်းပြရင်း. . .

"မဟုတ်သေးဘူး သီလ၊ အမှားအယွင်းတစ်ခုခုတော့ ရှိနေပြီ"

"အဲဒါဆိုလည်း ပွဲပေးပြီး ပူဇော်ပသရင်း တောင်းပန်လိုက်ပေါ့ကွာ"

စိတ်မရှည်တော့သော ချစ်တီးက အရွဲ့တိုက်ပြီး ဝင်ပြောသည်။

"မဟုတ်ဘူးလေကွာ၊ မင်းအမေကလည်း ရွဲပြဲစုတ်ပြတ်နေတာမျိုးနဲ့တော့ မင်းကို ပေးစားမလား၊ အသေအချာတောင် မမြင်ရသေးဘဲနဲ့ ကြိုပြီးငြင်းဖို့ ဘာလို့ အစီအစဉ် ဆွဲရတာလဲ"

"ရှင်းပါတယ်ကွာ၊ မလိုချင်လို့ပေါ့"

"အဲဒါကို မရှင်းတာ. . . ဘာလို့မလိုချင်ရတာလဲ၊ မင်းမှာ ရည်းစားလက်ရှိမှ မဟုတ်တာ၊ မင်းနှလုံးသားမှာ ဘာမှမရှိဘူး၊ အခန်းလွတ်တစ်ခုလို ဘာထည့်ထည့် ထည့်လို့ရတာပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲလောက် မလွယ်ဘူးလေကွာ၊ အဲဒီအခန်းထဲမှာ မေရဲ့အငွေ့အသက်တွေနဲ့ မွန်းကျပ်လှောင်ပိတ်နေတာ"

"ပြီးတာတွေ ပြီးပါစေပေါ့ကွာ. .၊ သူလည်း အခြားတစ်ယောက်နဲ့ နားဖောက်နေပြီပဲဟာ"

မိန်းမ မယူချင်ရသည့် အကြောင်းရင်းကို ဘော်ဒါတွေ လက်ခံလာအောင် ရှင်းပြရတာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကဲ့သို့ ခက်ခဲနေ၏။

"မင်း မိုးမြင့်မေကို မမေ့နိုင်တာလား၊ စိတ်ပြောင်းသွားတာလား"

"စိတ်ပြောင်းတယ်ဆိုတာ ဘာကိုပြောတာလဲ"

"လိင်ကွဲကို စိတ်ဝင်စားရာကနေ လိင်တူကိုပြောင်းပြီး စိတ်ဝင်စားနေတာလားလို့မေးတာ"

"ဟား. . ပြင်ထန်လိုက်တာကွာ. .၊ မင်းက ငါ့ကို အခြောက် ဖြစ်နေပြီလို့ စွပ်စွဲလိုက်တာလား"

"ဘုရား. . ဘုရား၊ ဒါဆို ဆိုက်ထဲမှာ မင်းနဲ့အတူ မအိပ်တော့ဘူး"

ကုသိုလ်၏ စွပ်စွဲချက်ကို အပြင်းအထန် ငြင်းဆန်နေစဉ်မှာပင် ချစ်တီးဝင်ထောက်လိုက်သည့် စကားနှင့် အမူအရာကြောင့် သီလ တင်းသွားသည်။

"ဟော့ကောင်တွေ အဓိပ္ပါယ်မရှိတာကို ဘလိုင်းကြီး စွတ်ပြောမနေနဲ့၊ ငါ မိန်းမမလိုချင်ဘူးဆိုတာ အခိုက်အတန့်ပဲ၊ ကိုယ့်အတိုင်းအတာနဲ့ကိုယ် မချိမဆန့်ချမ်းသာအောင် လူရာဝင်





အောင် အရင်လုပ်ဖို့ပဲ ခေါင်းထဲမှာရှိတာ၊ ငါ မျှော်မှန်းတဲ့ အတိုင်းအတာ တစ်ခုရောက်ရင် မိန်းမယူမယ့်အပြင် မင်းတို့ညီမတွေပါ ဆွဲစိလိုက်ဦးမှာ ရှင်းလား"

"ရှင်းပါပြီကွာ၊ မင်း မခြောက်ဘူးဆိုတာ ရှင်းပါပြီ၊ ငါတို့ ညီမတွေကိုတော့ ရန်မရှာပါနဲ့"

အပစ်ရပ်စာချုပ် လက်မှတ်ထိုးနိုင်သွားသလို နှစ်ဦးနှစ်ဖက် နားလည်မှု ရသွားကြ၍ စကားဝိုင်းက ပြန်လည်ငြိမ်သက်သွားသည်။ နိဂုံးချုပ်အနေနှင့် ချစ်တီးက နောက်ဆုံးမှတ်ချက် ပေးသည်။

"မင်းကို မိုးမြင့်မေ တစ္ဆေခြောက်နေတာ မဟုတ်ဘူး၊ ဦးဖေသက်ခင်ဆိုတဲ့ သဘက်ကြီးက ခွစီးပြီး ခြောက်လှန့်နေတာ"

"ဟုတ်တယ်. . ငါလည်း ရှင်းရှင်းလင်းလင်း သိသွားပြီ၊ ဦးဖေသက်ခင်ကို မခံချင်စိတ်နဲ့ မင်း လောဘတွေ တက်နေတာ အဲဒါ ဘဝအတွက် ကောင်းပါတယ်၊ ဒါပေမယ့် အဲဒါကြီးကို နာတာရှည်ရောဂါတစ်ခုလို မွေးမထားသင့်တာတော့ အမှန်ပဲ သိလ"

"ငါ သူတို့အပေါ် အာဃာတမထားဘူး၊ မကျေမနပ်လည်း မဖြစ်ဘူး၊ လိုက်ပြိုင်နေတာလည်း မဟုတ်ဘူး၊ ဘဝမှာ ဘာအရေးကြီးဆုံးလည်း ဆိုတာကို သိသွားတာ"

"ကောင်းတယ် အဲဒီလို တွေးနိုင်တာ အကောင်းဆုံးပဲ"

"ကဲ. . အဲဒါတွေ အသာထားလိုက်၊ ဝက်ကလေးတို့ဆိုက် ဘယ်အခြေအနေရောက်ပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဖေးဆောင် အတွင်းအပြင် အချောကိုင်ပြီးပြီ၊ မနက်ဖြန် ကွေ့ပြားခင်းမယ်၊ သန်ဘက်ခါ အတွင်းနံရံ ဆေးသုတ်မယ်"

"လုပ်နေတာ ဘယ်နှစ်ရက် ရှိပြီလဲ"

"နှစ်ပါတ်၊ သူ့ကို ရက်နှစ်ဆယ်လို့ ပြောထားတာ၊ တစ်တိုက်လုံး ဆေးသုတ်တာ သုံးရက်ထားဦး၊ ဆယ့်ကိုးရက် ကွက်တိပဲ"

"အေး. . အဲဒီလျာထားချက်အတိုင်း ဝင်အောင်လုပ်ကွာ၊ မနက်ဖြန်တော့ နိုဗိုတိုဟိုတယ် ပြန်မွမ်းမံဖို့ လေလံကိစ္စ အောင်မအောင် သိရမယ်၊ အဲဒါရလိုက်ရင် ပွဲသိမ်းပဲ"

"မင်္ဂလာစကားပဲကွာ၊ ဒါဆို လေဘာအင်အား ထပ်လို ဦးမှာပေါ့"

"ဟုတ်တယ် လူထပ်ရှာထားလိုက်ဦး၊ ပညာသင်တွေ မလိုချင်ဘူးနော်"

"စိတ်ချ"

"ကဲ. . သွားကြစို့"

ဘော်ဒါတွေနှင့် လမ်းခွဲခဲ့တော့ ည ရှစ်နာရီ ထိုးနေပြီ၊ အပြန်လမ်းမှာပင် ဖေဖေဖုန်းဆက်ပြီး လှမ်းမေးသည်။ လာနေပြီဟုသာ ဖြေလိုက်၏။ ကားကို ဂရုစိုက်မောင်းနေရင်းနှင့်ပင် သီလ ရင်ခုန်မြန် လာပြန်သည်။ မေမေနှင့် စာရင်းရှင်းရဖို့အရေး စကားလုံးတွေ ကြိုတွေးထားရတော့သည်။

ကားကို နေရာတကျ ပါကင်ထိုးပြီး အိမ်ထဲ ဝင်လာခဲ့





သည်။ ဖေဖေရော မေမေပါ ဧည့်ခန်းမှာရှိနေကြ၏။ မေမေ့မျက်နှာက ပြိုတော့မည့်မိုးလို ညို့ဆိုင်းနေတာ သတိပြုမိသည်။

"ဖေဖေတို့ ထမင်းစားပြီးကြပြီလား"

"အေး. . ပြီးပါပြီကွာ၊ သားရော"

"စားခဲ့ပြီးပြီ ဖေဖေ၊ ဒါနဲ့ ဖေဖေ ဆေးရုံပြန်ပြရဦးမှာနော်"

"အခု အတော်ကောင်းနေပြီပဲကွာ၊ မလိုပါဘူး"

"မဟုတ်ဘူးလေ အဖေရာ၊ တစ်ခါထဲ အမြစ်ပြတ်သွားအောင် ပြသင့်တာတော့ ပြလိုက်ပါ"

"ဘာလဲ မင်းအဖေရဲ့ အဲဒီရောဂါကြောင့် မင်း မိန်းမ မရတော့တာကို ခုထိ မကျေမနပ် ဖြစ်နေတာလား"

"ဟာ. . မေမေ ဘယ်လိုပြောလိုက်တာလဲဗျာ"

ပြေပြေလည်လည် ပြောနေသည့်ကြားမှ ရုတ်တရက် ဖောက်လာသည့် အမေ့စကားကြောင့် မိသားစု စကားဝိုင်းက တပ်လှန့်သံ ချောင်းခေါက်သံတွေ မြည်လာ၏။

"မင်းကလဲကွာ၊ ဘာဖြစ်ပြီး ဘုတောနေရတာလဲ"

"ဘာဖြစ်ရမလဲ ဘေဘီနဲ့ ကျုပ်ကိုပြောတာများ ရစ်ရာကို မရှိဘူး"

ထင်သည့်အတိုင်း သူ့အကြောင်း ဘေဘီမိုးတို့ မေမေ့အား ဖုန်းဆက်ပြောထားပြီးမှန်း သီလ သိလိုက်သည်။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ သီလငြိမ်နေရ၏။ ဖေဖေက အကြောင်းရင်းစုံကို မသိသေး၍ နားမလည်နိုင်ဟန်နှင့် ဇနီးသည်နှင့်သားကို



www.burmeseclassic.com

www.burmeseclassic.com



တလှည့်စီ ကြည့်နေရှာသည်။

"ဘေဘီနဲ့ ငါ့ဆီ ဖုန်းဆက်တယ်"

သီလ ခေါင်းငုံ့ထား၏။

"မင်းကို ငါ အကောင်းအတိုင်း မွေးထားတာ၊ ခုတော့ ကြည့်စမ်း စကားတစ်လုံးတောင် ဖြောင့်အောင်မပြောနိုင်တဲ့ ရှင့်သား အ,ထစ်နဲ့ သူ့သမီးကို မပေးစားနိုင်ဘူးတဲ့၊ ဘယ်လောက် ရှက်စရာကောင်းလဲ"

"ဘာတွေလဲကွာ ငါ နားလည်အောင်လဲ ရှင်းပြကြပါဦး ဘယ်သူက အ,ပြီး ဘယ်သူက မပေးစားတာလဲ"

"မင်းကိစ္စ မင်းဘာသာ ရှင်းပြလိုက်"

အဖေ့အကြည့်က သီလထံ ရောက်လာ၏။ မတတ်သာ တော့ပြီမို့ . .

"အဲ . . ဒီလိုပါဖေဖေ၊ အမေက သားနဲ့ ပေးစားဖို့ ကောင်မလေးတစ်ယောက်ကို သွားကြည့်ခိုင်းပါတယ်၊ ဟိုရောက်တော့ သားက အဲဒီသားအမိကို စကားထစ်တဲ့ သူတစ်ယောက် အဖြစ် ဟန်ဆောင်ဆက်ဆံခဲ့ပါတယ်"

"အဲဒီတော့ ဟိုက ခါထုတ်လိုက်တယ်ပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ် ဖေဖေ"

"အမိက ရည်ရွယ်ချက်က အဲလို ခါလွှတ်စေချင်တာ အဲဒီ ကောင်မလေးကို မယူချင်တာ ဟုတ်သလား"

"ဟုတ်ကဲ့ . ."

ဖေဖေ့အကြည့်က မေမေ့ထံ ရောက်သွားပြန်သည်၊





"မင်းကလည်း သားဆန္ဒကို မတီးခေါက်ဘဲ ဇွတ်မလုပ်နဲ့လေကွာ"

"ကျုပ်က သူ့ကို သေတွင်းပို့နေလို့လား"

"သေတွင်းမဟုတ်ဘူး၊ အဲဒါ ဆင်းရဲတွင်း၊ ဒုက္ခတွင်း"

"အဲဒီတွင်းထဲ ရှင်လည်း ဆင်းခဲ့တာပဲ မဟုတ်လား"

"အခြေအနေက မတူဘူးလေကွာ၊ သူ့မှာ ဒဏ်ရာရှိတယ်၊ အဲဒီဒဏ်ရာပျောက်မှ စဉ်းစားချင်မှာပေါ့ကွ"

"သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ရမှာပဲလေ၊ ဟိုတစ်ယောက်ကို တမ်းတနေလို့ ဘာဖြစ်လာမှာလဲ၊ သူ့ထက်သာတဲ့ ဘာနဲ့ ရှာပြီးပေးစားပြမယ်"

"အဲဒါတွေ ခက်တာပဲ၊ သား မိန်းမယူဖို့ကိစ္စ၊ ခင်ဗျား င်ရွေးပေးရမှာ မဟုတ်ဘူးလေ၊ ခင်ဗျားနဲ့ကျုပ်လည်း လူကြီးတွေ ပေးစားခဲ့တာမှ မဟုတ်တာ"

"တော့်သားက လုပ်မှမလုပ်တာ၊ အသက်က(၂၆)ပြည့်တော့မယ်"

"သားက ဘယ်လိုစိတ်ကူးလဲ"

"သား စီးပွားရေးကို ဒီ့ထက်ပိုပြီး အာရုံစိုက်ချင်သေးတယ် ဖေဖေ"

"မင်းကြောင့် မင်းအဖေ လက်ထက်ကထက် အဆတစ်ရာမက ပိုင်ဆိုင်နေပြီလေ၊ စီးပွားဆိုတာ မိန်းမရလည်း ဆက်ရမှာပဲ၊ မသေမချင်း လုပ်ရမယ့်အလုပ်"

အမေ့စကားတွေက အဖေ့သိက္ခာကို ထိပါးတာတွေပါ



www.burmeseclassic.com

www.burmeseclassic.com



ပါလာ၍ သီလ စကားနည်းရန်စဲဖြစ်အောင် ပြေရာပြေကြောင်း ပြောရတော့၏။

"ကဲပါ မေမေရယ်၊ မနက်ဖြန် လေလံကိစ္စတစ်ခု ရှိသေး တယ်၊ သားကို နှစ်လသုံးလလောက်တော့ အချိန်ပေး ဟုတ်ပြီ လား၊ ဒီကြားထဲ သား သဘောကျတာတွေ့ရင်လည်း တွေ့ဦးမှာ ပေါ့ မေမေရာ"

"မထင်ပေါင် မင်းက လွတ်တဲ့ငါး ကြီးနေတဲ့ဟာ"

"ကဲပါ. . မေမေရယ်၊ တစ်နှစ်အတွင်း မဖြစ်မနေ မိန်းမ ယူပါ့မယ်၊ ကဲ. . ကျေနပ်ပြီလား"

ပြတ်ပြတ်သားသား ကတိတစ်ခုပေးမှ မေမေ့မျက်နှာ ရှစ်ခေါက်ချိုးမှ သုံးခေါက်ချိုးလောက်ထိ လျော့ကျသွားသည်။ တစ်နေ ကုန် ပင်ပန်းလာသည့် သီလလည်း ရေချိုးမည်ပြောကာ ရှောင်ထွက်လာခဲ့၏။

✠ ✠ ✠





**ဆေး**အသစ်သုတ်ထားသည့် ဝက်ကလေးတို့တိုက်ကို အဝေးမှပင် လှမ်းမြင်နေရသည်။ တိုက်ရှေ့ကားရပ်သည်နှင့် အိမ်ထဲမှ ဝက်ဝက်ကွဲရယ်သံတွေ ထွက်လာတာ ကြားမိသည်။

"ဟော. . ဘောစိကြွလာပြီ၊ လာ. . လာ သီလ၊ အ တော်ပဲ ငါ ဆီထမင်းနဲ့ငါးကြော် လုပ်ကျွေးနေတာ"

"အေး. . ဆာနေတာနဲ့ အတော်ပဲ"

ဝက်ကလေး ပြင်ဆင်ကျွေးမွေးတာကို သီလ ဟက် ဟက်ပက်ပက် စားသောက်လိုက်သည်။ ဝက်ကလေးတိုက်က တော့ သူပြောထားသည့်အတိုင်း အားလုံးမွမ်းမံပြီးစီးသွားခဲ့ပြီ။

"နေစမ်းပါဦး ဒီမှာ နင့်အမေရယ်၊ နင့်မောင် လင်မယား နှယ်အပြင် ဘယ်သူနေသေးလို့လဲ"

"တူ. . တူမနှစ်ယောက် ရှိသေးတယ်လေ"

"ဒီလောက် အိမ်အကျယ်ကြီးမှာ လူခြောက်ယောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



နေတာ မပျင်းဘူးလား၊ ယောက်ျားတစ်ယောက်လောက် ကောက်ယူပြီး တင်ထားမှ နင့်ဘဝ ပြည့်စုံမှာပေါ့”

စကားကောင်း ပြောနေစဉ် ကုသိုလ်က ဝင်ဖောက်ပြန်သည်။

“ကုသိုလ် နင် ရန်စကားမပြောနဲ့နော်၊ ငါ့မောင် လင်မယားကိုကြည့်ပြီး စိတ်ကုန်လွန်းလို့”

“ဒီအတိုင်းဆို ငါတို့ ကြားဝင်ပေးမှနဲ့ တူတယ်၊ တို့ရဲ့ ချစ်တီးလေးက အသားမည်းပေမယ့် အသည်းဖြူပါတယ် အလုပ်အကိုင် လည်းကောင်းတယ် နင် စဉ်းစားကြည့်ပါလား”

“သေနာ နင်က ကုသိုလ်မဟုတ်ဘူး၊ အကုသိုလ်. . အကုသိုလ်၊ ဒီလို ကတ္တရာပုံးကို ယူစရာလား”

တင်တင်မြင့်ခေါ် ဝက်ကလေး ဒေါ်သူပုန်ထကာ အကုသိုလ်ကောင်အား တအုန်းအုန်းထု၏။ ကာယကံရှင် ချစ်တီး ငါးသလဲ ထိုးပြုံးလေး ပြုံးကာ. . .

“အသားမည်းတော့ ပတ္တမြားခဲတဲ့၊ ငါကတော့ ဝတ ဖက်ထားချင်ပါတယ်၊ နင်သာ ပတ္တမြားခဲ လိုချင်ရင်ပြော အခုန်း မရွေးဘဲ””

“အမလေး. . အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ၊ နင့်ရဲ့ ဖူးစာဖက်က နယ်လ်ဆင်မင်ဒဲလားရဲ့မြေးဟဲ့ သိရဲ့လား”

ဝက်ကလေး၏ ပိုးစိုးပက်စက် တုန့်ပြန်မှုကို ကြားခဲ့ရ ဝိုင်းစနေကြသည့် ကုသိုလ်တို့အဖွဲ့ တဝေါဝေါနှင့် ပွဲကျနေ

“ကဲပါကွာ. . ဝက်ကလေးက မည်းတာမကြိုက်ဘူး ဘ





က ကုသိုလ်ယူမှာ”

“ဟေ. . ဟုတ်လား”

“ဟဲ့. . အကောင်သီလ နင်နော်. . နင်”

“ဟ. . ငါ ဘာပြောလို့လဲ နင်က ဒါနပြုပြီး ကုသိုလ် ယူမှာ၊ အလှူလုပ်မှာ အဲ့ဒါကို ပြောတာပါ”

“ဒါနလည်း မပြုဘူး၊ ကုသိုလ်လည်း မယူဘူး၊ သီလ လည်း မစောင့်ဘူး၊ နင်တို့အားလုံး ပြန်ကြတော့”

“ဟား. . ဟား ဝက်ကလေး ကျွဲမြီးမတိုဘဲ ဝက်မြီးတို သွားပြီ၊ တို့ပြန်ရမယ်ဆိုရင် ကျန်ငွေလေး မစပါ”

“အဆင်သင့်ပဲ သိန်းနှစ်ဆယ်ကျန်တာ”

ဝက်ကလေးက အနီးရှိ ဘီရိုသော့အားဖွင့်၍ KBZ တံဆိပ်ပါ ကြွပ်ကြွပ်အိတ်ကြီးနှင့် ထည့်ထားသည့် ငွေသိန်းနှစ်ဆယ်ထုပ်ကို ထုတ်ယူပေးသည်။

“ကဲ. . အလုပ်လည်းပြီး၊ ငွေလည်း အကျေပဲ၊ ကိစ္စပြတ် ပြီ”

“နှင်တာလား ဝက်ကလေး”

“စကားကောင်းပဲပြောရင် မနှင်ပါဘူး”

“အေး. . ဟုတ်ပါပြီ ငါ မစတော့ပါဘူး၊ ကဲ. . ကုသိုလ် ငွေကိုက်ဆံစစ်ကြည့်လိုက်၊ ဝက်ကလေးရော ငါတို့ဆောက်ပေးတာ ဆေးသုတ်ပေးတာကို ကျေနပ်လား ဘာလိုသေးလဲ”

“မလိုပါဘူးဟယ်၊ ငါ ကျေနပ်ပါတယ်၊ သဘောကျ တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲဝက်ကလေး ကျေနပ်တယ်ဆိုရင် ကောင်းသတင်း ဖြန့်ပေးပါနော်"

"အဲဒါတော့ စိတ်ချ"

"ဝက်ကလေးက တာဝန်ကျေပါတယ်ကွာ၊ ဆောက်ဆဲကာလမှာ လာသမျှဧည့်သည်ကို ကြွားရင်း ငါတို့ရဲ့ ဗစ်ဖင်တင်းကာဒ်တွေ ဝေခဲ့တာပါကွ"

လူကြီးယောင်ဆောင်ပြီး စကားကောင်းတွေ ပြောကြရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြ၊ ကျွေးတာမွေးတာတွေ စားသောက်ကြနှင့် ရင်းနှီးနွေးထွေးမှုကို ပြန်ရခဲ့သည်။

"ဒါနဲ့ ငါပြီးခဲ့တဲ့အပါတ်က မိုးမြင့်မေနဲ့ တွေ့သေးတယ်"

"ဟင်. . ဟုတ်လား"

ကုသိုလ် ဒါနနှင့် ဝက်ကလေးတို့ အကြည့်က သီလထံစုပြုံ ရောက်ရှိလာကြသည်။ သီလ အနေခက်သွား၏။

ကုသိုလ်က. . .

"ဘာတွေ ပြောဖြစ်ကြသေးလဲ"

"သူ့ ခင်ပွန်းလောင်း အလုပ်ကိစ္စနဲ့ အမေရိကားသွားဖြသုံးလလောက် ကြာဦးမယ်တဲ့ ပြန်လာမှ စေ့စပ်ကြမှာ၊ ဖိတ်စာပို့လိုက်မယ်တဲ့"

"ဟုတ်လား. . ကောင်းပါတယ်ဟာ"

"သူ့အဖေ ဆန္ဒအတိုင်းပဲတဲ့လား"

"အဲလိုထင်ရတာပဲ၊ ငါတောင် နင်တို့အုပ်စု အောင်မြင်နေတဲ့အကြောင်း ပြောပြလိုက်သေးတယ်"





သီလ စိတ်မဝင်စားသလို အမူအယာနှင့် အပြင်သို့ ငေးနေ၏။

"သီလ နင့်မှာ ဘာမှ ပြောစရာမရှိဘူးလား"

"ဟား. . ဘာပြောရမှာလဲ ဝက်ကလေးရာ၊ သူ့သဘောသူဆောင်ပြီး အားလုံးပြီးသွားပြီပဲဟာ"

"အေး. . သူ့ဘက်ကပြီးတာမှန်တယ်၊ မင်းဘက်ကမပြီးလို့ ပြောနေရတာ"

"ငါက ဘာမပြီးလို့လဲ"

"မပြီးလို့သာ မင်းအမေ စပ်ဟပ်ပေးတာတွေကို မင်းငြင်းနေတာပေါ့"

"ဟယ် နင့်အမေက နင့်ကို မိန်းမရှာပေးနေတယ် ဟုတ်လား"

"ဟုတ်တယ် ဝက်ကလေး နှစ်ယောက်တောင် ရှိပြီ"

ကုသိုလ်နှင့် ချစ်တီးက သီလနှင့် သူ့အမေ စပ်ပေးသော ကောင်မလေးနှစ်ယောက်အကြောင်း အပြည့်အစုံ ရှင်းပြကြသည်။ အ,ထစ်ယောင်ဆောင်သည့်ကိစ္စပါ သိသွားတော့ဝက်ကလေး ဖင်ဆောင့်ရယ်သည်။

"အေးဟယ်. . ဖြစ်နိုင်ရင် ငါ ကြားဝင်စေ့စပ်ပေးပါတယ်ဟယ်၊ ခုဟာက လက်လွှန်နေပြီ၊ သူက စေ့စပ်တော့မှာ"

"ရပါတယ်ဟာ ဖူးစာကံမပါလို့ လွဲရတာပဲဥစ္စာ၊ ဘယ်တတ်နိုင်မလဲ၊ ငါပဲ ကြိုးစားပြီး မေ့ပစ်ရတော့မှာပေါ့"

"အေး. . မေ့မယ်ဆိုလည်း ပြတ်ပြတ်သားသားမေ့ပစ်၊



www.burmeseclassic.com

www.burmeseclassic.com

မင်းဟာက နောက်ဝင်လာမယ့်သူကို နေရာမပေးနိုင် ဖြစ်နေတာလေ"

"ကဲ. . ကဲ အပိုတွေပြောပြီး အချိန်မဖြုန်းနဲ့၊ အလုပ်တွေက အများကြီး သွားကြစို့၊ သိမ်းစရာရှိတာတွေသိမ်း"

သီလက ဆက်လက်မဆွေးနွေးလိုဟန်နှင့် စကားပြောကာ လုပ်စရာရှိတာလုပ်ဖို့ ဆော်ဩ၍ စကားဝိုင်း ပျက်သွားတော့၏။

✠ ✠ ✠





နိုဗိုတယ်ဟိုတယ်အတွင်းပိုင်း အကြီးစား ပြင်ဆင်မှု လေလံအောင်ခဲ့ပြီးနောက် သီလ နှစ်လလောက် နေ့မအားညမအား အလုပ်များနေခဲ့၏။ လေဘာအယောက်(၅၀)အပြင် အခြားနေ့စား ကျွမ်းကျင်သူများကိုပါခေါ်ကာ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည်။ ထို့အတွက် အကျိုးရလာဒ်က အိမ်စီးကားအပြင် လုပ်ငန်းအတွက် လိုက်ထရပ်တစ်စီးပါ ဝယ်လိုက်နိုင်ခြင်းပင် ဖြစ်သည်။

အချောကိုင် အလှဆင်၊ အတွင်းပိုင်း ဒက်ကရေးရှင်းလောကမှာ သီလ၏ မြန်မာ့နဂါး ကွန်စထရပ်ရှင်က နာမည်တစ်လုံး ပိုင်ဆိုင်နိုင်ခဲ့သည်။ အတွင်းပိုင်း အပြင်အဆင်ဆိုတာ ဟိုတယ်တွေ ဟိုက်ဘောစ်နေအိမ်တွေမှာသာ လုပ်ရတာများ၏။ ပိုက်ဆံတတ် နိုင်သူတို့ ဂုဏ်တုဂုဏ်ပြိုင် အလှဆင်မှုက ငွေကို


www.burmeseclassic.com

www.burmeseclassic.com



ရေလိုသုံးနိုင်မှသာ အဆင်ပြေသည်။

ထို့အတွက်လည်း သီလ အလုပ်သဘောနှင့် ဆက်ဆံရသူအားလုံးမှာ ဟိုက်ဘော့စ်တွေသာ ဖြစ်နေသည်။ ကြာတော့အထက်လွှာ အသိုင်းအဝိုင်းနှင့်ပါ ဝင်ဆန့်လာ၏။ ရလာဒ်ကအလုပ်ကြီးအကိုင်ကြီး ခွင်ကြီးတွေ အဆက်မပြတ် လုပ်ခွင့်ရလာသည်။ သူတို့၏ မြန်မာ့နဂါးကလည်း ကုမ္ပဏီကြီး ဖြစ်လာတော့၏။ အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးတက်ပွင့်လန်းလာသော်လည်း သီလ နှလုံးသားလွင်ပြင်မှာတော့ ဘာပန်းမှမပွင့် လွင်တီးခေါင် ကန္တာရလို ဖြစ်နေသည်။

ထိုအနေအထားကို ကျော်ဖြတ်ရန် ဒေါ်သီတာနိုင် ကြိုးစားပြန်သည်။ ငယ်သူငယ်ချင်းတစ်ယောက်၏ သမီးဆိုသူနှင့်သူ့ ဘာသာကမ်းလှမ်းလာခဲ့၏။ ကောင်မလေး ဓါတ်ပုံကို ယူလာပြသည်။

ဒီတစ်ခါတော့ အလန်းဇယားမဟုတ်၊ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးနှင့် ဣန္ဒြေပိုင်ရှင်လေး ဖြစ်၏။

"ဘယ်လိုသဘောရလဲ သား"

"လှပါတယ် မေမေ"

"သဘောကျရင် ရင်းရင်းနှီးနှီး ဖြစ်သွားအောင် အိမ်အလည်သွားလိုက် မေမေ ဒိတ်လုပ်ပေးမယ်"

"မေမေ သား အိမ်ထောင်မပြုသေးဘူးနော်၊ မေမေ့ကို တစ်နှစ်ခွင့်တောင်းထားပြီးသား"

"အမေကလည်း ခုချက်ချင်း ယူရမယ်လို့ မပြောပါဘူးမင်းတို့အနေနီးလို့ တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်စားမှ ရှေ့ဆက်ဖို့ စီစဉ်မှာပါ၊ သွားတွေ့ရုံပဲ"

ထိုကိစ္စ အဆင်မပြေမချင်း၊ ဖွတ်စီစဉ်နေမည့် အမေ့အကြောင်း သိထားသူမို့ နားအေးပြီးရော သဘောနှင့် သီလ ခေါင်းညိတ်ခဲ့သည်။

"ကောင်းပြီ အမေ ဒိတ်လုပ်ပြီးရင် ပြောမယ်"

"ဟုတ်ကဲ့"

နားအေးအောင် ခေါင်းညိတ်ပြီး အလုပ်သို့ ထွက်လာခဲ့၏။ မနက်စောစောစားဖို့ နန်းပလ္လင်မှာ ခဏဝင်နားသည်။ ကားတံခါးပိတ် သော့ခတ်ပြီး ဆိုင်ထဲအဝင်မှာ သီလ ခြေလှမ်းတုန့်သွား၏။ မိုးမြင့်မေနှင့် လူရွယ်တစ်ယောက် အတူယှဉ်တွဲထိုင်နေတာကို မြင်ရ၍ ဖြစ်သည်။

မိုးမြင့်မေလည်း သူ့ကိုမြင်တာ သေချာ၏။ ဇဝေဇဝါနှင့်လှမ်းကြည့်ပြီး အနားသို့အရောက်မှာ မျက်လုံးချင်းဆုံတော့ ဖြတ်ခနဲ အကြည့်လွှဲသွားသည်။ သီလလည်း အနီးဆုံး စားပွဲတစ်လုံးမှာ ဝင်ထိုင်လိုက်ရ၏။ သူ့ရင်ထဲ လှိုင်းကားကြီးတွေ ပြိုင်ပွဲလုပ်နေသလို ဝုန်းဒိုင်းကျဲနေသည်။ မိုးမြင့် လက်တွဲဖော်ကို မသိမသာလှမ်းကြည့် အကဲခတ် လေ့လာကြည့်မိ၏။

လူက တရုတ်စပ် ဖြစ်ပုံရသည်။ ချောသည်ဟု မဆိုသာသော်လည်း အပြင်အဆင်ကြောင့် ကြည့်ကောင်းသည်ဟုလည်း ပြောလို့ရသည်။ ဦးဖေသက်ခင် စိတ်ကြိုက် ရွေးချယ်ထားတာမို့ ချမ်းသာမှာတော့ သေချာသည်။ ဘာလုပ်ငန်း လုပ်ကိုင်သူဆိုတာ





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



တော့ အကဲခတ်၍မရ။

မိုးမြင့်နှင့်ထိုလူ စကားဟက်ဟက်ပက်ပက် မပြောကြတာကိုကြည့်ပြီး မေ သူ့ကိုသဘောကျပုံ မရတာကိုတော့ ခန့်မှန်းမိသည်။

မေက အရင်လို လှပနေဆဲပင်ဖြစ်၏။ ချစ်သူကို တစ်ပါးသူနှင့်တွဲ၍ တွေ့လိုက်ရမှ . . သူ မေ့ကို မမေ့နိုင်သေးမှန်းကောင်းကောင်းသိလိုက်ရပြီး ရင်မောသွားသည်။

သူ့ကို ရှင်းပြခွင့်ပင် မပေးခဲ့သည့်မေ့အား ဘာကြောင့်စိတ်မနာနိုင်တာလဲဆိုတာ သူ အဖြေရှာမရ ဖြစ်နေ၏။ မေတို့စုံတွဲ ကားပေါ်တက် ထွက်ခွာသွားမှ သီလမှာထားတာတွေ စားဖို့သတိရသည်။

အရင်က နန်းကြီးသုပ်တစ်ပွဲနှင့် မဝချင်သည့် သီလတစ်ဝက်ကုန်အောင် မနည်းစားရ၏။ မိုးမြင့်ကြောင့် သူ ရင်ပြည့်ရင်ကပ် ဖြစ်သွားသည်ထင်၏။ တစ်ဝက်တစ်ပျက်နှင့်ပင် သီလပိုက်ဆံရှင်းပြီး ထွက်လာခဲ့သည်။ မေတို့ထိုင်ခဲ့သည့် စားပွဲတွင်ဆေးလိပ်ပြာခွက်နှင့် ဖိထားသည့် နှုတ်ခမ်းရာ စွန်းထင်းနေသည့်တစ်သျှူးတစ်ရွက်ကို တွေ့မိသည်။

သူ့စိတ်သူ မထိန်းချုပ်နိုင်ခင်မှာပင် ပတ်ဝန်းကျင်ကိုအကဲခတ်ပြီး ထိုတစ်သျှူးစအား လှမ်းယူမိသည်။ အဆောင်လျင်ပင် ကားထဲဝင်ထိုင်ပြီး အကျွမ်းတဝင် ရှိခဲ့ဖူးသည့် နှုတ်ခမ်းတော်ရာကို စူးစူးစိုက်စိုက်ပင် ကြည့်နေမိသည်။

မိတ္တူကူးထားသလို တစ်ထပ်တည်းကျနေသည့် မေ့နှုတ်





ခမ်းက သူ့ကအား လှောင်ပြုံးပြုံးပြနေသလို ခံစားရ၏။ သို့သော်လွှင့်မပစ်ရက်၊ သို့နှင့် တယုတယခေါက်ပြီး ပိုက်ဆံအိတ်ထဲ ထည့်ထားလိုက်သည်။ ဒါ သူ့အတွက် ကျိန်စာတိုက်ထားသည့် အစီအစဉ်တစ်ခုလား၊ သို့တည်းမဟုတ် ကံပွင့်လာဘ်ပွင့် အဆောင်တစ်ခုလား ဆိုတာတော့ အချိန်ကာလကသာ အဆုံးအဖြတ်ပေးလိမ့်မည်ထင်၏။

သီလ စိတ်ငြိမ်အောင် ကြိုးစားပြီး ကားမောင်း၍ လုပ်ငန်းခွင်သို့ ထွက်လာခဲ့သည်။ ချစ်တီးနှင့် ကုသိုလ်တို့ အားကိုးရ၍တော်တော့၏။

အချစ်ဟောင်းနှင့် အမှတ်မထင် ဆုံသည့်ပွဲမှာ အချိန်တွေ အလဟဿ ကုန်ခဲ့သည်။ ကာမိအောင် အလုပ်ကို တက်သုတ်ရိုက်လုပ်ရ၏။

ဖေါ်မိုက်ကာ ဖေါင်းကြွမျက်နှာကျက်များ တပ်ဆင်ပြီး မီးပန်းဆိုင်ကြီးများ ဆင်သည့်အလုပ်ကို လုပ်နေကြခြင်း ဖြစ်၏။ ပန်းဆိုင်းတွေက အလွန်လေးလံလှသဖြင့် သံငြမ်းများ စက်သီးများဆင်ကာ လုပ်ကိုင်နေကြခြင်း ဖြစ်သည်။ နေ့ခင်း ထမင်းစားနားချိန်မှာ အသင့်မှာထားသည့် ဖော့ဗူးနှင့် စားစရာများကို ဝိုင်းဖွဲ့စားကြသည်။ သူဌေးရပ်ကွက်မို့ လမ်းဘေးဆိုင် ခါတော်မီထမင်းဆိုင်တွေ မရှိ၍ ခုလိုမှာစားကြရခြင်း ဖြစ်သည်။

"ဘာတွေငိုင်နေတာလဲ သီလ"

"အင်း. . မယ်တော်ဘုရားက နောက်တစ်ယောက်သွားတွေ့ဆိုပြီး အမိန့်တော် ချလိုက်ပြန်ပြီလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . မင်းမားသားကလည်း နေမကောင်းပါဘူး ဆိုတာတောင် ဖွတ်ဆိုသလို ဖြစ်နေပြီ"

"မင်း ဘယ်လိုဆုံးဖြတ်ထားလဲ"

"မယူဘူးကွာ၊ အရင်တစ်ခါလိုလည်း လုပ်လို့မရဘူး၊ အမေက သေချာသတိပေးလိုက်တာ"

"အင်း. . အဲဒါကွိုင်ပဲ"

"ဒါဆို ဘယ်လိုဖြေရှင်းမလဲ"

"မပြောတတ်သေးဘူး၊ နီးမှပဲ မီးစင်ကြည့် ကရတော့မှာ"

"ငါသာဆို အဲလောက် ခေါင်းစားမခံဘူး၊ အောက်ပါ အရည်အချင်းတွေ ပြည့်စုံရင် ယူထားလိုက်မှာပဲ သုံးနှစ်လောက် ကလေးမယူပဲ မြည်းကြည့်မယ်၊ ပြီးရင်. . လာထား နောက်တစ် ယောက်လဲလိုက်မယ်ကွာ ပြီးရော"

"ကုသိုလ်ရှယ် မင်းရဲ့ပေါ် လစီက ကြောက်ခမန်းပါလား၊ မိန်းမခဏခဏလဲရအောင် ကားဝယ်စီးတာများ မှတ်နေလား"

"မင်းပြောတဲ့အထဲမှာ အဖြေပါပြီးသား၊ ကားလည်း သက်တမ်းရှိတယ်၊ သူ့သက်တမ်းကုန်ရင် ယာဥ်အိုယာဥ်ဟောင်း အဖြစ် သံရည်ကျိုစက် ပို့ရတယ်ကွ"

"အေး မင်းလိုကောင်မျိုး ငယ်ပါကို ဓားနဲ့လှီးဖြတ်တဲ့ မိန်းမမျိုးနဲ့ ဆုံရမှာ"

ပေါက်ကရတွေပြောပြီး ထမင်းစားကြတာ နာရီဝက် ကြာသွားသည်။ သီလ နာရီကြည့်ပြီး ထရပ်၍ ဖော့ဘူးကို အမှိုက်





ပုံးထဲ ထည့်လိုက်၏။ သီလ လုပ်ငန်းခွင်ဝင်ဖို့ ဟန်ပြင်နေတော့ ချစ်တီးတို့လည်း အပါးမခိုရဲတော့၊ အားလုံး သက်ဆိုင်ရာ အလုပ် ခွင်သို့ ဝင်ကြရတော့သည်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



**ကို**ရီးယား အလုပ်ပေးကမ္ဘဌာန်း စီးဖြန်းနေရာမှ ညရှစ်နာရီအတိမှာ ဦးဉာဏ်ဝင်းနှင့် ဒေါ်သီတာနိုင်တို့ သက်ပြင်းမောကိုယ်စီ ချလိုက်ကြ၏။

"အင်း . . ကိုရီးယားတွေလည်း အနောက်တိုင်း စံချိန်မှီနေပြီနော်၊ ဖောက်ပြန်လိုက်ကြတာဆိုတာလည်း မပြောပါနဲ့တော့"

"ဒါပေမယ့် ကြည့်လို့ကောင်းတယ်လေ၊ ဇာတ်လမ်းကဆွဲဆောင်မှုရှိတယ်"

"အေး . . မင်းတို့မိန်းမတွေ ကျပ်ကျပ်ကြည့် ငယ်တဲ့သူလည်းငယ်တဲ့အလျောက် ဘီယာသောက် ကုန်းပိုး၊ အိမ်ထောင်သည်တွေလည်း ဖောက်ပြန်ဖို့ နည်းပေးလမ်းပြ ဖြစ်လိုဖြစ်နဲ့အကုန်လုံး ဇာတ်ပျက်ကုန်ပါပြီကွာ"





"ရှင်မကြိုက်ရင် မကြည့်နဲ့ပေါ့"

"ငါတစ်ယောက်ထဲ မကြည့်လို့ မရဘူး၊ တစ်တိုင်းပြည်လုံး မကြည့်မှဖြစ်မှာ"

"အဲဒီလိုမကြည့်ကြရင် အားလုံး စာရိတ္တကောင်းလာမယ်လို့ အာမခံသလား"

"မင်း ကတ်သတ်ပြီးမပြောနဲ့၊ ဖောက်ပြန်တာတွေ အမြဲမြင်တွေ့နေရရင် အတုခိုးဖို့ တွန်းအားပေးသလို ဖြစ်လာမှာအမှန်ပဲ"

"အဲဒါဆို ရှင် လွှတ်တော်ထဲ ရောက်အောင်လုပ်၊ ပြီးမှ ဥပဒေပြဌာန်းပြီး ဘယ်သူမှမကြည့်ရအောင် ပိတ်ပင်လိုက်"

ကိုရီးယားကားကြည့်ရင်း လင်မယားနှစ်ယောက် အတွေးအခေါ်တိုက်ပွဲ ဖြစ်နေကြ၏။ စကားပြောစရာကလည်း ဒီနှစ်ယောက်ထဲရှိတော့ စကားလမ်းကြောင်း ပြောင်းဖို့ကမလွယ်။ ပြောလက်စအကြောင်းအရာအပေါ်မှာ သူနိုင်ကိုယ်နိုင် ငြင်းခုန်မျက်ရှိသည်။

"တကယ်ဆို Discovery နဲ့ NGC ချယ်နယ်တွေကိုပဲကြည့်ရမှာကွ"

"တိရိစ္ဆာန်တွေကြည့်ပြီး ဘာလုပ်ရမှာလဲ"

"အဲဒါတွေ ခက်တာပေါ့၊ ကြည့်တတ်ရင်ဘာဝနာ မကြည့်တတ်ရင် တဏှာဆိုတာ မင်း မကြားဖူးဘူးလား"

"တိရိစ္ဆာန်တွေကြည့်ရင် တရားရမယ်ဟုတ်လား၊ ရှင်ရူးနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ရှုံးနေတာက မင်း၊ ဒီမယ် အဲဒီတိရိစ္ဆာန်တွေက ဖြစ်ပျက်နဲ့ အနိစ္စကို မြင်နေရတာလေ၊ သမင်လေးတွေ မြက်စားနေတယ်၊ ခြင်္သေ့အုပ်ကြီး ရောက်လာတယ်၊ မြက်စားတဲ့ သမင်ကို အသားစားတဲ့ ခြင်္သေ့က အမဲလိုက်တယ်၊ သမင်လည်း ဆက်လက်ရှင်သန်လိုစိတ်နဲ့ အသက်လု ပြေးတာပဲ၊ ဒါပေမယ့်. . မလွတ်ဘူး၊ ခြင်္သေ့အစာ ဖြစ်သွားတယ်၊ စောစောကတင် ပြေးလွှားနေတဲ့ ဝိညာဉ်နဲ့သမင်ဟာ အသက်ပျောက် ပျက်စီးသွားရတယ်၊ အဲဒါ ဖြစ်ပျက်မဟုတ်ဘူးလား၊ မမြဲတဲ့သဘော အနိစ္စမဟုတ်ဘူးလား"

ဒေါ်သီတာနိုင် ဘာမှပြန်မပြောနိုင်။

"ဟော ညနေစောင်းကျတော့ အဲဒီခြင်္သေ့ ရေသောက်ဆင်းတယ်၊ မိုးချောင်းက လှမ်းဟပ်ရော ခြင်္သေ့ အသက်မသေပေမယ့် မေးရိုးပြုတ်ထွက်သွားတယ်၊ ဝေဒနာကို အပြင်းအထန်ခံစားရတယ်၊ အစာလည်းမစားနိုင် အမဲလည်း မလိုက်နိုင်တော့ဘူး၊ သူ့ကို ဘယ်သူကမှလည်း မပြုစုဘူး၊ ရှာမကျွေးဘူး၊ နောက်ဆုံးမှာ အဟာရပြတ်ပြီး လဲသွားတယ်၊ ဝေဒနာပေါင်းစုံနဲ့ တော်မွတ်မှုကိုပါ ခံစားရတယ်၊ ဒါ တင်မက တစ်ချိန်က မော်တော်မကြည့်ရဲတဲ့ ခွေးအနဲ့ မြေခွေးတွေက မလှုပ်နိုင်တော့တဲ့ ခြင်္သေ့ကို အရှင်လတ်လတ် စားသောက်ပြစ်လိုက်ကြတယ်"

ဒေါ်သီတာနိုင် ငြိမ်သွား၏။

"အဲဒီမှာ သံသရာလည်တဲ့ကိစ္စ ဘယ်သတ္တဝါမှ မမြင်အနိစ္စ၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ ဒုက္ခသစ္စာ၊ တွေအားလုံး





ဆင်ခြင်ယူလို့ ရတယ်လေ"

"အင်း. ."

"အဲဒါကြောင့်ပြောတာ၊ ကိုရီးယားကား ကြည့်မယ့်အစား Discovery ကိုကြည့်သင့်တယ်လို့"

"Discovery က ဘာလွှင့်လို့လဲ ဖေဖေ"

အိမ်ထဲဝင်လာပြီး နားစွန်နားဖျားကြားလိုက်သည့် သီလာ မေးလိုက်ခြင်းဖြစ်၏။ သားအသံကြားတော့ ဒေါ်သီတာနိုင် မျက်နှာ ဝင်းပသွားသည်။

"ဘာရယ်မဟုတ်ပါဘူးကွာ၊ တိရိစ္ဆာန်တွေအကြောင်း သဘာဝလောကကြီး အကြောင်းတွေ သိရတယ်လို့ ပြောနေတာပါကွာ"

"ကဲပါ ရှင့်ရဲ့တိရိစ္ဆာန်တွေ ခဏထားလိုက်ဦး၊ ဒီမယ် သားရေ၊ ယွန်းနဒီနဲ့ ဒိတ်လုပ်လို့ရပြီ၊ သန်ဘက်ခါ တနင်္ဂနွေနေ့မှာ သွားတွေ့လိုက် ထမင်းစားဖိတ်ထားတယ်"

"ဘယ်က ယွန်းနဒီလဲ မေမေ"

"အော်. . သားရယ် မေမေ့ ချွေးမလောင်းပေါ့"

"ဟော. . လုပ်ပြန်ပြီ မေမေရာ"

"သားကတိပေးထားတယ်လေ၊ ချက်ချင်းကြီး ယူဖို့မဟုတ်ရင် သွားတွေ့ပေးမယ်ဆို"

"အင်းကွာ. . ဇွတ်ကို လုပ်နေတော့တာပါပဲလား"

"ရှင်အသာနေစမ်းပါ၊ အေးနော် ထပ်ပြီး သတိပေးလိုက်မယ်၊ အမေ့ကိုတော့ ထပ်ပြီး အရှက်မခွဲနဲ့၊ အ,ချင်ပေါင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်တာတွေ ရှုံးချင်ယောင်ဆောင်တာတွေ ထပ်လုပ်ဖို့ မစဉ်းစားနဲ့"

"ဟင်း. . ဟုတ်ပါပြီ မေမေရယ်၊ တွေ့ရုံပဲဆိုရင်တော့ သွားတွေ့လိုက်ပါ့မယ်"

"တွေ့ရုံပဲတော့ မဟုတ်ဘူး၊ ရင်းနှီးဖို့ပါ အစပျိုးခဲ့ရမှာ"

"ကိုင်း. . ငါ့သားရေ၊ တစ်ခါတည်းသာ ခိုးလာခဲ့ကွာ"

"ရှင်နော်. . ရှင်"

"အတတ်နိုင်ဆုံး ကြိုးစားပါ့မယ် မေမေ၊ ခုတော့ သားနားချင်ပြီ"

စိတ်ပျက်လက်ပျက်နှင့် ထိုမျှလောက်သာပြောပြီး သီလ ရှောင်ထွက်လာခဲ့၏။ အမေ့ဇွဲကိုတော့ သူ နည်းနည်းလက်ဖျားခါချင်လာသည်။ အနားယူမည်ဆိုကာမှ ယွန်းနဒီ စိတ်ပျက်သွားအောင် ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားရဦးမည်မို့ သီလ အကြီးအကျယ် စိတ်ဓါတ်ကျသွားလေတော့၏။





# မစ္စမြန် (၅)



အလူမိနီယံချိုင်းထောက်ကို အားပြု၍ သီလ အိမ်ထဲမှ ထွက်လာသည်။ ဘေးတစ်ဖက်တစ်ချက်မှာ ကိုချွဲလေးနှင့် တုသိုလ်တို့ အခြေအနေကြည့်ရင်း လိုက်ပါလာကြ၏။ ကားနားရောက်သည်အထိ အဆင်ပြေပြေ လျှောက်လာနိုင်ခဲ့၍ သီလ ကျေနပ်သွားသည်။

"ကျေးဇူးပဲ ကိုချွဲလေး၊ ဒါကြီး ဖြည်တဲ့နေ့ကျရင်လည်း လာခဲ့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုတော့ ဖုန်းဆက်နော်၊ ရှုတင်ရောက်နေမှာ စိုးလို့"

"ဟုတ်ကဲ့ စိတ်ချပါ ဆရာကိုချွဲလေး သွားမယ်နော်"

ဆရာကိုချွဲလေးဆိုတာ အရိုးအကြော အထူးကုတ ယောက်တော့မဟုတ်၊ သူက သွားလေသူ ကမ္ဘာကျော်ငွေလို တို့လို အတုပစ္စည်း မျိုးစုံလုပ်သည့် ရုပ်ရှင်ဆက်တင်ပညာရှ တစ်ဦးဖြစ်သည်။ ယွန်းနဒီ စိတ်ပျက်သွားစေရန် လှည့်ကွက် အဖြစ် သီလ ကျိုးချင်ယောင်ဆောင်ရာတွင် ဆရာချွဲလေးက ကျောက်ပတ်တီး အတုလုပ်ကာ ကူညီခဲ့ခြင်း ဖြစ်သည်။

ထိုအကြံအစည်ကို သူကိုယ်တိုင်ပင် တွေးတောအကြံ ထုတ်ခဲ့ခြင်း ဖြစ်၏။ ကုသိုလ်ကို ကားမောင်းဖို့ ခေါ်လာခဲ့ခြင်း ဖြစ်သည်။ သူတို့ တာမွေလမ်းငါးဆုံမှတဆင့် ဖိုးစိန်လမ်းသို့ တည်လာခဲ့ ကြ၏။

"မင်း ဘယ်လိုပြောမယ် စိတ်ကူးလဲ"

"အက်ဆီးဒင့် ဖြစ်သွားတယ်၊ ပြန်ကောင်းဖို့ အချိ ကြာမယ်၊ အောက်ပိုင်းသေသွားတာလည်း ဖြစ်နိုင်တယ်၊ ဘာ ညာပေါ့ကွာ"

"မင်းရဲ့ ဒုက္ခကလည်း မသေးပါလားကွာ၊ မိန်းမ မချ ချင်တဲ့ရောဂါတဲ့ အံ့ရော"

သီလ ဘာမှမပြောတော့ ဖိုးစိန်လမ်းထဲမှ အိမ်ကိုသာ လမ်းညွှန်ပေးလိုက်သည်။ ခြံဝမှာ ကားရပ်ပြီး ဟွန်းသံပေးလိုက် သည်နှင့် ခြံစောင့်ပြေးလာ တံခါးဖွင့်ပေးသည်။ ကုသိုလ်ကား ဆင်ဝင်အောက်ထိ တောက်လျှောက် မောင်းဝင်ခဲ့၏။ အန်





ကြီးတစ်ယောက် အပေါက်ဝမှ ဆီးကြိုနေသည်။

ကုသိုလ်အရင်ဆင်းကာ တံခါးဖွင့်ပေးပြီး သီလအား ကူညီဖေးမတွဲထုတ်လိုက်တော့ အန်နီကြီး မျက်နှာပျက်သွား၏။

"ဟင် မောင်. . မောင်သီလ မဟုတ်လား၊ ဘယ်လိုဖြစ် တာလဲကွယ်"

"ဟုတ်ကဲ့ ဒီနေ့မနက်ပဲ လုပ်ငန်းခွင်မှာ အက်စီးဒင့် ဖြစ်လို့ပါ၊ ဒီမှာ ချိန်းထားတာလဲရှိတော့ ဆေးရုံအမြန်ပြေးပြီး အရောက်လာခဲ့ရတာမို့ နောက်ကျသွားရင် ခွင့်လွှတ်ပါ အန်တီ"

"သြော်. . ဟုတ်လား၊ အန်တီတို့က မလာတော့ဘူး ထောင် ထင်နေတာ"

သီလတို့ ဧည့်ခန်းမှာ ဝင်ထိုင်ပြီး အပြန်အလှန်မိတ်ဆက် ၍ အလ္လာပသလ္လာပစကားတွေ ပြောကြ၏။

"ဆေးရုံတက်ခိုင်းနေတာ မေမေပေးထားတဲ့ကတိ ပျက်မှာစိုးလို့ ဇွတ်ထွက်လာတာ"

"အကျိုးအကြောင်း ဖုန်းလေးဆက်လိုက်ရင် ရတာပဲ ကွယ်"

"ဟုတ်ကဲ့ မလေးစားရာ ကျမှာစိုးလို့ပါ၊ ဒါနဲ့ ဟိုလေ ဆရာဝန်က ပြောတယ်၊ တစ်သက်လုံး ဒုက္ခိတ ဖြစ်ရင်လည်း ဖြစ်သွားနိုင် တယ်တဲ့၊ အဲဒါကိစ္စ မေမေ့ကို အသိမပေးပါနဲ့နော်၊ တအားစိတ်ပူမှာ စိုးလို့ပါ"

"အေးပါကွယ်"

အန်တီကြီးတို့ သားအမိ အင်တင်တင်ဖြစ်သွားတော



www.burmeseclassic.com

www.burmeseclassic.com



တော့ သေချာ၏။ မကောင်းတတ်၍သာ ဧည့်ခံရပုံမျိုး ဖြစ်လာသည်။ ဆယ့် ငါးမိနစ်ခန့် စကားပြောပြီးနောက်. . .

"ဆေးရုံပြန်ပြရဦးမှာမို့ ခွင့်ပြုပါဦးခင်ဗျာ၊ လုံးဝကောင်းသွားမှ တစ်ခေါက်ထပ်လာခဲ့ပါဦးမယ် ခင်ဗျ"

"ရပါတယ်ကွယ်"

ဒီတစ်ခါမှာလည်း အောင်မြင်စွာ တပ်ခေါက်လာနိုင်ခဲ့ကြသည်။

"မင်းအမေကိုပါ ဒီပုံစံနဲ့ လိမ်ရဦးမှာပေါ့"

"အေး အဲဒါကို နှစ်ပင်လိမ်တယ်လို့ခေါ်တယ် မှတ်ထား"

သီလနှင့်ကုသိုလ် ပျော်ပျော်ပါးပါး ရယ်လိုက်ကြ၏။ သို့သော် ညဘက် အိမ်အပြန်မှာ မရယ်နိုင်တော့၊ စိုးရိမ်ပူပန်လွန်း၍ ပျာယာခတ်နေသော အမေ့ကိုကြည့်ကာ စိတ်မကောင်းသောကြောင့် ဖြစ်သည်။

"သားရယ် ဒီလောက်ဖြစ်တာ ဘာလို့ ဖုန်းမဆက်ရောလဲ"

"စိတ်ပူနေမှာ စိုးလို့ပါ၊ ကတိမပျက်အောင် အန်တီတို့ဆီလည်း ဝင်ခဲ့ပါတယ်၊ ယွန်းနဒီတို့နဲ့လည်း တွေ့ခဲ့ပါတယ်"

"ဟုတ်လား သူတို့ ဖုန်းတောင်မဆက်ဘူး"

ကျောက်ပတ်တီးနှင့် ချိုင်းထောက်နှင့် ပြန်လာသည့် သားကို ကြည့်ပြီး အားလုံးစိတ်မကောင်း ဖြစ်နေကြသည်။

"မင်းရဲ့မိန်းမစပ်ဟပ်တဲ့ စီမံကိန်းကိုလည်း ခဏ





ထားလိုက်ဦး မိန်းမ၊ အဲဒါကြောင့်များ သားလေး ကံနိမ့်သွားလား မသိဘူး"

ဖေဖေ့တိုက်တွန်းစကားကို မေမေ ကန့်ကွက်ခြင်း ကလန်ကဆန်လုပ်ခြင်း လုံးဝမပြုတော့၊ ကျောက်ပတ်တီးကို ဆုပ်ကိုင်ရင်း ကျေကွဲနေရှာသည်။ ကိုယ့်လုပ်ဇာတ်နှင့်ကိုယ်မို့ တစ်ပါတ်ဆယ်ရက်တော့ သီလ ဒုက္ခခံရတော့မည်ဖြစ်သည်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



**သီ**လ ကျိုးချင်ဟန်ဆောင်ပြီး အမေ့ အစီအစဉ်တွေကို တားဆီးခဲ့တာ အထူးပင် အောင်မြင်ခဲ့သည်။ မေမေထပ်ပြီး စပ်ဖို့ဟပ်ဖို့ မကြိုးစားတော့၊ ပြင်ဆင်လဲက်စ အဆောက်အဦးအတွင်း သူတို့အောင်ပွဲခံခဲ့ကြ၏။

ထိုတိုက် ပြင်ဆင်မွမ်းမံပြီးသောအခါ တိုက်ပိုင်ရှင်မောင်နှံ့ လာရောက်စစ်ဆေး ကြည့်ရှုကြသည်။ လိုက်လံကြည့်ရှုပြီး ကျန်ငွေရှင်းဖို့ စကားပြောချိန်ကျမှ သီလနှင့် ဆုံရ၏။ ထိုအခါမှ တိုက်ပိုင်ရှင်မှာ အချစ်ဦး မိုးမြင့်မေတို့စုံတွဲဖြစ်နေမှန်း သိလိုက်ရသည်။ မိုးမြင့် အိုက်တင်ကောင်းသော်လည်း-သီလ မျက်နှာပျက်သွားပုံက သိသာလွန်းနေ၏။ အကင်းပါးသည့် ကိုရွှေတာရုတ်က သီလနှင့် မိုးမြင့် အမူအယာကို အကဲခတ်ပြီး. . .

"သိဟောင်းကျွမ်းဟောင်းတွေ ထင်တယ်"





"ဟုတ်ကဲ့. . ကျောင်းနေဖက်တွေပါ၊ ဒဂုံတက္ကသိုလ်မှာ သိခဲ့ကြတာ"

"ဒီလိုမှန်းသိရင် အလုပ်အပ်ကတည်းက မိုးကို ခေါ်လာခဲ့ရမှာ၊ ပိုပြီးကောင်းတဲ့ ပြင်ဆင်မှုမျိုး ရမှာလေ"

"ကျွန်တော် မျက်နှာမလိုက်တတ်ပါဘူး၊ အလုပ်ကို အလုပ်နဲ့တူအောင်ပဲ လုပ်တတ်ပါတယ်"

"ဟား. . ဟား. . ဟုတ်ပါပြီ၊ ကျေးဇူးတင်ပါတယ်ဗျာ"

မိုးမြင့်က ရုပ်ပျက်ဆင်းပျက် မဖြစ်အောင် စကားသုံးလေးခွန်း ပြုံးပြုံးရွှင်ရွှင်နှင့်ပြောကာ ဆေးအသစ်နံ့တွေ တင်ဒါနံ့တွေ မခံနိုင်ကြောင်းပြောကာ ပြန်သွားကြ၏။ ထိုအကြောင်း ချစ်တီးတို့ကို ပြောပြမိတော့ တစ်ခွန်းပဲ ပြန်ပြောသည်။

"တော်သေးတာပေါ့၊ သူတို့အိပ်ဖို့ ကုတင်ဆင်မပေးရတာပဲ ကံကောင်းတယ်မှတ်"

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



**အို**ဖုန်းလွှာ ပျက်စီး၍ သဘာဝပတ်ဝန်းကျင် ပြောင်းလဲခြင်းကို သတိပြုမိသူများသာ သိကြမည်ဖြစ်သည်။ အများစုကတော့ သတိမမူ ဂူမမြင်ဆိုသလို ဖြစ်နေကြ၏။ ဒီနေရာ ဒီဒေသအထိ ချဉ်းနင်းဝင် ရောက်လာနေပြီဖြစ်သည့် ပျက်စီးခြင်းငါးပါး၏ သဲလွန်စတွေကို တွေ့နေရပြီ ဖြစ်သည်။ သို့သော်လည်း ငွေဆောင်ကမ်းခြေ၏ သဘာဝအလှက ဆွဲဆောင်နိုင်စွမ်း ရှိနေသေး၏။

သီလက ပင်လယ်ကို သိပ်မချစ်တတ်၊ ကိုယ်နှင့်ဧသော်လည်း ဆူနာမီတို့ နာဂစ်တို့ အသံတွေ ကြားပြီးကတည်းက အကြောက်ကြီးကြောက်နေခဲ့၏။ တကူးတက လာရောက်အပန်းဖြေသူတို့ သုံးလေးရက်လောက်နေပြီး သဘောကျသွားတာ မဆန်းလှ၊ သို့သော် ရက်ရှည်လများ နေလာရတော့ ပျင်းလာသည်။





ကမ်းခြေ၏အလှကို မနက်စောစောနှင့် ဆည်းဆာအချိန်တွင်သာ ခံစား၍ နေထွက်လာသည်နှင့်အမျှ တောက်ပလင်းလက်လာသည့် ကောင်းကင်သည်လည်းကောင်း စိန်မှုန်ကျဲထားသလို ပြိုးပြက်ဝင်းလက် ရောင်ပြန်ထွက်နေသည့် သဲသောင်ပြင်သည်လည်းကောင်း သီလအား ကောင်းကောင်းကြီး စိတ်အနှောက်အယှက်ပေးနိုင်သည့်အရာများ ဖြစ်သွားကြသည်။

နေကာမျက်မှန် ကောင်းကောင်းတစ်လက်မှ မပါလျှင် ပင်လယ်ကမ်းခြေဆိုတာ မျက်စိကို အထူးတလည် ဒုက္ခပေးနိုင်သည့် နေရာဟုသာ သီလက မှတ်ချင်နေမိသည်။ သို့သော် သူက အလုပ်နှင့်ပတ်သက်ပြီး ရောက်နေရသူမို့ ခံစားမှုကို ရှေ့တန်းတင်မနေနိုင်အား၊ မိမိတာဝန်ယူထားသည့် ဟိုတယ်သစ်အတွင်းပိုင်း ဒက်ဂရေးရှင်း မြန်ဆန်ကောင်းမွန်စွာ ပြီးစီးရေးသာ ဦးစားပေးရမည် ဖြစ်သည်။

သီလ ငွေဆောင်သို့ရောက်နေတာ ဆယ်ရက်ကျော်သွားပြီ။ သူနှင့်အတူ ကျွမ်းကျင်အလုပ်သမား အယောက်ခြောက်ဆယ် ပါလာ၏။ တိုးတိုးဖော်အဖြစ် ချစ်တီးကို မရမနေဆွဲခေါ်လာခဲ့သည်။ ရန်ကုန်က အလုပ်များကို ကုသိုလ်နှင့် အဖေ့အား ကြီးကြပ်ဖို့ လွှဲအပ်ထားခဲ့၏။

အလုပ်သမားများကို ရွာထဲက အိမ်နှစ်လုံးအား ပုတ်ပြတ်ငှား၍ထားပြီး သူတို့နှစ်ယောက် ဟိုတယ်မှာပဲ နေထိုင်ကြသည်။ ရောက်သည့်နေ့မှစ၍ နေ့ရောညပါ အလုပ်လုပ်ခဲ့ကြ၍ အတော်ပင်ပန်းနေ ကြပြီဖြစ်သည်။ ဒီနေ့ ဝါဆိုလပြည့်နေ့မို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးနားရက်ရထားကြသဖြင့် စိတ်သက်သာရာ ရနေခြင်းလည်းဖြစ်၏။ သီလနှင့် ချစ်တီးတို့ အဆောင်ရှေ့တွင် သစ်သား ဒရင်းဘက်နှင့်လှဲကာ အဝလုပ်ထားသည့် အုန်းသီးထဲ ဝီစကီ ထည့်ပြီး ပိုက်နှင့်စုပ်၍ အရသာခံနေကြသည်။

အင်တာနက် သတင်းများအရ နိုင်ငံအနှံ့ ရေကြီးနေသည့် သတင်းဆိုးများကို ပလူပျံအောင် ကြားသိနေရ၍ စိတ်မချမ်းမသာ ဖြစ်နေရ၏။ အနိဋ္ဌာရုံသတင်းများသာ တက်လာနေသဖြင့် အင်တာနက်ပိတ်ပြီး ဖုန်းကိုဘေးချထားလိုက်သည်။ အုန်းရည် ဝီစကီကော့တေးလ်ကို မျှင်း၍စုပ်ကာ အရသာခံရင်း. . .

"အဲဒါ ကပ်ဆိုက်တာ ကပ်ကြီးသုံးပါးလုံးပဲ"

ရီဝေဝေ အရသာကို တရှိုက်မက်မက် ခံစားနေသည့် ချစ်တီးက နားစွန်နားဖျား အကြားနှင့်ပင် ပေါက်ကရ ဝင်ရှိုးသည်။

"ဘာလုပ်ဖို့လည်း သီလ ကပ်ကြေးသုံးချောင်းတောင်"

"မင်းဘိုးအေ ကပ်ကြေးသုံးချောင်းပါလား၊ ကပ်ကြီးသုံးပါးလို့ ပြောတာ၊ တစ်နိုင်ငံလုံး ကပ်ဆိုက်နေတာလို့"

"အေး. . . ဟုတ်တယ်ကွာ၊ ပြောမယ့်သာပြောရတာ ခုလို မိုးဦးလေဦးမှာ ပင်လယ်ကမ်းခြေ ရောက်နေရတာ နောက်ကျောမလုံဘူး၊ တော်ကြာဆူနာမီတွေဘာတွေ တက်လာမှဖြင့် ပြေးပေါက်မှားနေဦးမယ်"

"မင်းက ငါ့ထက် ဆိုးနေပြန်ပါပြီ၊ ကြောက်ရင် ဦးထွန်း





လွှင်နဲ့ ချက်တင်လုပ်ပေါ့၊ သူ့ status တွေ ဂရုစိုက်ဖတ်ပေါ့"

"သဘာဝက ဖြစ်ချင်တိုင်းဖြစ်နေတာ၊ သူလည်း တားလို့ရမလားကွာ၊ အထက်ပိုင်းမှာ ကြီးနေတဲ့ရေတွေ အောက်ပိုင်းကိုရောက်လာမှာကွ၊ ဧရာဝတီတိုင်းတော့ မျက်ခုံးခပ်လှုပ်လှုပ်ပဲ"

"ဟိုတယ်ကလည်း အရေးပေါ်သတင်း ထုတ်ပြန်ချက်တွေ နည်းမျိုးစုံနဲ့ အသိပေးနေတာပဲကွာ၊ အနီရောင်အဆင့်ဆို ပြန်ပို့ပေးမှာ စိတ်ချ"

ချစ်တီး အနည်းငယ် စိတ်အေးသွားဟန်နှင့် အုန်းရည် ကော့တေးလ်ကို စုပ်ယူပြီး ပုဇွန်ထုပ် မီးဖုတ်နှင့် မြည်းနေ၏။

"ဧရာဝတီတိုင်းဒေသကြီးမှာ တံတားတွေဘယ်နှစ်ခု လောက်ရှိလဲ"

"အင်း. . ငါသိသလောက် ဧရာဝတီတံတား (ဒေးဒရဲ)၊ ရေကြည်က ငဝန်မြစ်ကူးတံတား၊ မြောင်းမြတံတား၊ လပွတ္တာ တံတား၊ မအူပင်တံတား၊ ကျိုက်လတ်က ဂုံညှင်းတန်းတံတား၊ ညောင်တုန်းက ဗိုလ်မြတ်ထွန်းတံတား၊ ကျောင်းကုန်းက ဒါးက တံတားကွာ. . ဒါပဲ"

"အင်း. . အင်း အဲဒီ တံတားတွေထဲက တစ်ခုခု ကျိုးသွားတဲ့သတင်း တက်လာရင် ငါ့ကိုနှိုးကွာ၊ ခဏ အိပ်မလို့"

"ကျွဲလိုမည်းတဲ့ချစ်တီး၊ ငါက အကောင်းပြောတာမှတ်သို့ Care kill that cat ဖြစ်မနေနဲ့ ပျော်ပျော်သာနေ"

"ဘာလဲဟ ကြောင်ကို ဂရုတစိုက် သတ်ရမှာလား"

"ပေါက်ကရတွေကွာ၊ သောကကြောင့်ကြောင့်သေ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေမယ်လို့ ပြောတာ"

"သြော်. . သြော်. . သြော် ထားပါတော့ ထားပါတော့၊ ဒါနဲ့ တို့ဒီမှာ တစ်လလောက် နေရဦးမှာနော်"

"အေးလေ ခုမှ လုပ်ငန်းက (၂၀%)ပဲပြီးသေးတာ"

"စာချုပ်စည်းကမ်းအတိုင်း ပြီးအောင် အချိန်ပိုတွေ စွတ်ခေါ်မနေနဲ့ ကိုယ့်တွက်မကျန်ဘဲ နေဦးမယ်"

"အေးဆေးပါကွာ အားလုံးတွက်ချက်ပြီးသား၊ ပြန်ရင် အခုနေတဲ့အိမ်ကို ဝယ်လိုက်မယ်၊ ဖြည်းဖြည်းချင်း ပြန်သသွား မယ်ကွာ"

"ကောင်းတယ် ငါနဲ့ ကုသိုလ်လည်း ဘဏ်မှာစုထားတာ သုံးရာစီလောက်တော့ ရပြီကွ"

"နောက်တစ်နှစ်လောက်ဆို မင်းတို့လည်း တိုက်ခန်း လောက်တော့ ဝယ်နိုင်မှာပါကွာ"

ထိုသို့ထွေရာလေးပါးပြောဆိုနေစဉ်. . ဝိတ်တာများ ပစ္စည်းတွေသယ်ဆောင်ကာ ဧည့်သည်တစ်စုကို လမ်းပြခေါ် ဆောင်လာကြ၏။ အသက်ကြီး စုံတွဲတစ်တွဲနှင့် လူငယ်စုံတွဲတစ် တွဲ ဖြစ်သည်။ ဘာရယ်မဟုတ် လှမ်းကြည့်မိတော့ သီလရင်ထဲ ဆူနာမီလှိုင်း ဝင်လာသလို ခံစားလိုက်ရ၏။

"ဟင် အန်ကယ်တို့ပါလား"

"ဟော. . မောင်သီလ လာပြီးအပန်းဖြေတာလား"

"မဟုတ်ဘူးအန်ကယ်၊ ဒီက ဟိုတယ်တစ်ခုကို အကြီး စားပြင်ဆင်ဖို့ အလုပ်နဲ့ရောက်နေတာပါ"





ပြောရင်း မိုးမြင့်မေတို့စုံတွဲ အနားသို့ ရောက်လာ၏။

"ဟော မြန်မာ့နဂါးက CEO ပါလား၊ တွေ့ရတာ ဝမ်း သာတယ်ဗျာ"

"ဟင်. . မောင်ရှန်တိတ်နဲ့ မောင်သီလတို့က သိနေကြ တာလား"

"မိုးနဲ့ ကျွန်တော်တို့နေမယ့်တိုက်ကို သူပဲ ဒက်ဂရေးရှင်း လုပ်ပေးခဲ့တာလေ"

"သြော်. . သားတို့တိုက်ကို ပြင်ဆင်ပေးခဲ့တာကိုး၊ သမီး က ပြောပါတယ်ကွယ်၊ မောင်သီလ လုပ်ငန်းတွေ အောင်မြင်ပြီး တအားကြီးပွားနေပြီတဲ့၊ ဒါနဲ့ မင်းရော ဖိတ်စာမဝေသေးဘူး လား"

"အဟား အန်တီကလည်း ကျွန်တော် ဒီလောက် မစွံပါ ဘူးဗျာ"

"အေး. . အေးဒါဆို သမီး မင်္ဂလာဆောင်ကျရင် ဖိတ် စာပို့လိုက်မယ် သိလား"

"ဟုတ်ကဲ့ခင်ဗျ"

"ကဲ. . ကိုသီလ ခွင့်ပြုဦး"

ရှန်တိတ်က နှုတ်ဆက်ပြီး တည်းခိုဆောင်သို့ ထွက်သွား ကြ၏။ မေကမတော့ နှုတ်ခမ်းတွန့်ရုံသာ ပြုံးပြသွားသည်။ အန် ကယ်တို့နှင့် မေက မိသားစုခန်း ရှန်တိတ်က တစ်ယောက်ခန်းထဲ ဝင်သွားကြသည်အထိ သီလ လှမ်းကြည့်နေမိသည်။ ချစ်တီးက က်မတို့ဘဲ တီးတိုးပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့စေ့စပ်ပြီးသွားကြပြီ ထင်တယ်၊ ဒါပေမယ့် အခန်းခွဲပြီး တည်းတာကွ"

"အဲဒါ မင်းအလုပ်လား"

"သူတို့ မိသားစုထဲမှာ မင်းအကြောင်း ပြောနေကြပုံပဲ၊ မင်း သူဌေးဖြစ်နေတာ သူတို့သိတယ်"

"သိလည်း ဘာဖြစ်လာဦးမှာ မို့လည်းကွာ၊ ကန့်လန့်ကာက ပိတ်သွားပြီပဲဟာ"

သီလ ကော့တေးလ်ကို ကုန်အောင် မော့လိုက်သည်။ ပုဇွန်ကင်ကို အငြိုးတကြီး စါးစားလိုက်၏။ အခန်းထဲ ဝင်ခါနီးတွင် မေလှည့်ကြည့်၍ သီလနှင့် အကြည့်ချင်း ထပ်ဆုံသော်လည်း ခုမှ သိကြရသူတွေလိုသာ ပြုံးပြသည့်အတွက် ဘာမှ မခံစားရသော်လည်း စိတ်အနှောက်အယှက် ဖြစ်ရ၏။ ငြိမ်သက်နေသည့် နှလုံးသားရေပြင်ကို ဂယက်ထစေသည့် ဆုံစည်းခြင်းပင် မဟုတ်လား။

"ချစ်တီး အုန်းသီးထဲ ထပ်ဖြည့်ကွာ၊ ဒီနေ့ မူးနေမှ ဖြစ်မယ်"

ဝါဆိုလပြည့်နေ့မှာ အမူးအမော်ကသောက်ဖို့ သူ ဆုံးဖြတ်လိုက်သည်။ ချစ်တီး အလိုက်တသိ ဖြည့်ပေးတာကို သီလ မနားတမ်း သောက်မိ၏။ ပင်လယ်ကမ်းခြေသို့ ဆန့်ကျင်ဘက်လိုင် လက်တွဲဖော် ပါမလာသည့် ယောက်ျားတစ်ယောက်အတွက် အရက်နှင့် ပင်လယ်စာသည်သာ အဖော်မွန်ဖြစ်သည်။

အရက်ကို အငမ်းမရသောက်ရင်း အင်တာနက်ဖွင့်





ကြည့်တော့ မုန်တိုင်းသတင်း တက်လာတာတွေ့သည်။ အလွန်အားကောင်းသည့် မုန်တိုင်း ဖြစ်ပေါ်နေပြီး ဘင်္ဂလားဒေ့ရှ်သို့ ဝင်မည်ဟု ခန့်မှန်းထားတာ ဖတ်ရသည်။ ဒီတစ်ခါ သောင်းကျန်းသည့်မုန်တိုင်းက ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယသို့ ဝင်မည်ဖြစ်သော်လည်း မြန်မာ့ကမ်း ရိုးတန်းဒေသများကို အဖျားခတ်နိုင်ကြောင်း ၂၄)နာရီအတွင်း မိုးသက်လေပြင်းကျပြီး ရေပြင်မြေပြင်လေမှာ လေးဆယ်မှ ငါးဆယ်အထိ တိုက်နိုင်ကြောင်း သတိပေးထားသည်။ သီလ ပင့်သက် ရှိုက်လိုက်၏။

"ချစ်တီးရေ မုန်တိုင်းရှိတယ်တဲ့"

"ပြဿနာပဲကွာ၊ မိုးကြောင့် ရေလွှမ်းနေရတဲ့ကြားထဲ မုန်တိုင်းပါမွှေ့ရင် ပွဲသိမ်းပြီပေါ့"

"အေး သဗ္ဗေသတ္တာ ကမ္မသကာလို့တောင် မပြောနိုင်ဘူးတဲ့ ဘဝပါကွာ၊ အားလုံး လည်စင်းခံဖို့ပဲ ရှိတော့တာ"

"မုန်တိုင်းမလာခင် ငါတို့ မူးနေဖို့ လိုတယ် သီလ၊ ဒီမှာ ချီးယာ့စ်"

ဖန်ခွက်မသုံးသည့်အတွက် ချီးယာ့စ်အော်ပြီး အုန်းသီးခွံလုံး တိုက်လိုက်ကြသည်။ သူ့ရင်ဘတ်တစ်ခုလုံးလည်း အုန်းသီးထဲမှ ကော့တေးလ်ကဲ့သို့ ဘောင်ဘင်ခတ်နေမှာ သေချာသလောက် ရှိနေပြီလေ။





www.burmeseclassic.com

www.burmeseclassic.com





# မစွမြန် အဆုံး

ငွေဆောင်ညက ဝါဆိုလပြည့် လဝန်းကြီးအောက်တွင် လရောင်ဆမ်းကာ လွှမ်းစရာကောင်းအောင် လှနေ၏။ သီလ တစ်ယောက်တည်း ကမ်းခြေသဲသောင်ပြင်ပေါ် လမ်းလျှောက် ထွက်လာခဲ့သည်။ ညနက်လှပြီမို့ သောင်ပြင်တွင် လူရှင်းနေ၏။ လမင်းအလင်းရောင်၏ လမ်းညွှန်မှုနှင့် ခြေဦးတည့်ရာ လျှောက် လာခဲ့သည်။ ဟိုတယ်အုပ်စုနှင့် ဝေးရာ ကျောက်ဆောင်ကျောက် တုံးများရှိရာသို့ ရောက်လာ၏။





ပင်လယ်ထဲ ထိုးထွက်နေသည့် ကျောက်ဆွယ်တစ်ခု ပေါ်တက်ပြီး ပင်လယ်ကို အပေါ်စီးမှ ကြည့်ရှုသည်။ လရောင်က ပင်လယ်ပြင်တွင်လည်း လှုပ်ရှားဆော့ကစားနေတာ မြင်ရသည်။

ပင်လယ်အော်သံဟု တင်စားရသည့် လှိုင်းပုတ်သံကို နာခံရင်း ညပင်လယ်အား ငေးမောနေခိုက် ဝူးဝူးဝါးဝါးအသံများ ကြားရသလို ကွိကွိကွကွ အသံထွက်နှင့် ကြိမ်းမောင်းသံကိုလည်း ကြားလိုက်ရ၏။ အသံလာရာသို့ စူးစမ်းကြည့်မိသောအခါ မိန်း ကလေး တစ်ယောက်အား ယောကျ်ားလေးယောက် ဝိုင်းဆွဲကာ ရုန်းရင်းဆန်ခတ်ဖြစ်နေတာ တွေ့သည်။

သူ့ရဲကောင်းမဟုတ်သော်လည်း မတရားတာကို ကြည့် မနေနိုင်သဖြင့် သဲသောင်ပြင်ပေါ် ခုန်ချကာ အခင်းဖြစ်နေရာသို့ ပြေးလိုက်သွား၏။ အနားရောက်တော့ လရောင်ဖြင့် ထိုအုပ်စု အား၊ သဲကွဲစွာ မြင်တွေ့လိုက်ရသည်တွင် သီလ အံ့အားသင့်သွား တော့သည်။

"ဟင်. . မေ. . မိုးမြင့်မေ"

ချစ်ရသူမေ့ကို ဝိုင်းချုပ်ထားသူများအား ဒေါသတကြီး ပင် ကြိမ်းမိ၏။

"ဟေ့ကောင်တွေ ကောင်မလေးကို လွှတ်လိုက်"

ကျောပေးထားသူတစ်ယောက် သူ့ဘက်လှည့်လာတော့ ပိအံ့သြသွားသည်။

"ဟင်. . ရှန်တီတီ. . မင်းမင်း မေ့ကို. . ၊ အဲ. . မိုးမြင့် မေကို ဘာလုပ်မလို့လဲ"

www.burmeseclassic.com



"ငှင်းငှင်းငှင်း. . . မိုးမြင့်မေက မင်းရဲ့ရည်းစားဟောင်း
မဟုတ်လား၊ သူ အပျိုမစစ်ဘူးဆိုတာသိလို့ ငါမယူတော့ဘူး
တရုတ်တွေဆီ ရောင်းစားမလို့. . ငဲ့လျှောင်း. . ငဲ့လျှောင်း"

ဒေါသက ငယ်ထိပ်တက်ဆောင့်သွား၍ သီလ ဘာ
ဂရုမစိုက်တော့၊ ရှန်တိတ်အား ခုန်အုပ်ကာ စိတ်ရှိလက်ရှိ
ကြိတ်နေမိ၏။ ထိုစဉ် ဝယ်လက်တရုတ်သုံးကောင်ထဲမှ တ
ကောင်က ကျောက်တုံးတစ်တုံး ကောက်ယူ၍ သီလအား
လိုက်သည်။ သီလနောက်စေ့ ထုပုသွားကာ အတွေးထဲ ကြ
တွေလတွေ စိမ်ပြေးတမ်းကစားတာ မြင်တွေ့လိုက်ရလေ
၏။

"အား"

နာကျင်စွာ အော်ဟစ်လိုက်ပြီး မျက်လုံးဖွင့်ကြည့်တော
သူ အိပ်မက်မက်နေတာဖြစ်ပြီး ကုတင်ပေါ်မှ ပြုတ်ကျတာ
ကြောင်း သိလိုက်ရသည်။ ပေါက်ပေါက်ရှာရှာ ရှန်တိတ်က
မယူဘဲ တရုတ်တွေ လက်ထဲရောင်းစားသည်ဟု မြင်မက်သ
အိပ်မက်ကြောင့် သီလ လုံးဝမရယ်ဖြစ်၊ သူ့ မသိစိတ်ထဲမှာ
ကစိုးမိုးနေဆဲဆိုတာ သိရ၍ အမောကြီး မောသွားသည်၊

သူတို့နှစ်ယောက် အုန်းဝီစကီကော့တေး(လ်)သော
ပြီး မူးမူးနှင့် အိပ်ပျော်သွားကြခြင်း ဖြစ်သည်။ ချစ်တီးက တစ်
ကုတင်တွင် ခြေရင်းကို ခေါင်းပေးကာ စန့်စန့်ကြီး အိပ်နေဆဲ
သည်။ သူအိပ်နေပုံကြည့်ရတာ အိပ်ရာခင်း ဖြူဖြူပေါ် မီး
သစ်ကိုင်းခြောက်ကြီး တင်ထားသည့်နှင့်တူ၏။ နာရီကြည့်





တော့ နေ့ခင်းနှစ်နာရီခန့်ရှိပြီ။ လန်းသွားအောင် ရေချိုးအဝတ်အစားလဲကာ တစ်ယောက်ထဲ လမ်းလျှောက်ထွက်လာခဲ့သည်။

လတ်ဆတ်သည့် ဆားနံ့သင်းသင်း ပင်လယ်လေညှင်းကို အဆုတ်ထဲအထိ အားရပါးရ ရှိုက်သွင်းကာ ခပ်သွက်သွက်လျှောက်ခဲ့၏။ ပင်လယ်လေကြောင့် အမူးသက်သာသွားသလို ခံစားရသည်။ ကမ်းခြေမှာ အပန်းဖြေသူများနှင့် စည်ကားနေသည်။ အများစုက ဟိုတယ်ခန်းမရဘဲ လူကြပ်ပြီး ဈေးကြီးသည့် အပန်းဖြေရာဆီကို ရှောင်ကာ လူရှင်းသည့် မိုးတွင်းကို ရွေးချယ်လာရောက်သူများ ဖြစ်ကြ၏။ အနီးအနားရှိ ကျွန်းများသို့ မော်တော်ဘုတ်လေးများနှင့် လှည့်ပတ်ကြည့်ရှုနိုင်ရန် ဝန်ဆောင်မှုပေးသည့် မော်တော်ဆိပ်တွင် လူတွေစုပြုံလို့နေသည်။ သူ့ရှေ့မှ ရောင်စုံအလှအပလေးတစ်သိုက် ဖြတ်လျှောက်သွားကြ၏။

မိန်းမလှလေးများကိုတွေ့ရတော့ သူ၏မိန်းမလှလေး 'မေ့'ကို သတိရသွားပြန်သည်။ ထိုစဉ်မှာပင် မော်တော်ဆိပ် လူအုပ်ထဲ၊ မေ့ကို တွေ့လိုက်ရ၏။ သူတို့ မိသားစုဝင်လေးယောက် ကျွန်းကြည့် ခရီးစဉ်ထွက်တော့မည့် ပုံစံနှင့်ဖြစ်သည်။ ထိုအခါ မုန်တိုင်းသတင်းကို သတိရပြီး စိတ်ပူသွားသည်။ သံယောဇဉ်လက်ကျန်၏ စေ့ဆော်မှုနှင့် သတိပေးဖို့ ပြေးသွားမိ၏။

"အန်ကယ်နဲ့ ကိုရှန်တိတ်တို့ ကျွန်းကြည့်ထွက်ကြမလို့လား"

"ဩော် မောင်သီလပါလား၊ အေးကွ ရောက်တုန်းရောက်ခိုက်လာရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ရင် မသွားစေချင်ဘူး အန်ကယ် မုန်တိုင်းသတင်း ကြေညာထားလို့ နောက်နေ့မှ သွားပါလား "

"အဲ. . ကျွန်တော်တို့ အချိန်မရဘူး ကိုသီလ ရန်ကုန်ပြန်ရောက်တာနဲ့ မင်္ဂလာဆောင်အဲတွက် စီစဉ်ရဦးမှာ ပြီးတော့လည်း မုန်တိုင်းက အိန္ဒိယကို ဝင်မှာပါ"

အန်ကယ်ကလည်း ကြည်လင်နေသည့် ကောင်းကင်ကိုမော့ကြည့်ပြီး. . .

"မဖြစ်နိုင်ပါဘူးကွာ ရာသီဥတုက ကြည်လင်လို့ လေကလည်း ပုံမှန်ပဲဟာ"

"မဖြစ်ရင်တော့ ကောင်းတာပေါ့ဗျာ၊ ဒါပေမဲ့ သတိဆိုတာ ပိုတယ်မရှိပါဘူး"

သမက်နှင့် ယောက္ခမလောင်းနှစ်ယောက်က ဖွတ်ငြင်းကြသည်။

"မိုးလေဝသ သတင်းတွေကလည်း မရေရာပါဘူးဗျာ"

"ခုခေတ် ခန့်မှန်းချက်တွေက မှန်တာများပါတယ်"

"ဖေဖေ. . ဟိုမှာ ဘုတ်ပေါ် တက်ဖို့ ခေါ်နေပြီ"

မိုးမြင့်မေ့က စကားဖြတ်သလို ဝင်ပြောပြီး မော်တော်ဆီလျှောက်သွား၏။

"ကဲ နောက်မှဆုံမယ် မောင်သီလရေ သဘာဝအလှလေးတွေ သွားကြည့်လိုက်ဦးမယ်"

ဒေါ်မေရီမြင့်က နောက်ဆုံးစကားပြောပြီး အားလုံးထွက်သွားကြ၏။ မော်တော်ပေါ် တက်သွားကြသည့် မေတို့အုပ်စု





တို့ ဘယ်လိုမှတားမရတော့။ သီလ စိတ်ပျက်စွာ လှည့်ထွက်လာခဲ့သည်။ ဟိုတယ်သို့ ပြန်ဝင်ပြီး စားသောက်ခန်းမှာ အဆာပြေစားနေလိုက်၏။ ခုချိန်ထိတော့ ကောင်းကင်ကြီးက ကြည်လင်ပြာလဲ့လျက်ပင် ရှိသေးသည်။ စားပြီး ဘက်လက်ကော်ဖီတစ်ခွက်နှင့် ဇိမ်ခံနေစဉ် ရာသီဥတုက ရုတ်တရက်ပင် ပြောင်းလာ၏။

တမ်ညိုတိမ်မည်းတွေ တိုးဝှေ့ပြေးဝင်လာပြီး လေတိုက်နှုန်း အရှိန်ပြင်းလာတာ မျက်မြင်တွေ့လိုက်ရ၏။ ညနေသုံးနာရီကျော်လောက်မှာ လေတိုက်နှုန်းက သိသိသာသာ မြင့်မားလာသလို လေလမ်းကြောင်းလည်း ပြောင်းသွား၏။ ပင်လယ်ကြီးလည်း လေနီကြမ်း၏ သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် ဒေါသတကြီးနှင့် ထကြွသောင်းကျန်းလာခဲ့သည်။

ပင်လယ်ပြင် ထွက်သွားသည့် အပျော်စီးမော်တော်များအတွက်တော့ အန္တရာယ်နှင့်ကြုံရခြင်းပင် ဖြစ်သည်။ သီလမှာ မေတို့အဖွဲ့အတွက် ပူပန်စိတ်နှင့် ဆောက်တည်ရာမရ ဖြစ်လာသည်။

သို့သော် ဘာမှမတတ်နိုင်သည့် အခြေအနေဖြစ်နေပြီ၊ လေကကြမ်းသထက် ကြမ်းလာသဖြင့်အပြင်မှာ ရပ်နေလို့ပင်မရတော့ သီလ လေသာဆောင်မှ ဟိုတယ်ထဲ ပြေးဝင်ခိုနေရ၏။ ပင်လယ်ဒီရေက ထူးထူးကဲကဲ တက်မလာ၍သာ တော်တော့သည်။ အသံမျိုးစုံ ဟစ်ကြွေးတိုက်ခတ်နေသည့် မုန်တိုင်းကအဖျားခတ်ရုံ ဆိုတာ မယုံနိုင်စရာ ဖြစ်နေ၏။ စိတ်တထင့်ထင့်နှင့် မုန်တိုင်းဖြတ်သွားတာကို တစ်နာရီနီးပါး ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လေက တဖြည်းဖြည်း အရှိန်လျော့ကာ ပြန်လည်ငြိမ်သက်သွား၏။

လေငြိမ်သည်နှင့် သီလ ဟိုတယ်ထဲမှထွက်ကာ လှေဆိပ်သို့ ပြေးသည်။ မှန်းထားသည့်အတိုင်း ကမ်းခြေစောင့် ကယ်ဆယ်ရေးအဖွဲ့ ထွက်ခွာဖို့ ပြင်ဆင်နေတာတွေ့ရ၏။ သီလနှင့် ရင်းနှီးပြီးသားအဖွဲ့တွေမို့ အကျိုးအကြောင်းပြောပြကာ လိုက်ပါခွင့်တောင်းသည်။ ကယ်ဆယ်ရေးက သုံးစီးခွဲထွက်မည်မို့ လူအင်အားလိုနေသဖြင့် လိုက်ခွင့်ပေးသည်။ ဗော်လံတီယာတစ်ယောက် လှမ်းပေးသည့် အသက်ကယ်အင်္ကျီကို စနစ်တကျဝတ်ဆင်ပြီး မော်တော်ပေါ် တက်လိုက်၏။

သူတို့ မော်တော်ပင်လယ်ထဲ ထွက်ခွာလာခဲ့သည်။ လေကငြိမ်သွားသော်လည်း လှိုင်းထန်ဆဲ ပင်လယ်ပြင်က သူတို့အား စိန်ခေါ်နေသကဲ့သို့ ရှိသည်။ ဆယ်မိနစ်တာ ခရီးပေါက်လာသည်အထိ ဘာလှေဘာမော်တော်မှ မတွေ့ရသဖြင့် စိတ်ပူလာကြ၏။

ဦးပိုင်းမှဝန်ထမ်းက ပင်လယ်ထဲ မှန်ဘီလူးနှင့်ကြည့်ရင်း ရှေ့ စူးစူးဆီသို့ညွှန်ပြကာ အော်ဟစ်သတိပေးသည်။ မော်တော်တစ်စီးကို မှုန်ပြပြမြင်ရ၏။

ဆလင်က မော်တော်ကို လမ်းကြောင်းပြောင်း၍ ထိုနေရာသို့ ဦးတည်လိုက်သည်။ တဖြည်းဖြည်းနှင့် လှိုင်းကြားမှ မော်တော်ကို ထင်ထင်ရှားရှား မြင်လာရ၏။ ထိုမော်တော်ပေါ်မှ လူတွေလည်း လိမ္မော်ရောင် အသက်ကယ် အင်္ကျီကိုယ်စီ ဝတ်ထားကြသည်။ ဆလင်က အားတက်သွားပြီး စက်ရှိန်ကို မြှင့်လိုက်





၏။ သီလရင်တွေ ခုန်လာသည်။ ကံကောင်းထောက်မပြီး မေတို့စီးသွားသည့် မော်တော်ဖြစ်ပါစေဟု ဆုတောင်းမိသည်။

ထိုအခိုက်အတန့်မှာ သီလ သူ့ခံစားချက် ကောင်းစွာနားလည်သွား၏။ မေ့ကိုမေ့လို့ မရသေးတာမဟုတ်၊ စွဲစွဲလန်းလန်း ချစ်နေဆဲသာ ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိလိုက်တော့၏။

မော်တော်ကို လှမ်းမြင်ရသော်လည်း လူလုံးမကွဲသဖြင့် မှန်ပြောင်းငှားပြီး သီလ ကြည့်လိုက်သည်။ သေချာသွားပြီ ဒါမေတို့ မော်တော်ပဲဖြစ်၏။ လူစုံရှိသေးတာတွေ့ရ၍ သက်ပြင်းချမိသည်။ အနားသို့ မြန်မြန်ရောက်ဖို့ စိတ်လောနေမိ၏။ အချိန်က ငါးနာရီကျော်နေပြီ ဒီလိုနှင့် မှောင်သွားလျှင် ဘာမှလုပ်လို့ရမှာ မဟုတ်တော့။

မော်တော်နှစ်စင်း ပူးကပ်မိသွားတော့ မျက်နှာငယ်လေးများနှင့် ကြွက်စုတ်ဖြစ်နေကြသည့် မေတို့အား တွေ့ရသည်။ သူတို့မော်တော် စက်ပျက်ပြီး မျောပါနေတာ ဖြစ်ကြောင်းသိရ၏။ မုန်တိုင်းဖြတ်စဉ်က ကျောက်ဆောင်အကွယ်မှာ ခိုနေခဲ့၍ အန္တရာယ်မှ လွတ်ခဲ့ခြင်းဟုလည်း သိရသည်။ တွေ့ရတာတော့ ဟုတ်ပြီ ဘယ်လိုကယ်ဆယ်ကြမလဲဆိုတာ စဉ်းစားရပြန်၏။ ဆလင် အချင်းချင်း ညှိနေတာတော့ ကြားရသည်။ သူတို့က ကိုယ်ထက်ဆားပစ်ရင့်သူတွေဆိုတော့ အသာကြည့်နေရ၏။ အန်တီက. . .

"မောင်သီလ ပြောတာ နားမထောင်လို့ ခုလိုဖြစ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



တော်သေးတာပေါ့ကွယ်"

"ဒါတွေမပြောပါနဲ့တော့ အန်တီ"

ကယ်ဆယ်မည့်သူတွေ အာရုံနောက်မှာစိုး၍ စကားမပြောဖို့ အချက်ပြထားရ၏။ မေ့အမျိုးသား ရှုန်တိတ်က ရှုသိုးသိုးနှင့် ပေါက်ကွဲနေပုံရသည်။ ပျက်နေသည့် အင်ဂျင်ကို ပြင်ဖို့အချိန်မရသည့်အတွက် ကြိုးနှင့်ဆွဲသွားဖို့ စီစဉ်ကြသည်။

ဒါလည်း အတော်အန္တရာယ်များသည့် ကိစ္စသာဖြစ်သည်။ လှိုင်းဒီထက်ပိုကြီးလာပါက တစ်စီးကိုတစ်စီး ဆွဲမှောက်သလို ဖြစ်သွားနိုင်သည်။ ဒီနေ့မှ နေမင်းကြီးကလည်း စောစောစီးစီး ကိုယ်ရောင်ဖျောက်သွားခဲ့သဖြင့် အလင်းရောင် အားပျော့သွားတာကလည်း ပြဿနာတစ်ခု ဖြစ်နေ၏။ မော်တော်နှစ်စီးကြိုးချည်ရန် ကြိုးစားနေခိုက် လှိုင်းထန်လာသဖြင့် အတော်ခက်ခဲခဲ လုပ်ဆောင်နေရသည်။ လှေနှစ်စီးက ဝေးသွားလိုက်နီးလာလိုက်နှင့်မို့ လုပ်ရတာ အဆင်မပြေ ဖြစ်နေ၏။

မေတို့ထံမှ ကြောက်လန့်တကြား အသံတွေ ထွက်လာသည်။ မှောင်သွားရသည့်ကြားထဲ လှိုင်းကထကြွလာသည်မို့မော်တော်နှစ်စီးပေါ်မှ လူအားလုံး သွေးပျက်နေကြပြီ။ သီလကိုယ်တိုင်လည်း ပင်လယ်အတွေ့အကြုံ မရှိသည့်အတွက် တော်တော်ကြောက် နေမိသည်။

သို့နှင့်ဂုဏ်တော်ကိုးပါးကိုသာ အထပ်ထပ် ရွတ်ဆိုနေလိုက်၏။ တစ်ကြိမ်တွင် လှိုင်းလုံးကြီးတစ်လုံးပြေးဝင်လာပြီးမော်တော်နှစ်စီးအား ဝင်ဆောင့်လိုက်ရာ အားလုံးအလဲလဲ





အပြိုပြို ဖြစ်ကုန်ကြသည်။ အဆိုးဆုံးက မေ ရေထဲသို့ ပြုတ်ကျသွားခြင်းပင် ဖြစ်၏။

"အမလေး . . လုပ် . . လုပ်ကြပါဦး၊ သမီး . . သမီး . . သမီး ကို ဆယ်ပေးပါ ကယ်ကြပါ"

"သမီး . . သမီး . . ရေ"

အန်ကယ်နှင့် အန်တီတို့ထံမှ အပြန်အလှန်ပြောတာတွေကြားပြီး သီလ ထူပူသွားသည်။ ဘာဆို ဘာကိုမှ မစဉ်းစားမိတော့ဘဲ ပင်လယ်ထဲမှ မေ့ဆီသို့ ဒိုင်ဗင်ပစ် ခုန်ဆင်းလိုက်၏။ မေ ရေကူးတတ်တာ ပြန်သတိရပြီး အနည်းငယ် စိတ်အေးသွားကာ သူ့ထံကူးခတ်သွား၏။ အသက်ကယ်အင်္ကျီ ကိုယ်စီနှင့်မို့ ဒီလောက်နှင့်ရေနစ် မသွားနိုင်ဟု ကိုယ့်ဘာသာ အားပေးကာ မေ့လက်ကို လှမ်းဆွဲထားလိုက်သည်။

အချစ်ဟောင်းလက်ကို ဆုပ်ကိုင်မိချိန်မှာပင် မိုးမှောင်ကြီးကျလာကာ မိုးတွေသည်းထန်စွာ ရွာလာ၏။ လှိုင်းကပုတ်လေ့ကတိုက်နှင့် သီလတို့ မော်တော်နှင့်တဖြည်းဖြည်း ဝေးလာတာကို သိနေကြသည်။ မေ့ကို လွတ်ထွက်မသွားအောင် ဆုပ်ကိုင်ရင်း နှစ်ယောက်ပြိုင်တူ ကူးခတ်နေကြ၏။ ဘယ်ကိုကူးနေတာလည်းဆိုတာတော့ မသိ၊ အသက်မသေအောင် ကြိုးစားနေကြတာပဲ ဖြစ်သည်။

အားစိုက်ကူးလိုက် ကိုယ်ဖော့ထားလိုက်နှင့် ပင်လယ်ထဲကိစ္စတုံးမသွားအောင် တက်ညီလက်ညီ ကြိုးစားနေကြရသည်။ ဇွဲမလျှော့မိအောင်လည်း မေ့ကို အားပေးရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"မေ အားတင်းထားနော် မော်တော်လိုက်လာပြီး ကယ်မှာပါ"

ပြောမယ့်သာပြောရသည်. . . သူနှင့်မေတို့ပင် တစ်ယောက်ကိုတစ်ယောက် ကောင်းကောင်းမမြင်ကြရ၊ လေနှင့်လှိုင်း ခေါ်ရာနောက်သို့ သူတို့ပါသွားပြီဆိုတာ အလိုလိုသိပြီး ကြောက်စိတ်ဝင်လာသည်။ ပင်လယ်ရေက အေးရသည့်ကြားထဲ မိုးက ပုက်ဖြန်းနေသေးသည်မို့ ခိုက်ခိုက်တုန် ချမ်းလာကြသည်။ ထိုသို့ပင်လယ်ငရဲတွင် နာရီဝက်ခန့်မျောပါပြီးနောက် ကယ်ဆယ်ခံရနိုင်သေးသည်ဆိုသည့် မျှော်လင့်ချက် ကင်းမဲ့သွားတော့၏။

"မေ ဘယ်ကိုရောက်ရောက် ရောက်ချင်တဲ့ဆီရောက်ပစေ ကူးနေမှဖြစ်မယ် တအားအေးပြီး သွေးခဲသွားလိမ့်မယ်"

မေက သူ့ကို အားကိုးတကြီး ဆုပ်ကိုင်ထားတာ အထိအတွေ့အရ သီလသိနေ၏။ ခဏနေတော့ လေငြိမ်သွားသည်။ သို့သော် တစ်ချက်တစ်ချက်ဆောင့်အတိုက်တွင် ကြွတက်လာသည့်လှိုင်းက ဆောင့်တွန်းနေသည်မို့ ဘယ်ဆီဘယ်ဝယ် ရောက်လို့ရောက်မှန်း မသိအောင် မျောပါနေကြ၏။

တိမ်ညိုမည်းတို့ ကင်းစင်သွားသည့် ညကောင်းကင်တွင် လမင်းက ကြယ်တာရာအပေါင်း ခြံရံလျှက် ညီလာခံ ကျင်းပနေခဲ့ပြီ။ ဟိုအဝေးဆီတွင် ခပ်မည်းမည်းနှင့် ကုန်းလိုလို ကမ်းလိုလို သဏ္ဍာန်ရှည်လျားမည်းနက်သည့် အတန်းကြီးကိုတွေ့နေရ၏။ ထို့အတွက် အားတက်လာပြီး လရောင် အကူအညီနှင့်ပင် ထိုနေရာသို့ ဦးတည်ကူးခတ်ခဲ့ကြသည်။





"ကိုသီလ ကျွန်မတို့ မသေနိုင်ပါဘူးနော်"

ခြေကုန်လက်ပမ်းကျလုလုတွင် မေထံမှ ထိုစကားကြားလိုက်ရ၍ သီလဝမ်းသာသွားသလို ပျော်လည်းပျော်သွားသည်။

"ဘယ်လိုမှ မသေနိုင်ပါဘူး မေရယ်၊ ကိုယ်တို့ကမ်းကိုလှမ်းမြင်နေရပြီပဲ အရေးကြီးတာက ရေထဲကနေ ကုန်းပေါ်တက်ဖို့ပဲ၊ ကျန်တာ နောက်မှစဉ်းစား၊ ခုတော့ ဖွဲမလျှော့နဲ့ အားစိုက်ကူးထား"

မောင်ဆိုသည့် နာမ်စားအား "ကိုယ်" အသုံးအနှုန်းနှင့် အစားထိုးကာ မေ့ကို အားပေးစကားပြောရသည်။ သီလ၏ အားပေးစကားကြောင့် မေ ကြိုးစားကူးခတ်ရှာသည်။ ဒီအချိန်မှာ သီလက မေ့အတွက် မေခလာဖြစ်သလို မေကလည်း သီလအတွက် မေခလာပင်ဖြစ်၏။ ဇောနှင့်ကူးခတ်ခဲ့ကြသဖြင့် ရှင်သန်မှုကို အာမခံနိုင်မည့် ပင်လယ်ကြမ်းခင်း ကျောက်တုံးများ သဲများ၏ အထိအတွေ့ကို ခံစားလိုက်ကြရသည်။ ပျော်ရွှင်မှုကို နှစ်ဦးလုံး ထိန်းမရတော့။ ဝမ်းသာအားရနှင့် ကျယ်လောင်စွာ အော်ဟစ်မိကြသည်။

"ဟေး"

"ဟေး. . ဟေး. . ဟေး. ."

"မသေတော့ဘူး မေ ကိုယ်တို့ မသေတော့ဘူး"

"ဟုတ်တယ် ကိုသီလ၊ ပျော်လိုက်တာ တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါအပျော်ဆုံးပဲ"

အတူလက်တွဲ၍ ရေထဲမှရုန်းထွက်ကာ စမ်းတဝါးနှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်လှမ်းချင်း ကုန်းပေါ်သို့ တက်ခဲ့ကြ၏။ လရောင်၏ပုံ့ပိုးမှုနှင့် ခြေဖဝါးပြင်မှ အထိအတွေ့ကြောင့် သဲသောင်ပြင်ပေါ်ရောက်ပြီမှန်း သိရသည်နှင့် နှစ်ယောက်လုံး ဝုန်းခနဲ ပစ်လဲကျသွားတော့၏။

✠ ✠ ✠





မိုးရှုရှု အလင်းရောင်ကြောင့် မျက်လုံးများကျိန်းစပ်လာသဖြင့် လက်နှင့် အကာအကွယ်ယူရင်း မျက်စိဖွင့်ကြည့်လိုက်သည်။ မိုးစင်စင် လင်းနေပြီ၊ ထထိုင်ရင်း ဘေးကိုလှည့်ကြည့်တော့ မေက အသက်ကယ်အင်္ကျီကို ခေါင်းအုံး၍အိပ်နေတာတွေ့ရသည်။ သူတို့ ကျွန်းတစ်ကျွန်းပေါ် ရောက်နေကြခြင်း ဖြစ်၏။

လှိုင်းပုတ်သံက တဝုန်းဝုန်း ပင်လယ်စင်ရော်တို့၏ တကီးကီး အော်မြည်သံကလည်း ဆူညံနေသဖြင့် မေလည်း အိပ်ရာမှနိုးလာသည်။ တစ်ယောက်ကိုတစ်ယောက် မြင်မိကြတော့ အပြန်အလှန်ပြုံးရင်း နေ့သစ်ကို ကြိုဆိုလိုက်ကြသည်။ နှစ်ဦးစလုံး ဘာစကားမှ မပြောနိုင်ပဲ အပြောကျယ်သည့် ပင်လယ်ကြီးကိုသာ မမှိတ်မသုန် ငေးကြည့်နေမိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ပြင်မှာ မသေခဲ့ကြသော်လည်း ဒီကုန်းမြေပေါ်မှာရော အသက်ဆက်ဖို့ အရေးရှိပါရဲ့လား၊ မိုးကုပ်စက်ဝိုင်းနှင့် ပင်လယ်အနားသတ်မျဉ်းပေါ်မှာ အနက်ရောင် အတန်းရှည်လေး မှိုမောက်နေတာ မြင်ကြရသည်။ အဲဒါငွေဆောင်လားဒါမှမဟုတ် အခြားကျွန်းတစ်ကျွန်းလား သီလလည်း မဝေခွဲတတ်တော့၊ မေ့အား စောင်းငဲ့ကြည့်လိုက်ရင်း. . .

"မေ ထိုင်နေလို့တော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး လျှောက်သွားရင်း စူးစမ်းကြည့်ကြရအောင်"

သီလ၏အဆိုကို မေက ခေါင်းညိတ်ထောက်ခံပြီး အသက်ကယ်အကျီကို ကောက်ယူကာ ထရပ်လိုက်၏။ အကျီထဲမှ ပလတ်စတစ်ထုပ်တစ်ထုပ် ထွက်ကျလာတာတွေ့ရသည်။ ပြန်ထိုင်ပြီး အထုပ်ကို ဖွင့်ကြည့်ကြ၏။ ရေလုံပလတ်စတစ်အိတ်များနှင့် ထည့်ထားသည့် မောင်းချဓားတစ်ချောင်း၊ ရေဘူးပြားလေးတစ်ဘူး၊ ဂက်(စ)မီးခြစ်တစ်လုံး၊ ဘီစကွတ်တစ်ထုပ်နှင့် အချက်ပြမီးကျည်နှစ်တောင့်ကို တွေ့ရသည်။

ရှင်သန်ခွင့်အထောက်အကူပြုပစ္စည်းများဖြစ်၍ အားတက်သွားကြ၏။ သီလ၏ Life Jacket ကို စစ်ဆေးတော့လည်း အလားတူပစ္စည်းများကို တွေ့ရသည်။ ပျော်ပျော်ရွှင်ရွှင်လေသံနှင့်. . .

"ကဲ. . မေရေ ဘာမှတွေးမနေနဲ့ မနက်စာအဖြစ် ဘီစကွတ် နှစ်ချပ်စီနဲ့ ရေတစ်ငုံစီသောက်ကြမယ်၊ ပြီးမှပဲ ကျွန်းကိုပတ်ကြည့်ကြတာပေါ့. . ."





"ကောင်းသားပဲကိုသီလ"

ရှိန်နေသည့် အမူအရာနှင့် မေ့ကို သတိပြုမိသော်လည်း မသိချင်ယောင်ဆောင်ရင်း မနက်စာ စားလိုက်ကြသည်။ ဒွယ်ဖွယ်ရာရာမဟုတ်၍ မိနစ်ပိုင်းနှင့်ပင် စားပြီးသွား၏။

မေက. . .

"မဝသေးပေမယ့် ထပ်စားလို့ မဖြစ်ဘူးဆိုတာ ကျွန်မသဘော ပေါက်ပါတယ် ရေကိုတော့ နှစ်ငုံလောက် သောက်ပါရစေ"

"သောက်ပါမေ ဟောဟိုမှာ အုန်းပင်တွေ အများကြီးပဲဘာ ရေတော့မငတ်လောက်ပါဘူး"

ရေကို ရွှေလိုတန်ဖိုးထားရမည်မှန်း မေသိနေ၍ သီလစိတ်သက်သာရာ ရသွား၏။ စားသောက်ပြီးကြသည်နှင့် လေ့လာရေးခရီးစဉ် စခဲ့ကြသည်။

သီလက လက်ရှိအချိန်တွင် အကောင်းဆုံးလက်နက်ဖြစ်သည့် မောင်းချဓားကို အသင့်ကိုင်လာခဲ့၏။ သဲသောင်ပြင်ပေါ်တွင် ခြေရာစုံတွဲလေးများစွာ ချန်ထားခဲ့ရင်း လမ်းဆက်လျှောက်ခဲ့သည်။

"ကိုသီလ ကျွန်မတို့ ပင်လယ်ကို အောင်နိုင်ခဲ့ကြပြီ ဒီကျွန်းကိုရော"

"အင်း. . နောက်ဆုံးထွက်သက် အထိတော့ မျှော်လင့်ချက် ခိုင်ခိုင်ထားရမှာပေါ့ မေရယ်၊ ကိုယ်တို့ရောက်နေတာ ကမ်းခြင် လမ်းမမြင်မှ မဟုတ်ဘဲ၊ ခပ်ပျပျတော့ လှမ်းမြင်နေရတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ပြီးတော့ ကယ်ဆယ်ရေးအဖွဲ့တွေကလည်း လက်လျှော့မယ် မထင်ပါဘူး မကြောက်နဲ့မေ အားတင်ထား"

"ကျွန်မ အားမလျှော့ပါဘူး ကိုသီလရယ် သေမှမသေ ချင်သေးတာ၊ ဒီကျွန်းပေါ်မှာ ရှင်သန်နေဖို့အတွက် ဘာကို အရင်စလုပ်ကြမလဲဟင်"

သီလက ဝန်းကျင်သစ်ကို လှည့်ပတ်အကဲခတ်လိုက်ရင်း

"အင်း. . ပထမဆုံး နားခိုစရာရှာရမယ် တွေ့ခဲ့ရင် ည ရေးညတာအတွက် ထင်းအလုံအလောက် စုရမယ်၊ ရေရှာ မတွေ့ရင် အုန်းသီးခြောက်တွေ လိုက်ကောက်မယ်၊ အချိန် သေးရင် ငါးဖမ်းဖို့ ကြိုးစားကြည့်မယ်လေ"

"လိုအပ်တာတွေ အားလုံးကို သီလ တွေးနိုင်သား ကျွန်မတောင် ကြောက်စိတ်နည်းနည်းလျော့သွားပြီ"

"ဘဝဆိုတာ အနေခက်သလို သေဖို့လည်း သိပ်လွယ် တဲ့ကိစ္စမှ မဟုတ်တာ၊ ခုဆိုရင် ကိုယ်က ရော်ဘင်ဆင်ခရူး မေက ဖရိုက်ဒေးပေါ့ မဟုတ်ဘူးလား"

"ဟင်းဟင်း. . ဟုတ်တယ်နော် အဲဒီစာအုပ်က အ ဖတ်လို့ကောင်းတာပဲ၊ ရုပ်ရှင်ရိုက်ပြတော့လည်း ကြည့်လို့ကော တာပဲ၊ အဲဒီ ဇာတ်ကားထဲမှာ ကျွန်မတို့ ရှင်သန်ဖို့နည်းလမ်း အများကြီးပါတယ်နော်"

"ဟုတ်တယ် မေ မှတ်မိသလောက်သာ ပြန်စဉ်း လိုက်၊ လောလောဆယ် ဟိုမှာနေစရာတွေ့ပြီ၊ စပေါ်နဲ့ အပျောက်ငှားမှာလားဆိုတာ ပိုင်ရှင်ကိုပဲ မေးကြည့်ရမယ်"





သီလ ညွှန်ပြသည့် သဘာဝ ကျောက်ကလပ်တစ်ခုကို လှမ်းမျှော်ကြည့်ရင်း မေ သဘောကျစွာရယ်လိုက်၏။

"ဟဲဟဲဟဲ. . . ရေမီးအစုံနဲ့ ဈေးသင့်ရင် တစ်ခါတည်း ခြောက်လစာလောက် စာချုပ်ချုပ်လိုက်မယ်လေ"

"သိပ်မလောနဲ့မေ အထပ်က ရှစ်လွှာတောင် ဘယ်အခန်းရမယ်မှန်းမှ မသိတာ ဓာတ်လှေကားပါမှငှား"

မေနှင့်သီလတို့ အတိုင်အဖောက်ညီစွာ ပေါက်ကရတွေ ပြောရင်း အားပါးတရ ရယ်လိုက်၏။ သူတို့နှစ်ယောက် ကျောက်ဆောင်ပေါ် တွယ်တက်လာခဲ့ကြသည်။ သီလက လက်ကမ်းပေး၏။ မေက မဆိုင်းမတွပင် တွဲလက်ကို လှမ်းဆွဲပြီး ခိုတက်လာသည်။

သီလနှင့် မေတို့ပုံစံက ကျွန်းပေါ်ပိတ်မိနေသည့် ဒုက္ခသည်များနှင့်မတူဘဲ ဟန်းနီးမွန်းထွက်လာသည့် စုံတွဲတွေလို ဖြစ်နေ၏။ ထိုသို့တွေးမိသောအခါ မေ့အပေါ်မရိုးသားသော စိတ် သုံးဆယ်ရာနှုန်းလောက်ပါသည့် အကြည့်မျိုးနှင့် သီလ ကြည့်မိသည်။

ဒီလိုအချိန်မှာ ဒီစိတ်တွေ မွေးမနေသင့်မှန်းသိ၍ စိတ်ခိုင်းကို မောင်းထုတ်ရင်း ကျောက်ကလပ်ဆီ ပြေးသွားလိုက်၏။ နေရာကမဆိုး လေနှင့်မိုး အကာအကွယ်ရသလို ကျယ်ကျယ်ဝန်းဝန်း လည်းရှိသည်။ ဒီကျွန်းပေါ်မှာတော့ ဒီနေရာက ပုလဲကွန်ဒိုသာ ဖြစ်ပေလိမ့်မည်။

"ကောင်းတယ် မေ၊ ကိုယ်တို့ ဒီမှာပဲ နေကြမယ်၊ ဒီနေရ

www.burmeseclassic.com



လွတ်လောက်တဲ့ အမြင့်လည်းရှိတယ်၊ တကယ်လွတ်မလွတ် ဆိုတာတော့ တစ်ညအိပ်ပြီးမှ သိရမှာပဲ"

"ဟင်. . ရှင်နဲ့ကျွန်မ ဒီမှာ. . ည. . ညအိပ်. . အဲ. . ဆော. . ဆောရီးနော် အခြေအနေကို မေ့သွားလို့ပါ"

"ရပါတယ် မေ အဲဒီအတွက်မပူပါနဲ့ တို့တွေက အရင်းနှီးဆုံး သူစိမ်းတွေပဲ မဟုတ်လား၊ ဒီအချိန်မှာ နှမလေးတစ်ယောက်လို ဆွေမျိုးစပ်ဖို့ ကိုယ်စဉ်းစားထားပြီးသားပါ၊ ဘာမှ တွေးလန့်မနေပါနဲ့"

"ကျေးဇူးတွေ ဧဝရတ်လောက်ဖြစ်နေပြီ၊ ကိုသီလက အသက်ရှင်အောင် ကူညီခဲ့တဲ့အပြင် ဘဝကိုပါ စောင့်ရှောက်မယ်ဆိုတော့ ထိုင်ရှိခိုးချင်လောက်အောင် ကြည်ညိုမိရပါတယ် တကယ်ပါ"

ငိုမလို ညို့လာသည့် မျက်နှာရိပ်ကြောင်း အာရုံပြောင်းစေရန် ရည်ရွယ်၍ အရွှန်းဖေါက်လိုက်သည်။

"သာဓုပါ ဒကာမလေးရယ် သာဓုသာဓု. . ကဲ. . ဝါဆိုဝါခေါင်ရေတွေ မကြီးခင် အုန်းသီးခြောက်နဲ့ ထင်းခြောက်ကောက် ထွက်လိုက်ရအောင်"

သီလက မေ့လက်ကိုဆွဲ၍ ကျောက်ကလပ်ပေါ်မှ ခြေဆင်းရင်း ထင်းကောက်ရန် တောစပ်သို့ ဦးတည်လိုက်တော့၏။ တကယ်တမ်း လုပ်ကြည့်ကြသည့်အခါ မကျွမ်းကျင်ခြင်း၊ လုပ်နေမကျခြင်း၊ လက်နက်ကိရိယာ မပြည့်စုံခြင်းတို့ကြောင့် အချိန်သာကုန်ပြီး ထင်သလောက် အလုပ်မဖြစ်တာကို ကြုံကြရသည်။





သီလတို့ ငှားနေကြသည့် ကျောက်ကလပ် ကွန်ဒိုထဲမှာတော့ တစ်ညစာ ထင်းအလုံအလောက်နှင့် အုန်းသီးအစိုအခြောက် အလုံးနှစ်ဆယ်အပြင်၊ တောငှက်ပျောတစ်ခိုင်လည်း ရောက်နေခဲ့ပြီ။ တစ်ဆက်တည်း ဆိုသလို အုန်းရည်စုကြသည်။ ညနေစောင်းလောက်မှ မညီမညာ အုန်းမှုတ်ခွက်လေးခွက်စာ အုန်းရည်ကိုသာရသည်။ အသုံးပြုရသည့်လက်နက်က မောင်းချားနှင့် မညီမညာ အသွားပါသည့် ကျောက်တုံးသာ ရှိသည် မဟုတ်လား။ နှစ်ယောက် လုံး၏ လက်များလည်း ပေါက်ပြဲနေခဲ့ပြီ။

တစ်နေ့တာ အလုပ်သိမ်း၍ ပင်လယ်ထဲ ရေငုပ်ဆင်းဖို့ ဟန်ပြင်နေသည့် နေလုံးကြီးကိုကြည့်ကာ ညစာစားကြ၏။ ညစာစားပွဲတွင် ဘီစကစ် သုံးချပ်စီ ငှက်ပျောသီး နှစ်လုံးစီ အုန်းရည်နှင့် အုန်းသီးစိမ်းကတော့ အလျှံပယ်ပင်ဖြစ်သည်။ ထိုညစာစားပွဲကလည်း တိတ်ဆိတ်ခြောက်ကပ်စွာပင် ပြီးဆုံးသွား၏။

"မနက်ကျရင် ငါးဖြစ်ဖြစ် ဂဏန်းဖြစ်ဖြစ် ရအောင်ဖမ်းရတော့မှာပဲ"

"ရရင် ကောင်းတာပေါ့၊ မရတော့လည်း ဘယ်တတ်နိုင်မလဲ ကိုသီလရယ်"

သီလနှင့် မေတို့ စကားပြောလိုက် ပင်လယ်ကြီးကိုငေးလိုက်နှင့် အချိန်ဖြုန်းနေစဉ်မှာပဲ ဒီရေက တရိပ်ရိပ်တက်လာသည်။ သို့သော် ကျောက်ကလပ်ထိ ရောက်မလာသဖြင့် ညနေ ညတာအတွက် စိတ်အေးသွားကြ၏။ မှောင်စပျိုးတွင် မီးပုံပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကျင်းပလိုက်ကြသည်။ မီးဖိုအရှိန်ရလာသောအခါ ညကလည်း ပီပြင်နေပြီ ဖြစ်သည်။ သီလ က Life Jacket ကို ခေါင်းအုံး၍ ကျောခင်းလိုက်ရင်း. . .

"မေ လာလှဲလေ တစ်နေကုန် ပင်ပန်းထားတာ"

သီလ ခေါ်လိုက်သော်လည်း မေကမလှုပ်၊ တွေတွေ ငေးငေးနှင့် ဆက်ထိုင်နေသည်။ ဟုတ်တော့လည်းဟုတ်၏။ ဒီကျွန်းပေါ်မှာ မေနှင့်သူ နှစ်ယောက်ထဲမဟုတ်လား။ မေ ဘာ တွေတွေးနေမလဲဆိုတာ သီလရိပ်စားမိသည်။ သီလလည်း မေ့ အခက်အခဲကို ကိုယ်ချင်းစာမိ၏။ သူကိုယ်တိုင်ပင်လျှင် စိတ်ကို အနိုင်နိုင် ထိန်းနေရသည် မဟုတ်လား။

ချုပ်ထိန်းရခက်ခဲသည့် စိတ်အတွေးကြောင့် သီလ ရေကူးနေရသလို မောပန်းလာသည်။ မေသည် သူ၏ ရည်းစား စင်စစ် ဧကန်ဖြစ်ခဲ့ဖူး၏။ မေ့ ပါးပြင်ပေါ်မှာ သူ့နှုတ်ခမ်းတွေ ကျင်လည်ကျက်စားခဲ့ဖူးသလို ထိုနှုတ်ခမ်းများ၏ ချိုမြိန်မှုကို လည်း သီလ အလွတ်ရနေဆဲပင် ဖြစ်သည်။

အချိုးအစားလှပသည့် ခန္ဓာကိုယ် သွယ်သွယ်လှလှ လေးကိုလည်း အပရိက ထွေးပွေ့ဖူးသလို၊ နူးညံ့အိစက်သည့် ပေါင်တံများပေါ်တွင်လည်း မှေးစက်ဖူးသည်။ ထို့အပြင် သီလ နှာခေါင်းထဲတွင် မေ၏ ကိုယ်သင်းနံ့အကြွင်းအကျန်များ ယနေ့ ထက်တိုင် ရှိနေဆဲဖြစ်သည်။

သို့သော် သီလက သူ့သိက္ခာသူယုံသည်။ သူ့သိက္ခာသည် မှတ်ကျောက်တင်ခံနိုင်သည့် အဆင့်မှာရှိ၏။ လောလောဆယ်





အချိန်မှာ မေ့အပေါ် ထောင့်ငါးရာစောင်ခြုံပေးပြီး စာနာခြင်း ခြင်ထောင်ထဲ ထည့်သိပ်လိုက်လျှင် သူ့ဘဝလုံခြုံသွားမှာ သိပ်ကို သေချာနေသည်။

"အိပ်တော့လေ မေ မနက်ကျရင်လည်း ငါးဖမ်းထွက်ရ ဦးမှာ ကိုယ်တော့အိပ်ပြီ"

ပြောပြောဆိုဆို သီလက မေ့အား ကျောခိုင်းကာ တစ် ဖက်သို့ စောင်း၍အိပ်လိုက်တော့၏။ သီလ၏သိက္ခာတရားက (၁၅)ပဲရည်ဆိုလျှင် မေ့အပျိုစင်ဘဝက(၁၆)ပဲရည်ဖြစ်ရမည်ဟု သူဆုံးဖြတ်လိုက်သည်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



**အ**ရိုင်းဆန်ဆန် အတွေးများနှင့် စိတ်ဖေါက်ပြန်သလို တစ်ညလုံး ခံစားခဲ့ရသော်လည်း ကာယကံ မမြောက်စေရန် အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့သည်။ ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းရင်း မေ့းတစ်ဝက် ပျော်တစ်ဝက်နှင့်အတူ အသူ ရကာယညကို ဖြတ်သန်းပြီးနောက် ကိုယ့်ကိုယ်ကို ယုံကြည်စွာနှင့် လန်းလန်းဆန်းဆန်း နိုးထလာခဲ့၏။

သီလက ဦးစွာ မီးသေနေသည့် မီးပုံထဲမှ မီးသွေးခဲ တစ်ခဲ ကောက်ယူပြီး ရော်ဘင်ဆင်ကရူးဆိုးကဲ့သို့ ကျောက်နံရံ ပေါ် အစင်းနှစ်စင်း ခြစ်လိုက်ခြင်းသာဖြစ်သည်။ ဒီနေ့ ကျွန်းပေါ် မှာ ဒုတိယမြောက်နေ့ ဖြစ်ခဲ့ပြီ မဟုတ်လား။

မေ့ကို မတွေ့သော်လည်း စိတ်မပူမိ၊ တပို့တပါးသွား တာပဲ ဖြစ်မည်ဟုတွေးရင်း အောက်သို့ဆင်းလာခဲ့သည်။ သောင်





စပ်တွင် ထိုင်နေသည့် မေ့ကိုတွေ့ရ၏။

"မောနင်း ညီမလေး"

"မောနင်း ကိုကို အိုပါး"

သုံးမိသည့် အခေါ် အဝေါ် များအတွက် ကိုယ့်အတွေး နှင့်ကိုယ် သဘောကျစွာရယ်မိကြသည်။ ထိုနာမ်စားများသည် မနေ့ညက သီလနှင့် မိုးမြင့်မေတို့ သန့်သန့်ရှင်းရှင်း အိပ်စက် ခဲ့ကြကြောင်းကို ရည်ညွှန်းခြင်းလည်း ဖြစ်သည်။

သီလ လက်ထဲတွင် ဖြောင့်ဖြောင့်သွယ်သွယ် သစ်ကိုင်း ရှည်တစ်ချောင်း ပါလာ၏။ မေ့ဘေးတွင် ဝင်ထိုင်ရင်း မောင်းချ ခားနှင့် သစ်ကိုင်းကို ချွန်နေလိုက်သည်။ ဒါ့အရေးပေါ် ငါးဖမ်း ကိရိယာဖြစ်၏။

"ကျွန်မက ပလာတူးနဲ့ ငါးမှတ်ပဲ စားတာနော်"

"ဟာ အဲဒါဆို ပြဿနာပဲ ကိုယ်က ငါးမန်းတစ်ကောင် ဖမ်းပြီး ငါးမန်းတောင် ဟင်းချိုလုပ်သောက်မလားလို့ စိတ် ကူးနေတာ"

သီလ ငါးဖမ်းဖို့ ပြင်နေစဉ် မေက နောက်သဖြင့် သူ လည်း ပေါ့ပေါ့ပါးပါး ပြန်ဖြေလိုက်ခြင်း ဖြစ်သည်။

"ကျွန်မတို့ သိပ်ပြီးအထိတ်တလန့် မဖြစ်ကြဘူးနော်"

"အင်း. . ဒါကလည်း လောလောဆယ် မသေနိုင်သေး ဘူးဆိုတာ အသေအချာသိနေလို့ရယ် ကယ်ဆယ်ရေးအဖွဲ့က လိုက်ရှာမှာပဲဆိုတဲ့ မျှော်လင့်ချက်ကြောင့်ရယ် ဖြစ်မှာပေါ့"

"ဟုတ်ပါတယ်လေ စားစရာတွေ ရှိနေသေးတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်မြင်ကြီးထဲပေါ် လာမယ့် မေခလာရဲ့ အရိပ်အယောင်ကို မျက်ခြေမပြတ် စောင့်ကြည့်နေမှ ဖြစ်မယ်ထင်တယ်၊ ပင်လယ်ထဲကလူက ကျွန်းပေါ် လှမ်းမြင်ဖို့ဆိုတာ မလွယ်ဘူးလေ ကိုယ်က အချက်ပြမှ ဖြစ်မှာမို့လား"

"ဟုတ်တယ် မေ၊ အချက်ပြမီးကျည်ကို အသင့်ဆောင်ထားပြီး အမြဲလိုလို စောင့်ကြည့်နေမှဖြစ်မှာ"

"ကဲပါရှင် မျက်စိလေးလုံးရှိတာပဲ လာရင်တွေ့မှာပေါ့၊ ကျွန်မ ဗိုက်ဆာနေပြီ ငါးမန်းတောင်ဟင်းချို ဘယ်တော့ရမှာလဲ ကိုကို"

"ဟဲဟဲဟဲ. . သုံးမိနစ်ပဲစောင့်"

သစ်ကိုင်းချွန်ကို ကိုင်၍ ရေစပ်သို့ သီလ ဆင်းလာခဲ့သည်။ ရုပ်ရှင်တွေထဲမှာဆို ဒီလိုတုတ်ချွန်ကိုင်ပြီး ဆင်းသွားတာနဲ့ ငါးတွေ တန်းတွေ့တော့တာလေ။ ခုတော့ ဟုတ်ပေါင်ဗျာ ဖေါက်ထွင်းပြီး မြင်နေရတဲ့ ရေထဲမှာ ဖါးလည်းမရှိ ငါးလည်းမရှိနဲ့ စိတ်ပိန်လိုက်တာ လွန်ရော. . .။

ကံကောင်းထောက်မစွာနှင့် တစ်ကောင်တလေ ရလို့ ရငြား စောင့်ဆိုင်းရှာဖွေသော်လည်း ဘာငါးမှမရ။ နောက်ဆုံးတော့ လက်လျှော့ပြီး သောင်ပြင်ပေါ် ပြန်တက်၍ ပင်လယ်က သိုဏ်းသာ ရှုနေရတော့၏။

မေက မိန်းမသားပီသစွာ နံနက်စာပြင်ဆင်ထားသည်။ ထုံးစံအတိုင်း ဘီစကွတ်ဆီပြန် အုန်းသီးစွတ်ပြုတ် ငှက်ပျောသီးပြန်ပေါင်းတို့နှင့်ပဲ ဖြစ်သည်။ နှစ်ရက်သာ ရှိသေးသော်လည်း





ဒီအစားအစာတွေကို မကြည့်ချင်တော့။ ခုနေမှား ရွှေဥမုန့်ဟင်းခါးကို ဘဲဥ ငါးဖယ်ဘူးသီးကြော်တို့နှင့် စားလိုက်ရလျှင် ဘယ်လောက်ကောင်းမလဲဟု တမ်းတမိ၏။

လက်တွေ့မှာတော့ မသေထမင်း မသေဟင်းလို့ပဲ ဖြစ်ညှစ်စားနေရသည်။ ဘီစကွတ်မနင်အောင် အုန်းရည်နှင့် မျှောချရ၏။

"အင်း. . ငွေဆောင်မှာ အပန်းဖြေရင်း သောက်ရတဲ့ အုန်းရည်နဲ့ ဒီမှာသောက်ရတဲ့ အုန်းရည်က အရသာရောရည်ရွယ်ချက်ပါ အရမ်းကွာတာပဲနော်"

"ဟုတ်တယ်မေ. . ဒီမှာက မဖြစ်မနေဆိုတဲ့ သဘောဆောင်နေတာကိုး၊ ဒါကြောင့် အရသာပါကွာနေတာ"

"ရောင့်ရဲခြင်းဆိုတဲ့ စကားအဓိပ္ပာယ်ကို ဒီလိုသောကနဲ့ အနားယူရင်း သုံးသပ်နေရလိမ့်မယ်လို့ ထင်မထားခဲ့မိဘူး"

"ဒီလိုပဲပေါ့မေရယ် ရိပ်သာဝင်တဲ့အခါမှာလည်း စားမှုနေမှု ငိုက်မြည်းမှုတွေကို တတ်နိုင်သမျှ ဆင်ခြင်ပြီး ရောင့်ရဲမှုနဲ့ ထိန်းချုပ်ရတာပဲလေ၊ အခုလည်း ကျောက်ကလပ် တရားစခန်းက ဦးစီးပဓာန နာယကဆရာတော် ဦးသီလဆီမှာ ဆယ်ရက်စခန်း ဝင်တယ်လို့ပဲ သဘောထားလိုက်"

"တင်ပ့ါ ဘုရား"

သီလ စကားနှင့်အညီ မေကတုန့်ပြန်၏။ သူတို့ မငေါ်မပါး ရယ်မိကြသည်။

"အဟင်း ကိုသီလလည်း အခြေအနေနဲ့ လိုက်လျောညီ



www.burmeseclassic.com

www.burmeseclassic.com



ထွေ နေတတ်သားပဲနော်"

"ဘဝပေး အခြေအနေတွေနဲ့ တွေ့ကြုံခဲ့ရတဲ့ အဖြစ်တွေက သင်ပေးခဲ့တာပါ"

"ကျွန်မဆီက သင်ယူတတ်မြောက်တာတွေရော ရှိခဲ့လား"

"အနည်းအကျဉ်းပေါ့"

သီလနှင့် မေတို့ပြောနေသည့် စကားရေစီးကြောင်းက အတိတ်ပင်လယ်ပြင်ဆီ စီးဝင်ဖို့ ဦးတည်လာပြီမို့ အာရုံလွှဲရန် အကြောင်းရှာ၏။ ကံကောင်းချင်တော့ သဲသောင်ပြင်ပေါ် ဘေးတိုက် ပြေးလွှားဆော့ကစားနေသော ကံဆိုးရှာသည့် ဂဏန်းများကို တွေ့လိုက်သည်။ ချက်ချင်းဆိုသလို သူတို့နှစ်ယောက် ကျောက်ခေတ်လူသားများ ဖြစ်သွားကြ၏။ လူနှစ်ယောက် အာဟာရဖြစ်ဖို့ ဂဏန်းအကောင်လေးဆယ်လောက် အသက်ပေးသွားကြရသည်။

မီးမွှေး၍ ဂဏန်းဖုတ်နှင့် နေ့လည်စာ စားလိုက်ကြသည်။ လတ်လတ်ဆတ်ဆတ်မို့ အရသာရှိလိုက်သည့်ဖြစ်ခြင်း။ လူ့လျှာက သူများအသက်ကို အရသာခံရာတွင် တစ်ဖက်ကမ်းခတ်သည်။ စားပြီးတော့ အလွန်ပျင်းစရာကောင်းသည့် ပင်လယ်ပြင် ကင်းစောင့်သည့်အလုပ်ကို လုပ်ကြရပြန်သည်။ ရောင်ပြန်တလက်လက် ထနေသည့် ပင်လယ်ပြင်ကို ကြည့်နေရတာ မျက်လုံးများပင် ကျိန်းစပ်လာ၏။ ပင်လယ်ထဲမှာ သူတို့တွေ့ချင် မြင်ချင်သည့်လှေကို မတွေ့သလို သင်္ဘောကိုလည်း မတွေ့ကြရ။





ထို့အတွက် စိတ်ဓာတ်က တဖြည်းဖြည်းကျလာ၏။

ထိုအချိန်တွင် မိုးနတ်မင်းက ပင်လယ်ငါးကြီးတစ်ကောင် လက်ဆောင်ပို့ပေးလာသည်။ ပင်လယ်စင့်ရော်ကြီးတစ်ကောင် ထိုးသုတ်ခြင်းခံရသည့် ငါးကြီးက ရှင်သန်လိုမှုအတွက် ရုန်းကန်ရာမှ သီလတို့ ကျောက်ဆောင်ပေါ် ပြုတ်ကျလာခြင်းဖြစ်သည်။ သီလတို့ ဝမ်းသာအားရနှင့် ငါးကြီးကို ကောက်ယူကာ မီးပုံထဲ ပစ်ထည့်လိုက် ၏။ စင်ရော်က မကျေမနပ်နှင့် ဝဲပျံကာ သူ့ဘာသာစကားနှင့် ဆဲဆိုသွား၏။ ဒီလောက်တော့ သီလတို့ လုံးဝမမှု. . .

ငါးကို ဟိုဘက်ဒီဘက် လှည့်ကင်ရင်း အရေခွံတူးလာသောအခါ လွန်စွာသင်းပျံ့သည့် မွှေးရနံ့က တစ်ကျွန်းလုံးဆီသို့ မျောလွင့် ဝဲပျံသွားသည်။

"ကိုယ်တို့ ကံအရမ်းကောင်းနေပြီ မေ၊ ဒါ အတိတ်နိမိတ်ကောင်းပဲ မယုံရင်စောင့်ကြည့် ဒီနေ့ကယ်မယ့်သူတွေ လာလိမ့်မယ်"

"ဖြစ်နိုင်တယ်ကိုကို ငွေဆောင်သွားမယ့် ငါးကြီးတစ်ကောင်ကို လူကြုံ. . အဲ. . ငါးကြုံမှာလိုက်သေးတယ်၊ အမှတ်မရှိ လမ်းမသိ ပင်လယ်ပြင်ကျွန်းပေါ်က ကျောက်ကလပ်မှာ လာကယ်ပါလို့"

"ဟဲဟဲဟဲ. . ဟတ်စကီးနဲ့ လာကယ်ဖို့ရော မှာလိုက်ရဲ့လား"

မေက အသံသာသာနှင့် ခပ်လွင်လွင်လေး ရယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အချိန်အနည်းငယ်အတွင်း ငါးကင်က နှစ်ဖက်ညီညာစွာ ကျက်သွား၏။ ပုဇွန်အကြွေး ငါးအခွေးတဲ့ မောင်းချမားနှင့် ငါးကင်ကိုကော်၍ မြည်းကြည့်လိုက်၏။

အားပါးပါး ကောင်းမှကောင်း. . ခုနေများ ဆီဒိုနားမှာ ညစာကျွေးမည်ဆိုလျှင်တောင် ဒီငါးကင်နှင့် မလဲနိုင်တာသေချာသည်။

သီလနှင့်မေတို့ ငါးကင်ကို တစ်ခြမ်းစီ မြိန်ယှက်စွာ စားသောက်လိုက်ကြသည်။ အစားကောင်းစာနေရသော်လည်း ချစ်သူကို သတိရစရာ မလိုတော့။ ချစ်သူက သီလရှေ့မှာ ငုပ်တုပ်ထိုင်နေသည် မဟုတ်လား။

စားပြီးသွားတော့ ဗိုက်လေးလေးနှင့် ပင်လယ်ကင်းစောင့်ကြသည်။ စကားစမြည်လည်း ပြောဖြစ်ကြသည်။ မေက သီလ အလုပ်အကြောင်း စပ်စုလာ၏။ သီလက ကြွားသည့် စကားလုံး မပါစေဘဲ အခြေအနေကို ရှင်းပြသည်။ မေ နောင်တကို ခြေရာကောက်မိသွာ ပြီလားမသိ၊ မျက်နှာညှိုးသွား၍ စကားလမ်းကြောင်း ပြောင်းရပြန်သည်။

"ကိုယ့်ဖုန်းက ရေစိုပြီး သုံးမရတော့ဘူး၊ ခုနေ ဖုန်းတစ်လုံးလောက် ပြုတ်ကျလာရင် ကောင်းမှာပဲ"

"ဘာလဲ လာကယ်ဖို့ ပြောချင်လို့လား"

"မဟုတ်ပါဘူး ဒေါ်လာဈေး အတက်အကျ သိချင်လို့"

"ဟင်. . အုန်းသီးကို အိတ်စပို့ လုပ်ဦးမယ်ပေါ့"

"ဟာ. . အဲဒါက ပင်ပန်းတယ် ဆားချက်ပြီး ပြန်ရောင်းမလားလို့"





"အကြံကုန်နေပြီလို့ ပြောချင်တာလား"

"ကိုယ်က ဂျူနံမှ မဟုတ်ဘဲ မေရယ်"

ပေါက်တတ်ကရတွေ ပြောရင်းနှင့်ပင် နေက တဖြည်းဖြည်း စောင်းလာ၏။ လိမ္မော်ရောင်သမ်းနေသော နေလုံးကြီး ရေငတ်နေပုံရသည်။ နေမင်းကြီးလည်း ရေသောက်ဆင်းတော့မည်။ နေညိုလာသည်နှင့်အမျှ မျှော်လင့်ချက်တို့ ဝေဝါးလာ၏။ သီလစိတ်လျှော့လိုက်ပြီး. . .

"ကဲ. . မေ ကိုယ် မမျှော်ခင် ခြုံတိုးလိုက်ဦးမယ် ဘာမြင်ရမလဲဆိုတာ ပင်လယ်ကို စောင့်ကြည့်ထားလိုက်ဦးနော်"

"စိတ်ချ ကိုကို"

သီလက သူ စိတ်ဓာတ်ကျသွားတာ မေ ရိပ်မိမှာစိုး၍ ရှောင်ထွက်လာခဲ့ခြင်း ဖြစ်သည်။ ခပ်လှမ်းလှမ်းသို့သွား၍ အုန်းပင်ကို ရှူးရှူးနှင့် ပန်းနေစဉ် မေ့ထံမှ အလန့်တကြား အော်ဟစ်သံကို ကြားရသည်။ ဘာများဖြစ်သလဲ တွေးပူရင်း အပြေးပြန်လာခဲ့၏။ မေက ကျောက်ဆောင်ပေါ် ရောက်နေသည်။

"ကိုကို ကိုကိုရေ မြန်မြန်လာ ဘာလဲမသိဘူး တွေ့နေရတယ်"

"ဟင်. . ဟုတ်လား. . လာပြီ. . လာပြီ"

သီလလည်း ကျောက်တောင်ပေါ် ကုတ်ကပ်တွယ်တက်ခဲ့၏။ အပေါ်ရောက်တော့. . .

"ဘာ. . ဘာလဲမေ ဘာတွေ့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . ဟိုမှာလေ ဘာဖြစ်နိုင်သလဲ မည်းမည်းလေး"

မေ ညွှန်ပြရာသို့ သီလလှမ်းကြည့်သည်။ ဘာလဲဆိုတာ သူသိသွား၏။

"ဟာ . . အဲဒါ . . လှေ . . လှေပဲ၊ မဟုတ်ဘူး လှေထက်ကြီးတယ်"

"ဘယ်လို လှမ်းခေါ်ကြမလဲဟင်"

"မီးကျည် . . မီးကျည်နဲ့ အချက်ပြရမှာ"

သီလနှင့်မေတို့ ပြိုင်တူဆိုသလိုပင် မီးကျည်ကို ဆွဲထုတ်လိုက်ကြ၏။ သီလက တုန်ယင်သော လက်များနှင့်ကြိုးစကို ဆွဲကာ မိုးပေါ်ထောင်၍ ပစ်လွှတ်လိုက်သည်။

"ရွှီး . . ဖုန်း"

ဖုန်းခနဲ အသံအဆုံးတွင် လိမ္မော်ရောင်မီးခိုးတွေ ပန်းထွက်လာ၏။ လှေပေါ်မှ လူတွေမြင်ပါစေဟုလည်း ဆုတောင်းရသည်။ သို့သော် မြင်နေရသည့် လှေအရွယ်အစားက သေးမသွားသလို ကြီး၍လည်း မလာခဲ့။ သူတို့ အချက်ပြတာကို လှေက မတွေ့မှာစိုးပြီး နှစ်ယောက်လုံး ရင်တုန်နေကြ၏။

"သူတို့မတွေ့ရင် ဒုက္ခပါပဲ ကိုကိုရယ်"

"ခဏစောင့်ကြည့်ပါဦး မေ"

မေနှင့်အတူ ယှဉ်ရပ်ရင်း ပင်လယ်ထဲမှ လှေငယ်ဆီ မမှိတ်မသုန် ကြည့်နေမိသည်။ စိတ်လှုပ်ရှားလွန်းလာဟန်နှ မေက သီလလက်ကို ဖြစ်ညှစ်လာ၏။ သီလက အားပေးနှစ်သိ သလို ပြန်လည် ဆုပ်ကိုင်ထားလိုက်၏။





"မထူးဘူး ကိုသီလ"

"မီးကျည်နောက်တစ်ခု ထပ်သုံးလိုက်မယ်"

မီးကျည်နောက်တစ်ခု သီလပစ်လွှတ်လိုက်ပြန်သည်။ မရေရာသော မျှော်လင့်ချက်များနှင့် လှမ်းကြည့်နေခိုက် လှေငယ်ဆီမှ မီးကျည်တစ်ခု တက်လာတာ တွေ့လိုက်ရ၏။ သူတို့ မီးခိုးက အစိမ်းရောင် သီလတို့ ဝမ်းသာသွားသည်။

"သူတို့ မြင်တယ်တဲ့ မေ ဘာမှမပူနဲ့တော့"

"မေ . . မေတို့ မသေတော့ဘူးပေါ့"

သီလ ပြုံးပြုံးကြီးခေါင်းညိတ်၍ လက်မထောင်ပြလိုက်၏။ စောစောက လှေငယ်ပိုကြီးလာတာ မြင်ရသည်။

"လာ . . မေ ကိုယ်တို့ ကမ်းခြေကို သွားကြမယ်"

သီလနှင့် မေတို့ ကျောက်ဆောင်ပေါ်မှ ပြန်ဆင်းကြ၏။ ဘက်တုန်းက ဘယ်လိုတက်လာမှန်းမသိသော်လည်း အဆင်းကျမှ အတော်ခက်နေကြောင်း သတိပြုမိသည်။ သီလ စိတ်စောပြီး ခုန်ချလိုက်၏။ မေက ဆင်းမလာရဲ . . .

"မေ ခုန်ချလိုက် ကိုယ်ထိန်းပေးမယ်"

သီလ စကားကို နားထောင်ဟန်နှင့် မေ ခုန်ချလိုက်သည်။ သီလထံ တည့်တည့်ကြီးမို့ ရှောင်ချိန်တောင်မရလိုက်၊ သူ့ဝိတ်ကို ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ ပက်လက်လန် လဲကျသွား၏။ သို့သော် မေ မနာပါ။ မနာဆို မေက သီလအပေါ်မှာ ဆပ်လျက် . . .

နှစ်ဦးသား၏ ခန္ဓာကိုယ်အစိတ်အပိုင်း အတော်များများ



www.burmeseclassic.com

www.burmeseclassic.com



က ပူးကပ်ထိစပ်နေသည်။ မေ့ မျက်နှာပေါ်မှာလည်း အမျိုးအမည်မသိ အရိပ်အယောင်တွေ ယှက်သမ်းလာနေသည်။ အထိအတွေ့က နှစ်ဦးစလုံးကို သွေးဆောင်ဖြားယောင်းနေ၏။ ဦးစွာသတိဝင်လာသူက မေဖြစ်သည်။ သူ လူးလဲထလိုက်၏။ လူချင်းကွာသွားသော်လည်း အကြည့်တွေက ဝေးမသွား၊ တစ်ဦးကို တစ်ဦး ခုမှမြင်ဖူးသလို စူးစိုက်ကြည့်နေမိဆဲ။

သီလ ထရပ်လိုက်သည်။ နှစ်ယောက်ကြားမှ အကွာအဝေးက တစ်ပေပင် မရှိတာတ်။ ရဟန္တာမဟုတ်သော သီလ ဘယ်လိုမှ စိတ်မထိန်းနိုင်တော့။ မေ့ ခါးကိုလှမ်းဆွဲ၍ တစ်ယောက်ကိုယ်ထဲ တစ်ယောက် မြုပ်ဝင်သွားမတတ် ဖက်ထားလိုက်သည်။ ထို့နောက် မေ၏ နှင်းဆီပွင့်နှုတ်ခမ်းကို မွတ်သိပ်သော အကြင်နာများနှင့် လိမ်းကျံပေးနေမိသည်။

မေ့ခြေဖျားတွေ ထောက်ကြွလာပြီး ပြန်လည်သိုင်းဖက်လာသည့် အထိအတွေ့ကို ခံစားရသည်။ သီလ ရုတ်တရက် အသိဝင်လာ၏။ စိတ်ရိုင်းကို သတိနှင့်ထိန်းသည်။ မေက သီလအတွက် ငှားလာသော ယမင်းရုပ်လေးတစ်ရုပ်သာ ဖြစ်သည်။ မကြာခင် ပိုင်ရှင့်လက်ထဲ မကျိုးမပဲ့ မပျက်မစီးဘဲ ပြန်အပ်ရတော့မည်။ နှလုံးသွေးတို့ ဆူပွက်နေသော်လည်း ယောကျ်ားကောင်းစိတ်ဓာတ်နှင့် လှည့်ထွက်လာခဲ့ ၏။

သောင်ပြင်ကမ်းစပ်အရောက်တွင် ကမ်းခြေစောင့်ခေါ်တော်ကို သဲသဲကွဲကွဲ တွေ့မြင်နေရပြီဖြစ်သည်။ မေ သူ့နားလာရပ်တာ သတိပြုမိ၏။ သူတို့ သေဘေးမှလွတ်ခဲ့ပြီ၊ မရဏာမင်း



BURMESE CLASSIC



ဖွင့်ထားသည့် အပေါင်ဆိုင်တွင် မတန်တဆ အတိုးနှုန်းနှင့် ပေါင်နှံထားခဲ့ရသည့် အသက်နှစ်ချောင်းအား ပြန်ရွေးယူခွင့်ရခဲ့ပြီ။

သူတို့ ဝမ်းသာအားရ ခုန်ပေါက်ပြီး လက်ပြဝှေ့ယမ်း နှုတ်ဆက်ကြ၏။ သောင်စပ်မှာ မော်တော်ထိုးကပ်လိုက်သည်နှင့် ဦးစွာခုန်ချပြေးဆင်းလာသူက ရှန်တိတ်ပင်ဖြစ်သည်။ ရှန်တိတ်က မေ့တစ်ကိုယ်လုံးအား စူးစူးရဲရဲ စိုက်ကြည့်သုံးသပ် အကဲဖြတ်နေ၏။ ရွှေပေါင်ခံမည့်သူက အပေါင်ပစ္စည်းအား ရွှေစစ်မစစ် စစ်ဆေးနေသကဲ့သို့ပင် ဖြစ်သည်။

ပြီးတော့ သီလကိုလည်း မယုံသင်္ကာအကြည့်နှင့် မျက်စောင်းထိုးကြည့်သေး၏။ ရှန်တိတ်၏ အသံမဲ့စကားလုံးများကို သီလကြားလိုက်မိသလို ရှိသည်။ အနားသို့ ထပ်ရောက်လာသည့် ဦးဖေသက်ခင် ရင်ခွင်ထဲသို့ မေပြေးဝင်ကာ သိုင်းဖက်ရင်း ဝမ်းသာဝမ်းနည်း ခံစားမှုနှင့် ကြုံကြုံပါအောင် ရှိုက်ငိုနေလေတော့၏။ နောက်ဆုံးမှာတော့ ရေလွှာသင်ဖြူးပေါ် မော်တော်လေး ရုပ်ပြေး၍ ဦးတည်မောင်းနှင်နေသည်က ငွေဆောင်ကမ်းခြေသို့သာ ဖြစ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# (နိဂုံး)

"ရှင် ဘယ်လိုစကားပြောလိုက်တာလဲ"

"ရှင်းပါတယ်ကွာ လူတစ်ယောက်မှမရှိတဲ့ ကျွန်းပေါ်မှာ ယောကျ်ားတစ်ယောက်နဲ့အတူ နှစ်ညနဲ့တစ်ရက်လုံး ရှိနေခဲ့တာလေ မင်းကို ဘယ်လိုယုံကြည်ပြီး ကိုယ်လက်ထပ်ရမှာလဲ"

အခြေအနေက အဆုံးစွန်ထိ ပေါက်ကွဲနေခဲ့ပြီ။ ဟိုတယ်ပြန်ရောက်၍ မိုးမြင့်တို့သားအမိ ပွဲဖက်ငိုကြွေးနေစဉ် ရှန်တိတ် ထသောင်းကျန်းခြင်း ဖြစ်သည်။ ထိုစကားကြောင့်





ချစ်တီးလည်း အံ့ဩသွား၏။ မေက. . .

"ဒါ ရှင့်အပိုင်းလေ ကျွန်မဘက်ကတော့ ရှင်ထင်သလို မဖြစ်ခဲ့ဘူးဆိုတာ သစ္စာဆိုရဲတယ်၊ ကျွန်မက အပျိုစင်ဘဝကို တန်ဖိုးထားတဲ့ မိနောင်းဖခင် သမီးတစ်ယောက် ကိုယ့်သိက္ခာကိုယ်ယုံသလို လိပ်ပြာလည်းလုံတယ် ကျွန်မဘက်က ပြောစရာကုန်ပြီ"

"မဟုတ်သေးဘူးလေ မင်းတို့က သမီးရည်းစားဟောင်းတွေဆို"

ရှန်တိတ် စကားအဆုံးမှာ မေ ဝုန်းခနဲ ထရပ်လိုက်၏။

"ရှင် စော်ကားလှချည်လား ကိုရှန်တိတ်၊ ကျွန်မတို့ ဟိုတုန်းက ဘာဖြစ်ဖြစ် အခု ဘာမှမဖြစ်ကြဘူး၊ ကျွန်မ သန့်ရှင်းတယ် စင်ကြယ်တယ်"

"မင်းဘာသာမင်း စင်ကြယ်နေ ကိုယ်ကတော့ မသတီဘူး လက်မထပ်နိုင်ဘူး"

"ဖြန်း"

မေ၏ ဒေါသတွေ ရှန်တိတ် ပါးပေါ် ပြုတ်ကျသွား၏။ ရှန်တိတ် ရှက်ဒေါသနှင့် ကြုံးအော်လိုက်သည်။

"ငါ့ နွား မဟုတ်ဘူး မိမိုး၊ မင်းနဲ့ငါရဲ့ ဆုံဆည်းမှု ဒီမှာ ဘင်ပြတ်ပြီ"

"ကြွ. . ကြိုက်တဲ့ လမ်းကကြွ"

ဇာတ်ပေါင်းတော့ ရှန်တိတ် သူ့အခန်းသူပြန်ကာ ဒိတ်ချဲ့ပြီး ထွက်သွားတော့၏။ အန်ကယ်နှင့်အန်တီက စုံတာသပ်



www.burmeseclassic.com

www.burmeseclassic.com



သပ်။ .

"ကျွန်မ အားနာလိုက်တာ ကိုသီလရယ် ရှင့်ရဲ့ရိုးသားဖြူစင်မှုနဲ့ နူမချင်းစာနာတဲ့ စိတ်ဓာတ်ကို အဆုံးစွန်ထိ စော်ကားသွားတဲ့အတွက် တောင်းပန်ပါတယ်"

"ရပါတယ် မိုးမြင့်မေ သူလည်း အချစ်ကြီးလို့ သဝန်တိုပြီး စကားပြောမှားတာပါ ဒါမျိုးက ဖြစ်တတ်တယ်လေ"

အန်တီက ခပ်သွက်သွက် ဝင်ပြောသည်။

"အင်း. . သူ့ရင်ထဲမှာ သံသယတွေ ငြိတွယ်သွားပြီလေ သံသယတွေနဲ့ ဘဝချင်းပေါင်းစပ်ရင် ငါ့သမီးတစ်သက်လုံး စိတ်ဆင်းရဲရမှာ သူနဲ့ရှေ့ဆက်လို့ မဖြစ်တော့ဘူး"

"ဟုတ်တယ် မေမေ သမီးလည်း သူနဲ့လက်မတွဲချင်တော့ဘူး"

စကားသံတွေ တိတ်သွားသည်။ သီလ ဝင်ပြောလို့ရသည့် ကိစ္စလည်းမဟုတ်၊ ထို့အတွက် ငြိမ်နေတာပဲ ကောင်းမည်၊ နောက်ဆုံးမှာ အန်ကယ်ဖေသက်ခင် ချောင်းဆိုးသွားသည်၊ လုပ်ချောင်းဖြစ်၍ ကိုနီဒင်း သောက်စရာမလိုပါ။

"အဟမ်း. . ဟမ်းဟမ်း. . အင်း ငါ့သမီးလည်း အရှက်ရစရာကိစ္စတွေ အထိတ်တလန့်ကိစ္စတွေကြောင့် တအားပင်ပန်းနေပြီ၊ ဒီကိစ္စတွေမှာ ဖေဖေ့ ပယောဂမကင်းလို့ စိတ်မကောင်းဖြစ်ရပါတယ် သမီးရယ်၊ ဒီတော့ သမီးအိမ်ထောင်ရေးကိစ္စ သမီးစိတ်တိုင်းကျ ဆုံးဖြတ်ပါ၊ ဖေဖေ ဝင်မစွက်တော့ပါဘူး"

"ဖေဖေ တကယ်ပြောတာနော်"





"အတိအကျပေါ့ သမီးရယ်၊ ဪ. . ဒါနဲ့ မောင်သီလကိုလည်း အန်ကယ် တစ်ခုလောက် မေးပါရစေ"

"ဟုတ်ကဲ့ မေးပါ အန်ကယ်"

"မင်း အန်ကယ့် သမီးအပေါ် မေတ္တာရှိနေတုန်းပဲလား"

"ဗျာ"

သီလ အံ့ဩသွားပြီး မေ့အား ပြန်ကြည့်မိ၏။ မေက မျက်လုံးချင်းမဆိုင်ရဲသလို ခေါင်းငုံ့သွားသည်။ ကြောက်လျှင်လွဲ ရဲလျှင်မင်းဖြစ်မည့်ကိန်းမို့. . .

"ဟုတ်. . ဟုတ်ကဲ့ ကျွန်တော် မေ့ကိုမြတ်နိုးနေဆဲပါပဲ အန်ကယ်"

သီလ၏ အဖြေကြောင့် အန်ကယ်တို့ လင်မယား မျက်နှာရွှင်ပျ ဝင်းပပနှင့် ကျေကျေနပ်နပ်ကြီး ပြုံးလိုက်ကြ၏။

"ကောင်းတယ်ကွာ ဒီစကားကြားရတာ အန်ကယ် အရမ်းဝမ်းသာတယ်၊ တကယ်တော့ မင်းနဲ့သမီးရဲ့မေတ္တာက ဘယ်သူဖျက်ဖျက် လုံးဝမပျက်တဲ့ နတ်ဖက်တဲ့ ဖူးစာအစစ်ပါ၊ ကဲ ငါ့သမီး ဆန္ဒကရော"

"ရှင်"

"မောင်သီလအပေါ် ခံစားမှုကို မေးတာ"

"ဟို. . ဟိုလေ သမီး ဖေဖေတို့ဆန္ဒကို လိုက်နာပါ့မယ်"

"ဟားဟားဟား. . ကဲ. . အမေကြီးရေ အားလုံးပြီးပြီ သ သွားမယ်"

"ဘယ်သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်ပြန်မယ်လေ. . မင်း သမီးနဲ့သမက်က ခုမှ ပျားရည်ဆမ်းခရီး ထွက်လာကြတာ တို့ကဝင်ရှုပ်နေလို့ မဖြစ်ဘူး"

အန်ကယ်က အန်တီနှင့် ခရီးဆောင်အိတ်တွေ ဆွဲကိုင်ရင်း. . .

"ဒီမယ်မောင်သီလ မင်းအလုပ်တွေ ပြီးအောင်လုပ်ရင်း ပျော်သလောက်နေကြ၊ ပြန်ရောက်တာနဲ့ မင်္ဂလာဆောင်ပေးမယ် မင်းရဲ့မအောင်မြင်တဲ့ မိန်းမခိုးမှုကြီးကို အလျော်ပေးတဲ့ သဘောပေါ့ကွာ. . ဟားဟားဟား"

အန်ကယ်တို့ အထွက်မှာ ချစ်တီးကို သတိပြုမိပြီး. . .

"မင်းကရော ဒီမှာ ဘာလုပ်နေတာလဲ ကိုယ့်အခန်းကိုယ်ပြန်လေ"

"ဟုတ်ကဲ့ ပြန်မှာပါ၊ သီလရေ မင်းတို့အချစ် WIN-DOW ပြန်တက်လာပြီ သီလား Run တော့"

"ဩော်. . သွားစမ်းပါဆိုမှကွာ"

အန်ကယ်က ကန့်လန့်ကန့်လန့် လုပ်နေသည့် ချစ်တီးကိုပါ ဆွဲခေါ် ထွက်သွား၏။ အန်ကယ်တို့ ထွက်သွား၍ တံခါးပြန်ပိတ်သွားသည်နှင့် သီလက မေ့အား ရွှန်းရွှန်းစားစား ကြည့်လိုက်သည်။ သူတို့ အချစ်ကို ဘယ်သူမှ မဖျက်နိုင်တော့။ မေဆိုတာ သီလ မိန်းမဖြစ်ဖို့ မွေးဖွားလာသည်ပဲ မဟုတ်လား. . .

သီလ မေ့ အနားတိုးကပ်သွားသည်။ မေက ထိတ်လန့်တုန်လှုပ် ကြည်နူးပျော်ရွှင် ဝမ်းသာအံ့သြခြင်းများ ရောသမထား



BURMESE CLASSIC



သည့် မျက်ဝန်းများနှင့် မော့ကြည့်၏။ သီလ လက်နှစ်ဖက်က စပါးကြီးမြွေနှစ်ကောင်အဖြစ် ပြောင်းသွားကာ မေအား ညှို့ငင်သိုင်းဖက်ပြီး ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

မေ လုံးဝမရုန်းနိုင်တော့. . . သို့မဟုတ် ရုန်းဖို့ လုံးဝ ကြိုးစားမိတော့. . .

**ရွှင်လန်းချမ်းမြေ့ကြပါစေ**





www.burmeseclassic.com